http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

လက်တွဲဖော်စာအုပ် (၉)

# အတွေ့ကျော်

# သားငယ်တို့ နားလည်ဖို့



**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး။

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။**

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများကို ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။

လက်တွဲဖော်

*စာဖတ်ခြင်းက ပြည့်ဝစေ၏။ ဆွေးနွေးခြင်းက အသင့်ဖြစ်စေ၏။*
*ရေးသားခြင်းက တိကျစေ၏။*

*Reading maketh a full man; confrence a ready man;*
*writing an exact man.* Francis Bacon (1625)

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ် ၈၈၀/ ၂၀၀၄ (၉)
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ် ၉၂၅/ ၂၀၀၄ (၁၀)

Cover Design & Typesetting
ATK

---

**ပုံနှိပ်ခြင်း**
ပထမအကြိမ် အုပ်ရေ ၁၀၀၀
၂၀၀၄ခုနှစ် နိုင်ဝင်ဘာလ

---

**ထုတ်ဝေသူ**
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ
၁၁၃ ဒုတိယထပ် (ယာ) ၃၃လမ်း ရန်ကုန်မြို့

---

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးဇော်မင်းအေး (၀၇၁၂၅) ဇော်ပုံနှိပ်တိုက်၊
၃၈၆ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

---

**စာအုပ်ချုပ်**
ကိုရဲထွန်း စာအုပ်ချုပ်လုပ်ငန်း

***တန်ဖိုး - ကျပ် ၇၀၀***

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

လက်တွဲဖော် စာအုပ်အမှတ် (၉)

အတ္တကျော်

# သားငယ်တို့ နားလည်ဖို့

လက်တွဲဖော်စာအုပ်တိုက်
- ၀၁ ၇၀ ၆၅ ၇၄
စာတိုက်သေတ္တာအမှတ် ၂၆၉ ရန်ကုန်စာတိုက်ကြီး

## သဘောထား

ကျွန်တော့်စာတွေ
ဖတ်လေသူများ
အတွေးပွားမှု
ရေးသူကျွန်တော်
ရေးရပျော်ပြီ
လူဇော်မလုပ်
ကြိုးကုတ်လျက်သာ
တင်ဆက်ပါသည်
ဉာဏ်လွှာဖြံ့သိုင်း
စိတ်တိုင်းလည်းကျ
တွေးဆ ဆင်ခြင် ကြည့်နိုင်စေ. . .

အတ္တကျော်

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# မာတိကာ


မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့်
ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှူး
ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၏ ဥယျောဇဉ် ၁၀

ရေးသူ့အမှာ ၁၂

သားငယ်တို့ နားလည်ဖို့ ၂၀

**အခန်း(၁) ကိုယ်ခန္ဓာ ၂၈**
၁။ ကြီးကောင်ဝင်စ ခန္ဓာကိုယ်အပြောင်းအလဲ ၂၅
၂။ ကျန်းမာရေး ၄၃

**အခန်း(၂) ရှက်ရွံ့စိတ် ၅၄**
၁။ အရှက်ဆိုတာ ဘာလဲ ၅၅
၂။ ဘယ်လို အခြေအနေမျိုးမှာ ရှက်မိသွားတတ်သလဲ ၅၆
၃။ ရှက်တတ်တာကို ဖြေရှင်းနည်း ၅၉
၄။ ရှက်ရွံ့တာဟာ ခွင့်လွှတ်စရာ မဟုတ် ၆၄
၅။ ရှက်ရွံ့မှုရဲ့ ကောင်းကျိုး ၆၂

**အခန်း(၃) ယောက်ျားဘသား ကျားကျားလျား ၆၇**
၁။ လူစွမ်းကောင်းများ ၆၇
၂။ ရေလိုက်လွဲနေကြတဲ့ ကျားကျားလျားလျား စံထားမ×တွေ ၆၈
၃။ ယောက်ျားဆိုတာ မငိုရဘူး ၈၇
၄။ ငယ်ပါ ပြဿနာ ၈၉
၅။ ယောက်ျားအသစ် ၉၂

**အခန်း(၄) မိန်းကလေးများနဲ့ ဆက်ဆံရေး ၉၅**
၁။ ယောက်ျားလေးနဲ့ မိန်းကလေး မတူတာတွေ ၉၅
၂။ မိန်းကလေးသူငယ်ချင်းလား။ ရည်းစားလား ၉၇
၃။ တကယ်ရည်းစားထားချင်ပြီလားဟေ့ ၉၈
၄။ မိန်းကလေးတွေနဲ့ စကားပြောရအောင် ၁၀၅
၅။ မိန်းကလေးတွေနဲ့ တွေ့နိုင်တဲ့နေရာ ၁၁၁
၆။ ပထမဆုံး ချိန်းတွေ့ရင် ၁၁၃
၇။ ချစ်သူများရဲ့ အနက်အဓိပ္ပာယ်အစစ် ၁၁၆
၈။ ချစ်မိပြီဆိုမှဖြင့် ၁၁၇
၉။ ရည်းစားနဲ့ ကွဲချိန် ၁၁၈

**အခန်း(၅) တစ်ကိုယ်ရေအာသာဖြေခြင်း ၁၂၅**
၁။ တစ်ကိုယ်ရေ အာသာဖြေတယ်ဆိုတာ ဘာလဲ ၁၂၅
၂။ ဘယ်လိုလုပ်ကြလဲ ၁၂၆
၃။ ဇာတ်သိမ်း ၁၂၆
၄။ တစ်ကိုယ်ရေ အာသာဖြေခြင်းကို စတင်တွေ့ရှိကြပုံ ၁၂၈
၅။ ဖက်စပ်အာသာဖြေခြင်း ၁၂၈
၆။ မိန်းကလေးများနဲ့ တစ်ကိုယ်ရေ အာသာဖြေခြင်း ၁၂၉
၇။ ယုံတမ်းစကားတွေ ၁၃၁
၈။ တစ်ကိုယ်ရေ အာသာဖြေခြင်းရဲ့ အသုံးဝင်ပုံ ၁၃၄

**အခန်း(၆) ချစ်တင်းနှောတဲ့အဆင့် မတိုင်ခင် ၁၃၆**
၁။ ရမ္မက်အနမ်း ၁၃၆
၂။ လူပျိုစစ်စစ် ၁၃၉
၃။ ချစ်တင်းနှောရာမှာ ရွံ့နေတာ ၁၄၃
၄။ ဆယ်ကျော်သက်အရွယ် ချစ်တင်းနှောမှု ၁၄၆
၅။ ယောက်ျားလေးတို့ရဲ့ စိတ်ကူးယဉ် ဇာတ်လမ်းများ ၁၄၉


http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

**အခန်း(၇) ချစ်ဗျူဟာ ၁၅၂**
၁။ ဘဝရဲ့ ပထမဆုံးအကြိမ် ၁၅၂
၂။ ကြုံနေကျ ပြဿနာတွေ ၁၅၃
၃။ ပြဿနာတွေကို ဖြေရှင်းနည်း ၁၅၅
၄။ ကိုယ်အတွေ့အကြုံတွေကို ပြောပြတဲ့အလုပ် ၁၆၂

**အခန်း(၈) သားဆက်ခြားတာ ၁၆၆**
၁။ ယောက်ျားလေးတွေနဲ့သားဆက်ခြားတာ ဘယ်လိုပတ်သက်နေလို့တုံး ၁၆၆
၂။ နည်းအမျိုးမျိုး ၁၆၈
၃။ သားဆက်ခြားပုံအမျိုးမျိုးနဲ့ ပတ်သက်နေတဲ့ ယုံတမ်းစကားတွေ ၁၇၅

**အခန်း(၉) လိင်တူချင်းစုံမက်တာ ၁၇၇**
၁။ လိင်တူချင်းစုံမက်တယ်ဆိုတာ ဘာလဲ ၁၇၇
၂။ လူပျိုပေါက်အရွယ်မှာ တွေဝေယိမ်းယိုင်မှုများနဲ့ စိတ်ကူးယဉ်မှုများ ၁၇၉
၃။ ငါများ မိန်းမလျာ ဖြစ်နေပြီလား ၁၈၁
၄။ မိန်းမလျာ မုန်းတဲ့ရောဂါ ၁၈၃
၅။ မိန်းမလျာဖြစ်ရတာကို ဂုဏ်ယူတာ ၁၈၇
၆။ လိင်နှစ်မျိုးစလုံးကို စုံမက်တာ ၁၉၁
၇။ လိင်တူချင်းစုံမက်သူများ ချစ်တင်းနှောတာ ၁၉၂

**အခန်း(၁၀) မိန်းကလေးတွေ သိချင်တဲ့ယောက်ျားတို့အကြောင်း ၁၉၃**
၁။ မိတ်ဆွေသူငယ်ချင်းကိစ္စ ၁၉၃
၂။ သမီးရည်းစားကိစ္စ ၁၉၄
၃။ ချစ်ရေးချစ်ရာကိစ္စ ၁၉၅

**နိဂုံး** ၁၉၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့်
ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှူး

## ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၏
## ဥယျောဇဉ်

မျက်မှောက်ခေတ်တွင် နိုင်ငံအသီးသီး၌ မျိုးဆက်ပွား ကျန်းမာရေး (Reproductive Health)အကြောင်းအရာကို ဦးစားပေး ဆောင်ရွက်နေကြပါသည်။ အထူးသဖြင့် လူငယ်လေးများအား မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို နည်းမျိုးစုံဖြင့် ပေးအပ်လျက် ရှိပါသည်။

ထိုကဲ့သို့ဆောင်ရွက်ကြရာ၌ လူ့အဖွဲ့အစည်းအတွင်းမှ အချို့က နားလည်လက်ခံသော်လည်း အချို့က နားမလည်၊ လက်မခံပါ။ ဆိုလိုသည်မှာ ယခင်က ထိုအကြောင်းအရာများကို လူ့အဖွဲ့အစည်းအတွင်း ဖွင့်ဟပြောဆိုခြင်း မရှိခဲ့ပါ။

ယခုအခါ၌ ကျောင်းတွင်းသင်ရိုးများတွင်လည်းကောင်း၊ လူထုဆက်သွယ်ရေး နည်းပေါင်းစုံဖြင့်လည်းကောင်း လူငယ်လေးများအား မျိုးဆက်ပွားကျန်းမာရေးအကြောင်း အသိပညာပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယခုကဲ့သို့ လူငယ်များအား ဤကိစ္စနှင့်ပတ်သက်ပြီး ပညာပေးရန် လိုအပ်လာရခြင်း အကြောင်းရင်းမှာ သုတေသနတွေ့ရှိချက်များအရ ယခုကာလ၌ သိပ္ပံနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကြောင့် ပျိုဖော်ဝင်ချိန် (ဆယ်ကျော်သက်)အရွယ် မရောက်မီကပင် ဆန္ဒကျင်ဖက်လိင်အား လိင်ကိစ္စအတွက် အသုံးချနိုင်သည့် အရာဝတ္ထုအဖြစ် မြင်လာကြသည်၊ ပျိုဖော်ဝင်ချိန်အရွယ်မှာပင် လိင်ဆက်ဆံမှု ပြုလာကြသည်များကို တွေ့ရှိလာရသလို ပထမဦးဆုံး



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆက်ဆံမှုမှာ အသက် ၁၀နှစ်အရွယ်ခန့်အထိ စောနေတတ်ကြသည်ကိုပင် တွေ့ရှိလာကြရပေသည်။ ထို့အပြင် အခြား အဓိကတွေ့ရှိချက်တစ်ရပ်မှာ လူငယ်လေးများသည် လိင်ဆက်ဆံရေးနှင့် ပတ်သက်ပြီး အသိပညာ နည်းပါးလှသေးသည့် အချက်ပင်ဖြစ်ပါသည်။

တစ်ပြိုင်တည်းမှာပင် အိပ်(ချ်)အိုင်ဗွီ/အေအိုင်ဒီအက်(စ်) မည်သောကပ်ရောဂါဆိုးကလည်း အသားအရောင်၊ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ဂုဏ်ဒြပ်အဆင့်အတန်းမခွဲခြားဘဲ လူသားတိုင်းအား ခြောက်လှန့်လျက် ရှိနေပြန်ပေသေးသည်။

ထိုအကြောင်းများကြောင့်ပင်လျှင် လူငယ်များအား လိင်မှုရေးရာနှင့်ပတ်သက်ပြီး ပညာပေးခြင်းများကို ပြုလုပ်ရန် အဆောတလျင်လိုအပ်လာခြင်းလည်း ဖြစ်ပေသည်။

ယခု အတ္တကျော်၏ "သားငယ်တို့ နားလည်ဖို့"စာအုပ်သည် လူငယ်များအား မိမိတို့ ခန္ဓာကိုယ် ဖွံ့ဖြိုးလာပုံ၊ ဖွံ့ဖြိုးခြင်းကြောင့် လူငယ်များတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ပေါ်ပေါက်လာပုံတို့ကို အသိပညာပေးထားပါသည်။ ထိုပြောင်းလဲမှုများကို မသိနားမလည်ပါက လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုကို ထိခိုက်လာနိုင်ပါသည်။ အဆင်မသင့်လျှင် အသက်ကိုပင် ရန်ရှာနိုင်သော ရောဂါဆိုးများ ကပ်ငြိလာနိုင်ပါသည်။ ထိုအချက်များကို လစ်ဟာကြွင်းကျန်မှုအလျဉ်းမရှိစေဘဲ ဤစာအုပ်က ခြုံငုံတင်ပြနိုင်သည်ကို တွေ့ရပါသည်။

ထို့ကြောင့် ဤစာအုပ်သည်လူငယ်များအတွက် တန်ဖိုးရှိသော စာအုပ်တစ်အုပ်ဖြစ်သည်ဟု ဖော်ပြလိုပါသတည်း။

ဒေါက်တာ ဒေါ်ခင်အေးဝင်း
ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်
အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်။

*လက်တွဲဖော်*

# ရေးသူ့အမှာ

**၁။**

ဆရာမ (ဒေါ်)နန်းအိအိဇာ၏ "သရဖူ"မဂ္ဂဇင်းတွင် "ဆူဒိုနင်"အမည်ဖြင့် ၂၀၀၃ခုနှစ် စက်တင်ဘာလမှ ၂၀၀၄ခုနှစ် ဇူလိုင်လအထိ အခန်းဆက်ဖော်ပြခဲ့သော လူမှုစိတ်ပညာ ဆောင်းပါးများကို စာအုပ်အဖြစ် စုပေါင်း ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

သည်စာအုပ်မှာ ကျွန်တော့်ဘဝအတွက် မှတ်မှတ်ရရ၊ နှစ်ခါပြန်ရေးရသော စာအုပ်ဟု ဆိုနိုင်ပါသည်။ ပထမတစ်ကြိမ် အစအဆုံးရေးပြီးနောက် ထုတ်ဝေရန် စီစဉ်ခဲ့ပါသေးသည်။ ၁၉၉၈ခုနှစ်ခန့်က ဖြစ်ပါသည်။ ကျွန်တော့်စာအုပ် ကျွန်တော့်ဘာသာထုတ်ဖို့ စိတ်ကူးရှိသော်လည်း ဆရာမ(ဒေါ်)နန်းအိအိဇာက သူ့"နန်းဒေဝီ"စာပေကထုတ်ပါရစေဟု တောင်းသဖြင့် ကျွန်တော် ပေးလိုက်ပါသည်။ ထိုစဉ်က "ကိုလူပျိုတို့ဖတ်ရှုဖို့ လူပျိုပေါက်တို့အတွင်းရေး"ဟုခေါင်းစဉ်တပ်ခဲ့ပါသည်။

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



သို့သော် အကြောင်းကြောင်းကြောင့် စာအုပ်ဖြစ်မလာခဲ့ပါ။ ၂၀၀၂ခုနှစ်တွင် "ဖူးငုံ"ဆယ်ကျော်သက်မဂ္ဂဇင်း ထွက်ဖို့ စီစဥ်လာကြပါသည်။ ကလေးသူငယ်စိတ်ပညာကို စိုက်လိုက်မတ်တတ်ရေးနေသူ ကျွန်တော့်ထံ စာမူတောင်းသောအခါ ကျွန်တော်က အဆိုပါစာအုပ်ကို ပြင်ရေးဖို့ စိတ်ကူးလိုက်ပါသည်။ ကျွန်တော့်သားကို ဘေးကထိုင်ပြောနေသည့် ပုံသဏ္ဌာန်ဖြင့် တင်ပြရန်ဖြစ်သည်။ ထိုစိတ်ကူးကို အန်တီနန်းအား ပြောမိသွားရာ အန်တီနန်းက "ဖူးငုံ"ကို မပေးဘဲ သူ့ "သရဖူ"ကိုသာ ပေးဖို့ ပြောပြန်ပါသည်။

ကျွန်တော်နှင့် သရဖူမဂ္ဂဇင်းမှာ ကာလတောင်တာရှည်ကြာစွာ လက်တွဲလာခဲ့ကြသည်ဖြစ်သဖြင့် အန်တီနန်းကို ကျွန်တော် မငြင်းရက်တော့ဘဲ ပေးဖြစ်ခဲ့ပါသည်။

၂။

စတင်ဖော်ပြချိန်က ပရိသတ် သိပ် သတိမထားမိလှသေးပါ။

နောက်ပိုင်းတွင်တော့ အုတ်အော်သောင်းသဲဖြစ်ကုန်ပါသည်။ ထူးခြားသည်ကား ကျွန်တော့်ကို ဆက်သွယ်လာသည့် စာဖတ်ပရိသတ်အရေအတွက် ပိုမို များပြားလာခြင်းဖြစ်ပါသည်။ အားလုံးလိုလိုက ကျွန်တော့်ကို ဩဘာပေးကြပါသည်။

အားလုံးလိုလိုကဟု ပြောရသည်မှာ အကြောင်းရှိပါသည်။

သရဖူမဂ္ဂဇင်းတွင် ကျွန်တော် ရေးလာခဲ့သည်မှာ ဟိုးပဝေသဏီကတည်းကဖြစ်ပါသည်။ ကိုကျော်သန်း၊ ကိုကျော်ဇင်မည်သော သူငယ်ချင်း နှစ်ယောက်၏သရဖူ၊ ဆရာငြိမ်းအေးအိမ်၏ သရဖူမှသည် ယနေ့ ကိုရဲနှင့် အန်တီနန်းတို့၏ သရဖူ အထိဖြစ်ပါသည်။ ရှေ့ကနှစ်ဆက်ကို ခဏထား၊ ယနေ့ ကိုရဲနှင့် အန်တီနန်းတို့ လက်ထက်မှာပင် သရဖူမှာ စဥ်ဆက်မပြတ် ရေးလာခဲ့သည်မှာ ခုနစ်နှစ်နားသို့ ရောက်လာခဲ့ပါပြီ။

ထိုအတွင်း ၂၀၀၀ပြည့်နှစ်မှ စတင်ကာ ကျွန်တော့် တယ်လီဖုန်း





နံပါတ်ကို သရဖူမဂ္ဂဇင်းမှာ လစဥ်ဆက်တိုက် ဖော်ပြခဲ့ပါသည်။ ထို့အတွက် စာဖတ်ပရိသတ်နှင့် တိုက်ရိုက်တွေ့ထိခွင့် ရလာပါသည်။ စကားပြောခွင့်ရလာပါသည်။

လေးနှစ်တာ ကာလအတွင်း ကျွန်တော့်ထံ လာရောက်တွေ့ဆုံသည့် စာဖတ်သူ ဦးရေမှာ သုံးရာနီးပါး ရှိလာခဲ့ပါပြီ။ ထို့အတူ ဖုန်းဆက်သူဦးရေမှာလည်း ထိုကာလအတွင်း လေး၊ ငါးရာထက် မနည်းတော့ပါ။

ကြွားသည်ဟု ထင်လိုက ထင်ပါ။ ကျွန်တော့်ထံ ဖုန်းဆက် အားပေးသည့် စာဖတ်ပရိသတ်များမှာ အနယ်နယ်အရပ်ရပ်မှ ဖြစ်ပါသည်။

"သားငယ်တို့ နားလည်ဖို့"အရှိန်ရလာသောအခါ ထိုပမာဏက နှစ်ဆတက်လာပါသည်။ ယခင်က အိမ်ထောင်ရေး ဆောင်းပါးများကြောင့် ဆက်သွယ်လာသူ အများစုမှာ အမျိုးသမီး၊ အိမ်ထောင်ရှင်များဖြစ်ပါသည်။ "သားငယ်တို့ နားလည်ဖို့"ကြောင့် ဆက်သွယ်လာသူများမှာမူ အမျိုးသား ပရိသတ်က ပိုများလာပါတော့သည်။

တစ်ရက်ကဆိုလျှင် ကမ်းလွန်ပင်လယ်ပြင် ရေနံတွင်းပေါ်မှ ဆရာဝန်တစ်ဦးကပင် ကျွန်တော့်ထံ လှမ်းဆက်သွယ်ပါသည်။ "သားငယ်တို့ နားလည်ဖို့"ကို ကြိုဆိုပါကြောင်းနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်) ကာကွယ်တားဆီးရေးအတွက်ပါ ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားစေလိုပါကြောင်း အကြံလှမ်းပေးခြင်းဖြစ်ပါသည်။

အဲ့ဒီဆရာဝန်နှင့်အား ကမ်းလွန်ပင်လယ်ပြင်ရေနံတွင်းပေါ်မှာ သူနှင့်အတူ တာဝန်ထမ်းဆောင်နေသူ ကျွန်တော့်မိတ်ဆွေလေး တစ်ဦးအား သိပါသလားဟု မေးဖြစ်ခဲ့ပါသည်။ ထိုဆရာက ခင်မင်ကြောင်း ပြောပါသည်။ သို့ဖြင့် သူနှင့် မရှေးမနှောင်းမှာပင် အဆိုပါ မိတ်ဆွေလေးကလည်း ကျွန်တော့်ထံ ဖုန်းဆက်လာပြန်သည်။ ထိုမိတ်ဆွေလေး ပြောပြတော့မှ ကျွန်တော့်အား ဖုန်းဆက်လာသူ ဆရာဝန်မှာ အထင်ကရ စာရေးဆရာမတစ်ဦး၏ခင်ပွန်းသည်ဖြစ်နေကြောင်းဝမ်းမြောက်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဝမ်းသာ သိလိုက်ရပါသည်။

လိုရင်းတိုရှင်း ပြောရလျှင် ကျွန်တော့် "သားငယ်တို့ နားလည်ဖို့" မှာ စာဖတ်ပရိသတ်၏ အားပေးမှုကို အထူးခံယူရသော စာမူတစ်ပုဒ် ဖြစ်ခဲ့ပါသည်။

၃။

သားငယ်တို့ နားလည်ဖို့ကို ကျွန်တော် ရေးဖြစ်သည်မှာ အကြောင်းရှိပါသည်။ "ကလေးသူငယ်များ ကယ်ဆယ်ရေး" (Save The Children) အမည်ရှိ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်ကလေးငယ်များအား စောင့်ရှောက်ကူညီနေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ကျွန်တော့်အား ဆက်သွယ်ကာ ဆယ်ကျော်သက်များအတွက် လိင်မှုကိစ္စ ပညာပေး စာအုပ်တစ်အုပ် ရေးသားပေးရန် အကြံပြုဆွေးနွေးလာခဲ့ပါသည်။ ကျွန်တော်လည်း လိုအပ်ချက်တစ်ရပ်ဟု ယူဆသဖြင့် ရေးဖို့ ချက်ချင်း စိတ်ကူးလိုက်မိပါသည်။

အစအဆုံးရေးပြီး ထုတ်ဝေရန် စီစဉ်ခဲ့သော်လည်း အထက်တွင် အစီရင်ခံခဲ့သည့်အတိုင်း အကြောင်းကြောင်းကြောင့် စာအုပ် ဖြစ်မလာခဲ့ပါ။ ကျွန်တော့် ပခုံးပေါ်တွင် တာဝန်ကြီး တစ်ခု၊ အကြွေးကြီး တစ်ခု ကျန်နေသလိုခံစားရပါသည်။

ယခုသော် သရဖူတွင် စဉ်ဆက်မပြတ်ဖော်ပြနိုင်ခဲ့သလို ယခုသော် စာအုပ်အဖြစ်လည်း ထုတ်ဝေနိုင်သွားပါပြီ ဖြစ်သည့်အတွက် ကျွန်တော့် ပခုံးပေါ်က ဝန်တာတစ်ခု ကျေပွန်သွားလောက်ပါပြီ။

၄။

"သားငယ်တို့နားလည်ဖို့"ထဲတွင် နားရှက်စရာတွေ အနည်းအကျဉ်း ပါနေပါလိမ့်မည်။

သို့သော် ကျွန်တော်သည် ကျွန်တော့်သားသမီးလေးများ၏





အသက်ကို တန်ဖိုးထားသောကြောင့် အရှက်ကို မငဲ့အားတော့ပါ။ ရှက်ရှက်နှင့် ရေငုံနေမိသောကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကုန်ကာ အသက်ပါ ဆုံးရှုံးရမည့် အဖြစ်ကို ကျွန်တော် မလိုလားပါ။ အိပ်ချ်အိုင်ဗွီပိုးသည် အရှက်ကို လုံးဝ ဂရုမစိုက်ဘဲ ဇီဝိန်ကိုသာ မဲတင်းခြွေမည့် ကုရာနတ္ထိရောဂါပိုးဖြစ်ပါသည်။

ထို့ကြောင့်လည်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့်တကွ အခြားသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ ကြိုးပမ်းမှုဖြင့် ယခုအခါ တစ်ကမ္ဘာလုံးရှိ ကျောင်းများတွင် "မျိုးဆက်ပွား ကျန်းမာရေး" (Reproductive Health) ခေါင်းစဉ်ဖြင့် သည်ကိစ္စတွေကိုပင် အလယ်တန်းအဆင့် သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းရေးဆွဲနေကြပါပြီ။

ကျွန်တော်ရေးနေသည်မှာ လိင်မှုကိစ္စကို လှုံ့ဆော်သော စာပေမဟုတ်ပါ။ လိင်မှုကိစ္စကို ရိုးစင်းစွာ ပြောပြသော "ပညာပေး" အမျိုးအစားသက်သက် ဖြစ်ပါသည်။ သို့သော် လိင်မှုကိစ္စဖြစ်နေသဖြင့် ဖဝါးနှင့် နားစရာတွေကတော့ ပါနေမည်သာဖြစ်ပါသည်။ ဒါတော့ ကျွန်တော်လည်း ဘယ်လိုမှ မတတ်နိုင်ပါ။ သို့တိုင်အောင် စကားလုံး မကြမ်းအောင် အတတ်နိုင်ဆုံး ရွေးချယ်သုံးနှုန်းထားပါသည်။

ကျွန်တော့်သားသမီးအရွယ် ဆယ်ကျော်သက် လူငယ်လေးတွေ ရေလိုက်မလွဲစေလိုသော စေတနာသန့်သန့်ဖြင့် သည်စာအုပ်ကို ကျွန်တော်ရေးပါသည်။ ကျွန်တော်တို့တုန်းကလို အသိမှား၊ အယူမှားဖြင့် လမ်းမှား မရောက်စေလိုပါ။ ကျွန်တော်တို့တုန်းက ကုရာနတ္ထိရောဂါ မပေါ်သေးသဖြင့် အသက်နှင့် အဝေးကြီးလည်း ဖြစ်ပါသည်။ ထိုရောအခါတွင် အရှက်ကို ရှေ့တန်းတင်လို့ ရတတ်နိုင်ခဲ့ပါသေးသည်။

အခုကာလမှာ အသက်နှင့်သိပ်နီးသော ရောဂါဆိုးကြီးက ကျွန်တော်တို့လက်တစ်ကမ်းမှာ ခြောက်လှန့်လို့နေပါသည်။ ထိုရောအခါတွင် အရှက်ကို ရှေ့တန်း မတင်အားတော့ပါ။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သို့တိုင်အောင် စာအုပ်အဖြစ် စုစည်းသည့်အခါ စကားလုံး အတော်များများကို အတတ်နိုင်ဆုံး နားခံသာအောင် ပြင်ဆင်တည်း ဖြတ်ထားသည်ကိုလည်း တစ်ဆက်တည်း အစီရင်ခံလိုပါသည်။

၅။

နိဂုံးချုပ်ပါရစေ. . .

ကျွန်တော့်စာများကို ဆားတစ်ဆုပ်နှင့် မကြာခဏ ပုံနှိုင်းဖူးပါ သည်။

ကျွန်တော်ကဖြင့် စေတနာသန့်သန့်နှင့် ဆားဖြူဖြူသန့်သန့် လေးများ တစ်ဆုပ်စီဝေလိုက်၊ မျှလိုက်ခြင်းသာဖြစ်ပါသည်။ ရယူသူ တစ်ဦးစီအနေဖြင့် ဟင်းပဲခတ်ခတ်၊ သစ်ပင်အတွက် ဓာတ်မြေဩဇာ ပဲ သုံးသုံး၊ ယုတ်စွအဆုံး ခြေဖဝါးကိုပဲပွတ်ပွတ်၊ ရေပဲဖျော်ဖျော်၊ လွှင့်ပဲ ပစ်ပစ်၊ ယူသူ့စိတ်ကြိုက် ထိုက်သလို သုံးနိုင်ကြပါလိမ့်မည်။ သို့ရာတွင် ယူသူ့လက်က ညစ်ပတ်နေသဖြင့် ရသွားသော ဆားဖြူဖြူ ညိုတိုတို၊ ညစ်တစ်တစ်ဖြစ်သွားခဲ့လျှင်သော်လည်းကောင်း၊ ယူသူ့ လက်မှာ အကွဲအရှရှိနေလို့ စပ်တတ်တတ်လေး ဖြစ်သွားခဲ့လျှင်သော် လည်းကောင်း ဆားဝေသူ ကျွန်တော့်အပေါ် မည်သည့်ဝန်တာမှ မချတန် စကောင်းပါ။ ချလည်း မချအပ်ပါ။

"သားငယ်တို့ နားလည်ဖို့"သည်လည်း ဖြူသန့်သည့် ဆား တစ် ဆုပ်သာ ဖြစ်ပါသည်။ စေတနာနှင့် မျှဝေလိုက်ခြင်းသာ ဖြစ်ပါသည်။ ထိုဆားဖြူဖြူလေး ညစ်နွမ်းသွားသည်ဆိုပါလျှင် ကျွန်တော့်တွင် တာဝန်မရှိစကောင်းပါ။

၆။

ကျွန်တော့် "သားငယ်တို့ နားလည်ဖို့"ကို ဖုန်းဖြင့်တလီ၊ စာဖြင့် တစ်သွယ် အနယ်နယ်၊ အရပ်ရပ်မှ မပြတ်အားပေးခဲ့ကြလေသည့် စာဖတ်သူ ချစ်မိတ်ဆွေအပေါင်းကိုလည်း လှိုက်လှဲစွာ ကျေးဇူးတတင်





ကန်တော့ပန်းဆင်လျက် ရှိပါကြောင်းလည်း တစ်ပါတည်း တင်ပြလို ပါသည်။

မည်သို့ပင်ရှိစေ၊ ကျွန်တော့်စာအုပ်များတွင် အကြိမ်ကြိမ်ဆိုခဲ့ သည့်အတိုင်း စာဖတ်သူလူကြီးမင်းအပေါင်း၏ လက်ခံအားပေးမှု ကြောင့်သာလျှင် ဆူဒိုနင်ရော၊ အတ္တကျော်ပါ စာပေနယ်တွင် အနည် ထိုင်ထိုင် ရပ်တည်နိုင်နေခြင်းဖြစ်ပါသည်။ ထို့အတွက် ကျွန်တော့်မှာ စာဖတ်သူ လူကြီးမင်းများ၏ ကျေးဇူးက ကြီးမားလှပါသည်။ ထို ကျေးဇူးကို ကျွန်တော် ဘယ်သောအခါမှ မေ့လျော့မည်၊ ပြစ်မှားမည် မဟုတ်ပါကြောင်း ထပ်လောင်း ဝန်ခံလိုပါသည်။

ကျွန်တော်၏ စာအုပ်အတွက် ဥယျာဇဉ်ကို ရေးသားချီးမြှင့် ပေးသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးလည်းဖြစ်၊ ရန်ကုန် တက္ကသိုလ် စိတ်ပညာ ဌာနမှူးလည်းဖြစ်သည့်အပြင် ကျွန်တော့်အား အသုံးချ စိတ်ပညာ ဘာသာရပ်ကို သင်ကြားပို့ချပေးသည့် ဆရာမရင်းလည်းဖြစ်သူ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းအား ဂါရဝတရား၊ နိဝါတ တရား ရှေ့ထားလျက် ဦးခိုက်ကော်ရော် ရှိခိုးပူဇော်အပ်ပါသည်။

တစ်ဆက်တည်းမှာပင် ယခုဆောင်းပါးကို အစအဆုံး ဖော်ပြ ပေးခဲ့သော ဆရာမ (ဒေါ်)နန်းအိအိဇော၊ စီစဉ်သူ ကိုရဲနှင့်တကွ သရဖူ ဝိုင်းတော်သူ ဝိုင်းတော်သားများအားလုံးကိုလည်းကောင်း၊ အခြား ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း ဂါရဝတရား လက်ကိုင်ထားလျက် ကျေးဇူးစကားဆိုအပ်ပါသည်။

အားလုံးတွေးဆ ဆင်ခြင်ကြည့်နိုင်ကြပါစေ

ဘညွန့်ကျော်

၂၀၀၄ခုနှစ် ဇူလိုင် ၂၇ရက်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# သားငယ်တို့နားလည်ဖို့

# သားငယ်တို့နားလည်ဖို့

သားငယ်လေးရေ. . .

သားလေးတို့ လူဖြစ်ရတဲ့ခေတ်က ဖေဖေ့အတွက်တော့ ရင်လေးစရာ သိပ်ကောင်းလွန်းနေတယ် သားရေ. . .

သားရော၊ သားရဲ့ မမရော၊ အူဝဲဆိုတဲ့အရွယ်၊ စကားမှမပီတတ်သေးခင်၊ မျက်လုံးမှ ကောင်းကောင်း မပွင့်သေးခင်၊ အိုကွာ. . . သားတို့မေမေရဲ့ ဝမ်းကြာတိုက်ထဲမှာ ကလလရည်ကြည် သန္ဓေတည်နေတဲ့အချိန်ကတည်းက သားတို့တွေဟာ ရုပ်မြင်သံကြားစက်ဆိုတာကြီးနဲ့ ယှဉ်ပါးလာခဲ့ကြတာလေ။ သားတို့ လူမှန်း စသိတဲ့အချိန်မှာတော့ ဂြိုဟ်တုစလောင်းဆိုတာတွေတောင် ပေါ်နေပြီ။

စက်တွေကို သိပ်စိတ်ဝင်စားတတ်တဲ့သားလေးဆိုရင် လေး-ငါးနှစ် သားနဲ့ အပေါ်စက်၊ အောက်စက်ကို သားဘာသာ ဖွင့်တတ်နေပြီ။

ဒါတင်မကသေးပါဘူး သားရယ်. . .

***လက်တွဲဖော်***

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖေဖေ့ဆီမှာ ဘက်စုံသုံး ကွန်ပျူတာကလည်း ရှိနေတယ်။ သားတို့မောင်နှမအတွက် ပထမပိုင်းမှာတော့ ကွန်ပျူတာကစားနည်းတွေ ထည့်ပေးထားခဲ့ပါတယ်။ ဒါပေမယ့် ဖေဖေတောင် သတိမထားမိလိုက်ဘူး၊ သားက ရှစ်နှစ်တောင် မပြည့်သေးခင်မှာ အပျော့ထည်အစီအစဉ်သစ်တွေကို ကွန်ပျူတာ စီဒီဓာတ်ပြားလေးတွေကတစ်ဆင့် ကွန်ပျူတာထဲကို ထည့်တတ်နေတာ ဖေဖေ တွေ့လိုက်ရတယ်။

ဖေဖေလေ. . . သိပ်အတတ်မြန်လှတဲ့ သားကို အံ့သြမိတယ်။ သားရဲ့ သင်လွယ်တတ်လွယ်တဲ့ သဘာဝလေးကို ဂုဏ်လည်းယူတယ်၊ ဝမ်းလည်း သာတယ်။ ပြီးတော့ စိတ်လည်း ပူမိရပါတယ် သားရေ. . .။

အံ့သြတာ၊ ဝမ်းသာတာ၊ ဂုဏ်ယူတာကတော့ ကိုယ့်သားက အဲဒီလောက်တောင် ဖြစ်နေပါပေါ့လားဆိုတဲ့အသိနဲ့ ဖအေတစ်ယောက်ရဲ့ ရင်မှာ ပေါ်ပေါက်လာတဲ့ ပီတိကြောင့်ပါ သား။ အေး. . . စိတ်ပူတာကတော့ သားလေးဟာ သည်အရွယ်နဲ့တောင် သည်လောက်ဖြစ်နေပြီဆိုရင် မိဘတွေ အလ-တစ်ပွဲ မင်္ဂလာဧည့်ခံပွဲတစ်ပွဲလောက် သွားနေခိုက်၊ လစ်တုန်းခဏလေးမှာကို သားတစ်ယောက်တည်း ထင်ရာလုပ်နေနိုင်ပါလားဆိုတာကို ဆန့်တွေးလိုက်မိတဲ့ အတွေးကြောင့်ပါပဲကွယ်။

သည်စိုးရိမ်စိတ်ကြောင့် အိမ်က ခေတ်ပေါ်ပစ္စည်းတွေကို ချရောင်းလိုက်ရမှာတဲ့လား၊ ဒါမှမဟုတ် အမှိုက်ပုံမှာ သွားပစ်လိုက်ရမှာတဲ့လား။ ဘယ်ဖြစ်ပါ့မလဲ သားရယ်။ အိမ်မှာမရှိလည်း တခြားနေရာတွေမှာရှိနေမင့်ဟာ၊ သားကြိုက်တဲ့နေရာမှာ သွားကြည့်လို့ သွားဆော့လို့ ရနေတော့မှာသေချာနေတယ်လေ။

တစ်ချိန်တည်းမှာပဲ မွေးကတည်းက တရားလွန် ထွားကြိုင်းဖွံ့ဖြိုးလွန်းလှတဲ့ သားရဲ့မမဟာ ဆယ်နှစ်တောင် ကောင်းကောင်းမပြည့်သေးခင်မှာ ကိုယ်ခန္ဓာက အတော်ကြီးဖွံ့လာတယ် သားရဲ့။ သာမန်မိန်းကလေးတွေ ၁၂နှစ် ၁၃နှစ်မှ ဖြစ်လာမယ့်ကိုယ်ခန္ဓာမျိုးနဲ့ သူက တအားထွားလာတာသား မှတ်မိ





နေဦးမှာပါ။

ဒါတင်မကသေးပါဘူး သားရယ်. . .

သားမမမှာ မိန်းကလေးတို့ ဓမ္မတာစပေါ်တာကလည်း အဲဒီ ဆယ်နှစ်ပြည့်လုနီးဆဲဆဲကြီးမှာ သားရဲ့။ လူတိုင်း အံ့သြချယူလောက်အောင် သားရဲ့မမက ကြီးကောင်ဝင်တာ အလွန်႔အလွန်စောလွန်းနေတယ်။ သူကိုယ်တိုင်လည်း အဲသလိုဖြစ်နေတဲ့အတွက် စိတ်ရှုပ်နေတာကို ဖေဖေကောင်းကောင်း သတိ ထားမိတယ်။

ဒါနဲ့ပဲ သားမေမေကို အလယ်မှာ ထားပြီး ဖေဖေကိုယ်တိုင်ပဲ ဘာကဘယ်လိုဖြစ်တာ၊ ဘာပြီးရင်ဘာဖြစ်လာမှာ ဆိုတာတွေ၊ ရှောင်ရန်၊ ဆောင်ရန် တွေကို သူနားလည်လောက်မယ့် စကားလုံးတွေနဲ့ စင်းစင်းပဲ ရှင်းပြပေး လိုက်တယ်။

သည်အခါမှာ သားမေမေက ဘာပြောတယ်မှတ်သလဲ။

'ကိုကို ပြောတော့မှ ရှင်းသွားတော့တယ်၊ ငယ်တောင် ဒါတွေကို အဲလို ကျကျနနမသိဘူး။ ငယ်တို့ သွေးပေါ်တော့လည်း ကိုကို့လို ငယ်တို့ကို ဂယနဏရှင်းပြမယ့်သူမရှိဘူး။ ဒါဟာ မိန်းကလေးတိုင်းကြုံရတဲ့ ကယိကထ တစ်ခုလောက်ပဲ နားလည်ခဲ့တာ။ အခု ကိုကိုရှင်းပြတော့မှ ဘာကြောင့်ဖြစ်တယ်ဆိုတာကို သိတော့တာ ကိုကိုရဲ့. . .'တဲ့။

ကြည့်စမ်း သား. . .

သားမေမေ အဲသလိုပြောတဲ့အချိန်မှာ သားကိုရော၊ သမီးကိုပါ မွေးထားပြီးသား၊ အသက် ၃၀ကျော် ကလေးနှစ်ယောက်မိခင်ဖြစ်နေပြီ။ အဲဒီ ၃၀ကျော် ကလေးနှစ်ယောက်မအေကိုယ်၌က မိန်းကလေး သဘာဝ၊ ကိုယ်ခန္ဓာသဘာဝတွေကို စုံစုံစေ့စေ့ သိမထားရှာဘူး။ အကြောင်းက ဖေဖေတို့လူ့ဘောင်မှာ သည်ကိစ္စတွေကို မောင်နဲ့နှမ၊ သားနဲ့အမိ ချဆွေးနွေးလိုက်မယ်ဆိုရင် ရိုင်းရာကျသလိုလို၊ ရှက်စရာကောင်းသလိုလို၊ အကုသိုလ်ပဲ ဖြစ်တော့မလိုလိုနဲ့ ရှို့တွန့်တွန့်ဖြစ်နေခဲ့ကြလို့ပါပဲ။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒါပေမယ့် ဧဝပြည့်လွန်နှစ်တွေက စလို့ အေအိုင်ဒီအက်(စ်)ဆိုတဲ့ ကုရာနတ္ထိရောဂါဆိုးကြီးက ကမ္ဘာနဲ့ချီပြီး ကူးစက်ပျံ့ပွားလာတဲ့အခါမှာတော့ သည်ကိစ္စကို ဖေဖေတို့မိဘတွေ၊ သားတို့ရဲ့ဆရာ၊ ဆရာမတွေအနေနဲ့ ရှောင်နှုတ်ပိတ်နေလို့မဖြစ်တော့ဘူးဆိုတာကို တော်တော်များများက သတိထားမိလာကြတယ်သား. . .။ အဲသလို သတိထားမိတဲ့အထဲမှာ သားတို့ သမီးတို့ကို အကြောင်း-ပပြီး ကလေးသူငယ် ဖွံ့ဖြိုးရေးနဲ့ ကျန်းမာရေးကို အလေးထား စူးစမ်းနေမိတဲ့ ဖေဖေက ထိပ်ဆုံးက ပါနေခဲ့တယ် သားရေ။

ဖေဖေဟာ စာရေးသူတစ်ယောက်ဖြစ်နေတယ်၊ စာရေးသူဆိုတာက ကိုယ့်ပတ်ဝန်းကျင်မှာရှိနေတဲ့ လူတွေကို တစေ့တစောင်း စူးစမ်းနေ၊ အကဲခတ်နေတဲ့လူတွေပဲ သားရဲ့။ မိသားစုဘဝလေး လုံခြုံနွေးထွေးနေဖို့ ကျန်းမာသန့်ရှင်းရောဂါကင်းဖို့ အကျင့်စာရိတ္တကောင်းမွန်ပြီးမြင့်မြတ်တဲ့ စိတ်ထားနဲ့ ဘဝကို ရဲရဲရင်ဆိုင်နိုင်ဖို့အတွက် ဘယ်သူတွေ၊ ဘယ်လိုနေကြသလဲ၊ ဘယ်သူတွေဖြင့် ဘာတွေပျက်ကွက်ခဲ့ကြသလဲဆိုတာကို ဖေဖေ့ ပတ်ဝန်းကျင်မှာ စိတ်ဝင်တစား စူးစမ်းကြည့်နေမိခဲ့တယ်။

သည်လိုကြည့်လိုက်တဲ့အခါမှာတော့ ပြောသင့်ပြောထိုက်တဲ့စကားတွေကို ပြောသင့်ပြောထိုက်လျက်နဲ့မပြောဖြစ်ခဲ့ဘူးဆိုရင် ဘဝအတွက်အင်မတန်အန္တရာယ်ကြီးတတ်တာကိုဖေဖေသတိထားမိသွားခဲ့ရတယ်သားရေ. . .

သား သတိထားမိလိုက်မှာပါ၊ သားရဲ့အစ်ကိုဝမ်းကွဲလေးတစ်ယောက် အရွယ်မတိုင်ခင်၊ ပညာမစုံခင် အိမ်ထောင်ရက်သားကျသွားခဲ့တဲ့အဖြစ်ကိုလေ။ တစ်ဖက်မိန်းကလေးမှာ အထုပ်အထည်နဲ့ဖြစ်နေလို့ သူ့ခမျာ ပညာရေးလမ်းခုလတ်မှာ အားလုံး ကသောင်းကနင်းဖြစ်သွားရရှာတယ်လေ။ နှစ်ဖက်မိဘတွေလည်း ရင်ကျိုးရရှာတယ် သားရေ. . .

ဒါဟာ သိသင့်တာကို သိသင့်တဲ့အရွယ်မှာ သိသင့်သလောက် အသိမပေးခဲ့လို့ ဖြစ်ရမှန်း သိပ်ထင်ရှားနေတယ် သား။

ဖေဖေကတော့ ဖေဖေ့ သားနဲ့ သမီးကို အဲသလို မဖြစ်စေချင်ဘူး။

*လက်တွဲဖော်*



ဖေဖေဟာ လက်ဦးဆရာဆိုတဲ့ မိဘတစ်ယောက်နေရာမှာ ရောက်နေတယ်၊ ဖေဖေ့တာဝန်ကို ဖေဖေကျေမှဖြစ်မယ်။ ပြောသင့်ပြောထိုက်တာကို ပြောသင့်ပြောထိုက်တဲ့အရွယ်မှာ ပြောကိုပြောမှ ဖြစ်တော့မယ်ဆိုတာ ဖေဖေ သဘောပေါက်နေတယ်။

သားကို စကားနဲ့ ပြောရင် လေထဲမှာ လွင့်ပြယ် ပျောက်သွားနိုင်တယ်။ နှုတ်တစ်ရာ စာတစ်လုံးလို့ဆိုတဲ့အတိုင်း စာရွက်ပေါ်မှာ အက္ခရာတင်နိုင်မယ်ဆိုရင်တော့ သားအတွက် ဘယ်အချိန်မဆို ပြန်ဖတ်၊ ပြန်ကြည့်၊ ပြန်နားထောင်နိုင်နေမယ်ဆိုတာကို ဖေဖေ တွေးမိရတယ်။

ဒါတင်မကသေးဘူး၊ သားတို့အရွယ် လူငယ်လေးတွေအတွက်ပါ အသုံးဝင်မယ်ဆိုတာကို ဖေဖေတွေးမိနေတဲ့အတွက် နှုတ်နဲ့ပြောမယ့်အစား စာနဲ့ပေနဲ့ ကျကျနန ချရေးဖို့ ဖေဖေဆုံးဖြတ်လိုက်ပါတယ် သား။

သားမေမေက ဖေဖေ့ကို ပြောတယ်. . .

'သားလေးကို ဒါတွေပြောပြတာ မစောလွန်းဘူးလား ကိုကို. . .'တဲ့။

ဖေဖေ ဘာပြန်ပြောလိုက်တယ်ဆိုတာ သားသိလား။ သားမယုံရင် သားမေမေကို ပြန်မေးကြည့်ပါ။

'မစောဘူး ငယ်၊ ဒါမျိုးမှာ စောတယ်ဆိုတာ ဘယ်တော့မှ မရှိဘူး၊ နောက်ကျသွားတယ်ဆိုတာပဲ ရှိတယ် ငယ်ရဲ့. . .'လို့ ဖေဖေ ပြန်ပြောဖြစ်ခဲ့ပါတယ်။

အမှန်ပါပဲ သား. . .

အရင်းအတိုင်းပြောကြစတမ်းဆိုရင် လူဟာ လူ့အကြောင်း၊ လူ့အပြစ်အနာအဆာနဲ့ လူ့အားနည်းချက်များ အားလုံးကို ကျကျနနသိထားဖို့ လိုအပ်သလို လူ့ခန္ဓာဗေဒဖွဲ့စည်းပုံကိုလည်း နိုက်နိုက်ချွတ်ချွတ်သိထားပါမှ ကိုယ်တွေ့ကံလာတဲ့အခါ သက်လုံကောင်းနေမှာပါ သား။ အထူးသဖြင့် သားအခုရောက်နေတဲ့ ၁၁နှစ်က ၁၃နှစ်အတွင်း အရွယ်ဟာ ကြီးကောင်ဝင်ဖို့ တာစူနေတဲ့ စကောစကအရွယ်ပါ။

*လက်တွဲဖော်*

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည်အရွယ်မှာ သားအနေနဲ့ အရာရာကို စူးစမ်းကြည့်ချင်နေတယ်ဆိုတာ ဖေဖေ နားလည်ပါတယ်။ အဲသလို စူးစမ်းကြည့်ချင်တဲ့အထဲမှာ ကိုယ့်ခန္ဓာဗေဒအကြောင်း၊ ဆန့်ကျင်ဘက်လိင်ရဲ့ ခန္ဓာဗေဒအကြောင်းနဲ့ လင်ယူ သားမွေးကိစ္စတွေက ထိပ်ဆုံးက ပါနေမယ်ဆိုတာလည်း သားက ဖွင့်မပြောဘူးဆိုရင်တောင် ဖေဖေကတော့ ကိုယ်ချင်းစာစိတ်နဲ့ ရိပ်စားမိနေပါ တယ်။

ဖေဖေကိုယ်တိုင်လည်း သားတို့အရွယ်ကို ဖြတ်သန်းခဲ့စဉ်အခါတုန်းက လိင်မှုကိစ္စတွေအပါအဝင် လူယောကျ်ားတို့-ပမြဲအရာအားလုံးမှာ ပွင့်ပွင့်လင်းလင်း ဖွင့်ချ ဆွေးနွေးပေးမယ့်သူမရှိတဲ့ ဖေဖေ့မိဘတွေက သူတို့အသိဉာဏ်၊ သူတို့အတွေးအစွဲတွေနဲ့ ပိတ်ပင် နှိပ်ကွပ်သမျှ အဟုတ်ထင်တဲ့အခါထင်လိုက်၊ စိတ်ဆောင်တဲ့နောက်ကို လိုက်တဲ့အခါ ကောက်ကောက်ပါလိုက်နဲ့ မှောင်ကြီးမည်းမည်းထဲမှာ စမ်းတဝါးဝါးဖြစ်နေခဲ့ ရဖူးပါတယ်သားရေ. . .

ဒါ ဖေဖေ တစ်ယောက်တည်းလားဆိုတော့ မဟုတ်ဘူး သားရဲ့။ ယောကျ်ားလေးတိုင်း၊ မိန်းကလေးတိုင်းပါ။ စာအစမှာ ဖေဖေ ကိုးကားခဲ့တဲ့ သားမေမေရဲ့ စကားကိုပဲ ကြည့်လေ။

အထူးသဖြင့် လိင်မှုကိစ္စကို ပြောဆိုလိုက်ရင် အောက်တန်းပဲကျသလိုလို၊ ငရဲပဲ လားတော့မလိုလိုလိုဖြစ်နေတာကြီးက အတော့်ကို ရယ်စရာလည်း ကောင်း၊ စိတ်ပျက်စရာလည်းကောင်းလှတယ် သားရေ။ ရယ်စရာ ကောင်းတာက ဖေဖေတို့၊ သားတို့တစ်တွေက ဘုန်းကြီးတွေ၊ မယ်သီလတွေ၊ အရိယာသူတော်စင်တွေ မဟုတ်ကြဘဲ ပုထုဇဉ်လူသားတွေဖြစ်နေလို့ပေါ့ သားရဲ့။ ဖေဖေ ဘယ်လိုလုပ် လူဖြစ်လာလဲ၊ ဖေဖေ့အဖေနဲ့အမေတို့ ညားခဲ့ကြလို့ပေါ့။ သား ဘယ်လိုလုပ် လူဖြစ်လာသလဲ၊ ဖေဖေနဲ့ သားမေမေတို့ ညားခဲ့ကြလို့ပေါ့။ ရှင်းနေတာပဲ။ ဒါ မပါဘဲနဲ့ လူမှ မဖြစ်နိုင်တာ။

သားဖွားမီးယပ်ဆရာဝန်တွေ၊ ဆေးရုံတွေ၊ ဆေးခန်းတွေ ရှိနေတာဟာ ရှက်စရာလို့ ဘယ်သူမှ မတွေးပါဘူး။ သွေးပုပ်ချဆေးတွေ၊ အားတိုးဆေး





တွေ အမျိုးမျိုးအမယ်မယ် ရောင်းချနေတာကရော လူတွေဟာ လူ့ကိစ္စကို စိတ်ဝင်စားစွာ ဆောင်ရွက်နေကြတာမျိုးမို့ အလုပ်ဖြစ်နေတာပေါ့။ ဒါတွေဟာ ရှောင်လွှဲလို့ မရမှန်း ပုထုဇဉ် လူသားတိုင်း ကောင်းကောင်းသိပါတယ် သားရဲ့။

ဒါပေမယ့် ကိုယ့်သားသမီးကို လင်ယူသားမွေးကိစ္စအကြောင်း နှိုက်နှိုက်ချွတ်ချွတ်ပြောပြဖို့ကျတော့ ဖေဖေတို့ဘက်က ရှက်သလိုလို၊ ရွံ့သလိုလို၊ မဟုတ်တာ၊ မမှန်တာ၊ အကုသိုလ်ပွားစရာကို အားပေးရာပဲ ရောက်နေသလို လို့နဲ့၊ အသားလွတ် ရေငုံနေမိတတ်ကြတယ်။

ဖေဖေ့တုန်းကလည်း လူပျိုပေါက်တော့ ဒါတွေ သိချင်တယ်။ တစ်ကိုယ်ရေ စိတ်ဖြေတာတွေ ဘာတွေလုပ်တယ်။ အဲတော့ ဖေဖေ့အဖေ၊ သားရဲ့ဖိုးဖိုးက ဘာပြောတယ်မှတ်လဲ၊ 'မင်း လူစဉ်မမီဖြစ်သွားလိမ့်မယ်' တဲ့၊ 'ဉာဏ်ထိုင်းသွားလိမ့်မယ်'တဲ့၊ သေရော. . .

ဖေဖေလည်း သားတစ်ယောက်အနေနဲ့ ဖေဖေ့အဖေရဲ့စကားကို နား ထောင်ချင်ခဲ့၊ လိုက်နာချင်ခဲ့ပါတယ်သား။ ဒါပေမယ့် ဖေဖေ့ရဲ့ ဖွံ့ဖြိုးနေတဲ့ အတ္တဘောက ဖေဖေ့ကို လိုက်နာခွင့်မပေးခဲ့ဘူး။ သိချင်တာ သိချင်တာပဲ၊ စမ်းချင်တာ စမ်းချင်တာပဲ။

စဉ်းစားကြည့်တော့ သားဖိုးဖိုးပြောတာ နည်းမကျဘူး။ သူပြောသလို လူစဉ်မမီတာတွေ၊ ဉာဏ်တုံးတာတွေ တကယ်ဖြစ်နိုင်ရိုးမှန်ရင် သူကိုယ်တိုင် ဆင်ခြင်ခဲ့မှာပေါ့။ သူသာ ဆင်ခြင်နိုင်ခဲ့ရင် သားဖိုးဖိုးလည်း သားဖွားဖွားနဲ့ ညားမှာကို မဟုတ်ဘူး။ ဖေဖေလည်း လူဖြစ်လာမှာ မဟုတ်ဘူး။ ဘယ့်နှယ်. . . သူပြောတာတွေဟာ တစ်စက်မှ တရားနည်းလမ်း မကျလှပါလားလို့ ဖေဖေတွေးခဲ့မိဖူးတယ် သား။

တကယ်တော့ သားရယ်. . .

လူဟာ လူ့အကြောင်းကို သိချင်တာ သဘာဝပါပဲ။ သည်တော့ သားတို့ယောကျ်ားလေးတွေအနေနဲ့ကလည်း ယောကျ်ားလေးတွေရဲ့ သဘာဝ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နဲ့ ယောက်ျားတို့ရဲ့ ခန္ဓာကိုယ်အကြောင်းကို သိမှ ဖြစ်မယ်၊ သား မမလို မိန်းကလေးတွေလည်း ထိုနည်းလည်းကောင်းပဲ။ သိမထားရင် မသိလို့ မှားတာတွေ အများကြီးရှိနိုင်တယ်။ အဲသလို မသိသားဆိုးရွားစွာ မှားခဲ့သူ တွေလည်း တစ်ပုံတပင်ပဲ သား။

လိင်မှတစ်ဆင့်ကူးစက်တဲ့ရောဂါဆိုးတွေ အများအပြားရှိတဲ့အနက်က ကုရာနတ္ထိရောဂါဆိုတဲ့ သေမင်းခေါ် သံကြိုးက ဖေဖေ့နားထဲမှာ တစ်ရုံမလပ် တုန်ဟည်းနေတယ်။ ဖေဖေ ကြောက်နေမိတယ် သား. . . ။

သားတို့ သမီးတို့တတွေကို အဲဒီရောဂါဆိုးကြီးနဲ့ နည်းနည်းမှ မပတ် သက်စေချင်ဘူး။ သားတို့နဲ့ ရွယ်တူလေးတွေအပါအဝင် လူအားလုံးကိုလည်း သည်ရောဂါဆိုးနဲ့ ကင်းဝေးစေချင်လှတယ်။

သည်ထိတ်လန့်စိတ်၊ သည်နိုးဆော်စိတ်၊ သည်စေတနာနဲ့ သားကို ပုဏ္ဏားတိုင်ထားပြီး သည်ဆောင်းပါးစဉ်ကို ဖေဖေရေးလိုက်ပါတယ်။

ကျန်းမာသန့်ရှင်း ရောဂါကင်းစေလိုခြင်းက သည်စာတွေရဲ့ အဓိက ရည်ရွယ်ချက်ပါပဲ သားရေ. . .



## အခန်း (၁)
# ကိုယ်ခန္ဓာ

### ၁။ ကြီးကောင်ဝင်စ ခန္ဓာကိုယ်အပြောင်းအလဲ

ကြီးကောင်ဝင်စ ယောက်ျားလေးတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ သိသာတဲ့ အပြောင်းအလဲတွေ အများကြီး ရှိတယ် သား။ ကိုယ်ခန္ဓာရဲ့နေရာအနှံ့မှာ အမျိုးစုံ ပြောင်းလဲနေတာတွေကြောင့် ကလေးဘဝကို ကျော်လွန်ခါစ သားတို့ အရွယ် ယောက်ျားပျိုလေးတွေအတွက် ဒါဟာ တော်တော့်ကို စိတ်ရှုပ်စရာ ကောင်းနေတတ်တယ်။

တကယ်တော့ အဲသလို ပြောင်းလဲတာဟာ သဘာဝပါ သားရယ်။ ဒါကြောင့်မို့ သူ့ဘာသာ ဆိုင်းမပါ၊ ဗုံမဆင့်ဘဲ ရုတ်တရက်ပြောင်းလဲသွား နေတာကို သားတို့အနေနဲ့ အသာတကြည် လက်ခံလိုက်ရမှာပဲ၊ ရှောင်လွှဲလို့ လည်း ဘယ်လိုမှ မဖြစ်နိုင်တာကိုး။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သားတို့ ယောက်ျားလေးတွေတင်မဟုတ်ပါဘူး၊ မိန်းကလေးတွေလည်း သည်အရွယ်ကိုရောက်ရင် ကိုယ်ခန္ဓာမှာ သိသိသာသာပြောင်းတာပါပဲ။ ဒါပေမယ့် သူတို့တွေကိုကျတော့ အမေတွေ၊ အစ်မတွေ၊ အဒေါ်တွေက ဝိုင်းပြီး အထိုက်အလျောက်သွန်သင်ပေး၊ အဖြေရှာပေးကြတာမို့ သားတို့ထက်စာရင် နည်းနည်းတော့ တော်သေးတယ်။

အဲ. . . သားတို့ ယောက်ျားလေးတွေကိုကျတော့ ဖအေတွေ၊ ဦးလေးတွေ၊ အစ်ကိုတွေက ဒါတွေကို ခရေစေ့တွင်းကျ သွန်သင်ပြလေ့သိပ်မရှိဘူး။ ဒါကြောင့်လည်း ဖေဖေက သားကို အကြောင်းစုံ ပြောပြချင်ရတာပါကွယ်။

ပြဿနာတစ်ခုက လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ကိုယ်ခန္ဓာဖွံ့စည်းပုံချင်း မတူကြဘူး သားရဲ့။ အဲတော့ သားက ၁၂နှစ်ကျော်ကျော်မှာ ကိုယ်ခန္ဓာ စတင်ပြောင်းလဲနေပေမယ့် သားနဲ့ရွယ်တူ အတန်းထဲက သူငယ်ချင်းတွေကျတော့ ဘာဆိုဘာမှမဖြစ်သေးတာမျိုး၊ သားသူငယ်ချင်းတွေမှာ အတော်များများ ပြောင်းလဲနေပေမယ့် သားမှာ ဘာမှမဖြစ်သေးတာမျိုးတွေနဲ့ ကံရတတ်တယ်။ ဒါလည်း တကယ်တော့ သဘာဝပါပဲ သားရယ်။

ဒါပေမယ့် ဖေဖေတို့ သားတို့ ယောက်ျားလေးတွေဆိုတာက တစ်ယောက်နဲ့တစ်ယောက် သိပ်ပြိုင်ချင်တတ်ကြတယ်။ အထူးသဖြင့် ရုပ်ခန္ဓာပိုင်းမှာ တစ်ယောက်နဲ့တစ်ယောက်ပြိုင်ဆိုင်ရင်း အနိုင်လိုချင်တဲ့အခါတွေမှာ အခု သားရင်ဆိုင်နေရတဲ့တက်သစ်စအရွယ်အလျောက် ခန္ဓာကိုယ် အပြောင်းအလဲ မြန်တာ၊ နှေးတာကိုက ပြဿနာကြီးတစ်ခုလို ဖြစ်နေတတ်ပြန်သေးတယ်။

စောစောစီးစီး ကြီးကောင်ဝင်တဲ့ ယောက်ျားလေးတွေက သူတို့ကိုယ်သူတို့ လူလားမြောက်ပြီ လူကြီးဖြစ်ပြီဆိုတဲ့အချိုးမျိုးနဲ့ ရွယ်တူတွေကြားမှာ တလွှားလွှားလုပ်ပြတတ်ကြတယ်။ သည်အခါမှာ ကြီးကောင်ဝင်တာနှေးနေ၊ နောက်ကျနေတဲ့ ရွယ်တူလေးတွေမှာ ကိုယ့်ကိုယ်ကိုယ် လူစင်မှ မီရဲ့လားလို့ တွေးပြီး စိတ်အားငယ်နေတတ်ကြတယ် သားရဲ့။





ဝမ်းနည်းစရာကောင်းတာတစ်ခုက တချို့ယောက်ျားလေးတွေဟာ အသက်၁၃နှစ်လောက် ရောက်ပြီဆိုတာနဲ့ သူတို့ရဲ့ ငယ်ပါအရွယ်အစား၊ ဆီးခုံမွှေးထူထပ်မှုပမာဏနဲ့အသံဩလာတာတို့ကို လူလားမြောက်/မမြောက် ဆိုတဲ့ သတ်မှတ်ချက်အတွက် စံထားတတ်ကြတယ်။ ဆိုလိုတာက ၁၃နှစ်လောက်ရောက်လို့မှ အဲဒါတွေမပြောင်းလဲဘူးဆိုရင် လူစဉ်ပဲ မမီတော့မလိုလို ထင်ကုန်တတ်ကြတာမျိုးပဲကွဲ့။

သား သတိထားမိဖို့က ၁၃နှစ်မှာ မပြောင်းပေမယ့်လည်း နောက်နှစ်နှစ်၊ သုံးနှစ်လောက်နေရင်တော့ ဘယ်သူ့ရဲ့ ကိုယ်ခန္ဓာမဆို မလွဲမသွေ ပြောင်းလဲသွားမယ်ဆိုတာပဲ။

ယောက်ျားလေးတိုင်း အသံပြောင်းလာမယ်၊ အမွှေးအမှင်တွေပေါက်လာမယ်၊ တခြားဟာတွေလည်း ဆက်တိုက်ပြောင်းလာတော့မှာပါပဲ။ သည်လိုပြောင်းတာဟာ စောစော၊ နောက်ကျနောက်ကျ၊ သားတို့ ရင်ဆိုင်ရမယ့် စိတ်ရှုပ်ထွေးမှုနဲ့ စိတ်ကျဉ်းကျပ်မှုတွေကတော့ မလွဲမသွေ ရှိနေမှာလည်း အမှန်ပဲ သား။

ဒါကို သားလေး ရင်ဆိုင်ဖို့ ပြင်ဆင်ထားရလိမ့်မယ်။

## ဝက်ခြံ

ဘဝတစ်သက်တာလုံးမှာ ဝက်ခြံပြဿနာနဲ့ ရင်ဆိုင်ရတော့မယ်ဆိုရင် ကြီးကောင်ဝင်စအရွယ်မှာ စတင်ရင်ဆိုင်ရမှာပဲ သား။

တချို့တွေကတော့ အရွယ်ရောက်လာတဲ့အခါ၊ တဖြည်းဖြည်း အသက်ကလေးရလာတဲ့အခါ သည်ဝက်ခြံကိစ္စက အလိုလို ပျောက်ကွယ်သွားလိမ့်မယ်လို့ ထင်မိတတ်ကြတယ်။ ဒါပေမယ့် သည်ကိစ္စဟာ အခါခပ်သိမ်း မမှန်ဘူးလို့ သား နားလည်ထားရလိမ့်မယ်နော်။

အသက်ကြီးလာတဲ့ခါ ဝက်ခြံထွက်တာ နည်းနည်းလျော့သလိုရှိပေ မယ့် အလျဉ်းတော့ပျောက်မသွားဘူး။ ပြောရရင်တော့ သားရယ်၊ လူတိုင်း



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လောက်နီးနီးဟာ သူတို့ရဲ့ ဘဝတစ်သက်တာလုံးမှာ တစ်ချိန်မဟုတ်၊ တစ်ချိန်တော့ ဝက်ခြံထွက်တာကို ကြုံရမယ့် သူချည်းပဲကွဲ့။ သည် ဝက်ခြံဆိုတာ ကြီးကောင်ဝင်၊ ဆယ်ကျော်သက်စ၊ လုလင်ပျိုလေးတွေ၊ လုံမပျိုလေးတွေမှာမှ ရွေးပြီးဖြစ်တာ မဟုတ်ဘူးဆိုတာ သားသိထားပါ။

ခက်တာက သားတို့လို ယောကျ်ားပျိုလေးတွေမှာကျတော့ ဝက်ခြံထွက်လာတဲ့အခါ ဘယ်လိုရင်ဆိုင်ဖြေရှင်းရမှန်း မသိတာကိုက ပြဿနာဖြစ်နေတတ်တယ် သားရေ့ . . ။ မိန်းကလေးတွေအတွက်ကျတော့ စာစောင်တွေ၊ မဂ္ဂဇင်းတွေထဲမှာ အသားအရေစိုပြေလှပအောင် ထိန်းသိမ်း လမ်းညွှန်ပေးတဲ့ဆောင်းပါးတွေ ပလူပျံအောင် ပါနေတတ်လေတော့ သူတို့တွေအတွက်က အဆင်ပြေသေးတယ်။ သားတို့ ယောကျ်ားလေးတွေမှာကျတော့ သည်ပြဿနာကို ကိုယ့်နည်းကိုယ့်ဟန်၊ ကြားဖူးနားဝ၊ သူတစ်ပါးက အလကားပေးတဲ့ အကြံစတာများနဲ့ ကြံဖန် ဖြေရှင်းရတာမျိုး ဖြစ်နေတယ်။

အကောင်းဆုံးကတော့ နားလည်တတ်ကျွမ်းတဲ့ဆရာဝန်တစ်ယောက်နဲ့ တိုင်ပင်ဆွေးနွေးလိုက်မယ်ဆိုရင် သည်ပြဿနာက တော်တော်ကြီးကို ပြေလည်သွားနိုင်ပါတယ် သား။ ဒါပေမယ့် ယောကျ်ားလေးတစ်ယောက်အနေနဲ့ ကိုယ့်မျက်နှာပေါ်က ဝက်ခြံအတွက် ဆရာဝန်ဆီ သွားဖို့ဆိုတာ တော်တော်တော့ သဘာဝမကျသလိုဖြစ်နေတတ်ပြန်သေးတယ်။ ကိုယ်ကပဲ သိပ်လှချင်လို့လိုလို၊ ယောကျ်ားပဲ မပီသတော့မှာလိုလိုနဲ့မို့ ဘယ်ယောကျ်ားလေးမှ ဝက်ခြံတစ်ခု အကြောင်း-ပပြီး ဆရာဝန်ဆီ တကူးတက သွားဖြစ်ကြမယ် မထင်ဘူးကွ။

ဒါပေမယ့် သား သေသေချာချာ စဉ်းစားပါနော်. . . ။

ဆရာဝန်တစ်ယောက်အတွက် ကျား/မဆိုတာ မရှိဘူးသားရဲ့။ ဟုတ်ကဲ့လား။ ဆရာဝန့်ရှေ့မှောက်ကို ရောက်လာသူတိုင်းဟာ လူနာတွေချည်းပဲ။ ယောကျ်ားလေးမို့ တစ်မျိုးကု၊ မိန်းကလေးမို့ တစ်မျိုးကုနေမှာလည်း မဟုတ်ဘူး။ ရောဂါလက္ခဏာချင်းတူရင် ကျားကျား၊ မမ အတူတူကုသပေးမှာပဲ။





အဲတော့ သားမှာဖြစ်ဖြစ်၊ သားနဲ့ရွယ်တူတွေမှာဖြစ်ဖြစ်၊ ဝက်ခြံလိုကိစ္စမျိုးကြောင့် စိတ်မရှင်းဖြစ်နေရင် နားလည်တတ်ကျွမ်းသူ ဆရာဝန်များနဲ့ တိုင်ပင်ဆွေးနွေးတာဟာ ရှက်စရာမဟုတ်ဘူးဆိုတဲ့အကြောင်း ဖေဖေကတော့ လေးလေးနက်နက် ပြောပြလိုက်ချင်တယ်။

တကယ်တော့ အစားအသောက်နဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုဟာ ဝက်ခြံအတွက် အဓိကအကျဆုံး အကြောင်းရင်းခံတွေ ဖြစ်နေနိုင်တယ်သား။ အချိုတွေ၊ အငန်တွေ တရားလွန်စားမိရင် အသားအရေကို ထိခိုက်စေနိုင်တယ်။ ပြီးတော့ အသားအရေကို မှန်မှန်ဆေးကြောတာမျိုး၊ ကျကျနန သန့်စင်ပေးတာမျိုးတွေ မလုပ်ရင်လည်း မျက်စိနဲ့ မမြင်ရတဲ့ ဘက်တီးရီးယား ပိုးမွှားတွေကို ကိုယ့်အသားအရေပေါ်မှာ 'တပျော်ကြီး ရှင်သန် ကြီးထွားကြပါလော့'လို့ ဖိတ်ခေါ်ရာ ရောက်နေတတ်တယ် သားရဲ့။

ယောကျ်ားလေးတွေအနေနဲ့ မျက်နှာသန့်စင်ဆေးရည်တို့၊ ဝက်ခြံပျောက်ဆေးတို့၊ သနပ်ခါးတို့ကို သုံးမိရင်ပဲ မိန်းမလျာဆန်သွားလိမ့်မယ်လို့ တွေးချင်တွေးမိတတ်ကြသေးတယ်ကွ။ ဒါလည်း အတော်ဆိုးတဲ့ အတွေးအခေါ်ပါပဲကွာ။

ယောကျ်ားလေးတွေမှာလည်း အသားအရေတွေ၊ အရိုးအကြောတွေ၊ အသွေးအသည်းတွေနဲ့ပဲ ဖွဲ့စည်းထားတာကို ဆင်ခြင်မိမယ်ဆိုရင်တော့ ဝက်ခြံထွက်လွယ်သူတွေအနေနဲ့ ကိုယ့်အသားအရေကိုသန့်ရှင်းအောင်ထားပြီး ဘက်တီးရီးယားပိုးတွေရဲ့ ရန်က ကာကွယ်နိုင်မယ့် နည်းလမ်းတွေကို ကျား၊ မ မရွေး ရှာဖွေကြရမှာပဲပေါ့ကွယ်။

ကြီးကောင်ဝင်စ ကာလမှာ ဝက်ခြံတွေကြောင့် စိတ်ဓာတ်ကျချင်၊ စိတ်ပျက်လက်ပျက်ဖြစ်ချင်နေနိုင်တယ် သား။ ဝက်ခြံဆိုတာကလည်း မျက်နှာပေါ်မှာ တက်ထွက်လာတာမျိုးဆိုတော့ မြင်သာလွန်းနေတာကိုကလည်း ပြဿနာပဲလေ။ ဝက်ခြံဗရပျစ်နဲ့မျက်နှာကြောင့် လူတောထဲ အတိုးရ ခက်သလိုလို ခံစားရပြီး ဗျာများနေတတ်တယ်။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အကောင်းဆုံးကတော့ သားရယ်၊ ဝက်ခြံတစ်လုံး ထွက်လာလိုက်၊ ကောင်းနိုးရာရာ နည်းတစ်နည်းနည်းနဲ့ ကြံဖန်ဖြေရှင်းလိုက်၊ နောက်တစ်လုံး ထွက်လာလိုက်၊ နောက်တစ်နည်းနဲ့ဖြေရှင်းလိုက် လုပ်မယ့်အစား အစောကြီး ကတည်းက မျက်နှာကို သန့်ရှင်းရေး လုပ်တန် လုပ်ထား၊ သနပ်ခါးလေး လိမ်းတန်လိမ်း၊ မျက်နှာသန့်စင်ဆေးရည် သုံးတန်သုံးတဲ့နည်းတွေနဲ့ မှန်မှန်ကြီး ကြိုတင်ကာကွယ်ထားတာက အများကြီး ထိရောက်ပါလိမ့်မယ်။

တစ်ခုတော့ သတိထားပါ သား။ ဓာတုပစ္စည်းတွေပါဝင်နေတဲ့ ဆပ်ပြာနဲ့တော့ မျက်နှာသစ်တာမျိုးဟာ မျက်နှာလို နုနယ်တဲ့အသားအရေအတွက် အဆင်ပြေချင်မှပြေမယ်ဆိုတာပါပဲ။ အခုခေတ်မှာတော့ မျက်နှာသန့်စင် ဆပ်ပြာအမျိုးမျိုးပေါ်နေတာ ဝမ်းသာစရာတစ်ခုပဲ သားရဲ့။ အဲဒီဆပ်ပြာ အတော်များများက သဘာဝပစ္စည်းအချိုးအဆခပ်များများနဲ့ စီမံဖော်စပ်ထားတယ်လို့ အဆိုရှိတယ်။ အဲဒါတွေထဲကမှ ကိုယ်နဲ့တည့်တဲ့အမျိုးအစားတစ်မျိုးကို ရွေးချယ်ပြီး မှန်မှန်သန့်စင်ပေးထားမယ်ဆိုရင် သားမျက်နှာမှာ မလိုလားအပ်တဲ့ ဝက်ခြံတွေ ဗရပျစ်ထွက်လာစရာ အကြောင်းတော့ နည်းသွားမှာပါ။

သည်ကြားထဲကမှ ဖြစ်လာဦးမယ်ဆိုရင်တော့ စိတ်မပူပါနဲ့သားရေ။ သားကို ဆရာဝန်ဆီ ဖေဖေကိုယ်တိုင် ခေါ်သွားပေးဖို့ ကြံထားပါသကွ။

## ကိုယ်နံ့

ယောက်ျားလေးတွေကနေ ယောက်ျားကြီးဘဝကို ရောက်ဖို့ ခြေလှမ်းသစ်တစ်လှမ်း လှမ်းတဲ့အခါ ကိုယ်ပုံလက်ပန်းတွေ၊ ကြွက်သား တည်ဆောက်ပုံတွေလည်း မလွဲမသွေ ပြောင်းလဲလာမှာ အမှန်ပဲသား။

အဲသလို ကိုယ်ခန္ဓာအချိုးအစားနဲ့ ပုံသဏ္ဌာန်ပြောင်းလဲသလိုပဲ ကိုယ်ပေါ်မှာ အမွေးအမှင်တွေ ပေါက်လာမှာကိုလည်း မျှော်လင့်ထားနော် သားလေး။ အေး. . . တစ်ဆက်တည်းမှာပဲ သားရဲ့ ကိုယ်နံ့ကလည်း သိသိသာသာ ပြောင်းသွားတတ်တယ်ကွဲ့။





အမှန်ကတော့ အရေပြားအောက်မှာရှိနေတဲ့ ချွေးအိတ်(gland) လေးတွေကလည်း ဖိုတို့ဓမ္မတာအတိုင်း ကိုယ်ကာယပြောင်းလဲသလို ပြောင်းလဲဖွံ့ဖြိုးလာတဲ့အတွက် ကိုယ်နံ့ပြောင်းသွားတာပါ။ ဒါကို ဘာလို့ပြောင်းသလဲလို့ သားက မေးမယ်ဆိုရင် အဖြေက ရှိတယ်။ ခန္ဓာကိုယ်ရဲ့အပူချိန်ဟာ ကလေးဘဝကနေ ကြီးကောင်ဝင်စအရွယ်ဆီအပြောင်းမှာ အလိုလို အလိုက်သင့် ပြောင်းလာလို့ အရေပြားအောက်က ချွေးအိတ်တွေလည်း ပြောင်းလဲလာတာပဲ သားရဲ့။

အဲတော့ အခုအရွယ်မှာ သားအနေနဲ့ လှုပ်လှုပ်ရှားရှားနဲ့ ကစားခုန်စား လုပ်လိုက်ပြီဆိုတာနဲ့ ကလေးတုန်းကထက် ချွေးတွေပိုထွက်လာတော့မှာပဲ သား။ ဒါ ယောက်ျားလေးမှာရော၊ မိန်းကလေးမှာရော အတူတူ ဖြစ်ကြတဲ့ ခန္ဓာကိုယ်ရဲ့ အပြောင်းအလဲကြီးတစ်ခုပဲ။

အဲဒီချွေးနံ့ဟာ အင်မတန်ဆိုးတယ်။ အထူးသဖြင့် ပုပ်နေတဲ့ ချွေးပုပ်နံ့ဟာ ပိုလို့တောင် ဆိုးတတ်သေးတယ်။ ဒါကြောင့် ကြီးကောင်ဝင်စမှာ ကိုယ်နံ့ပြောင်းလဲလာပြီဆိုတာနဲ့ ဂရုစိုက်ဖို့ အင်မတန်လိုတယ် သားရေ. . .။

ဓာတုဗေဒနည်းနဲ့ ထုတ်လုပ်ထားတဲ့ ပိတ်စအဝတ်အထည်တွေ၊ အိုကွာ. . . လွယ်လွယ်ပြောရရင် ချည်ထည်မဟုတ်တဲ့ အဝတ်အထည်တွေဟာ အရေပြားဆီကို လေကောင်းလေသန့်မဝင်နိုင်အောင် တားဆီးပိတ်ဆို့ထားတတ်တယ် သားရဲ့. . .။ အဲသလို အဝတ်မျိုးကိုလည်း သားက ဝတ်ထားမယ်၊ ချွေးအိတ်တွေကလည်း အရင်ကထက် ပိုအလုပ်လုပ်နေတဲ့အတွက် ချွေးကလည်း သန်နေဦးမယ်ဆိုရင် သားကိုယ်က ထွက်လာတဲ့ ချွေးနံ့က လည်း ပြင်းနေဖို့ သေချာသလောက်ပဲ။ ဒါကြောင့် ချည်ထည်တွေ၊ ပိုးထည် တွေလို သဘာဝပစ္စည်းတွေနဲ့ ယက်လုပ်ထားတဲ့ အဝတ်အထည်တွေကို ရွေးပြီး ဝတ်ဖို့ သားကို ဖေဖေတိုက်တွန်းချင်တယ်။

ခြေနင်းစီးတဲ့အခါမှာဆိုရင်လည်း ခြေအိတ်ဝတ်တဲ့အခါ အနံ့က တရားလွန် ဆိုးနိုင်တယ်။ အခုခေတ်မှာတော့ ခြေနင်းထဲကို ဖျန်းရတဲ့ အနံ့အသက်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပျောက်ဆေးတွေ၊ ခြေအိတ်မဝတ်ခင် ခြေဆီနံ့ကို ကာကွယ်ဖို့အတွက် လိမ်းရတဲ့ ပေါင်ဒါတွေ ပေါ်နေပြီဆိုတော့ နည်းနည်းတော့သက်သာတာပေါ့ သားရယ်။ ဒါပေမယ့်လည်း ယေဘုယျစည်းကမ်းအနေနဲ့ကတော့ သား ခြေနင်းစီးလို့ ခြေစွပ်စွပ်တယ်ဆိုရင် ခြေစွပ်ကို တစ်နေ့တစ်ခါ လဲလှယ်ဝတ်ဆင်သင့်သလို စွပ်ပြီးသား ခြေစွပ်ကိုလည်း မှန်မှန်လျှော်ပေးကွ၊ နော. . .

အတွင်းခံဘောင်းဘီတွေလည်း အတူတူပါပဲ သားရယ်၊ ချည်ထည်လေးတွေ ရွေးဝတ်ပြီး မှန်မှန်လျှော်၊ မှန်မှန်လဲပေးမယ်ဆိုရင် သားကိုယ်နံ့ကို အလိုလို ထိန်းနိုင်သွားမှာပါ။

နေ့စဉ်ဝတ်တဲ့အဝတ်အစားလည်း အတူတူပါပဲ။ မှန်မှန်လဲ၊ မှန်မှန်လျှော်တဲ့နည်းနဲ့ သားကိုယ်က ထွက်တဲ့ ချွေးနံ့ကို ထိန်းနိုင်သေးသကွ။ ပြီးတော့ သားမေမေတို့၊ မမတို့လို ကျောက်ချဉ် အရည်ကြဲကြဲသွေးလိမ်းပြီးတော့ဖြစ်ဖြစ်၊ ယောကျ်ားသုံးချွေးနံ့ပျောက်ဆေး (anti-perspirant deodorant) ကိုဖြစ်ဖြစ် ချိုင်းအောက်မှာ အသာလေး သုတ်လိမ်းတဲ့နည်းနဲ့လည်း ကာကွယ်နိုင်သေးတယ် သား။

နောက်တစ်နည်းကတော့ ကျောက်ဖရုံသီးဟင်း များများစားပေးတဲ့နည်းပါပဲ။ မြန်မာ့ဓလေ့မှာတော့ လူသေတဲ့အခါ အလောင်းကို ခုနစ်ရက်ခုနစ်လီ သည်အတိုင်းထားတတ်ကြတယ်။ အဲလိုထားတဲ့အခါ လူသေအလောင်းဆီက အပုပ်နံ့လျော့သွားအောင် အလောင်းစင်ရဲ့အောက်မှာ ကျောက်ဖရုံသီးကို ထားလေ့ရှိတယ်သားရဲ့။ ဒါဟာ ဘာကို ပြနေလဲဆိုတော့ ကျောက်ဖရုံသီးဟာ မကောင်းတဲ့အနံ့၊ ဆိုးရွားတဲ့အနံ့ကို စုပ်ယူခြေဖျက်နိုင်စွမ်းရှိတယ်ဆိုတဲ့ သဘောပါပဲ။

ဒါကြောင့် ကိုယ်နံ့ ချွေးနံ့ပျောက်ချင်ရင် ကျောက်ဖရုံသီးကို ဟင်း ချက်ပြီး များများစားနိုင်သလို ထမင်းစားပြီးတဲ့အခါတိုင်းမှာလည်း ဖရုံယို ကို အချိုတဲမယ်ဆိုရင် ကိုယ်နံ့ဆိုးတာပျောက်ကင်းနိုင်တယ်လို့ ဆရာသုမောင်ရဲ့မိခင်ကြီး (သားတို့ကြိုက်တဲ့ 'အတာ'ဝတ္ထုကို ရေးတဲ့ ဆရာသာဓုရဲ့





ကတော်)က သွန်သင်တယ်လို့ ဆရာသုမောင်က ရေးဖူးတာ ဖေဖေဖတ်ဖူး တယ်သား။

ရေမွှေးတွေ ဆွတ်ချင်လည်း ဆွတ်ပေါ့ကွာ။ ယောကျ်ားတွေ ရေမွှေးဆွတ်တာ အခုခေတ်မတော့ မဆန်းတော့ပါဘူး သားရဲ့။ ယောကျ်ားသုံးရေမွှေးတွေ အများကြီးပေါ်လာနေတာကိုက ယောကျ်ား အများအပြားလည်း ရေမွှေးဆွတ်ရတာ ဝါသနာပါတာကို သက်သေထူနေတာပဲလေကွယ်။

## အမွှေးအမှင်တွေ

မိန်းကလေးတွေ အပျိုဖော်ဝင်လာလို့ အမွှေးအမှင်တွေ ကိုယ်မှာ ပေါက်လာရင် စိတ်ပျက်လက်ပျက်နဲ့ ဖယ်ရှားရှင်းထုတ်ဖို့ နည်းလမ်းရှာတတ်ကြသလောက် သားတို့ယောကျ်ားလေးတွေကျတော့ ပျော်ပြန်ကွ။ ဖေဖေတို့တုန်းကလည်း အတူတူပါပဲလေ။ မုတ်ဆိတ်မွှေးလေး နည်းနည်း ထွက်လာရင်ပဲ ဝမ်းတွေသာလို့၊ ချိုင်းမွှေး၊ ခြေသလုံးမွှေး၊ ရင်ဘတ်က အမွှေး၊ ဆီးခုံမွှေးတွေများ ထွက်လာရင်လေ၊ ဟား. . . ငါ တော့ လူပျိုဖြစ်ပဟာဆိုတဲ့ပီတိနဲ့ ပိုလို့သန်စေချင်၊ များစေချင်လာတတ်တာ ဖေဖေတို့ယောကျ်ားတွေရဲ့ အနူထမှု တစ်ခုလို့တောင် ဆိုရမှာပဲ ငါ့သား။

တကယ်တော့လည်း ချိုင်းနဲ့ဆီးခုံမှာ အမွှေးအမှင်တွေပေါက်လာတာဟာ ယောကျ်ားလေးမှာပဲဖြစ်ဖြစ်၊ မိန်းကလေးမှာပဲဖြစ်ဖြစ် ကြီးကောင်ဝင်စပြုနေကြောင်း အချိန်အမှာအချက်ပေးတဲ့ လက္ခဏာပါပဲ သားရယ်။ တစ်နည်းအားဖြင့် လူကြီးပိုင်းကို ကူးပြောင်းနေပြီလို့ လက်ဆုပ်လက်ကိုင် သက်သေပြနိုင်တဲ့အရာတွေပါ။ မိန်းကလေးတွေမှာကျတော့ ရင်သားတွေ ဖွံ့ဖြိုးလာတာကြောင့် အမြင်နဲ့တင်အပျိုဖော်ဝင်ပြီမှန်း တန်းသိနိုင်တယ်။ သားတို့ယောကျ်ားလေးတွေမှာကျတော့ ချိုင်းမွှေးပေါက်လာတာဟာ လူမြင်သူမြင် ထင်ရှားတဲ့ကြီးကောင်ဝင်မှု အထိမ်းအမှတ် ဖြစ်နေတာမို့ သည်အရွယ်မှာ သားတို့ကိုယ်ပေါ်က အမွှေးအမှင်တွေဟာ အရေးကြီးနေရတော့တာပါပဲကွာ။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



သည်လိုနဲ့မှ ကိုယ့်မှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးမပေါက်ရင် လူစဉ်ပဲ မမီတော့မလို တွေးတတ်တဲ့ ကာလသားတွေလည်း ရှိတတ်တယ် သားရဲ့။ ခုကာလ အပျိုဖော်ဝင်စ မိန်းကလေးအတော်များများက သူတို့ ရင်သားလေးတွေ ရှိရင်းစွဲထက် ဖွံ့ဖြိုးလေသယောင် အတွင်းခံအကျီထဲမှာ အခုတွေအခံတွေ ထည့်ကြသလိုပဲ၊ ယောက်ျားလေးအတော်များများကလည်း မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးငုတ်စိလေးတွေတောင် ကောင်းကောင်းမှ မပေါက်သေးခင်မှာ ရိတ်နေ၊ နုတ်နေတတ်ကြတယ်။

အမှန်ကတော့ သည်အရွယ်မှာ လူကြီးမြန်မြန်ဖြစ်ချင်တဲ့ရောဂါက အပြင်းအထန် ထနေ ကြွနေတာပါ သားရဲ့။ အချိန်တန်ရင် မုတ်ဆိတ်ကျင်စွယ် ပေါက်မယ့်သူက ပေါက်လာမှာပဲ။ မပေါက်မယ့်သူကျတော့လည်း ဘယ်လောက် ရိတ်ပေးပေး ထွက်လာမှာကို မဟုတ်ဘူး။

ဖေဖေလည်း လူပျိုဖော်ဝင်စတုန်းက အဲသလို အရူးထခဲ့ဖူးပါတယ် သားရယ်။ မုတ်ဆိတ်ငုတ်စိကို နုတ်ရတာအမော။ နှုတ်ခမ်းမွေးနုနုလေးကိုလည်း ရိတ်ချလိုက်တာပဲ။ ဟော. . . အခုကျတော့ သားသိတဲ့အတိုင်း၊ အဲဒီ နှုတ်ခမ်းမွေးနဲ့မုတ်ဆိတ်မွေးကို နေ့စဉ်ရိတ်နေရတာကိုက ဖေဖေ့မှာ ဒုက္ခကြီး တစ်ခုဖြစ်နေပြီ။ ငယ်ငယ်တုန်းက လျှာရှည်ပြီး မရိတ်ခဲ့မိရင် အကောင်းသား လို့ အောက်မေ့မိတာလည်း ခဏခဏပဲ သားရဲ့။

အမှန်ကတော့ ဒါဟာမျိုးရိုးလိုက်တာပါပဲ သားရေ။ ဖေဖေ့အဖေလည်း အမွေးအမှင်ထူတယ်၊ မုတ်ဆိတ်ကျင်စွယ် အင်မတန် သန်တယ်။ အဲတော့ ဖေဖေ့မှာလည်း သန်တာ ဘယ်ဆန်းပါ့မလဲ။ ဖေဖေက မွေးတဲ့ သားလေးမှာလည်း ဖေဖေ့လိုပဲ မုတ်ဆိတ်ကျင်စွယ်နဲ့ ဆံပင်သန်ဖို့ အလားအလာ အတော်များတယ် သားရဲ့။

အဲတော့ သားက မြန်မြန်နဲ့ များများ ပေါက်စေချင်ဇောနဲ့ အချိန်မတိုင်ခင် ဖိမရိတ်ဘူးဆိုဦးတောင် အရွယ်ရောက်လာတဲ့အခါ သားမှာလည်း ဖေဖေ့လိုပဲ မုတ်ဆိတ်တွေ၊ နှုတ်ခမ်းမွေးတွေသန်နေမှာ သေချာသလောက်ပဲ သားရဲ့။

*လက်တွဲဖော်*



ဒါမှမဟုတ်၊ သားကျတော့မှ ဖေဖေတို့မျိုးရိုးက တိမ်ကောသွားပြီး အမွေးအမှင်မသန်ဘူးဆိုရင်လည်း သားဘယ်လောက် ရိတ်ပေးပေး သန်လာစရာ အကြောင်းက ရှိမှာကိုမဟုတ်ဘူး။

အဲတော့ကာ လူကြီးမြန်မြန်ဖြစ်ချင်ဇောနဲ့ လျှောက်မလုပ်စေချင်ဘူး။ အရာအားလုံး သူ့အလှည့်နဲ့သူ အချိန်တန်ရင်ဖြစ်လာမှာကို အလိုက်သင့်လေးသာ စောင့်နေပေးတတ်မယ်ဆိုရင် သားအတွက် နေရတဲ့အချိန်တိုင်းဟာ ပျော်စရာကောင်းနေမှာပါကွာ။

နောက်တစ်ခုက မုတ်ဆိတ်ကျင်စွယ်နဲ့ ယောက်ျားပီသမှုဟာ ဘာမှ မဆက်စပ်ပါဘူး သားရယ်။ နှုတ်ခမ်းမွေးစစနဲ့ပေမယ့် နွဲ့နေတတ်တဲ့ ယောက်ျားသားမျိုးတွေရှိသလို ရုပ်ပိုင်းမှာ ဘယ့်ကလောက် ခက်ထန်နေ သည်ဖြစ်စေ၊ အတွင်းစိတ်မှာကျတော့ ပျော့ညံ့ချိနဲ့နေသူတွေလည်း လောက မှာ ရှိနေတာပဲ။

အဲတော့ သားကို ပြောချင်တာက သည်မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးကိစ္စကြီးကို ဇရာမဘဝကိစ္စကြီးတစ်ခုလို တအား မလေးနက်စေချင်ဘူး။ အချိန်တန်ရင် သူ့ဘာသာဖြစ်လာမှာ တစ်ခုအနေနဲ့သာ အသာလေး စောင့်ကြည့်နေစေချင်တာပါပဲ သားရယ်။

## အသံဩလာတာ

ယောက်ျားလေးတွေ ကြီးကောင်ဝင်ချိန်မှာ အသံလည်းပြောင်းတယ် သားရဲ့။ အသံဩလာတယ်ဆိုပါစို့ သားရယ်။ ယေဘုယျသဘော ပြောရရင်တော့ အသက်၁၄နှစ်ပတ်ဝန်းကျင်လောက်မှာ အသံပြောင်းတတ်တယ်။

ငါ့သား အသံပြောင်းတာတော့ ၁၄နှစ်ထိတောင်မနေပါဘူး။ အခုသားအသက် ၁၁နှစ်ကျော် ၁၂နှစ်မှာတင်ပဲ အသံက သိသိသာသာကိုပြောင်းနေပြီလေ။ သားမေမေကတောင် သားအသံကြီးကလည်း အကြီးကြီးပဲလို့ ပြောပြောနေတာပေါ့။

*လက်တွဲဖော်*

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဘာလို့ အသံပြောင်းလဲဆိုတာကတော့ သားရယ်. . . ယောက်ျားလေးတွေမှာရှိတဲ့ အဖိုဟိုမုန်းဓာတ်(testostrone hormone)တွေဟာ ကပ္ပာယ်အိတ်များကတစ်ဆင့် သွေးထဲကို ရောက်လာတဲ့အခါ အသံအိတ်ကလည်း ပိုကြီးလာလို့ပါပဲ။ ဒါကြောင့် အသံကလည်း ပြောင်းသွားတော့တာပါ။

ဖေဖေ့တုန်းကတော့ ကိုယ့်ကိုယ်ကိုယ် လူပျိုပေါက်လို့ အသံပြောင်းသွားမှန်းတောင် မသိလိုက်ဘူး။ မတွေ့တာကြာတဲ့ မန္တလေးက ဖေဖေ့ဦးကြီးက 'သည်ကောင် အသံပြောင်းသွားတယ်'ဆိုလို့သာ ဩော်. . . ငါလည်း အသံပြောင်းသွားတယ်ဆိုပါလားလို့ သိလိုက်ရတယ် သားရဲ့။

တချို့တွေမှာကျတော့ အဲသလို အသံပြောင်းချိန်မှာ တစ်ပတ်နှစ်ပတ်လောက်ကို လည်ပင်းထဲမှာ တင်းတင်းကြပ်ကြပ်နဲ့ အခံရဆိုးနေတတ်ပြီး အသံကလည်း သိသိသာသာကြီးကို တစ်မျိုးဖြစ်နေတာကို သတိထားမိနိုင်တယ်။ အဲသလိုဖြစ်ရင်လည်း ဘာဆိုဘာမှ စိုးရိမ်စရာမရှိပါဘူးကွာ။ သိပ်မကြာခင်မှာ အဲဒီအခံရဆိုးတာကြီးက အလိုလိုပျောက်သွားပြီး အရင်ကလေးသံနဲ့ မတူတော့တဲ့ အသံမျိုးထွက်လာမှာပါပဲ။

## ကပ္ပာယ်အိတ်တွဲလာတာ

တကယ်တော့ သားရေ. . .၊ ယောက်ျားလေးရယ်လို့ လူ့လောကထဲကို မရောက်ခင် မိခင်ရဲ့ဝမ်းကြာတိုက်ထဲမှာကတည်းက ကပ္ပာယ်အိတ်က သူ့ဘာသာ ရှိနေပြီးသားပါ။ ဒါကြောင့် ကြီးလာတဲ့အခါ ကပ္ပာယ်အိတ်တွေ တွဲလာတယ်ဆိုတဲ့ စကားဟာ သိပ်တော့ သဘာဝမကျလှဘူးကွ။

သားလေးလည်း သတိထားမိပြီးသား ဖြစ်မှာပါ။ သား ၁၁နှစ်၊ ၁၂နှစ်လောက် ရောက်တဲ့အခါမှာ ကပ္ပာယ်အိတ်နဲ့ ငယ်ပါကလည်း တဖြည်းဖြည်းချင်း ဖွံ့ထွားလာတာကိုလေ။ ကပ္ပာယ်အိတ်ပေါ်က အရေပြားကလည်း နည်းနည်းပိုပြီး ပျော့တွဲလာတတ်သလို၊ အရွယ်အစားကလည်း အနည်းအပါးတော့ ထွားလာတတ်တယ်။ ငယ်ပါကလည်း အလားတူပဲ ထွားလာတတ်

လက်တွဲဖော်



တယ်။

သည်အပြောင်းအလဲတွေကလည်း သားရဲ့ကိုယ်ခန္ဓာလိုပဲ၊ တစ်နေ့ကို မဆိုစလောက်နှုန်းထားလေးနဲ့ ဖြည်းဖြည်းချင်းတိုးတက်ပြောင်းလဲနေတာမို့ သားဘယ်လောက်ဂရုစိုက်ပြီး စောင့်ကြည့်နေဦးတော့ ထင်ထင်ရှားရှားကြီး ပြောင်းသွားတာ၊ မနေ့ကနဲ့စာရင် ကနေ့ကျမှ သိသိသာသာကြီး ကြီးလာတာမျိုးတွေ တွေ့ရမှာ မဟုတ်ဘူး။

အဲဒီနောက် တစ်နှစ်၊ နှစ်နှစ်လောက်နေလို့ ၁၃-၄နှစ်လောက် ရောက်တဲ့အခါကျရင်တော့ ငယ်ပါတဝိုက် ဆီးခုံပေါ်မှာ အမွေးအမှင်တွေ ပေါက်ဖို့တာစူလာပါတော့မယ်။ တစ်ချိန်တည်းမှာပဲ၊ ကပ္ပာယ်အိတ်မှာရှိနေတဲ့ ဝှေးစေ့တစ်လုံး (များသောအားဖြင့် ဘယ်ဖက်ကအလုံး)ဟာကျန်တဲ့ တစ်လုံးထက် ပိုလို့ အိကျ၊ တွဲကျလာတတ်တယ် သားရဲ့။ နောက်တစ်ချက်က အဲဒါတွေဟာ နှစ်ဖက်အညီအမျှ ကြီးထွားနေတာမဟုတ်တဲ့အတွက် တစ်ဖက်က တစ်ဖက်ထက် ပိုထွားချင်လည်း ထွားနေတတ်သေးတယ်။ အဲသလိုဆိုရင်လည်း သားမှာမှ ထူးပြီးဖြစ်လာတာမျိုးမဟုတ်ဘဲ လူယောက်ျားလေးတိုင်းမှာဖြစ်မြဲ သဘာဝအဖြစ် နားလည်လိုက်ပါကွာ။ စိုးရိမ်စရာတော့ တစ်စက်မှ မရှိဘူးနော်။ အဲဒါ သဘာဝ။

ကြီးကောင်ဝင်တဲ့အရွယ်ကို ကျော်ဖြတ်နေတဲ့ အဲဒီကာလတစ်လျှောက်မှာတော့ ဆီးစပ်က အမွေးအမှင်တွေလည်း ပိုမိုထူထပ်များပြားလာမှာဖြစ်သလို ကပ္ပာယ်အိတ်နဲ့ ငယ်ပါအရွယ်အစားကလည်း တစ်စတစ်စ ကြီးထွား ဖွံ့ဖြိုးလာပါလိမ့်မယ်။ ဒါကိုတော့ သားတို့ကိုယ် သားတို့ လူကြီးဖြစ်ပြီဆိုတဲ့အသိနဲ့ ကျေနပ်နေမှာကို တွေးမိတာမို့ မစိုးရိမ်နဲ့လို့ ဖေဖေက ပြောရင် ရယ်စရာကြီးဖြစ်နေမှာပေ့ါ။

နောက်တစ်ခုက ကပ္ပာယ်အိတ်ကို ခံလွှမ်းထားတဲ့ အရေပြားရဲ့အရောင် ပြောင်းလဲလာတာပါ။ အသားဖြူလွန်းတဲ့ဂန္ဓာလရာဇ်နွယ်တွေနဲ့ ဥရောပသွေးပါသူတွေမှာ ဖြူရာက ရဲလာနိုင်သလို ဖေဖေတို့လို အိန္ဒိယတိုင်းသားတွေဖက်

လက်တွဲဖော်

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နွယ်တဲ့ အသားညို၊ အသားမည်း၊ အရှေ့တိုင်းသားတွေမှာကျတော့ အဲဒီနေရာဟာ တစ်ကိုယ်လုံးရဲ့ အမည်းဆုံး အစိတ်အပိုင်းဖြစ်နေတတ်တယ်။ သားကျမှ ချေးမတွန်းလို့ ကွက်ပြီးမည်းနေတာ မဟုတ်ဘူးဆိုတာလည်း သိထားဦး။ ဒါ သဘာဝပဲလို့ နားလည်ရမယ့်အထဲမှာ အဲဒီအရောင်ပြောင်းတာလည်း ပါသေးတယ်ကွဲ့။

## အိပ်မက်စိုတွေ

ကြီးကောင်ဝင်စမှာ လိင်စိတ်နိုးကြားမှုရဲ့ ကနဦးလက္ခဏာအဖြစ် အိပ်မက်စို မက်တတ်ပါတယ်။ အိပ်မက်စိုဆိုတာက အိပ်ပျော်နေတုန်းမှာ သုက်လွှတ်တဲ့ အဖြစ်အပျက်ကိုခေါ်တာ သားရဲ့။

လူပျိုပေါက်တစ်ယောက်အနေနဲ့ ရမ္မက်ရဲ့အထွဋ်အထိပ်ကို **အသိစိတ်ကင်းမဲ့စွာ** ရောက်ရှိသွားပြီး မနက်မိုးလင်းတဲ့အခါ အိပ်ရာထက်မှာ စိုစိစိ အကွက်လေးတစ်ကွက် တွေ့လိုက်ရတယ်ဆိုရင်ပဲ ညက အိပ်မက်စို (wet dream) မက်ခဲ့တယ်လို့ ပြောကြပါတယ်။ အလွယ်ပြောရရင်တော့ သားရေ၊ အိပ်ပျော်နေရင်းက ကျင်ငယ်စွန့်တဲ့ အဖြစ်မျိုးနဲ့ မနီးမဝေးပါပဲကွာ။

ဘာတွေမက်တယ်ဆိုတာကိုတော့ အဲသလို အချိန်မျိုးမှာ မမှတ်မိတဲ့ သူက များတယ် သားရေ့။ ဘာလို့လဲဆိုတော့ မသိစိတ်ရဲ့ ဟိုး. . . နက်ရှိုင်း လှတဲ့ အတွင်းပိုင်းတစ်နေရာမှာ သဘာဝတရားအရ အလိုလိုဖြစ်ပေါ်လာတာ မျိုးမို့ပဲကွ။

အိပ်မက်ဆိုတာကတော့ သားရယ်၊ စိုစို၊ ခြောက်ခြောက်၊ အကုန် အတူတူပါပဲ။ ဆိုလိုတာကကွာ၊ အိပ်မက်ကို ထိန်းချုပ်ခြယ်လှယ်လို့ မရဘူး။ သားတော့ အဲလို အိပ်မက်မျိုး မက်ကိုမက်လိမ့်မယ်လို့ ကံသေကမ္ပ ပြောလို့လည်း မရဘူး။

အဲတော့ တချို့ယောကျ်ားလေးတွေမှာ အိပ်မက်စိုကို ဆယ်ကျော်သက်တစ်လျှောက်လုံး ဆက်တိုက်လိုလို မက်နေတတ်ကြပေမယ့် တချို့ကျတော့





လည်း တစ်ခါနှစ်ခါလောက်မက်ပြီး ပြီးသွားတာမျိုးလည်း ရှိတယ်။ တချို့တွေကျပြန်တော့လည်း တစ်သက်လုံး၊ တစ်ခါဆိုတစ်ခါမှ အိပ်မက်စို မမက်တာမျိုးလည်း ရှိနေနိုင်သေးတယ်။ ဖေဖေဆို လူပျိုပေါက်တုန်းက တစ်ခါသာ မက်ဖူးခဲ့တယ်လို့ မှတ်မိနေတယ် သားရဲ့။

အချုပ်ပြောရရင် သားရယ်၊ ဒါဟာ သဘာဝပါ။ ကြီးကောင်ဝင်စ အရွယ်ရဲ့ အစောပိုင်းဖြစ်တဲ့ ၁၃-၄နှစ်အရွယ်မှာ အဲသလို အိပ်မက်မျိုးကို မက်တဲ့သူ များတယ်။ လူယောကျ်ားလေးမှာ သဘာဝက ပေးအပ်ထားတဲ့ လိင်စိတ်ဖွံ့ဖြိုးမှုကို စတင်ထူထောင်လိုက်တဲ့ သဘောနဲ့ အဲသလိုအိပ်မက်မျိုးကို မက်တာလို့ ပညာရှင်တွေက အတိအလင်း အသိအမှတ်-ပထားပါတယ်။ လွယ်လွယ် ပြောရရင်ကွယ်၊ ယောကျ်ားပျိုလေးတစ်ဦးမှာ ဖြစ်ပေါ်လာတဲ့ လိင်စိတ် တင်းမာမှုကို သဘာဝတရားက ဖြည်ပေး၊ လျှော့ပေးလိုက်တဲ့ သဘောပေ့ါ။

သားကိုသတိပေးရရင် ဒါဟာလည်း ပြဿနာမဟုတ်ဘူးဆိုတဲ့အချက်ပဲ။ သေခြင်းတရားကို လူတိုင်း တစ်နေ့ကံရမယ့် သဘာဝလိုပဲ၊ သည်လို အိပ်မက်စိုမက်တာဟာလည်း ယောကျ်ားတိုင်း ကြုံတွေ့ရတတ်တဲ့ သဘာဝရယ်လို့ပဲ သားနားလည်ပါ။

နောက်ပြီးတော့ ယောကျ်ားလေးတစ်ယောက်အနေနဲ့ အဲသလို အိပ်မက် စိုတွေ ဆက်တိုက်၊ ထက်ကာထပ်ကာမက်နေတာနဲ့ပဲ၊ သူ့မှာ သည်စိတ်တွေ အလွန်အကျွံ နိုးကြားနေတယ်လို့ ဆုံးဖြတ်သတ်မှတ်လို့လည်း မရပြန်ဘူး သားရဲ့။ အလွန့်အလွန်မှ သူ့မသိစိတ်က ကြံ့ခိုင်နိုးကြားလွန်း၊ ကျန်းမာ သန်စွမ်းလွန်းလို့သာ အမက်များတာလို့ပြောနိုင်ပါတယ်။ ဒါကိုပဲ ပြောင်းပြန် ပြန်ပြောရရင် အိပ်မက်စို မမက်တာနဲ့ပဲ အဲဒီယောကျ်ားငယ်မှာ သည်စိတ်တွေ ခမ်းခြောက်နေတယ်လို့လည်း ယတိပြတ်ပြောလို့မရပြန်ဘူး။

တကယ်တော့ကွာ၊ အိပ်မက်စိုတွေဟာ သဘာဝကျတဲ့အဖြစ်၊ မှန်တဲ့ ကိစ္စပါပဲ။ ရှက်စရာ၊ စိတ်ပျက်စရာ၊ အပြစ်မကင်းတာ၊ ငရဲအုံကြီးစရာ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လိုလိုတွေ လျှောက်မခံစားနဲ့နော်။ ဖေဖေပြောခဲ့တဲ့အတိုင်း တားလို့ ဆီးလို့ ဘယ်လိုမှ မရတဲ့ သဘာဝတရားဆိုတာကို သတိရပါသားရေ။ ဖေဖေလည်း သည်အရွယ်တုန်းက သည်အတိုင်း၊ သားဖိုးဖိုးလည်း သည်အရွယ်တုန်းက သည်အတိုင်းလို့ သားနားလည်ထားမယ်ဆိုရင် စိတ်သက်သာမှာပါကွာ၊ နော. . .

တကယ်လို့ ငါ့သားမှာ အိမ်မက်စိုတွေကို ဆက်တိုက်မက်နေတယ်ဆိုလည်း စိတ်မပူနဲ့နော်။ အချိန်တန်ရင် ဖြည်းဖြည်းချင်း သူ့အလိုလို ပျောက်သွား၊ ကျဲသွားမှာပါပဲ။

ကြီးကောင်ဝင်စအရွယ်မှာ ဒါဟာ သားအတွက် အဆန်းတကြယ်၊ အံ့သြစရာလည်း ဖြစ်ချင်ဖြစ်နေလိမ့်မယ်။ သားမှာ ဘာစိတ်၊ ဘာအာရုံမှ မရှိဘဲနဲ့ အလကားနေရင်း ထဖြစ်လာတာမျိုးမို့ သားစိတ်ထဲမှာ အံ့သြ ရှုပ်ထွေးနေနိုင်တယ်လေ။ ဒါပေမယ့် ဒါဟာ လူတိုင်းမှာ အမြစ်တွယ်၊ ကိန်းအောင်းနေတဲ့ စိတ်ရဲ့ ရိုးစင်းတဲ့သဘာဝကိုပြဆိုလိုက်တဲ့ ပြယုဂ် တစ်ခုသာမို့ သားအနေနဲ့ သိတ်စိတ်အရှုပ်မခံဘဲ အလိုက်သင့်လက်ခံလိုက် စေချင်တယ်။

ဖေဖေ ထပ်ပြောမယ်နော်. . .

ဒါ ပြဿနာမဟုတ်ဘူး၊ ရောဂါမဟုတ်ဘူး၊ အကုသိုလ် အမှုကြီး တစ်ခု မဟုတ်ဘူး။

## ၂။ ကျန်းမာရေး
## ကိုယ်အင်္ဂါကျန်းမာရေးနဲ့ သန့်ရှင်းရေး

သားတို့ယောကျ်ားလေးအများစုဟာ ငယ်ပါကိုစွကို အင်မတန် ရေးကြီး ခွင့်ကျယ်လုပ်တတ်ကြသလောက် အဲဒါကို ကျန်းမာရေး ရှုထောင့်က ကျကျ နန ထိန်းသိမ်း စောင့်ရှောက်ဖို့ကျတော့ သိပ်မသိတတ်ကြဘူးကွဲ့။

တစ်ကိုယ်ရေ အာသာဖြေဖို့အတွက်နဲ့ ဆီးသွားဖို့အတွက်က လွဲရင်





ယောကျ်ားလေးတွေဟာ ငယ်ပါနဲ့ ကပ်ဟယ်အိတ်တို့အကြောင်းကို လေးလေး နက်နက်လည်း သိပ်မစဉ်းစားဖြစ်ကြဘူး။ ဖေဖေတို့ မိဘတွေဖက်ကလည်း အဲဒါကို သေသေချာချာ သွန်သင်ရကောင်းမှန်း သိပ်မသိကြဘူး။

တချို့ယောကျ်ားလေးတွေဟာ ရေချိုးရမှာ ပျင်းသလို၊ အဝတ်လဲရမှာ ပျင်းသလို၊ ငယ်ပါလေးတွေကို ဂရုစိုက်ဖို့လည်း အပျင်းထူတတ်ကြတယ် သားရေ. . .။

အေး. . . သားဟာလည်း ဖေဖေ့သားပီသစွာ ရေချိုးရမှာပျင်းတာကို ဖေဖေ သိတယ်။ ဒါပေမယ့် ဖေဖေ့သားပီသစွာပဲ သားက အဝတ်လဲရမှာကျ တော့ မပျင်းပြန်ဘူး။ သပ်သပ်ရပ်ရပ်ဝတ်ချင်စားချင် စိတ်ကလေးရှိနေတယ်။ တစ်ခုလည်း ဆက်ပြီး ဖေဖေ့သားပီသလိုက်ပါဦးကွာ၊ နော်. . .။

ဖေဖေ သားကို သေချာ ရှင်းပြမယ်။

ငယ်ပါရဲ့အလျားအတိုင်း ရှိနေတဲ့အရေပြားက ငယ်ပါကိုဖုံးအုပ်ထား တယ်။ အဲဒီအရေပြားလေးကို နောက်ဖက်ကို ဆွဲလှန်လိုက်မယ်ဆိုရင် ငယ်ပါထိပ်လေးကိုမြင်ရမယ်။ အင်္ဂလိပ်လိုတော့ အဲဒီ အရေပြားကို ရှေ့ပြေး အရေပြား (foreskin) လို့ခေါ်တယ် သားရဲ့။ ရှေ့ဆက်ပြောတဲ့အခါ လွယ် သွားအောင် foreskin (ဖော့ဆခင်းန်)လို့ပဲ ပြောသွားတော့မယ်နော်၊ သေချာ လည်း မှတ်ထားဦး။

အဲဒီအရေပြားရဲ့အောက်မှာ ဘက်တီးရီးယားပိုးနဲ့ တခြား ပိုးမွှားတွေ အလွယ်တကူ ခိုအောင်း မွေ့ပျော်နေနိုင်ပါတယ်။ အဲဒါကြောင့် အရေပြားကို လှန်လိုက်တဲ့အခါ ဖြူဖြူအဖတ်တွေကို တွေ့ရတာပေ့ါ။ အဲဒီဖြူဖြူအဖတ်တွေ ဟာ ဘက်တီးရီးယားနဲ့တခြားပိုးမွှားတွေက ထုတ်လုပ်လိုက်တဲ့ စွန့်ပစ်ပစ္စည်း (ဝါ) အညစ်အကြေးတွေပါပဲ။

အဲဒီဖြူဖြူအဖတ်တွေဟာ မကောင်းဘူးကွ။ အရေပြားဆဲလ်အသေတွေ ရယ်၊ ဘက်တီးရီးယားရယ်၊ ချွေးရယ်ပေါင်းစပ်ပြီး ဖြစ်ပေါ်လာတာမို့ အနံ့ လည်း အင်မတန်ဆိုးပဲ့။ ဒါကြောင့် သားအနေနဲ့ ကိုယ့်ငယ်ပါကို တစ်နေ့မှာ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အနည်းဆုံး နှစ်ခါတော့ ရေနဲ့ဆေးပေးဖို့ ဖေဖေ မှာချင်ပါတယ်။ သိပ်ပူလွန်း အိုက်လွန်းတဲ့ရာသီမှာတော့ သည့်ထက်မက အကြိမ်များများပိုပြီး ခဏခဏ ဆေးပေးမယ်ဆိုရင် ဘက်တီးရီးယားပိုးတွေ မခိုအောင်းတော့ဘူးပေါ့ကွာ။

လူရယ်လို့ ပေါ်စဦးကာလ ကျောက်ခေတ်လူသားတွေဟာ အဝတ်ဗလာ နဲ့ မြေပေါ်မှာ လူးချင်တိုင်းလူးနေခဲ့ကြဖူးပါလိမ့်မယ်။ သည်အခါမှာ ငယ်ပါ ထိပ်က အသားနုကိုအကာအကွယ်ပေးဖို့အတွက် foreskin ကို သဘာဝ တရားက ယောကျ်ားတို့ရဲ့ခန္ဓာကိုယ်မှာ တပ်ဆင်ပေးလိုက်တာ ဖြစ်နိုင်တယ် လို့ မနုဿဗေဒပညာရှင်တွေက တွေးကြည့်ကြတယ်။ ဒါပေမယ့် မြေပေါ်မှာ လူသားတွေ မလူးကြတဲ့ အခုလိုအခါမှာတော့ အဲဒါကို မလိုတော့ပါဘူး။ ဖေဖေတို့ သားတို့ရဲ့ ခန္ဓာကိုယ်မှာ အပိုပစ္စည်းလို ဖြစ်နေပါပြီကွယ်။

## ရဟူဒီနည်းနဲ့ ရှင်ပြုတာ

အခုကာလ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာတော့ ယောကျ်ားလေးတွေကို လူမှန်းသူမှန်း သိပ်မသိခင်အရွယ်ကတည်းက အဲဒီ foreskin ကို ခွဲစိတ် ဖြတ်တောက်လိုက် တဲ့ အလေ့အထ တစ်ခုပေါ်ထွန်းနေပါပြီ။ လိုမှ မလိုတာကိုး။ တချို့တွေ ကျတော့ လိုအပ်လို့ကို ဖြတ်တောက်လိုက်ရတာပါ။ အရေပြားက သိပ်ကြပ် နေပြီး အလွယ်တကူ လိပ်မဝင်တဲ့အခါမျိုးမှာ ဖြတ်ပစ်ရတဲ့အဖြစ်တွေလည်း ရှိတယ် သားရဲ့။

နောက်ပြီးတော့ ရဟူဒီနဲ့ အစ္စလာမ်ဘာသာဝင်တွေကျတော့လည်း ဘာ သာရေးအရ လိုအပ်ချက်တစ်ခုအနေနဲ့ ဖြတ်တောက်ကြတယ်။ ဖေဖေတို့ရဲ့ နေ့စဉ်သုံး မြန်မာစကားမှာ ကုလားလို ရှင်ပြုတယ်ဆိုတဲ့အသုံးတောင် တော် တော်လေး တွင်ကျယ်နေတာသာ ကြည့်ပါတော့ကွယ်။

ဖေဖေတို့ မြန်မာဗုဒ္ဓဘာသာဝင်တွေမှာတော့ အဲဒါကို လုပ်ခဲလှပါတယ်။ ဖေဖေလည်း မလုပ်ပါဘူး။ သားကိုကျတော့ ဖြတ်ပေးဖို့ ဖေဖေ စဉ်းစားခဲ့ ဖူးတာ သားအသိပဲ။ သားရဲ့ foreskin က လိုသည်ထက် ပိုပြီး ရှည်လွန်းနေ





တော့ သားမှာ ဘောင်းဘီဇစ်နဲ့ ညပ်ပြီး အမေကယ်ပါ၊ အဘကယ်ပါနဲ့ အော်အော်နေရတာတွေ မြင်ရတော့ ဖေဖေ့တုန်းက မလုပ်ခဲ့ပေမယ့် သားကျ တော့ လုပ်ပေးဖို့ စိတ်ကူးတာပါ။ ဒါပေမယ့် နားလည် တတ်ကျွမ်းတဲ့ ဆရာဝန်မိတ်ဆွေတွေနဲ့ ပြောကြည့်လိုက်တဲ့အခါကျတော့ သူတို့က မလိုအပ် လှပါဘူးလို့ တညီတညွတ်တည်းပြောကြတာမို့ ဖေဖေလည်း သိပ်အားမထုတ် မိတော့တာပဲ သားရေ။

ဖြတ်ထုတ်လိုက်ခြင်းအားဖြင့် အထက်မှာပြောခဲ့တဲ့ ဘက်တီးရီးယားပိုးနဲ့ တခြားပိုးမွှားတွေအတွက် နေစရာနေရာမရှိအောင် လုပ်ပေးလိုက်ရာကျပါ တယ်။ ကောင်းတဲ့ဘက်ကတွေးရင် ဖြတ်လိုက်တာ ကောင်းသပေါ့။ ဒါပေ မယ့် foreskin က ဒုက္ခပေးနေတာမျိုးမှမဟုတ်ဘူးဆိုရင် မဖြတ်လို့လည်း ဘာမှ မဖြစ်ဘူးလို့ သူတို့က ပြောတယ်သားရဲ့။

ထပ်ပြောမယ်နော် သား။ အဲဒီ foreskin ကို ဖြတ်ခြင်း၊ မဖြတ်ခြင်း ကြောင့် ဘာဆိုဘာမှ ပြောင်းလဲမသွားပါဘူး။ ချိန်တန်ရွယ်ရောက် လူလား ကောင်းစွာမြောက်လို့အိမ်ထောင်ပြုတဲ့အခါ အိမ်ထောင်ရေးသာယာမှုကိုလည်း နည်းနည်းမှ မထိခိုက်စေနိုင်ဘူးနော်။ အဲဒါကို မမေ့နဲ့။

အေး . . . တစ်ခုပဲ၊ သန့်ရှင်းရေးက အရေးကြီးတယ်ဆိုတာကိုတော့ စွဲစွဲမြဲမြဲသာ မှတ်ပါ သားရေ။

## လိင်မှတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါတွေ

တိုက်ရိုက်လိင်ဆက်ဆံမှုကြောင့် ဟားပီးစ်၊ ဂနိုးရီးယား၊ ဆစ်ဖလစ်နဲ့ ယူရီ သရိုက်တစ်(စ်)အစရှိတဲ့ ရောဂါတွေ ရနိုင်တယ်ဆိုတာလည်း သားလေး သိထားရမယ့်အထဲမှာ ပါတယ်။

အကာအကွယ်မဲ့ လိင်ဆက်ဆံရင်၊ တစ်နည်းအားဖြင့် စိတ်မချရတဲ့နည်း နဲ့ လိင်ဆက်ဆံရင်၊ ဆိုလိုတာက ကွန်ဒုံးလို့ခေါ်တဲ့ ရော်ဘာအစွပ် မသုံးဘူး ဆိုရင် လိင်ကတစ်ဆင့်ကူးစက်တဲ့ရောဂါဆိုးတွေနဲ့ ရင်ဆိုင်ရမယ့် အလား



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အလာက သိပ်များတယ် သားရေ။ အဲဒီရောဂါပေါင်းစုံထဲမှာ ကုရာနတ္ထိဆေးမရှိတဲ့ အေအိုင်ဒီအက်စ်ရောဂါဆိုတာကတော့ အဆိုးဆုံးပဲဆိုတာ သား လည်း ကြားနေမှာပဲ။

သားကို သည်အကြောင်းတွေ ပြောမှုဖြစ်မယ်လို့ ဖေဖေ့ကို ဆုံးဖြတ်ဖြစ်စေတဲ့ အဓိက အကြောင်းရင်းကတော့ အဲဒီကုရာနတ္ထိရောဂါကြောင့်ပဲ သားရေ။ နှိုက်နှိုက်ချွတ်ချွတ် ပြောပြသင်ကြားပေးမယ့်သူ မရှိလို့ မသိ၊ မသိလို့ ကျူးလွန်၊ ကျူးလွန်လို့မှား၊ အမှားက သေရွာကို ပို့မယ့် အမှားမျိုးဆိုရင် ကိုယ်တိုင်လည်း ဘာမှမတတ်နိုင်၊ မိဘမောင်ဖွား သားချင်းတွေမှာလည်း ယူကျုံးမရဖြစ်ကုန်ရတာကို မျက်ဝါးထင်ထင်မြင် ရလွန်းနေပြီ သားလေးရေ။ ဒါကြောင့် လက်ဦးဆရာတစ်ယောက်အနေနဲ့ ဖေဖေ့ဘက်က နှိုက်နှိုက်ချွတ်ချွတ်နဲ့ အသေးစိတ် ပြောပြချင်မိတော့တာပါပဲ သားရယ်။

ကဲ. . . အေအိုင်ဒီအက်စ်အကြောင်း ပြောကြရအောင်နော်။

အေအိုင်ဒီအက်စ်ရောဂါဆိုတာက အိပ်ချ်အိုင်ဗွီ လို့ခေါ်တဲ့ လူ့ခုခံအားကို ကျဆင်းစေတဲ့ ဗိုင်းရပ်ပိုးကနေ ဖြစ်တဲ့ရောဂါပါကွယ်။ အဲဒီဗိုင်းရပ်ပိုးကို တော့ ကိုယ်ခန္ဓာကထွက်တဲ့အရည်တွေဖြစ်တဲ့ အမျိုးသမီးများ ဓမ္မတာပေါ် ချိန်မှာ ဆင်းတဲ့သွေး၊ သုက်ရည်၊ နို့ရည်နဲ့ မစင်တို့က သယ်ဆောင်ပေးနိုင် တယ် သား။

ဒါကြောင့် အဲဒီခန္ဓာကိုယ်ကထွက်တဲ့အရည်တွေကို လူတစ်ဦးကတစ်ဦး ကူးလူး ဖလှယ် ဖြစ်အောင်လုပ်နိုင်တဲ့ လိင်ဆက်ဆံမှုကို အင်မတန် ဂရုစိုက်သင့်တယ်၊ လက်လွှတ်စပယ်မလုပ်သင့်ဘူးဆိုတာ သား သေချာမှတ်ထားနော်။ နောက်တစ်ခုက လိင်ကတစ်ဆင့်ကူးစက်တဲ့ရောဂါတစ်မျိုး ဖြစ်ပြီးပြီ၊ ရပြီးပြီဆိုရင် နောက်တစ်မျိုး ထပ်ဖြစ်လာဖို့ အင်မတန် လွယ်ကူနေတတ်တဲ့ အချက်ကလည်း ကြောက်စရာ အမှန်တရားတစ်ခုပဲ သားရေ။

အိပ်ချ်အိုင်ဗွီဆိုတဲ့ ကုရာနတ္ထိရောဂါပိုးကတော့ လိင်ရောဂါတွေ အားလုံးထဲမှာ အန္တရာယ်အကြီးဆုံးပဲ။ အဲဒီပိုးဟာ ဘယ်ယောက်ျား၊ ဘယ်မိန်းမမဆို





ဆီမှာ ရှိနေနိုင်တယ်ကွ။ ဆိုလိုတာကကွာ၊ လူတစ်ယောက်မှာ အဲဒီပိုးရှိ/မရှိ သူ့မျက်နှာကြည့်ရုံ၊ သူ့လက်တွေ၊ ခြေတွေမြင်ရရုံနဲ့ ဘယ်သူမှ တန်းမသိနိုင်ဘူး။

'ကမ္ဘာ့ဆရာဝန်များ'လို့ ပြင်သစ်လိုအမည်ပေးထားတဲ့ အစိုးရ မဟုတ်အဖွဲ့အစည်းတစ်ခုက ရန်ကုန်မြို့မှာ ရုံးစိုက်တယ်။ အဲဒီရုံးမှာ 'အေအိုင်ဒီအက်စ်ရောဂါရနိုင်သောသူ၏ ပုံ'ဆိုပြီး စာတန်းကြီး ထိုးထားတဲ့ ကဒ်ပြားတစ်ပြားချိတ်ထားပါတယ်။ ပုံနေရာမှာတော့ ကြည့်မှန်တစ်ချပ်ပဲ သားရဲ့။

ဖေဖေလေ အဲဒီအဖွဲ့ရဲ့စိတ်ကူးကို တအားသဘောကျသွားတယ်။ ဘယ်သူမဆို ကုရာနတ္ထိရောဂါကို အလွယ်တကူရနိုင်ကြောင်း ထိထိမိမိ သတိပေးထားတဲ့ ပညာပေး ပိုစတာမို့ပဲ သားရေ။ မှန်လည်းမှန်လှတယ်လေ။ သည်ရောဂါဟာ ကြောက်စရာကောင်းလှသလို အနေအထိုင်မဆင်ခြင်ရင်၊ မသိသား ဆိုးရွားရင် ဘယ်သူမဆို အလွယ်တကူ ကူးစက်လာနိုင်တာမျိုးပဲကွ။

ဖေဖေ စောစောက ပြောသလို ရောဂါရှိတဲ့သူဆိုတာကလည်း ချိပေါက်နေတာမျိုးမဟုတ်တော့ ပိုဆိုးတယ်။ ဗိုင်းရပ်ပိုးက သွေးထဲ ရောက်နေပေမယ့် ဘာရောဂါလက္ခဏာမှ မပြသေးဘဲ အကြာကြီး နေနေနိုင်သေးတာမို့ လူတစ်ယောက်မှာ အဲဒီရောဂါရှိမှန်း ဝေဒနာရှင် ကိုယ်တိုင်တောင် သိနိုင်ဖို့ ခက်တယ် သားရဲ့. . .။

အဲသလို ပြောလိုက်လို့ တအားကြီးလည်း ကြောက်မသွားနဲ့ဦး. . .။

တစ်ဖက်ကပြောရင် အိပ်ချ်အိုင်ဗွီပိုးဟာ လေထိမခံပါဘူး၊ လေထဲမှာ အကြာကြီး အသက်မရှင်နိုင်ဘူးလို့ ပြောရမှာပေါ့ သားရယ်။ ဒါကြောင့် ပန်းကန်ခွက်ယောက်က တစ်ဆင့်ဖြစ်ဖြစ်၊ အိမ်သာကြွေအိုးတွေကတစ်ဆင့်ဖြစ်ဖြစ်၊ လက်ဆွဲနှုတ်ဆက်မိလို့ဖြစ်ဖြစ်၊ (ပါးတို့၊ နဖူးတို့ကို နမ်းတာလို) အခြောက်နမ်းတာကြောင့်ဖြစ်ဖြစ်နဲ့တော့ ရောဂါမကူးနိုင်ဘူး။ သည်ပိုးဟာ ကိုယ်ခန္ဓာထဲမှာသာ အောင်းနေနိုင်တဲ့အမျိုးပါ။ ဒါကြောင့် ကိုယ်ခန္ဓာက ထွက်တဲ့ အရည်တွေကတစ်ဆင့်တော့ မလွဲမသွေ ကူးနိုင်တယ်။ ဒါကြောင့်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကွန်ဒုံးကိုသုံးခြင်းကတော့ အိပ်ချ်အိုင်ဗွီအပါအဝင် တခြား လိင်မှတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါတွေ ကိုယ့်ဆီကူးမလာအောင် အနည်းနဲ့အများ ကာ ကွယ်ပေးနိုင်တယ်ဆိုတာ သား စွဲစွဲမြဲမြဲ မှတ်ထားနော်။

ကမ္ဘာ့ဆေးပညာလောကရဲ့ မှတ်တမ်းများအရ တစ်ယောက်ကိုတစ် ယောက် အနမ်းစိုပေးလို့ (အနောက်တိုင်း ရုပ်ရှင်ထဲကလို ပါးစပ်ချင်းနမ်းလို့) အိပ်ချ်အိုင်ဗွီပိုးကူးတဲ့ သာဓကကတော့ အင်မတိအင်မတန် နည်းလှတယ်လို့ ဖေဖေ ဖတ်ဖူးတယ် သားရေ။ အဲလို ကူးဖို့အတွက် နှစ်ဦးနှစ်ဖက်ရဲ့ပါးစပ်၊ နှုတ်ခမ်းများမှာ ကွဲနေတာ၊ ပေါက်ပြဲနေတာတွေ ဖြစ်မှပဲ သွေးက တစ်ဆင့် ကူးစက်နိုင်တဲ့သဘောပေါ့။ သည်လိုဆိုလိုက်တဲ့အတွက် ကိုယ်ခန္ဓာရဲ့ တခြား အစိတ်အပိုင်းတွေကို ပါးစပ်နဲ့နမ်းရှုပ်ရုံနဲ့ သည်ရောဂါပိုး မကူးနိုင်ဘူးလို့ ဆိုလိုက်တာတော့ မဟုတ်ဘူးနော်။ ကိုယ်ခန္ဓာရဲ့တခြားအစိတ်အပိုင်း၊ အထူး သဖြင့် လိင်အင်္ဂါလို ခန္ဓာကိုယ်တွင်းက ထွက်လာတဲ့ အရည်တွေကတစ်ဆင့် ကူးနိုင်တာကို သတိထားရမယ်။ မှတ်ထားနော် သားလေး. . .။

အဲတော့ အလွယ်ဆုံး၊ အတိုဆုံး၊ အရှင်းဆုံး ပြောရမယ်ဆိုရင်တော့ကွာ၊ သားအနေနဲ့ လိင်ကိစ္စကို ရှောင်ကြဉ်နိုင်မယ်ဆိုရင် ကူရာနတ္ထိရောဂါက ကင်း ဝေးမယ်လို့ ပိုင်ပိုင်နိုင်နိုင် ပြောလို့ရတယ် သားရဲ့။ ကိုယ်နဲ့ ဘယ်လောက်ပဲ တရင်းတနှီး သိတဲ့ ချစ်သူရည်းစားပဲဖြစ်ဖြစ် ကိုယ့်ကွယ်ရာမှာ တခြား တစ်ယောက်နဲ့ ဖောက်ပြန်ချင်ဖောက်ပြန်နေနိုင်သေးတယ်ဆိုတဲ့အချက်ကို လည်း သတိမလစ်နဲ့။ မြန်မာစကားရှိတယ် မဟုတ်လား၊ ကိုယ်က ကျူး၊ ကိုယ့်ဒူးတောင် မယုံရဘူးတဲ့။ အဲဒီစကားကို သားတို့ သမီးတို့ အားလုံး သတိရနေစေချင်တယ်။ အထူးသဖြင့် ကိုယ့်ချစ်သူ ကိုယ့်ရည်းစားက ကိုယ့် ကွယ်ရာမှာ ဘယ်သူနဲ့တော့ ဘာဖြစ်လာပါတယ်ဆိုတာ ဘယ်သူကမှ ဖွင့်ဟ ဝန်ခံမှာ မဟုတ်ဘူး။ ပြောပြမှာလည်းမဟုတ်ဘူး။ သားကိုတင်မကဘူး၊ ဒါက သားရဲ့ မမကိုပါ သေချာမှာရမယ့် ကိစ္စပဲ။ ဒါကြောင့် ဘယ်သူနဲ့မှ အကာအကွယ်မယူဘဲ စိတ်ချလက်ချမကျူးလွန်သင့်ဘူးဆိုတာကို ခေါင်းထဲ





မှာ သံမှိုနှက်ထားသလိုသာ စွဲနေအောင် မှတ်ပေတော့ သားရေ။

အကောင်းဆုံးကတော့ကွယ်၊ အချိန်တန်အရွယ်ရောက်လို့ အိမ်ထောင် ရက်သားကျတဲ့အခါမှသာ ကိုယ့်ဇနီးနဲ့ကိုယ် စိတ်ချလက်ချနေတာ ထိုင်တာပဲ ပေါ့။ သည်ကြားထဲမှာတော့ ရှောင်နိုင်သမျှ ဝေးဝေးက ရှောင်လေ၊ သေမင်း နဲ့ ဝေးလေဖြစ်မှာပါ သားရေ။ မရှောင်နိုင်ဘူးဆိုရင်လည်း သေလုအောင် ချစ်တဲ့သူပင်ဖြစ်ပါစေ၊ နတ်သမီးလေးတစ်ပါးလိုပဲ ဖြူဝင်း သန့်ရှင်း လှပ တင့်တယ်နေပါစေ၊ ကွန်ဒုံးကို သုံးဖို့ ဝန်မလေးပါနဲ့လို့ သားငယ်ကို ဖေဖေ အထပ်ထပ် အခါခါ မှာပါရစေကွယ်။

**အခုကာလဟာ လိင်ကိစ္စနဲ့ပတ်သက်လို့ ဆွေးနွေးတိုင်ပင်ဖို့ မရှက်သင့်၊ မကြောက်သင့်ဆုံး ကာလဆိုတာ သားသေချာမှတ်ထားပါ။ သားကိုယ်သား ချစ်ရင်၊ သားကိုယ်သား ကာကွယ်ပေးနိုင်ဖို့ သည်ကိစ္စနဲ့ ပတ်သက်လို့ အရိုးသားဆုံး၊ အပွင့်လင်းဆုံး ဖွင့်ဟတိုင်ပင်ရဲဖို့လိုတယ်။**

သားကို ဖေဖေ ငယ်ငယ်လေးတည်းက သေချာမှာထားတဲ့စကားကို မမေ့နဲ့။ သားအတွက် ဖေဖေနဲ့ မေမေဟာ အရင်းနှီးဆုံးနဲ့ စိတ်အချရဆုံး သူငယ်ချင်းတွေပဲ ဆိုတာလေ။ အေး. . . သားနဲ့ ဖေဖေနဲ့ကြားမှာ မပြောအပ် တဲ့စကား၊ မကြားအပ်တဲ့စကားဆိုတာ လုံးလုံးမရှိဘူးဆိုတာ သည်စာတွေကို လူသိရှင်ကြား၊ တိတိကျကျ ချရေးလိုက်တဲ့အချိန်မှာ ပိုခိုင်လုံသွားပြီနော်။

သား ဖေဖေ့ကို ဘာမှ ကြောက်စရာမလိုသလို ရှက်ရွံ့အားနာနေစရာ လည်း မလိုဘူး။ သားသူငယ်ချင်းတွေက သားနဲ့ ရွယ်တူ။ သူတို့မှာ ဘာ အတွေ့အကြုံမှ မရှိသေးဘူး။ သားတို့ချင်းကြားမှာ လူစွာလုပ်ချင်လို့ ခပ် တည်တည်နဲ့ လျှောက်သာ ပြောနေတာ၊ သူတို့ကိုယ်တိုင် ဘာမှ တိတိပပ သိလှတာမဟုတ်ဘူး။ ဖေဖေကတော့ သားသိတဲ့အတိုင်း လူထုံ။ ကောင်းတာ တွေ အားလုံးလည်း အကုန်လုပ်တတ်တယ်၊ လုပ်နေတယ်။ မကောင်းတာ တွေ အကုန်လုံးလည်း လုပ်တတ်တယ်။

အဲတော့ သား ဘာလုပ်ချင်လုပ်ချင်၊ ဘာပြောချင်ပြောချင်၊ ဖေဖေ့ကို



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တိုင်ပင်လို့ရတယ်၊ ဖွင့်ပြောလို့ ရတယ်။

တချို့တွေကတော့ လိင်ကိစ္စဆိုတာဟာ အင်မတန်ရှုပ်ထွေး ခက်ခဲလှသလို လူကြားထဲမှာ ထုတ်ပြောဖို့ မကောင်းတဲ့အရာ၊ ရှက်စရာ၊ အကုသိုလ် လို့ သတ်မှတ်ထားတတ်ကြတယ်။ အဲဒီ့အထဲမှာ ဖေဖေတို့ မိသားစု လုံးလုံး မပါဘူးဆိုတာ သားအသိဆုံးပါကွာ။

အခုဆို ပိုဆိုးတယ်လေ။ **သည်လိင်ကိစ္စနဲ့အတူ လူ့အသက်ကို သေစေနိုင်တဲ့ရောဂါတစ်ခုပါ တွဲနေပြီမို့ အင်မတန်ကို ဂရုစိုက်သင့်၊ ပွင့်လင်းသင့်နေပြီ** သားရဲ့။

သားသူငယ်ချင်းတွေကိုလည်း သေချာမှာပါ။ သည်ကိစ္စနဲ့ ပတ်သက်လာရင် လူကြီးမိဘကိုဖြစ်ဖြစ်၊ ဆရာသမားကိုဖြစ်ဖြစ်၊ ဆရာဝန်နဲ့ ဖြစ်ဖြစ် ဆွေးနွေးဖို့ ဝန်မလေးကြနဲ့လို့။ အဲသလိုမှဆွေးနွေးစရာလူမရှိရင် ဖေဖေနဲ့သာ လာဆွေးနွေးလို့ ပြောလိုက်။

ဘာမှ မစိုးရိမ်ကြနဲ့၊ အားမနာကြနဲ့လို့။ ဖေဖေက သေချာ နားထောင်ပေးပြီး သားတို့အတွက် ကျန်းမာသန့်ရှင်း ရောဂါကင်းမယ့် ပျော်နည်းတွေကို သင်ပေးမယ်လို့သာ ပြောလိုက်၊ နော်. . . သား။

## ဆရာဝန်ဆီ သွားပြတာ

ဆယ်ကျော်သက်အရွယ်၊ အထူးသဖြင့် ၁၄-၅-၆နှစ်က ၂၀အတွင်းမှာ ယောက်ျားလေးတွေဟာ အဖော်ကောင်းလို့ပဲဖြစ်ဖြစ်၊ အခွင့်အရေးပေးလို့ပဲ ဖြစ်ဖြစ်၊ မိဘမသိအောင် ပြည့်တန်ဆာများဆီ ရောက်တတ်တယ်သားရဲ့။ ဒါဟာ သားတို့လို မြို့နေဆယ်ကျော်သက်တချို့မှာ ကြုံရတတ်တဲ့ပြဿနာ တစ်ခုပဲ။ ဖေဖေကိုယ်တိုင်လည်း ၁၉နှစ်လောက်မှာ ရောက်သွားခဲ့ဖူးတယ်။

တစ်ဖက်ကကြည့်ရင်လည်း ဒါက သဘာဝကလှုံ့ဆော်လို့ -ပဖြစ်တဲ့အမှုမို့ သဘောမတူထိုက်သည့်တိုင် အပြစ်တော့မတင်သင့်ဘူးလို့ ပြောရမှာပဲကွ။ လူငယ်တို့တာဝ လွယ်တာကို လက်တည့်စမ်းမိသွားတာမျိုးမို့ သဘောမကျ





ပေမယ့် ပြီးပြီးသားကိစ္စမို့ ခွင့်လွှတ်လိုက်ရမှာပဲ။

ပြည့်တန်ဆာနဲ့ဖြစ်ဖြစ်၊ ဒါမှမဟုတ် ရည်းစားသနဲ့ဖြစ်ဖြစ် ကျူးလွန်မိကြရာက ကိုယ့်မှာ မသက်သာစရာတစ်ခုခု၊ ယားယံတာ၊ အဖုအပိမ့် ပေါက်တာ တစ်ခုခုဖြစ်လာပြီဆိုရင်တော့ သားတို့တွေဟာ ဆရာဝန်ဆီ သွားပြဖို့ အင်မတန် ဝန်လေးတတ်ကြတယ်။ အထူးသဖြင့် ပြည့်တန်ဆာနဲ့ ကျူးလွန်မိရာက ကိုယ့်မှာရောဂါရလာတာလို့ ဆရာဝန့်ကို ပြောပြရမှာ သေမလောက် ရှက်နေ၊ ကြောက်နေတတ်ကြတယ်။ ဖေဖေလည်း ငယ်ငယ်က အဲသလိုမျိုး ရှက်သလို ကြောက်သလို ဖြစ်ဖူးတယ် သားရဲ့။

အမှန်မှာတော့ အဲဒါ ရှူးတာသက်သက်ပဲဆိုတာ ဖေဖေချက်ချင်းပဲ သဘောပေါက်ခဲ့တယ်။

သားပဲ စဉ်းစားကြည့်လေ. . .

ရောဂါတစ်ခုခု ဖြစ်လာတဲ့အခါ ဆရာဝန်ဆီ သွားရမှာပဲမဟုတ်လား။ ဆရာဝန်ကို ကိုယ့်ခန္ဓာကိုယ်ကို ပြရမှာလည်း ရှက်စရာကို မဟုတ်ဘူး။ ပြောကြစတမ်းဆိုရင် မကြားဝံ့ ရှေ့နေ၊ မမြင်ဝံ့ ဆေးသမားဆိုသလိုပါပဲ။ ဆရာဝန်တွေအနေနဲ့ လူ့ခန္ဓာကို ငယ်ထိပ်ကနေ ခြေဖျားအထိ မြင်တွေ့ကိုင်တွယ်ရဖန်များလွန်းလို့ ရိုးတောင်နေပြီ။ ဒါကြောင့် ကိုယ့်ငယ်ပါမှာ တစ်ခုခုဖြစ်နေပြီ၊ ထူးခြားနေပြီဆိုရင် ဆရာဝန်ပြဖို့ကို တွန့်ဆုတ်မနေ၊ တုံ့ဆိုင်းမနေသင့်ဘူးဆိုတာ သားကိုယ်တိုင်လည်း နားလည်၊ သားရဲ့ သူငယ်ချင်းတွေကိုလည်း သေချာ ပြောပြ။

ကျန်းမာရေးနဲ့ပတ်သက်ရင် ဆရာဝန်တွေဟာ ကျွမ်းကျင်သူတွေဆိုတာ သား နားလည်မှာပါ။

သူငယ်ချင်းအပေါင်းအသင်းကို ကိုယ့်ပြဿနာဖွင့်တိုင်ပင်တာ၊ အထုတ်ဖြည်ပြတာတို့ဟာ မကောင်းဘူးလားဆိုတော့ ကောင်းပါတယ်။ ဒါပေမယ့် ဆရာဝန်လိုတော့ စိတ်ချရတဲ့အကြံဉာဏ်ကောင်းကို သူငယ်ချင်းတွေက ပေးနိုင်မှာမဟုတ်ဘူးဆိုတာ မမေ့နဲ့။ ဖေဖေ့ကိုလည်း သားပြောလို့ရ၊ ပြလို့



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ရတယ်။ ဒါပေမယ့် ဖေဖေက ဆရာဝန်မဟုတ်တော့ နားလည် တတ်ကျွမ်းတဲ့ ဆရာဝန်ဆီပဲ ခေါ်သွားမှာ။

ဆရာဝန်နဲ့ ပြဖို့ အဲဒီဆရာဝန်နဲ့ အဆင်ပြေဖို့ကလည်း အင်မတန်အရေးကြီးတယ်။ ဆရာဝန်ဆိုတာက ကိုယ်ရောစိတ်ပါ သက်သာအောင်လုပ်ပေးမယ့်သူတွေပါ။ နောက်တစ်ချက်က ကိုယ့်လူနာရဲ့ကိစ္စကို ကိုယ့်ဝမ်းထဲမှာသာထားပါ့မယ်၊ အပြင်ကို မပေါက်ကြားစေရဘူးလို့ သစ္စာ အဓိဋ္ဌာန်ဆိုထားတဲ့သူတွေလည်းဖြစ်တာမို့ ဆရာဝန်နဲ့ စိတ်ချလက်ချတိုင်ပင်တာဟာလုပ်ကောင်းတဲ့အလုပ်ပါပဲ။

တကယ်လို့ ကိုယ်သွားပြတဲ့ဆရာဝန်ကို စိတ်တိုင်းမကျဘူးဆိုရင်လည်း အခုခေတ်မှာ နောက်တစ်ယောက်ကို အသာလေး ပြောင်းပြနိုင်သေးတာမို့ ဘာမှ အားငယ်စရာ မရှိပါဘူး။

အဲတော့ ကိုယ့်မှာ မသင်္ကာစရာတစ်ခုခုဖြစ်နေပြီဆိုတာနဲ့ ဆရာဝန်နဲ့ ပြဖြစ်အောင် ပြကြပါလို့ သားကိုရော၊ သားသူငယ်ချင်းတွေကိုပါ သေသေချာချာ မှာမယ်နော်။



အခန်း (၂)

# ရှက်ရွံ့စိတ်

မိန်းဖလာသဘောအရအစဥ်တစိုက်နားလည်လက်ခံထားကြတဲ့ သတ်မှတ်ချက်တွေထဲမှာ ယောကျ်ားဆိုတာ သန်စွမ်းရမယ်၊ သတ္တိရှိရမယ်၊ ထက်မြက်ရမယ်ဆိုတာမျိုးတွေရှိသလို ယောကျ်ားတွေလုပ်သင့်တဲ့အလုပ်၊ မလုပ်သင့်တဲ့အလုပ်တွေဆိုတာမျိုးကလည်းရှိမှန်း သား အခုလောက်ဆို သဘောပေါက်နေလောက်ရောပေါ့။အဲဒီထဲမှာ ယောကျ်ားဆိုတာ ရှက်ရွံ့ရွံ့၊ တွန့်ဆုတ်ဆုတ်မလုပ်ရဘူးဆိုတာလည်း ပါတယ်နော် သား။

အဲဒီအစွဲအလန်းကြီးက ယောကျ်ားလေးတွေအတွက် တော်တော့်ကိုစိတ်မကောင်းစရာပါပဲသားရယ်။ ယောကျ်ားဆိုတာ မရှက်တတ်ရဘူးဆိုတဲ့ အစဥ်အလာခေါက်ရိုးကျိုးအတွေးအခေါ်ကြောင့် ယောကျ်ားလေး အတော်များများဟာ သူတို့ရဲ့ ရှက်တတ်တဲ့ အကျင့်စရိုက်ကို တစ်နည်းမဟုတ်တစ်နည်းနဲ့ဖုံးကွယ်ဖို့ကြိုးစားရာကအကုန်လုံးအလွဲတွေဖြစ်ကုန်တတ်တယ်သားရဲ့။ ယောကျ်ားလေးက ရှက်နေရင် ပျော့ညံ့တာ၊အရည်အချင်းမရှိတာလို့ ယုံမှတ်ပြီး မဟုတ်တဲ့နည်းတွေနဲ့ ရှက်ရွံ့စိတ်ကို ဖုံးဖို့ အားထုတ်မိတတ်ကြတယ်။



*http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖေဖေ့သားမှာတော့ အဲသလို အစွဲများတွေကြောင့် လွဲမသွားအောင် ရှက်တာနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်လေး ပြောပြမယ်နော်သေချာ နားထောင်. . .

## ၁။ အရှက်ဆိုတာ ဘာလဲ

အရှက်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်မြင်တဲ့ ပုံရိပ်ပဲ သားရဲ့။ ကိုယ့်အထင်အမြင်တွေ၊ ကိုယ့်သံသယတွေကို ဘေးလူတွေဆီ ခဏအငှားပေးပြီး ဘေးလူတွေကတော့ ငါ့ကို ဘယ်လိုထင်တော့မယ်၊ ဘယ်လိုမြင်တော့မယ်လို့ တွေးပြီးတော့အလကားနေရင်မနေတတ်မထိုင်တတ်ဖြစ်ကုန်တာကိုရှက်တာလို့ခေါ်တယ်။ ဟုတ်ကဲ့လား။ ကိုယ်လုပ်လိုက်တာ၊ ကိုယ်ပြောလိုက်တာတစ်ခုကိုတခြားလူတွေဘယ်လိုတွေးလောက်တယ်လို့ကိုယ်ကထင်လိုက်တာပဲလေ။အဲသလိုထင်လိုက်မိရာကကိုယ့်မှာခံစားမှုတစ်ခုဝင်လာပြီး အလကားနေရင်းသောကရောက်ရတော့တာပါပဲသားလေးရေ။

ငါပြောလိုက်တာများ မှားသွားမလား။
ငါ့အသံများ တုန်နေမလား။
ငါ့မျက်ခွက်ကရော အဆင်မှပြေရဲ့လား။
ငါ့ပုံက ရယ်စရာများဖြစ်နေမလား။
ငါ့ပုံက ကလေကချေများ ဆန်နေမလား။
ငါ့ကိုများ အလကားကောင်လို့ ထင်သွားလေမလား။
ငါ့ကို ဝိုင်းဟားကြမှာလား။

ပတ်ဝန်းကျင်ကြောင့် စိတ်လက်မအီမသာဖြစ်သွားပြီ၊ နေရထိုင်ရ ခက်သွားပြီဆိုတာနဲ့ သည်မေးခွန်းတွေက ချက်ချင်းကို ခေါင်းထဲကို တိုးဝှေ့ဝင်လာတော့မှာလည်း အမှန်ပဲကွ။





## ၂။ ဘယ်လိုအခြေအနေမျိုးမှာ ရှက်မိသွားတတ်သလဲ

တချို့တွေက လူတွေအများကြီးနဲ့ ဆုံရတဲ့အခါ ရှက်တယ်၊ တချို့ကျ သူစိမ်းတွေ အလယ်ကို ရောက်သွားရင်ရှက်တယ်၊ တချို့ကျတော့ မိန်းမတွေရှေ့မှာ ရှက်နေတတ်တယ်၊ အမျိုးမျိုးပဲ သားရေ့. . .။

ယောကျ်ားလေးအများစု ရှက်တတ်တဲ့အဖြစ်တွေကို ခြုံပြီးပြောလိုက်တာနော်။ တစ်ခါတလေကျတော့ ကိုယ်နဲ့ရွယ်တူ ပြိုင်ဖက်တစ်ယောက်က ကိုယ်ရှက်တတ်တဲ့ လူအုပ်ကြားမှာ ပါနေရင် ပိုတောင် ဆိုးကုန်တတ်သေးတယ်။

ဒါပေမယ့် လူအရေအတွက်များတာ၊နည်းတာကြောင့်ရှက်တာထက် အသက်အရွယ်ကွာခြားမှုကြောင့် ပိုရှက်နေမိတတ်တယ်သားရဲ့။ အဲသလို အသက်အရွယ်ကွာလို့ ရှက်တာဟာ သားတို့လို လူပျိုပေါက်တွေတင်မဟုတ်ဘူး၊ သားမမတို့လို အပျိုပေါက်တွေမှာပါ ဖြစ်နေတတ်တယ်ဟေ့။ ဆရာ၊ ဆရာမတွေ၊ ရွယ်တူသူငယ်ချင်းတွေရဲ့ မိဘတွေ ရှေ့မှာ ရှက်နေ၊ ရွံ့နေ၊ အားငယ်နေတာမျိုးတွေလည်း ရှိတယ်။

သိပ်မလှတောင် တော်တော်လေး ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးမျိုးရှေ့မှာဆို သားတို့ ယောကျ်ားလေးတွေဟာ အလိုလို ရွံ့နေတတ်သေးတယ်ကွဲ့။ ဖွင့်ဝန်မခံရင်သာ ရှိပါလိမ့်မယ်ကွာ၊ တကယ်တော့ ယောကျ်ားမှန်ရင်၊ မိန်းကလေးတွေရှေ့မှာ အနည်းနဲ့အများတော့ ရှက်ဖူး၊ ရွံ့ဖူးတဲ့ ယောကျ်ားတွေချည်းပါပဲ။ ဘယ်သူမှ ခြွင်းချက် မရှိပါဘူး။

အဲ. . . မိန်းကလေးအုပ်စုထဲမှာ ကိုယ်သိတဲ့မိန်းကလေးပါလို့မလွဲသာတဲ့အတွက်နှုတ်ဆက်စကားပြောရမယ်ဆိုရင်လည်းကျန်တဲ့မိန်းကလေးတွေကဝိုင်းကြည့်ပြီးတွေးချင်ရာတွေးနေလောက်တယ်ဆိုတဲ့အတွေးနဲ့ ယောကျ်ားလေးတွေ ရှက်ရွံ့ပြီးရှုံ့တိုးရှုံ့တန့်ဖြစ်နေတတ်သေးတယ်သားရဲ့။ ပိုဆိုးတာက မိန်းကလေးအုပ်စု တောင့်ရင် တောင့်သလို အော်ရယ်တာတို့၊ တစ်ယောက်နဲ့တစ်ယောက်တီးတိုးပြောကြတာတို့ဟာ သားတို့လို ယောကျ်ား



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပို့လေးတွေအတွက် တောင်တွေးမြောက်တွေးနဲ့ အနေရခက်စေတဲ့ အခြေအနေမျိုးပဲပေ့ါ။

တစ်ခါတလေကျတော့လည်း အုပ်စုလိုက်မဟုတ်ဘဲ မိန်းကလေးတစ်ဦးဦးနဲ့ တစ်ယောက်ချင်းရင်ဆိုင်ရတဲ့အခါမှာလည်း မျက်နှာကြီး နီလာ၊ စကားတွေ ဆွံ့ကုန်တာမျိုးလည်း ရှိတတ်သေးတယ်။ တစ်ခါတလေကျ ကိုယ်နဲ့တရင်းတနှီးရှိတဲ့ ကိုယ့်ရည်းစားနဲ့ပေမယ့် ဘာပြောလို့ပြောရမှန်း မသိအောင် ရှက်တဲ့ ယောကျ်ားလေးမျိုးတွေလည်း ရှိသေးတယ်သားရဲ့။ မဟင်နဲ့. . . ဒါ လူ့သဘာဝပဲ။

ဒါပေမယ့် အဲ့ဒီရှက်တာကြီးဟာ လူအတော်များများအတွက် တစ်သက်လုံး မဆုံးအောင် ဖြစ်နေမှာမျိုး မဟုတ်ပါဘူး။ တစ်ခါတလေကျတော့ ရှက်လို့မဆုံးအောင်ဖြစ်ချင်ဖြစ်နေပြီး တစ်ခါတလေကျတော့လည်း နည်းနည်းမှ မရှက်သလို ဖြစ်မှာတွေလည်း ရှိနေဦးမှာပဲကွဲ့။

အမှန်က လူမှန်ရင်တစ်ချိန်မဟုတ်တစ်ချိန်တော့ ရှက်မိ၊ ရွံ့မိမှာ ဓမ္မတာပါပဲ။ ရှက်ရွံ့တာဟာ လူဆန်တဲ့ အပြုအမူပဲ။ အဲသလို သား နားလည်မှတ်သားထားလိုက်နော်။

ဖေဖေဟာ ဆယ်နှစ် မပြည့်ခင်အရွယ်ကတည်းက ကဗျာရွတ်ပြိုင်ပွဲ ဝင်ခဲ့၊ ပြဇာတ် တက်ကခဲ့ဖူးသူပါ။ အထက်တန်းကျောင်းသားဘဝမှာရော၊ တက္ကသိုလ်ကျောင်းသားဘဝမှာပါ စင်ပေါ်တက် သီချင်းဆိုတဲ့အလုပ်ကို အဖန်ဖန်လုပ်ဖူးခဲ့တယ်။ ဒါတင်မကသေးဘဲ၊ ကျောင်းပြီးတဲ့နောက် လူအများရှေ့မှာ ရပ်စကားပြောရတဲ့ ကျူရှင်ဆရာအလုပ်ကိုလည်း လုပ်ခဲ့ဖူးတဲ့အပြင် အသက်တော်တော်ကြီးမှ ပြဇာတ်ကခဲ့တာလည်း အကြိမ်ကြိမ်ပဲဆိုတာ သားသိမှာပေ့ါ။ သားတို့ရှေ့မှာတင်ပဲ လူရှေ့ထွက် သီချင်းဆိုလိုဆို၊ အခမ်းအနားမှူး လုပ်လိုလုပ်၊ တင်ဆက်ပို့ချသူလုပ်လိုလုပ်နေတာ သားတို့ အမြင်ပဲလေ။ ဆိုလိုတာက ဖေဖေ့မှာ ပွဲအတွေ့အကြုံ တော်တော့်ကို များပါတယ် သားရေ။ ဒါပေမယ့် မင်္ဂလာဆောင်တစ်ခုမှာ အခမ်းအနားမှူးလုပ်တော့ အဲဒီလို အတွေ့





အကြုံမနည်းလှတဲ့ သားဖေဖေဟာ ပွဲထိုင် ပရိသတ် ရိပ်မိလောက်တဲ့အထိ လက်တုန်နေခဲ့ဖူးပါတယ်။ အခုနောက်ပိုင်း အသက် ၄၀ကျော်တော့မှ ပွဲတွေကို ရဲလာတာပါ။ ဒါလည်း ဘယ်ချက်ကျမှ ရွံ့မိဦးမယ် မသိပါဘူး။

ဖေဖေတင်မဟုတ်ဘူး၊ သား ဦးဇာဂနာကို သိတယ်မဟုတ်လား။ ဦးဇာဂနာက လူရွှင်တော်ရင့်မာကြီး၊ ရုပ်ရှင်သရုပ်ဆောင် ရင့်မာကြီးပဲ သားရဲ့။ သူဆို ဖေဖေ့ထက်တောင် ပွဲအတွေ့အကြံ ပိုများသေးတယ်။ အဲ. . . အဲ့ဒီ ဦးဇာဂနာလည်း ဖေဖေ့လိုပဲ မင်္ဂလာဆောင်တစ်ခု (သားတို့က 'ဦးလင်း'လို့ ခေါ်တဲ့ ရွှေအ-မတေမဂ္ဂဇင်းရဲ့ လက်ထောက်စာတည်း လင်းနိုင်ဦးရဲ့ မင်္ဂလာအခမ်းအနား)မှာ အခမ်းအနားမ-း တက်လုပ်တုန်းက လက်တွေ တဆတ်ဆတ် တုန်နေတာ ဖေဖေရော၊ မင်္ဂလာစင်မြင့်နားမှာ ထိုင်နေကြတဲ့ တခြားပရိသတ်တွေပါ မျက်ဝါးထင်ထင် မြင်ခဲ့ကြဖူးတယ်။ အန်တီချို (မင်းသမီး ဒေါ်ချို-ပံး)တို့ ကိုရန်လေး (မင်းသား ရန်အောင်)တို့ကတောင် 'ကောင်လေးက စင်ပေါ်မတက်ဖူး ရှာဘူးနော်၊ သနားပါတယ်၊ လက်တွေတုန်လို့'ဆိုပြီး သူ့ကို ဝိုင်းအော်ကြ၊ စကြတဲ့အထိပဲသားရဲ့။

ဖေဖေတို့ ဦးဇာဂနာတို့လို စင်ပေါ်တက်နေကျလူတွေတောင် မထင်တဲ့ တစ်ချိတစ်ချိမှာ ဇွေဖောက်ပြီး ရွံ့တတ်၊ ရှက်တတ်ကြသေးတာ၊ သားတို့လို ကိုရွှေလူပျိုပေါက်စတွေအနေနဲ့ ရှက်မိတယ်ဆိုရင် အဲဒါကို အားမငယ်ပါနဲ့၊ ရှက်တာဟာ လူဆန်တဲ့ကိစ္စ၊ လူတိုင်းဖြစ်ချင်တဲ့အချိန် ထဖြစ်တတ်တဲ့ကိစ္စမျိုးပဲလို့ အောက်မေ့လိုက်ရုံပေ့ါကွာ။ ဟုတ်ပြီလား။

နောက်တစ်ခုက ကိုယ်ဘယ်လိုအခြေအနေမျိုးမှာ ရှက်တတ်သလဲဆိုတာကို သတိထားပြီးမှတ်ထားလိုက်။ ပြီးရင် အလားတူအခြေအနေမျိုးနဲ့ ထပ်ကြုံတဲ့အခါ ဘယ်လိုနေမယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် ကြိုတင်ပြင်ဆင်ပြီး လေ့ကျင့်ယူထားလိုက်နိုင်ပါတယ်သားရဲ့။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## ၃။ ရှက်တတ်တာကို ဖြေရှင်းနည်း

ရှက်နေတာလေးဟာ သူ့ချည်းသက်သက်ဆို အင်မတန်ချစ်စရာကောင်းပါတယ် သားရယ်။ အဲ. . . ဒါပေမယ့် သားတို့ ယောက်ျားလေးတွေဟာ ရှက်နေလျက်သားနဲ့ မရှက်ချင်ယောင်ဆောင်ပြီး လေကျယ်လာတာ၊ ဟန်ရေး အပြလွန်တာ၊ အပြောင်အပြက်တွေ နင်းကန်ပြောတာအစရှိတဲ့နည်းတွေနဲ့ ရှက်တာကိုဖုံးဖိဖို့ကြိုးစားလိုက်တော့မှ အားလုံး အိုးနင်းခွက်နင်းဖြစ်ကုန် ရတော့တာ၊ အမြင်ကပ်စရာ ကောင်းကုန်တော့တာပါ။

ယောက်ျားလေးတချို့ဟာ ရှက်တယ်ဆိုတာ မဖြစ်သင့်ဘူးဆိုတဲ့ အစဉ်အလာအတွေးနဲ့ ရှက်ရွံ့ခြင်းကို ဇွတ်တိုးကျော်လွှားတတ်ကြတယ် သားရဲ့။ အဲသလို ကျော်လွှားရာမှာ ကိုယ်ပြောချင်တာကို ဘယ်သူ့မျက်နှာမှ မထောက်တော့ဘဲ ဇွတ်တွန်းပြောတာမျိုး၊ တစ်ဖက်သားကို ပြောခွင့်မပေးတော့ဘဲ ကိုယ်ကချည်း ဖိပြောနေတတ်တာမျိုး၊ အသံကျယ်တာမျိုး၊ လူတွင်ကျယ်လုပ်တာမျိုးတွေ ဖြစ်နေနိုင်တယ်။ ဒါကြောင့် အဲသလို အမူအကျင့်မျိုးတွေ သားမှာ ရှိနေရင် ကိုယ့်ကိုယ်ကိုယ် နည်းနည်းလေး ဂရုစိုက်လိုက်။ ရှက်လို့ လုပ်မိနေတာမျိုးဆိုရင် အသာလေး ဆင်ခြင်နေလိုက်ပေါ့ကွယ်။

သည်နေရာမှာလည်း ဖေဖေ့ကိုယ်တွေ့ကို ပြောပြရဦးမယ်။ ပင်ကိုအားဖြင့် ဖေဖေဟာ ပတ်ဝန်းကျင်ကို အင်မတန်ဂရုစိုက်သူပါ။ ဒါပေမယ့် ဂရုစိုက်ရင် ကိုယ်တုံးရာ၊ ညံ့ရာကျမှာစိုးလို့ မစိုက်ချင်ယောင်ဆောင်ပြီး လူရှေ့မှာ အင်မတန် အာကျယ်တတ်တယ်၊ လေလုံးထွားတတ်တယ်၊ ဟန်ရေးပြတတ်ခဲ့ဖူးတယ် သားရဲ့။ သည်အတွက် ဖေဖေဟာ ဆယ်ကျော်သက်အရွယ်ကနေ တော်တော်ကြီးတဲ့အထိ အင်မတန် ထောင့်မကျိုး၊ အချိုးမပြေတဲ့သူ တစ်ယောက် ဖြစ်လာခဲ့တော့တာပဲ သားရေ့။ အမှန်ကတော့ကွာ၊ ကိုယ့်မှာရှိနေတဲ့ သိမ်ငယ်စိတ်၊ စိတ်ဓာတ်မလုံ-ခံမှုနဲ့ ရှက်စိတ်တို့ကို မဟုတ်တဲ့နည်းနဲ့ ဖုံးဖိဝှက်ကာရင်း အလွဲတွေ လျှောက်ဖြစ်ကုန်တော့တာကို အခု သားအတွက် ဒါတွေကို ချရေးပြနေဖြစ်တဲ့အရွယ်ကျတော့မှ သတိထားမိလာတာပဲပေါ့။

*လက်တွဲဖော်*



တစ်နည်းပြောရရင် ဖေဖေ့ကိုဆို လူအတော်များများက ရွံကြောက်ကြီးကြောက်နေအောင် ဖေဖေ့ကိုယ်ဖေဖေ ဖန်တီးယူဖြစ်ခဲ့တာပါ။

သားတို့လို လူပျိုပေါက်စတွေအနေနဲ့လည်း ဖေဖေ့လိုနည်းမျိုးနဲ့ ရှက်တာကို ဖုံးဖိမိခဲ့ရင် အကုန် လွဲကုန်နိုင်တဲ့အကြောင်း ဖေဖေ့အဖြစ်နဲ့ ချိန်ထိုးပြီး သေသေချာချာ ပြောလိုက်ချင်တယ်။ ပိုဆိုးတာက ကိုယ့်ကိုအများမြင်အောင် လုပ်လိုက်တဲ့ အချိုးက ကိုယ့်ရဲ့ တကယ့်အတွင်းစိတ်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့အတွက် တစ်ပါးသူအပေါ်မှာရော၊ ကိုယ့်ကိုယ်ကိုယ်ပါ လှည့်ဖျားရာ ရောက်သွားတာပဲ သားရေ။

တစ်ဖက်က ပြောပြန်ရင် ရှက်စိတ်ကို ကျော်လွှားရာမှာ ဘယ်နည်းကဖြင့် အမှန်၊ ဘယ်နည်းကဖြင့် အမှားလို့ အတိအကျ အပြောရခက်ပြန်သကွ။ အဲတော့ကွာ. . . အခြေအနေပေါ်မှာလိုက်ပြီး မီးစင်ကြည့်ကတဲ့နည်းကသာ အကောင်းဆုံးလို့ မှာချင်တယ်။ တစ်ခုပါပဲ၊ ကိုယ်တင် မဟုတ်ဘူး၊ လူတိုင်း ရှက်ရွံ့တတ်တယ်ဆိုတဲ့အသိလေး မွေးနိုင်ရင် အတော်သက်သာတယ်သားရဲ့။ လူတိုင်းလူတိုင်းဟာ စိတ်ဓာတ်မလုံ-ခံမှုကို တစ်ချိန်မဟုတ်တစ်ချိန် ခံစားရတတ်သလို ကိုယ့်ကိုယ်ကိုယ် သံသယဝင်တာ၊ ကိုယ့်ကိုယ်ကိုယ် မယုံတာတွေလည်း လူတိုင်း အနည်းနဲ့အများ ခံစားဖူးတာချည်းပဲ။ တချို့လူတွေက အဲဒါတွေကိုရင်ဆိုင်ပြီး ကောင်းကောင်း ကျော်လွှားနိုင်တတ်သလို တချို့ကျတော့လည်း ကောင်းကောင်း ဟန်ဆောင်နိုင်ကြတာပဲ သားရဲ့။

ဘယ်လိုပဲဖြစ်ဖြစ် ရှက်စိတ်ကို ကျော်လွှားနိုင်တဲ့နည်းတွေတော့ရှိပါတယ်လေ။ အဲဒါလေးတွေကို ပြောကြည့်မယ်နော်. . .

### ကိုယ်အမူအရာ

ကိုယ်အမူအရာတချို့ဟာ ရှက်စိတ်ကို ပိုဖြစ်စေနိုင်တယ်ဆိုတာကို သတိထားသားရေ့။

ဆိုကြပါစို့ကွာ၊ လက်ပိုက်ထားတာမျိုး၊ လက်ချင်းပွတ်တာ၊ ဒူးနှံ့တာ၊

*လက်တွဲဖော်*

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မျက်လုံးချင်း မဆုံမိအောင် ရှောင်လွှဲနေတာ၊ ထိုင်နေတဲ့ဖျာကိုပဲ ဖြစ်ဖြစ်၊ ကုလားထိုင်ပိတ်စကို ဖြစ်ဖြစ်၊ ကြိမ်စကိုဖြစ်ဖြစ် ဆွဲဆိတ်နေတာမျိုးတွေဟာ အလုပ် မရှုပ် ရှုပ်အောင် လုပ်ပြီး ကိုယ့်ကိုယ်ကိုယ် အကျဉ်းချထားတဲ့ သဘောပဲကွ။

ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချနေတဲ့သူတွေကို သေချာ လေ့လာကြည့်ရင် သူတို့ရဲ့ ကိုယ်အမူအရာက အများကြီး ပွင့်လင်းတာကိုတွေ့ရလိမ့်မယ်။ ဟန်နဲ့ပန်နဲ့၊ မျက်လုံးနဲ့မျက်ခုံးနဲ့၊ ခြေဟန်လက်ဟန်နဲ့ ပြောဆိုတာကို တွေ့ရမယ်။ အထူးသဖြင့် စကားပြောတဲ့အခါ ကိုယ်နဲ့ပြောနေသူကို တည့်တည့်ကြည့်ပြီး ပြောတတ်ကြတယ်။ လူအများကို စကားပြောတဲ့အခါမှာလည်း ပရိသတ်ကို တည့်တည့်ကြည့်ပြီး ပြောတယ်၊ မျက်လုံးချင်း မဆုံမိအောင် ရှောင်လွှဲမနေတတ်ကြဘူး။ အဲဒါ မိမိကိုယ်ကို ယုံကြည်စိတ်ချသူတွေရဲ့ ကိုယ်အမူအရာပဲ သားရဲ့။

အဲတော့ သားအနေနဲ့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘူးဆိုရင်တောင် အဲဒါကို ကိုယ့်ဝမ်းထဲကိုယ် အသာလေးသိမ်းထားပြီး အများအမြင်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိလေသယောင် ခြေဟန်လက်ဟန်၊ မျက်လုံးအကြည့်များနဲ့ သရုပ်ဆောင်နိုင်တယ်ဆိုတာကို သဘောပေါက်။ ဒါတင်မကဘူး၊ ရယ်တဲ့အခါ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ရယ်တာ၊ အမြဲတစေလို -ပုံးနေတာနဲ့ ကိုယ်စကားပြောနေတဲ့သူရဲ့မျက်လုံးကို စိုက်ကြည့်တာတို့ကို လုပ်ပေးမယ်ဆိုရင် ကိုယ့်လေသံကလည်း အလိုလို ချောမွေ့နေပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း တိုးလာတော့မှာ အသေအချာပဲကွ။

လက်တွေ့ စမ်းပြီး လုပ်လုပ်ကြည့်သွားမယ်ဆိုရင် သားမှာ ရှိနေတဲ့ ရွံ့တွန့်တွန့်၊ ရှက်တက်တက် အမူအကျင့်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တာ သားကိုယ်တိုင် သိလာပါလိမ့်မယ်။





## ကိုယ့်ကိုယ်ကိုယ်အစား တခြားလူတွေကို အာရုံစိုက်တာ

အဲ . . . ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသယောင် သရုပ်မဆောင်ဘဲနဲ့ ရှက်စိတ်ကို သည်အတိုင်း ကျော်လွှားလိုက်ချင်တယ်ဆိုရင်တော့ သားရဲ့ အာရုံကို တခြားလူအပေါ်မှာ စိုက်လိုက်ပါ။

သူ့ကို မေးခွန်းတွေ မေးချလိုက်တာ၊ တစ်ဖက်သားရဲ့ အယူအဆ၊ အထင်အမြင်တွေကို စူးစမ်းလိုက်ပြီး သူ့ကို စကားပြောလာအောင် ဖန်တီးယူလိုက်တာ၊ သူက ပြောလာတဲ့အခါ သူ့စကားကို အာရုံစိုက်ပြီး နားထောင်လိုက်တာနဲ့ သားမှာ ဖြစ်နေရတဲ့ ရှက်ရွံ့ရွံ့ခံစားမှုကလည်း အလိုလို ပျောက်သွားတော့မှာပဲကွဲ့။

အဲလို ကိုယ်က သူတစ်ပါးကို အာရုံစိုက်လိုက်တာနဲ့ ကိုယ့်ရှက်စိတ်ကို အလိုလို ဖယ်ရှားလိုက်သလိုဖြစ်သွားပြီး မိမိကိုယ်ကို ပြည့်ပြည့်ဝဝ ယုံကြည်ပုံရတဲ့ လူတစ်ယောက်ရဲ့ဟန်ပန်က အလိုလိုပေါ်လာတော့မှာလည်း မြေကြီးလက်ခတ်မလွဲပဲ သားလေးရေ့။

ဒါလည်း သားကိုယ်တိုင် လက်တွေ့စမ်းလုပ်ကြည့်ပြီးရင် ဘယ်လောက်ထိရောက်တယ်ဆိုတာ ကိုယ်တိုင်သိလာမှာမို့ ကိုယ်တိုင် လုပ်ကြည့်ဖို့ပဲ ဖေဖေကတော့ တိုက်တွန်းချင်တယ် သား။

## ကြိုတင်ပြင်ဆင်တာ

တစ်ခါတလေကျတော့လည်း သားမှာ ပြောချင်တာလေးတွေ ရှိနေမယ်။ ဒါပေမယ့် အပြောရခက်နေမယ်လို့လည်း သားဘာသာ အလိုလိုသိနေတယ်။ နမူနာ ပြောရရင်ကွာ၊ ကိုယ်ကြိုက်နေတဲ့ မိန်းကလေးကို ဖွင့်ပြောရမှာမျိုး၊ ဒါမှမဟုတ် လက်ရှိရည်းစားကို အဆက်ဖြတ်ချင်တာမျိုးလို အပြောရခက်နေတာမျိုးပေါ့။ ဒါမှမဟုတ်လည်း လူကြီးမိဘတစ်ယောက်ယောက်ဆီမှာ အခွင့်အရေးတစ်ခုခု တောင်းချင်တာ၊ ဒါမှမဟုတ် သိပ်မကောင်းလှတဲ့ သတင်းတစ်ခုခုကို ပြောပြချင်တာမျိုးလည်း အပြောရခက်တဲ့အထဲမှာ ပါ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ သားအတွက် တစ်ခုခုကို ပြောရမှာ လန့်နေတယ်၊ အပြောရခက်နေတယ်ဆိုရင် ပွဲမဝင်ခင် အပြင်မှာ အစမ်းလေ့ကျင့်လိုက်တာ အကောင်းဆုံးပဲ သားရဲ့။

နည်းနည်းတော့ ကြောင်တောင်တောင်နိုင်သလို ရှိသပေါ့လေ။ ဒါပေမယ့် သားမှာ အပြောရကြပ်နေပြီဆိုတာနဲ့တပြိုင်နက် သားပြောချင်တာကို မှန်ကြည့်ပြီးတော့ပဲဖြစ်ဖြစ်၊ ခွေးတစ်ကောင်၊ ကြောင်တစ်ကောင်ကိုပဲဖြစ်ဖြစ်၊ သားသူငယ်ချင်း တစ်ယောက်ယောက်ကိုဖြစ်ဖြစ် ကျယ်ကျယ်လေး အပြောကျင့်ထားလိုက်မယ်ဆိုရင် တကယ် နဖူးတွေ့၊ ဒူးတွေ့ ပြောရတော့မယ့်အခါမှာ သားအတွက် အရမ်းအဆင်ပြေသွားနိုင်နေတတ်ပြန်တယ် သားရဲ့။

အဲတော့ အပြောရခက်နေတာတစ်ခုကို ခေါင်းထဲမှာ စကားလုံးတွေ အဖန်ဖန် ရွေးပြီး စိတ်ထဲက အကြိမ်ကြိမ်ပြောကြည့်ရုံမက တစ်ယောက်ယောက်ကိုဖြစ်ဖြစ်၊ ကိုယ့်ဘာသာတစ်ယောက်တည်းဖြစ်ဖြစ် ခပ်ကျယ်ကျယ်လေး အပြောကျင့်ထားမယ်ဆိုရင် တကယ်ချပြောတဲ့အခါကျ တော်တော်လေး ဣန္ဒြေရနေနိုင်တဲ့အချက်ကိုလည်း မှတ်ထားနော် သား။

နောက်တစ်မျိုးက ကိုယ်ပြောချင်တာကို စာနဲ့ချရေးပြီး ကြိုတင်ပြင်ဆင်တာမျိုးပဲကွ။ စာနဲ့ချရေးတဲ့အခါ စဉ်းစားချိန်ရတယ်၊ ပိုပြီးလည်း စနစ်တကျနဲ့ စီကာစဉ်ကာ ဖြစ်နေနိုင်တယ်လေကွာ။

တစ်ခါတလေကျ နှုတ်နဲ့ဖွင့်မပြောရဲတာကို စာနဲ့ပြောလိုက်တာက ပိုပြီး အဆင်ပြေသွားစေတာမျိုးလည်း ရှိတတ်တယ်။ နှုတ်တစ်ရာ၊ စာတစ်လုံး ဆိုသလို ကိုယ်ပြောချင်တာရဲ့လေးနက်မှုကို စာရွက်ထက် အက္ခရာတင်လိုက်တဲ့နည်းနဲ့ သက်သေပြရာလည်း ရောက်တာမို့ တစ်ဖက်သားကို လေးစားရာလည်းကျတယ် သားရဲ့။ ဒါ့အပြင် စာနဲ့ရေးတဲ့အခါ ကိုယ် ပြောချင်တာအားလုံး ပြည့်ပြည့်စုံစုံပါသွားနိုင်သလို မျက်နှာချင်းဆိုင်သာဆို မပြောရဲတဲ့အရာတွေ အားလုံးကိုလည်း စာထဲကျ အိပ်သွန်ဖာမှောက် ဖွင့်ဟလို့ ရနေနိုင်ပြန်သေးတာမို့ ပြောရမှာ ရွံ့နေတဲ့အခါ စာနဲ့ရေးပြီး ပြောတဲ့နည်းကိုလည်း





ခေါင်းထဲမှာ ထည့်ထားလိုက်ဦး သားငယ်ရေ့။

## ၄၊ရှက်ရွံ့တာဟာ ခွင့်လွှတ်စရာမဟုတ်

ရှက်ရွံ့လို့မလုပ်ဖြစ်လိုက်ဘူးဆိုတာ နည်းနည်းမှမကောင်းဘူးနော် သား။ သေချာ စဉ်းစားကြည့်။

ဧည့်ခံပွဲ မသွားဖြစ်တာ၊ မိတ်ဆွေတစ်ယောက်ယောက်အိမ်ကို မဝင်ဖြစ်တာ၊ အလုပ်လျှောက်ဖို့အတွက် လူတွေ့စစ်မေးမှု မခံရဲတာတို့ဟာ ကိုယ့်ကို တခြားလူက ဘယ်လိုထင်မလဲဆိုတဲ့အတွေးနဲ့ စိုးရွံ့မှုကြောင့်သာ ဖြစ်ရတာမျိုးဆိုရင် လုံးလုံးကို ခွင့်မလွှတ်ထိုက်ဘူးကွ။

'ကြောက်တတ်ရင် လွဲ၊ ရဲတော့ မင်းဖြစ်'ဆိုတဲ့စကားဟာ ရှက်ကြောက်မှုကို ဆိုလိုပုံရတယ် သားရေ။ ရှက်ကြောက် တွန့်ဆုတ် တုံ့ဆိုင်းနေမှုကြောင့် လူတို့ရဲ့ဘဝမှာ အခွင့်အရေးကောင်းတွေ လွှတ်ကုန်၊ လွဲကုန်ရတတ်တယ်။

လူမှန်ရင် ရှက်စိတ်ပေါ်တတ်တာ၊ လူရှေ့မှာဒိုးနင်းခွက်နင်းဖြစ်တတ်တာတို့ကို ဖေဖေတို့အားလုံး ကိုယ်ချင်းစာလို့ ရပါတယ်။ ဒါပေမယ့် အဲဒီ ရှက်စိတ်ကြောင့် တစ်ခုခုကို မလုပ်ဖြစ်သွားဘူးဆိုရင်တော့ အဲဒါမျိုးဟာ ခွင့်လွှတ်စရာ၊ ကိုယ်ချင်းစာစရာ၊ သနားစရာ တစ်စက်မှ မကောင်းပေဘူးကွ။

ရှက်စိတ်ကို အညှံ့ခံလိုက်တာဟာ ကိုယ့်ကိုယ်ကိုယ် အရှုံးပေးရာရောက်ပါတယ်သား။ ဘာလို့လဲဆိုတော့ ရှက်စိတ်ဆိုတာ ကိုယ့်ရင်ထဲမှာသာဖြစ်နေပြီး ကိုယ်တစ်ယောက်တည်း ကြိတ်ခံစားနေရတဲ့ ခံစားချက် ဖြစ်နေလို့ပဲပေါ့။ တကယ်တော့ တခြားလူတွေ ကိုယ့်ကို ဘယ်လိုမြင်မယ်၊ ကိုယ်နဲ့ ပတ်သက်လို့ ဘယ်လို ခံစားရမယ်ဆိုတာဟာ ကိုယ်က လိုက်ခြယ်လှယ် ထိန်းချုပ်နေလို့ လုံးလုံးမရတဲ့အရာပါ။ ကိုယ် ခြယ်လှယ် ထိန်းချုပ်နိုင်တာက ကိုယ့်အ-ပအမူနဲ့ ကိုယ့်အမူအရာတွေပဲ။ ရှက်တဲ့စိတ်နဲ့ ချောင်တစ်ချောင်မှာ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ငြိမ်ကုပ်ပြီးနေမလား၊ ရှက်တာကို မဖြစ်ဖြစ်တဲ့နည်းနဲ့ကျော်လွှားပြီး ကိုယ်ပြောချင်တဲ့စကားကို ပြောဖြစ်အောင်၊ ကိုယ်တောင်းချင်တဲ့အခွင့်အရေးကို တောင်းနိုင်အောင် ကြိုးစားမလားဆိုတာ ကိုယ်တိုင် ဆုံးဖြတ်လုပ်ကိုင်နိုင်တဲ့အရာ မဟုတ်ဘူးလား သားရယ်။

ရှက်ရှက်နဲ့ ချောင်ကုပ်နေရင် ရေရှည်မှာ သား လူတောတိုးတော့မှာ မဟုတ်ဘူး။ ရှက်ရှက်နဲ့ပဲ ဇွတ်တိုးပြောဆို လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင်တော့ အိုးနင်းခွက်နင်းဖြစ်တာလေးတွေ အနည်းအကျဉ်း ရှိချင်ရှိနေမှာပေမယ့် တစ်ခါက နှစ်ခါ၊ နှစ်ခါက သုံးခါဖြစ်လာတဲ့အခါ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုက တိုးသထက် တိုးလာပြီး အဆုံးမှာ ရှက်ရွံ့အားငယ်စိတ်ကို အပြတ်အသတ် ဖျောက်ဖျက်ပြီးသား ဖြစ်သွားပါလိမ့်မယ် သားရေ။

## ၅။ ရှက်ရွံ့မှုရဲ့ ကောင်းကျိုး

ရှက်တတ်တဲ့မိန်းကလေး၊ ယောကျ်ားလေးတွေကို ရွယ်တူဆန့်ကျင်ဘက်လိင်တွေက သဘောကျတတ်တယ် သားရဲ့။ ယောကျ်ားလေးတစ်ယောက်အနေနဲ့ ရှက်တတ်တာ၊ အေးဆေးတာဟာ အဲဒီယောကျ်ားလေးကို ချစ်စရာတောင် ပိုကောင်းစေနိုင်တယ် သားရေ။

စကားစပ်လို့ ဖေဖေ့ကိုယ်တွေ့ကို ပြောရဦးမယ် သားရေ။ ဆယ်ကျော်သက်အရွယ်တုန်းက ဖေဖေက တစ်စက်မှ အရှက်မရှိတဲ့လူစားမျိုး။ အဲ. . . ဖေဖေ့ သူငယ်ချင်းတွေထဲမှာကျတော့ မလှုပ်တလှုပ်၊ -မံစိစိနဲ့ ရှက်သလိုလို၊ ရွံ့သလိုလို အချိုးမျိုးတွေနဲ့ နေတတ်တဲ့ကောင်တွေလည်း ရှိတယ်။ အဲတော့ကာ ဖေဖေတို့ချင်း ယှဉ်လိုက်ရင် သူတို့က ဖေဖေ့ထက် ဆယ်ဆလောက် ပိုစွံနေတတ်ပြီး ဖေဖေကတော့ အဲဒီအရွယ်မှာ ဘယ်လိုမှကို မစွံခဲ့ပါဘူး။ မိန်းကလေးတွေကလည်း ဖေဖေ့လို 'ဝစ်သွောက် သောက်ရှက်' ကောင်စားကို ရည်းစားတော်ရမှာ အင်မတန် ဝန်လေးမှန်း တော်တော်ကြီးကြီးလာတော့မှ သိတာပါ။

လက်တွဲဖော်



သဘာဝတော့လည်း ကျတယ် သားရဲ့။ မိန်းကလေးဆိုတာက သူတို့တွေ ရည်းစားထားတာကို လူသိခံချင်တဲ့အမျိုးမဟုတ်ဘူး။ မလှုပ်တလှုပ်နဲ့ -မံစိစိလုပ်တတ်သူတွေနဲ့ ရည်းစားတော်တဲ့အခါ ဟိုကောင်တွေ နှုတ်နည်းတာ၊ ရှက်တတ်တာကြောင့် သူတို့အကြောင်းကို လူမသိတန်ကောင်းဘူးလို့ တွက်ကြပုံပါပဲ။ ဖေဖေတို့လို အရှက်နည်းနည်းနဲ့ ပေါင်ဖွာပေါင်ဖွာသမားတွေကို ရည်းစားထားမိရင် တစ်ရွာလုံး သိအောင် မောင်းထုလိုက်မယ်လို့ ထင်ကြတယ်နဲ့တူတယ်။ ဒါနဲ့ပဲ ဖေဖေတို့က မစွံဘဲ၊ ဟို ရှက်သလိုလို၊ ရွံ့သလိုလို မခွတ်တုံးတွေက ပိုစွံတာ ဖြစ်မှာပဲကွ။

အဲလိုကျတော့ ရှက်ရွံ့ရွံ့၊ တွန့်ဆုတ်ဆုတ်နေတတ်တာကပဲ တစ်မျိုးကောင်းတယ်လို့ ဆိုရမလိုပါပဲ သားရာ။

လက်တွဲဖော်

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

အခန်း (၃)

# ယောက်ျားဘသား ကျားကျားလျား

## ၁။ လူစွမ်းကောင်းများ

သားတို့အရွယ် ယောက်ျားပျိုလေးတွေဟာ ကြမ်းကြမ်းတမ်းတမ်းနဲ့ ခက်ထန်မာကျောတဲ့သူတွေကို လူစွမ်းကောင်းတွေအဖြစ် ကိုးကွယ်တတ်ကြတယ်။ ဘာလို့လဲဆိုတော့ အဲသလိုလူမျိုးတွေဆီမှာမှ ယောက်ျားပီသတဲ့ လက္ခဏာတွေလို့ ဖေဖေတို့ ထင်မြင်ယုံမှတ်ထားတဲ့ ခွန်အားတွေ၊ သတ္တိဗျတ္တိတွေ၊ လုပ်ရည်ကိုင်ရည်တွေနဲ့ ကာယဗလတွေရှိတယ်လို့ မြင်ကြလို့ပါပဲ။ သက်စွန့်ဆံဖျား စွန့်စားပြတာတွေ၊ လက်သီးထိုးတာလို၊ သိုင်းကစားတာလိုမျိုးတွေနဲ့ သတ်ပုတ်ရဲတာတွေကိုလည်း သားတို့အရွယ် ကြီးကောင်ဝင်စ ယောက်ျားပျိုလေးများက အထင်ကြီးတတ်ကြသေးတယ်။

ဆိုးတာက သားရယ်၊ သားတို့တွေဟာ လူစွမ်းကောင်း ရွေးရာမှာ အပြင်ပန်းအမြင်နဲ့သာ တိုင်းတာဆုံးဖြတ်တာများပြီး အတွင်းပိုင်း အနှစ်သာရကို ဘယ်တော့မှ အာရုံမစိုက်မိတတ်ကြတာပဲကွဲ့။ သည်လူကဖြင့် ဘယ်လိုဆော်လိုက်တာ၊ ဘယ်လိုကန်ချက်ပြင်းတာ၊ ဘယ်လို အားသန်တာ စတာမျိုးကိုသာ သားတို့လို ယောက်ျားပျိုလေးတွေ အားကျလေ့ရှိတတ်တယ်။





စတားလုံးတို့၊ စတီဗင်ဆီးဂဲ(လ်)တို့၊ အာနိုးတို့၊ ဗော်န်ဒါးမ်တို့၊ ဂျက်လီတို့ဆိုရင် တစ်ကမ္ဘာလုံးက လူပျိုပေါက်စတွေရဲ့အားကျတာကို ခံရတဲ့သူတွေပါပဲ။ သူတို့ဘာသူတို့ ဝတုံးတွေဖြစ်ချင် ဖြစ်နေမှာပေမယ့် လူပျိုပေါက်စတွေကတော့ သူတို့ရဲ့တိုက်ရည်ခိုက်ရည်တွေ၊ လက်သံပြောင်ပုံတွေကို အားကျလို့ကို မဆုံးနိုင်အောင်ပါပဲ။ ဟုတ်လား သား။

ဒါပေမယ့် အဲလိုဗလကြီးကြီး၊ သတ်တတ်ပုတ်တတ်တဲ့ ခပ်ကြမ်းကြမ်းတွေကို အားကျတဲ့နေရာမှာ သူတို့တွေရဲ့လက်နှုံးရည်ထက် သူတို့ရဲ့ နှလုံးရည်ကို ထဲထဲဝင်ဝင်ရှုမြင်သုံးသပ်ပြီး အားကျတာမျိုးက ပိုပြီး သဘာဝမကျပေဘူးလား သားရယ်။ ကိုယ်စွမ်းကိုယ်စ၊ စာရိတ္တနဲ့ လူဝင်ဆန့်မှုစတာတွေကသာ လူတစ်ယောက်ရဲ့အရည်အသွေးကို အဆုံးအဖြတ်ပေးတာပါ။ ဗလကြီးကောင်းနေရုံ အသတ်အပုတ်တော်နေရုံနဲ့ လူတစ်ယောက်ကိုထက်မြက်တယ်၊ တော်တယ်လို့ သတ်မှတ်လို့ မရတာကို သားလေးရော၊ သားလေးနဲ့ ရွယ်တူတခြားတခြားသော လူပျိုပေါက်တွေပါ သေသေချာချာ စဉ်းစားကြည့်ရင် မြင်ကြမှာပါကွာ။ လူတစ်ယောက်ကို အားကျတဲ့နေရာ၊ အတုခိုးတဲ့နေရာမှာ လက်နှုံးထက် အဲဒီလူရဲ့ စိတ်ထားမှန်မြတ်မှု၊ စာရိတ္တ ကောင်းမွန်မှုများနဲ့သာ ဆုံးဖြတ်ကြမှသာ ကိုယ်ကိုယ်တိုင် တကယ့်လူကြီးဘဝကို ရောက်တဲ့အခါမှာလည်း 'လူကြီးလူကောင်း'ဖြစ်လာမှာဆိုတာ မမေ့နဲ့ သားရေ။

## ၂။ ရေလိုက်လွဲနေကြတဲ့ ကျားကျားလျားလျား စံထားမှုတွေ

တစ်ကမ္ဘာလုံးမှာရှိတဲ့ စာနယ်ဇင်းဆရာတွေအားလုံးဟာ ယောက်ျားတွေရဲ့အကြောင်းကို တော်တော်သိတယ်လို့ ဆိုရမယ် သားရဲ့။ ယောက်ျားပရိသတ်ဖတ်စေချင်တဲ့ စာစောင် မဂ္ဂဇင်းတွေမှာဆိုရင် မလုံ့တလုံအမျိုးသမီးပုံတွေ၊ ကင်မရာတွေ၊ ကားတွေ၊ သီချင်းဖွင့်စက်တွေ၊ ကွန်ပျူတာတွေ၊ အပြင်းစားရော့ခ်သီချင်းတွေ၊ ကာယလေ့ကျင့်ခန်းတွေ၊ အားကစားသတင်းဆောင်းပါး



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တွေကို အသားပေးဖော်ပြလိုက်ရုံပဲ။ အဲဒါတွေက ယောက်ျားဘသား ကျား ကျားလျားတွေရဲ့ ခေါင်းထဲမှာ ထာဝစဉ် စိုးမိုးနေတတ်မြဲ အကြောင်းအရာ တွေပဲလေ။

သူတို့အသားပေးဖော်ပြလေသမျှကို အသေအချာ ပြန်ဆန်းစစ်ကြည့်ရင် ကိုယ်ခန္ဓာရဲ့အပြင်ဘက်၊ လူပုဂ္ဂိုလ်ရဲ့အပြင်ဘက်ကအရာတွေသာ ဖြစ်နေတာ ကို သား တွေ့လား။ အမျိုးသမီးတွေအတွက် ထုတ်ဝေတဲ့ စာစောင်မဂ္ဂဇင်း တွေကျတော့ ပြောင်းပြန်ကွ။ အမျိုးသမီးမဂ္ဂဇင်းတွေမှာကျတော့ ဖတ်သူရဲ့ အတွင်းစိတ်ကို တိုက်ရိုက်ထိခတ်နိုင်တဲ့ အကြောင်းအရာတွေကို အသားပေး ထားတာ သိပ်မြင်သာတယ်။

အမျိုးသမီးမဂ္ဂဇင်းတွေမှာဆိုရင် ဗေဒင်တွေပါတယ်၊ မိတ်ကပ် ဘယ်လို လိမ်းရမယ်၊ နှုတ်ခမ်းဘယ်လိုဆိုးရမယ်၊ ဆံပင်ဘယ်လိုထုံးရမယ်စသဖြင့် အလှပြင်နည်းတွေပါတယ်၊ ဘယ်လိုအဝတ်အစားမျိုးကို ရွေးသင့်သလဲဆိုတာ မျိုးတွေပါတယ်၊ ရင်ထဲက ခံစားချက်တွေကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ တွေလည်း ပါတယ်၊ ယုတ်စွအဆုံး စာဖတ်သူအနေနဲ့ သက်ဆိုင်ရာ စာတည်း ဆီကို လှမ်းပြီး အမေး အဖြေ လုပ်လို့ရတဲ့ ကဏ္ဍမျိုးကအစ ပါနေတာကို တွေ့လိမ့်မယ်။

ဖေဖေတို့ဆီမှာ ထွက်နေတဲ့ဂျာနယ်မဂ္ဂဇင်းတွေမှာတော့ အမယ်က စုံ ပါတယ်။ ဒါပေမယ့် အများစုက မိန်းမပရိသတ်ကို ရည်ရွယ်နေပုံပိုရတယ်လို့ ဖေဖေကတော့ ထင်မိတယ် သားရဲ့။ ယောက်ျားပရိသတ်မှာလည်း အရွယ် ရောက်နေသူပရိသတ်က ပိုများပုံရတဲ့အပြင် လူငယ်စာပေဆိုတာကလည်း မရှိသလောက်ရှားတာမို့ သားတို့လို လူငယ်လေးတွေမှာ အသက်အရွယ်နဲ့ လိုက်ဖက်တဲ့ ဖတ်စရာ အင်မတန် နည်းပါတယ်။

လူပျိုပေါက်စ အချိန်မှာ စိတ်ဝင်စားစရာတွေက များလှသလောက် ယောက်ျားငယ်တို့ရဲ့ ကိစ္စစုံကို သူငယ်ချင်းချင်းသာ မသိသူက မတတ်သူကို သင်ပေးနေကြရပါတယ်။ သည်အခါ သူတို့တွေရဲ့စိတ်အာရုံမှာ လက်ရုံးရည်





ကိုသာ အထင်ကြီးစရာအဖြစ် ရမ်းသမ်း သတ်မှတ်လိုက်ကြပြီး နှလုံးရည် ကိစ္စကို နည်းနည်းမှ ထည့်မစဉ်းစားဖြစ်တာလည်း သဘာဝတော့ကျချင် နေပြန်တယ် သားရဲ့။

ခံစားနေရင် ယောက်ျားမဆန်ဘူး၊ ခက်ထန်မှ၊ မိုက်ကန်းမှ ယောက်ျား ဆန်တယ်ဆိုတဲ့ သူငယ်ချင်းတွေရဲ့ ဖိအားပေးမှုပေါင်းစုံကြားမှ လူပျိုပေါက် လေးတွေဟာ အလူးအလဲဖြစ်နေတတ်တယ် သားရေ။ ဒါသဖြစ်တာ၊ အလို ရမ္မက်ကြီးတာမျိုးက လွဲရင် ယောက်ျားဆိုတာ ဘာခံစားမှုမှ ထုတ်မပြရဘူး ဆိုတာမျိုးကိုလည်း ရွယ်တူတွေက တိုက်တွန်းတတ်ကြလေ့ရှိတယ်။ ကိုယ့် အပေါင်းအသင်းထဲမှာ အဲလိုမှ မမိုက်ကန်း၊ မခက်ထန်ဘူးဆိုရင် 'မိန်းမလျှာ၊' 'အခြောက်'စသဖြင့် ခေါ်လိုက်တဲ့နည်းနဲ့ အချင်းချင်းနှိမ်တတ်ကြပြန်တယ်။ ဒါကြောင့်လည်း သားတို့လို ယောက်ျားပျိုလေးတွေဟာ သူတို့ရင်ထဲက ခံစားချက်အစိုင်အခဲတွေကို သူငယ်ချင်းတွေရှေ့ ထုတ်ပြောရမှာ၊ ကြောက် လျက်သားနဲ့ ကြောက်တယ်လို့ အထင်ခံရမှာမျိုးတွေကို စိုးရိမ်ပြီး အတင်းကို မာကျော ခက်ထန်ပြနေရတတ်တယ်။

သားကိုတော့ ဖေဖေ မှာထားပြီးသားပဲလေ။ သားရဲ့ အကောင်းဆုံး၊ စိတ်အချရဆုံး သူငယ်ချင်းဟာ ဖေဖေပဲဆိုတာကို ဘယ်တော့မှ မမေ့နဲ့။ သားနဲ့ ဖေဖေနဲ့ကြားမှာ မကြားအပ်တဲ့စကားမရှိဘူး၊ မပြောအပ်တဲ့ စကား မရှိဘူး။ ဘာမဆို သား ဖေဖေ့ကို တိုင်ပင်လို့ရတယ်။ ဖွင့်ပြောလို့ ရတယ်။ သား သူငယ်ချင်းတွေက သားနဲ့ ရွယ်တူတွေဆိုတော့ သူတို့က သားကို သက်သက်မဲ့လာပြီး ဆရာလုပ်တတ်ကောင်းကြသည့်တိုင်အောင် သူတို့တွေ ဟာ ဖေဖေ့လို ဘဝအတွေ့အကြုံပေါင်းစုံ မရှိသေးတာမို့ သူတို့ပြောပြ သွန်သင်တာနဲ့ ဖေဖေပြောတာနဲ့ကြားမှာ အများကြီး ခြားနားနေမှာကို သား အမြဲတမ်း သတိရပါကွာ။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



**တိုက်ခိုက်တာနဲ့ သူနိုင်ကိုယ်နိုင် အပြိုင်ကျဲတာ**

ယောက်ျားလေးတွေအဖို့ လူရယ်လို့ ဖြစ်လာကတည်းက အပြိုင်အဆိုင် သဘောလေးနဲ့ သန္ဓေတည်ခဲ့တယ်လို့ ဆိုရမတတ်ပဲ သားရဲ့။ ယောက်ျားလေးတို့ရဲ့ ကစားနည်းမှန်သမျှမှာ ထိုးနှက်တိုက်ခိုက်တာနဲ့ အနိုင်ယူတာတွေက မပါမဖြစ် ပါနေတယ်မဟုတ်ဘူးလား။ သူခိုးပုလိပ် ကစားတာပဲဖြစ်ဖြစ်၊ ဘောလုံးကန်တာပဲဖြစ်ဖြစ် ကစားနည်းတွေရဲ့အဓိက ရည်မှန်းချက်က ပြိုင်ဖက်အပေါ် အနိုင်ယူနိုင်ဖို့ချည်းပဲ ဖြစ်နေတယ်။

ကျောင်းရောက်ပြန်တော့လည်း သားတို့တွေကို အဲသလို သူနိုင်ကိုယ်နိုင် အပြိုင်ကျဲရတဲ့ကစားနည်းတွေမှာ ဝင်ရောက်ဆင်နွှဲဖို့ ပတ်ဝန်းကျင်က တွန်းအားပေးတတ်ပြန်တယ်။ မိန်းကလေးတွေရဲ့ ကစားနည်းတွေမှာရော အပြိုင်ကျဲတာမျိုးမရှိဘူးလားဆိုတော့ ရှိပါတယ်။ ဒါပေမယ့် မိန်းကလေးတို့ရဲ့ ကစားနည်းအတော်များများမှာက ဖန်တီးနိုင်မှု စွမ်းအားကို တိုးမြှင့်ပေးတာမျိုးနဲ့ အုပ်စုလိုက်၊ အဖွဲ့လိုက်ဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးတာမျိုးတွေ ပိုများနေတာ တွေ့ရနိုင်တယ်။

သားတို့တွေမှာတော့ တစ်ယောက်နဲ့တစ်ယောက် သတ်ပုတ် တိုက်ခိုက်တဲ့ နည်းဟာ ယောက်ျားတို့ရဲ့အပြိုင်ကျဲချင်တဲ့သဘာဝအတွက် အကောင်းဆုံးဖြေဆေးပါပဲ။ တကယ်တော့ သတ်ပုတ်တိုက်ခိုက်တာဟာ တိရစ္ဆာန်တို့ရဲ့ သဘာဝပါ။ တစ်ဖက်ကလည်း ဒါဟာ ကျောက်ခေတ်လူသားဘဝကတည်းက လူတိုင်းမှာ အထုံပါလာတဲ့ဗီဇစိတ်တစ်မျိုးလို့ ဆိုနိုင်တယ် သားရဲ့။

အမှန်မှာတော့ ပြိုင်ချင်နိုင်ချင်တဲ့စိတ်ဆိုတာ လူငယ်တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ စိတ်မျိုးပါပဲ သားရယ်။ သို့ပေမယ့် ဆယ်ကျော်သက်ဘဝမှာတော့ ငါက ဘယ်သူ့ကို ဘယ်လို ဆော်ထည့်လိုက်တာ၊ ဘယ်သူ့ကိုဖြင့် ဘယ်ကဲ့သို့ တီးလိုက်တာစတာမျိုးများနဲ့ ရွယ်တူ သူငယ်ချင်းတွေကြားမှာ အခြောက်တိုက် အကြွားသန်နေတာမျိုးတွေလည်း ရှိနေတတ်တယ်ကွ။ အဲဒါမျိုးတော့ မဖြစ်သင့်ဘူးပေါ့ကွာ။





သားတို့ အခုရောက်နေတဲ့ ဆယ်ကျော်သက်အရွယ်မှာ ကြွားဝါတာ သဘာဝလို့ ဆိုလို့ရတယ်။ ကြွားဝါလိုက်ခြင်းရဲ့နောက်ကွယ်မှာ မကောင်းတဲ့ စေတနာအခံ မရှိတာလည်းမှန်တယ်။ ကြွားဝါခြင်းရဲ့ရည်ရွယ်ချက်က ရွယ်တူတွေက ကိုယ့်ကိုအထင်ကြီးလာစေဖို့ သက်သက်ပဲ။ ဒါပေမယ့် အဲသလို ကြွားဝါတာတွေ၊ ဟန်ဆောင်တာတွေဟာ ကိုယ့်စိတ်ဓာတ်မလုံ-ခံမှုကို ပြရာရောက်သလို တစ်ဖက်ကလည်း ကိုယ့်စိတ်ရင်းအမှန်ကို ကိုယ့်သူငယ်ချင်းအပေါင်းအသင်းတွေ မသိအောင် ဖုံးဖိလိုက်သလို ဖြစ်သွားစေနိုင်တာမျိုးမို့ ရေရှည်အတွက်တော့ ဘယ်လိုမှ မကောင်းနိုင်ဘူး သားရေ။ ဒါကြောင့် သားအနေနဲ့ မရှိတာကို အရှိလုပ်၊ မဟုတ်ကို အဟုတ်လုပ်ပြီး ကြွားဝါတာမျိုးကို ဆင်ခြင်သင့်တယ်လို့ ဖေဖေ သားကို အကြံပေးချင်သကွာ။

တစ်ခါ၊ ကလေးအရွယ်ငယ်ဘဝကတည်းက ယောက်ျားလေးတို့ရဲ့ ကစားစရာတွေထဲမှာဓားတွေ၊လှံတွေ၊သေနတ်တွေအစရှိတဲ့လက်နက်မျိုးစုံ ပါဝင်ခဲ့တဲ့အတွက် ကြီးကောင်ဝင်စမှာလည်း သားတို့ ယောက်ျားလေးတွေဟာ လက်နက်ကို တော်တော်လေး မက်တတ်ကြသေးတယ်။ ဟုတ်ရဲ့လား။ အေး. . . အဲဒါကလည်း သိပ်မကောင်းလှဘူး သားရဲ့။ ဖေဖေတို့နိုင်ငံမှာ သေနတ်ကို အလွယ်တကူ ဝယ်လို့မရ၊ ကိုင်လို့မရတာကိုပဲ ကျေးဇူးတင်ရဦးမယ်။ တချို့နိုင်ငံတွေမှာတော့ သားတို့အရွယ် ကြီးကောင်ဝင်စတချို့ဟာ သေနတ်ကိုင်တဲ့အထိ သောင်းကျန်းကြတာ တွေ့ရတယ်။

ဖေဖေတို့ဆီမှာတော့ သံလက်သီးစွပ်မျိုးစုံနဲ့ဓားအမျိုးမျိုးကို ညဈေးတန်းလိုနေရာမျိုးတွေမှာ အလွယ်တကူချရောင်းနေတာ တွေ့ဖူးတယ်။ သားလည်း မူဆယ်နဲ့ ရွှေလီကို ရောက်တုန်းက မြင်ခဲ့သားပဲ။ ဘယ်လိုလူမျိုးတွေကများ ဒါတွေကိုဝယ်မလဲလို့ အထူးတလည် ဦးနှောက်အခြောက်ခံ စဉ်းစားစရာ မလိုပါဘူး သားရယ်၊ မိုက်သွေးကြွလို့ကောင်းတဲ့ သားတို့လို ဆယ်ကျော် သက်တွေပဲ ဝယ်ကြမှာပေါ့။

ဒါဟာလည်း မလုပ်အပ်တဲ့ကိစ္စမို့ သားလေး ရှောင်စေချင်တဲ့အထဲမှာ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒါလည်း ပါတယ်လို့ ဖေဖေမှာချင်တယ်။ အသက်တစ်ချောင်းဟာ ရခဲလှတာကို ခဏ ထားဦး၊ အနာတရဆိုတာ ဘယ်သူမှ မဖြစ်ချင်တဲ့ ကိစ္စမျိုးပါ။ သေရဲတယ်၊ သတ်ရဲတယ်ဆိုတဲ့စိတ်ဟာ မိုက်ကန်းသူတွေရဲ့ စိတ်ပါ။ ကိုယ်ဖြစ်ဖြစ်၊ သူဖြစ်ဖြစ် သေသွားမှ နာသွားမှ အနိုင်ရတာဟာ ဘယ်လိုမှ ပျော်စရာမကောင်းဘူး။ ဘဝမှာ အနိုင်အရှုံးကို သည်းနည်းနဲ့ အဆုံးအဖြတ် ပေးစေတဲ့ စိတ်ဓာတ်မျိုးဟာလည်း လူရိုင်းစိတ်ပါ သား။ လက်ရုံးရည်ဆိုတာ အဟိတ်တိရစ္ဆာန်ဘဝက ကူးပြောင်းလာခါစ ကျောက်ခေတ်လူသားတွေအတွက်တော့ အင်မတန်အရေးကြီးပါတယ်။ ဒါပေမယ့် ဖေဖေတို့က ယဉ်ကျေးဖွယ်ရာတဲ့ လူ့ဘောင်ဘဝထဲကို ရောက်အောင် 'အသိဉာဏ်'ဆိုတာ ပါဝင်တဲ့ နှလုံးရည်နဲ့ ဆောင်ရွက်လာခဲ့ကြတာလေ။ လက်ရုံးရည်နဲ့ ယဉ်ကျေးဖွယ်ရာတဲ့ လူ့ဘောင်ကို ရောက်လာတာမဟုတ်ဘူး။

ငြိမ်ချမ်းနိုင်ချင်တဲ့စိတ်ဟာ ကောင်းတယ်လို့ ရှေ့မှာ ဖေဖေ ပြောခဲ့တယ်နော်။ အေး. . . အဲဒီစိတ်ဓာတ်ကို နည်းမှန်လမ်းမှန်နဲ့ အသုံးချတတ်မှသာ သက်တမ်းစေ့စေ့၊ ကျန်းကျန်းမာမာ၊ အန္တရာယ်ကင်းကင်း နေသွားနိုင်ပြီး ဘဝမှာလည်း အောင်မြင်ထွန်းပေါက်လာပါလိမ့်မယ်။ သားနေထိုင်တဲ့ လူ့ဘောင်ကိုလည်း နှလုံးရည်နဲ့ အကျိုးပြုနိုင်၊ မွမ်းမံထိန်းသိမ်းနိုင်ပါလိမ့်မယ်။

## စီးကရက်

ဖေဖေ့အဖြစ်နဲ့နှိုင်းပြီး ပြောရရင် စီးကရက်၊ ဆေးလိပ်ကလည်း ယောက်ျားတွေလုပ်တဲ့အလုပ်လို့ ထင်မှတ်မှားပြီး အစလုပ်မိရာက ဒုက္ခများ ကုန်တဲ့သူချည်းလို့ ပြောရမယ် သားရေ။ သားလေးတို့ အခု ရောက်ရှိဖြတ်သန်းနေတဲ့ ဆယ်ကျော်သက်အရွယ်မှာ သိပ်လူကြီး ဖြစ်ချင်တဲ့ရောဂါ၊ ယောက်ျားကြီးတွေကို အတုခိုးချင်တဲ့ ရောဂါတွေကြောင့် ဆေးလိပ်ကိုလည်း လက်ကြားညှပ် ကြည့်ချင်တတ်ကြတယ်ကွ။ ဆိုးတာက အစပထမတုန်းကတော့ ဟန်ရေးပြလို့ ကောင်းရုံ ဆေးလိပ်သောက်ကြည့်ကြတာပေမယ့် ရေရှည်မှာ





တော့ ဖြတ်ရခက်အောင် စွဲသွားတတ်တဲ့သဘောက အဲဒီဆေးလိပ်မှာ ရှိနေတယ်ဆိုတာ သားလေး သတိထားစေချင်တယ်။

နောက်ဆုံးပေါ် သုတေသနများအရ စီးကရက်မှာ ပါဝင်တဲ့ နစ်ကိုတင်းကြောင့် အဆုတ်ကင်ဆာဖြစ်နိုင်တာကတော့ ရာနှုန်းပြည့်နီးပါးသေချာတယ်။ ဒါတင်မက လည်ချောင်းကင်ဆာ၊ နှလုံးရောဂါစတာတွေကိုလည်း နစ်ကိုတင်းဓာတ်က ပြည့်ပြည့်ဝဝကြီးကို အားပေးပါတယ်။ သားလည်း ရုပ်မြင်သံကြား အစီအစဉ်တွေမှာ တွေ့နေရတာပဲ။ ဆေးလိပ်နဲ့ ဆေးရွက်ကြီးရဲ့ဆိုးကျိုးကို ကျန်းမာရေးဝန်ကြီးဌာနက သေသေချာချာ ပြပေးနေတာမို့ ဆေးလိပ်သောက်တာ ကျန်းမာရေးအတွက် တစ်စက်မှ မကောင်းဘူးဆိုတာ သိပ်သေချာပါတယ်သား။

ဒါပေမယ့် ဖေဖေကိုယ်တိုင်က မိုက်လုံးကြီးစွာနဲ့ အသက်ကို ရင်းပြီး ဆေးလိပ်စွဲနေသူဖြစ်တော့ကာ သားကို ပြောမယ့်သာ ပြောနေ၊ တားမယ့်သာ တားနေရတယ်၊ သိပ်တော့ အားမရှိလှဘူး။ ဖေဖေ သားကို နှုတ်နဲ့ အခါခါ ပြောဖူးသလိုပေါ့ သားရယ်။ သားလေးမှာ ကိုယ်ပိုင်ဉာဏ်နဲ့ဆင်ခြင်တုံတရားရှိပါတယ်။ ဖေဖေ မှားခဲ့တဲ့အမှားကို သားက အမှားမှန်း သိသိကြီးနဲ့တော့ ဖေဖေ့ဆိုးမွေကို ဆက်ခံမှာ မဟုတ်ဘူးလို့တော့ ယူဆမိ၊ ဆုတောင်းနေမိပါတယ် သားရေ။

အခုခေတ်မှာ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်နေကြပါပြီ။ နိုင်ငံအတော်များများက အများပြည်သူဆိုင်ရာ နေရာတွေမှာလည်း ဆေးလိပ်မသောက်ရအောင် တားမြစ်ထားသလို ဆေးလိပ်တွေအပေါ်မှာ အခွန်အခတွေ တအားမြှင့်ထားခြင်းအားဖြင့် ဆေးလိပ်ကို လူတွေ အလိုလိုရှောင်ဖြစ်နေအောင် ဖန်တီး နေကြပါပြီ။ သားတို့ ကျောင်းမှာလည်း 'ဆေးလိပ်ကင်းစင်နယ်မြေ' ဆိုပြီး စာတမ်းကပ်ထားတာ မြင်ရတော့ ဝမ်းသာမိတယ် သားရေ့။

ဖေဖေဟာ ၁၁နှစ်သားလောက်မှာ ဆေးလိပ်ကို ဟန်ရေးပြတဲ့အနေနဲ့ သောက်ဖြစ်ခဲ့ရင်းကနေ ၁၃-၄နှစ်ကျတော့ တော်တော့်ကို စွဲလာပါပြီ။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သားတို့အဖိုး၊ ဖေဖေ့အဖေကလည်း ဆေးလိပ်ချိုးဆိုတော့ သူက ဖေဖေ့ကို ရိုက်နှက်ပြီး ဆေးလိပ်မသောက်ဖို့တားရင် ဖေဖေ့မှာ စိတ်ပျက်လက်ပျက်နဲ့ သူ့ကွယ်ရာမှာ ပြန်သောက်ဖြစ်ခဲ့ပါတယ်။ သည့်နောက်ပိုင်း ဆက်တိုက်သောက်နေမိခဲ့တဲ့အတွက် အခုဆိုရင် ဖြတ်ဖို့ကြိုးစားတာ ၄-၅-၁၀ကြိမ်မကတော့ပေမယ့် မပြတ်နိုင်သေးတာ သားလေး အမြင်ပဲလေ။

အဲဒီ့အကျိုးကတော့ အမောမခံနိုင်တာ၊ သလိပ်တွေများလို့ အသက်ရှုလို့ သိပ်မကောင်းလှတာကို လက်ငင်းခံစားနေရတယ် သားရဲ့။ အဆုတ်မှာလည်း တော်တော်တော့ ထိလောက်ရောပေ့ါ။

ဆိုးတာကတော့ နိုင်ငံရပ်ခြားကို ရောက်တဲ့အခါတွေမှာပဲ သားရေ။ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာကိုက ဆေးလိပ်သောက်သူများအတွက် ချောင်တစ်ချောင်မှာ ခုံတန်း သပ်သပ် ပေးထားတယ်။ လေယာဉ်ပေါ်မှာ လုံးဝဆေးလိပ်မသောက်ရဘူး။ ဘယ်လေဆိပ်မှာမှလည်း သောက်လို့မရဘူး၊ ဘန်ကောက်မှာ ခရီးတစ်ထောက်နားတဲ့အခါ ဆေးလိပ်သောက်သူများအတွက် မှန်လုံအိမ်လေးတွေ လုပ်ပေးထားတယ်။ အဲဒီ့ထဲဝင်ပြီး သောက်တော့ ဆေးလိပ်သမား ဆေးလိပ်နံ့ မခံနိုင်အောင် မွန်ထူနေတဲ့အပြင် မီးခိုးဒဏ်ကြောင့် မျက်ရည်တောင် ကျချင်လာတယ်သားရဲ့။

ကိုယ်သွားချင်တဲ့ ခရီးဆုံးကိုရောက်လို့ တည်းခိုရာဟိုတယ်ကျတော့ လည်း ဆေးလိပ်သောက်ချင်တယ်ဆိုရင် ဆေးလိပ်သောက်သူများအတွက် သီးသန့်ထားတဲ့အထပ်မှာ နေရတယ်။ ဆေးလိပ်စွဲနေတဲ့အတွက် လူရာမဝင်ချင်တော့ပုံများ၊ အဲတော့မှ တော်တော့်ကို သိသာတော့တာပဲ သားရေ။

အဲတော့ ခေတ်မီ နိုင်ငံကြီးသား ပီသချင်တယ်၊ အသက်ရှည်ချင်၊ ကျန်းမာချင်တယ်ဆိုရင်ဖြင့် ငယ်ကတည်းက ဆေးလိပ်နဲ့ ဝေးဝေးနေတာ၊ ကင်းကင်းနေတာ၊ အစမလုပ်တာ အကောင်းဆုံးပဲလို့ ဖေဖေ့ကိုယ်တွေ့နဲ့ ယှဉ်ပြီး သားလေးကို မှာလိုက်ပါရစေလားကွာ။

နောက်တစ်ချက်က ဆေးလိပ်ကနေ တစ်ဆင့်တက်ပြီး မူးယစ်ဆေးဝါး





ဘက်ကို နွယ်သွားနိုင်သေးတဲ့အတွက် မူးယစ်ဆေးအစ ဆေးလိပ်ကလို့တောင် ဆိုနိုင်ပြန်တယ်သားရဲ့။ မူးယစ်ဆေးသာ စွဲလို့ကတော့ လူညွှန့်တုံးနိုင်တာမို့ ဆေးလိပ်ကို နဂိုကတည်းကရှောင်ထားခြင်းဟာ လူညွှန့်တုံးမယ့် အရေးကို အဝေးကြီးက ကွင်းပြီး ရှောင်ထားတာနဲ့ အတူတူပါပဲကွယ်။

## ကွမ်း

ဖေဖေတို့ ရွှေမြန်မာတွေအတွက် ကွမ်းကလည်း တော်တော့်ကို ဆိုးရွားတဲ့ အကျင့်ဆိုးတစ်ခုပါပဲ။ သားတို့အရွယ် လူငယ်တချို့ လက်တည့်စမ်းတဲ့အထဲမှာ သည်ကွမ်းကလည်းပါနေတတ်ပြန်တယ်။ လူကြီးဖြစ်ကြောင်းပြတဲ့အနေနဲ့ လူငယ်တွေဟာ ကွမ်းကိုလည်း မြည်းစမ်းတတ်ပြန်တယ်။

လက်တွေ့မှာ ကွမ်းဟာ ထုံနဲ့စားရတဲ့အတွက် လူ့ခန္ဓာကိုယ်မှာ မလိုလားအပ်ဘဲ ထုံးဓာတ်တွေ ပိုကဲနေတတ်တယ်။ အကြီးဆုံးပြဿနာကတော့ ဆီးမှာ ကျောက်တည်နိုင်တဲ့ပြဿနာပါပဲ။ ကွမ်းသမား အတော်များများမှာ အဲဒီ့ရောဂါကို ခံစားရတတ်ပါတယ်။ တခြားရောဂါတွေလည်း အများကြီးပါ။ နှလုံး၊ သွေးတိုး၊ အဆုတ်ရောဂါတွေကို ကွမ်းက လက်ယပ်ခေါ်နိုင် တယ်လို့ သိရတယ်။ နောက်တစ်ချက်က သွားတွေကို ကွမ်းက ဒုက္ခပေး တယ်။ သွားယိုင်တာ၊ အချိန်အရွယ်မတိုင်ခင် သွားကျိုးတာတွေဟာ ကွမ်းကြောင့်ဖြစ်ရတာတွေပဲ သားရဲ့။

သည်အထဲမှာ ကွမ်းစားတဲ့အတွက် ပါးစပ် အင်မတန်ညစ်ပတ်ပါတယ်။ သွားတွေကလည်း ကွမ်းချေးကြောင့် မည်းနေတတ်တယ်။ ကွမ်းသမားကို ဘယ်မိန်းကလေးမှ မကြိုက်တတ်တာတော့ အသေအချာပဲ သားရေ။ တစ်ယောက်တလေက မျက်စိလည်လမ်းမှားလို့ ကြိုက်သွားတာမျိုးဖြစ်ဖြစ်၊ အိမ်ထောင်မကျခင်တုန်းက ကွမ်းမဝါးတတ်ဘဲ အိမ်ထောင်ကျပြီးမှ ဝါးလို့ဖြစ်ဖြစ် ကွမ်းသမားတွေ အိမ်ထောင်ကျကုန်တာလို့ ယူဆရတယ်။ နို့မို့လို့က ကွမ်းသမားတွေ မြာစွဲရိုးထုံးစံက သည်ဘက်ခေတ်မှာမရှိတော့ဘူး။ ကျန်းမာ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရေး ကိစ္စတွေ ဘေးချိတ်ထားဦးတောင်မှ၊ သည်တစ်ချက်တည်းနဲ့တင် သား အနေနဲ့ ကွမ်းကို ရှောင်ဖို့ အကြောင်းခိုင်လုံနေပြီမဟုတ်လား သားရဲ့။

## အရက်သေစာ

အရက်သေစာကလည်း ယောက်ျားဆန်စေတယ်လို့ လူပျိုပေါက်စတွေ အထင်ရောက်စေတဲ့အရာတွေထဲမှာ တစ်ခုပါပြန်တယ် သား။ သည်လို ဖြစ်စေတာဟာ ရုပ်ရှင်တွေ၊ ပြဇာတ်တွေထဲမှာ မင်းသားတွေက အိုက်တင် အပြည့်နဲ့ သောက်စားပြနေကြတော့ လူငယ်တွေအတွက် အရက်သောက်မှ ယောက်ျားဆိုတဲ့ အငုံ့စိတ်သစ်တစ်ခုက ပေါ်လာရပြန်ပါတော့တယ်။ သည် အထဲမှာမှ များများသောက်နိုင်တဲ့သူ၊ မမူးလွယ်တဲ့သူမှ ပိုယောက်ျားဆန် တယ်ဆိုတဲ့ အတွေးတွေကလည်း ပါသေးတယ်။

တကယ်တော့ သည်အမြင်တွေဟာ လုံးလုံးမှားတယ် သားရေ။ အရက် သေစာဆိုတာ ဘယ်လိုမှခံစားလို့ကောင်းတဲ့အရာ မဟုတ်ပါဘူး။ ဖေဖေ ကိုယ်တိုင်လည်း အရက်ကို ခုံခုံမင်မင် သောက်ခဲ့ဖူးတဲ့အထဲမှာ ပါဖူးသလို အင်မတန် သောက်နိုင်တဲ့ သူလို့ အထင်ခံချင်တဲ့စာရင်းထဲမှာလည်း ဖေဖေ ဟာ ထိပ်ဆုံးက ပါခဲ့ဖူးပါတယ် သား။

ဒါပေမယ့် သေရည်သေရက်ဆိုတာ သွေးထဲကို ရောက်သွားတဲ့အခါ သွက်သွက်ခါအောင် မူးတာမျိုးချည်းပဲ သားရေ့။ မူးတဲ့ ခံစားမှုဟာ အင်မတန်လည်း ဆိုးရွားလှပါသကွ။ မူးပြီး ထင်သလို ပြောမိ၊ -ပမိတဲ့ အတွက် မှားခဲ့တဲ့ အမှားပေါင်းကလည်း မရေမတွက်နိုင်အောင် များလှသေး တယ်။ အမူးလွန်ပြီး နောက်တစ်ရက်မနက်မှာ အရက်နာကျတဲ့ ခံစားမှုက လည်း သေလုအောင် ဆိုးတာလည်း အမှန်ပဲ သားရဲ့။

ခက်တာက လူအတော်များများကလည်း စွဲစွဲလန်းလန်း သောက်သုံးနေ၊ ကြော်ငြာတွေ၊ ရုပ်ရှင်တွေကလည်း မြူဆွယ်နိုင်လွန်းတော့ အရက်နဲ့ လူငယ် က မနီးချင်ဘဲနီးနေတတ်တယ်။ ကနေ့ကာလမှာ ဘီယာဆိုင်တွေ အောတိုက်





အောင် ပေါလှသလို အဲဒီဆိုင်တွေကိုလာသူ အများစုကလည်း လူငယ်လေး တွေ ဖြစ်နေတာကို တွေ့နေရတယ်။

တခြားဟာတွေတော့ ရှည်ရှည်ဝေးဝေး မပြောချင်ပါဘူး သား။ ကိုယ် တွေ့လည်းပါ၊ သိပ္ပံနည်းလည်းကျ၊ ဆေးပညာသဘောအရလည်း မှန်တဲ့ အချက်တစ်ချက်ကိုပဲ ဖေဖေ ထောက်ပြချင်ပါတယ်။ အဲဒါကတော့ အရက် ကို အလွန်အကျွံသောက်သုံးထားတဲ့အခါမျိုးမှာ လိင်စိတ်ခမ်းခြောက်နေတတ် တဲ့ အကြောင်းပါပဲ။ သည်အချက်ကို ဘယ်အရက်ကြော်ငြာ၊ ဘယ်ဘီယာ ကြော်ငြာကမှ ထည့်မကြော်ငြာပေးပါဘူး။ ဒါကြောင့် ရဲဆေးတင်တဲ့အနေနဲ့ အဲဒီကိစ္စအတွက် သောက်တယ်ဆိုရင်တော့ ရဲဆေးတော့ဖြစ်လာပါရဲ့၊ ဒါပေ မယ့် မစွမ်းတဲ့ဆေးပါဖြစ်သွားစေတယ်ဆိုတာကို သားလေး တိတိလင်းလင်း မြင်စေချင်လှသကွယ်။

ကျန်းမာရေးရှုထောင့်က ပြောမယ်ဆိုရင်လည်း အရက်ဟာ မှတ်ဉာဏ် ကို ထိခိုက်စေနိုင်တာ၊ အသည်းကို ထိခိုက်စေနိုင်တာများအပြင်၊ အရက်ကို ကြာရှည်စွဲပြီး သောက်သုံးသူများဟာ စိတ်ရောဂါဝေဒနာကိုပါ ခံစားရတတ် ကြောင်း ဖော်ပြထားတဲ့ သုတေသန တွေ့ရှိချက်တွေ အများကြီးရှိပါတယ်။

အဓိကကတော့ အရက်ဟာ လူတစ်ယောက်ရဲ့ ဆင်ခြင်တုံတရားကို တိမ်းပါးသွားစေနိုင်တဲ့ အစွမ်းသတ္တိတစ်ခုပါနေတာပဲ။ ဆင်ခြင်တုံတရား မရှိတော့ဘူးဆိုမှတော့ 'လူစိတ်'ဆိုတာ ပျောက်သွားပြီပေါ့။ 'လူစိတ်' ပျောက်ပြီဆိုမှ သာမန်အချိန်မှာ မပြောမယ့်စကားတွေ ပြောဖြစ်နိုင်၊ သာမန် အချိန်မှာ မလုပ်မယ့်အလုပ်တွေ လုပ်ဖြစ်နိုင်တာမို့ အရက်သောက်ပြီးသွား တဲ့အခါမှာ အကုသိုလ်အမှုပေါင်းမြောက်များစွာကို တန်းစီပြီး ကျူးလွန်သွား ဖြစ်နိုင်စရာအကြောင်းက တော်တော်များလာပါတယ် သား။

အခုအထိပြောခဲ့သမျှ ယောက်ျားဆန်တဲ့ အ-ပအမူအားလုံးကို သေချာ ဆန်းစစ်ကြည့်မယ်ဆိုရင် အားလုံးဟာ ကိုယ့်ကိုယ်ကိုယ်ဖျက်ဆီးတဲ့ အမူ အကျင့်ဆိုးတွေဖြစ်နေတာကို သား သတိထားမိမှာပါ။ တစ်ဖက်ကလည်း



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



မိမိရဲ့အတ္တနဲ့ မာန်မာနကို မထွား ထွားအောင် ပျိုးထောင်ပေးရာ ရောက်တဲ့ အမူအကျင့်တွေလည်း ဖြစ်နေတယ်။ ကိုယ့်ရွယ်တူတွေထဲမှာ ကိုယ်ကမှ မြန်မြန်ပြေးနိုင်ရမယ်၊ နိုင်အောင် ထိုးသတ်နိုင်ရမယ်၊ များများ သောက်နိုင်ရမယ်ဆိုတဲ့စိတ်တွေကို ပြန်စစ်ကြည့်ပါ။ ပြီးတော့ အဲဒီစိတ်တွေက ပေးတဲ့ ရလာဒ်တွေကိုလည်း သေချာ ပြန်ကြည့်ပါ သား။ ရွယ်တူတွေကြားမှာတော့ 'သာတယ်'လို့ အထင်ခံချင်ခံရမှာဖြစ်ပေမယ့် လက်တွေ့မှာ ကိုယ့်ကျန်းမာရေးက တအားထိခိုက်လာတော့မှာဖြစ်သလို အနေအထိုင်ရမ်းကားတဲ့အတွက် အပေါင်းအသင်းကောင်းတွေကလည်း ကိုယ့်အနားက တဖြည်းဖြည်း ရှဲသွား၊ ကွဲသွားတော့မှာလည်း အသေအချာပဲ သားရေ။

ရွယ်တူချင်းပြိုင်လို့ နိုင်တဲ့အခါ အန္တရာယ်ကြီးလှသလို ရှုံးတဲ့အခါကျ တော့ စိတ်ဓာတ်တွေကျပြီး သိမ်ငယ်သွားစေနိုင်တာမို့ သားအနေနဲ့ အဲသလို မဟုတ်တဲ့နေရာ၊ အကျိုးမဲ့တဲ့နေရာတွေမှာ အလကားနေရင်း ပြိုင်နေမယ့်အစား မိမိကိုယ်ကို၊ မိမိစိတ်ကို သိလာအောင် ကြိုးစားယူတာက ပိုပြီး ကောင်းမယ်ဆိုတာ ဖေဖေ သားကို သတိပေးပါရစေ။ ကိုယ်ဘယ်လိုလူစားဆိုတာက ကိုယ်ဘာတွေလုပ်နိုင်တယ်ဆိုတာထက် ပိုပြီးအရေးကြီးတယ် မဟုတ်ဘူးလား သားရေ။ ဘဝတစ်သက်တာအတွက် လူ ဆက်လုပ်ရာမှာလည်း ကိုယ်ဘယ်လိုလူဆိုတာကသာ အဆုံးအဖြတ်ပေးတာပါ။ ကိုယ်ဘာလုပ်နိုင်လဲဆိုတာက မလုပ်နိုင်တော့တဲ့အခါမှာဖြစ်စေ၊ ကိုယ့်ထက် ပိုလုပ်နိုင်တဲ့သူ ပေါ်လာတဲ့အခါမှာဖြစ်စေ အရှုံးပေါ်တော့မှာ အသေအချာပဲ သားရဲ့။

လူတစ်ဦးစီမှာ ပင်ကိုအရည်အသွေးနဲ့ အစွမ်းအစတွေ ရှိကြတယ်။ အလားတူပဲ၊ ပင်ကိုဗီဇဆိုတာလည်း ရှိပါတယ်။ အဲဒီပင်ကိုအရည်အသွေး အစွမ်းအစနဲ့ဗီဇက ခွဲခြားထားတာကြောင့် လူချင်းတူပေမယ့် အသက်ရှူချင်း ကွဲနေတာပဲ သား။ ကိုယ်စွမ်းကိုယ်စကိုသာ ပေါ်လွင်အောင် ထုတ်သုံးတတ်မယ်၊ ထုတ်သုံးနိုင်မယ်ဆိုရင် အောင်မြင်တဲ့ဘဝကို ငါ့သား မုချမသွေရလေ





မှာ မလွဲဧကန် အမှန်ပဲကွ။

ဘာမဟုတ်တဲ့ ယောက်ျားဆန်ချင်တယ်၊ ယောက်ျားပီသချင်တယ်ဆိုတဲ့ ရူးသွပ်မှု၊ မှားယွင်းမှုတစ်ခုကြောင့် ဘဝပျက်သွားတဲ့သူတွေ သားရဲ့ ရှေ့မှာ၊ သားရဲ့ပတ်ဝန်းကျင်မှာ တသီကြီးရှိခဲ့တာ၊ ရှိနေတာကိုသတိထားမိမယ်ဆိုရင် အလွဲတွေအပေါ်မှာ သားလေး သာယာမိတော့မှာ မဟုတ်တော့ပါဘူးကွာ။

ဘဝရဲ့ အနှစ်သာရနဲ့ အနက်အဓိပ္ပာယ်ကို ငါ့သားလေး လေးလေးနက်နက် စဉ်းစားကြည့်ဖို့ ဖေဖေ တိုက်တွန်းချင်တယ်ကွယ်။

## မူးယစ်ဆေးဝါး

အရက်သေစာလိုပဲ မူးယစ်ဆေးဝါးကလည်း လူငယ်တွေအတွက် ယောက်ျားတွေမှ လုပ်တဲ့အလုပ်လို့ အထင်မှားစရာ ကောင်းနေပြန်ပါသေးတယ်။ ဘိန်းဖြူ ဘိန်းမည်းများတင်မကဘဲ တခြားတခြားသောမူးယစ်ဆေး ပေါင်းစုံ က ကမ္ဘာအနှံ့မှာ အမျိုးစုံပေါ်ထွန်းနေသလို ဖေဖေတို့ဆီမှာလည်း နည်းမျိုးစုံနဲ့ တားဆီး ကာကွယ်နေတဲ့ကြားက သားတို့အရွယ် လူငယ်တွေ ကျင်လည် ကျက်စားရာ အစုအဝေးများကြားကို ဘက်ပေါင်းစုံက ချောင်းမြောင်း ထိုးဖောက် ဝင်ရောက်နေတတ်တယ် သားရဲ့။

သည်နေရာမှာလည်း အရက်တုန်းကလိုပဲ များများသောက်နိုင်တဲ့လူ၊ များများမူးတဲ့သူမှ ရွယ်တူတွေကြားမှာ လူပေါ်လူဇော် လုပ်လို့ရတယ်ဆိုတဲ့ အတွေးနဲ့ အမှားပေါ်အမှား ထပ်ဆင့်ဖြစ်နေတတ်တယ်။ မူးယစ်ဆေးဆိုတာ စိတ်ကို ပြောင်းလဲစေနိုင်တဲ့ ဆေးဝါးမျိုးပါ။ မရှိတာကို အရှိလို့ထင်လာစေ၊ မဟုတ်တာကို အဟုတ်လို့ ထင်လာစေ၊ မပျော်တာကို ပျော်တာလို့ခံစားလာစေနိုင်တဲ့ ဆေးမျိုးပါ။ တစ်နည်းအားဖြင့် အမှန်တရား၊ ဒိဋ္ဌဓမ္မလောကမှာ ဘာတွေဖြစ်နေနေ၊ ကိုယ့်အခြေအနေက ဘယ်လိုရှိနေနေ အဲဒီဆေးတန်ခိုးကြောင့် ထင်မိထင်ရာ၊ စွဲမိစွဲရာ၊ တွေးမိတွေးရာ ဖြစ်ကုန်တတ်ပါတယ် သား။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သိပ်ကို ပြင်းထန်ထိခိုက်တဲ့ဒဏ်ရာများကို မခံမဆန့်ခံစားနေရသူများအတွက် ဝေဒနာခံစားနေရမှုက တစ်ဒင်္ဂပျောက်နိုင်အောင် သည်ဆေးတွေကို တီထွင်ထုတ်လုပ်ခဲ့ကြတာပါပဲ။ ဒါပေမယ့် ဝေဒနာသည်များတင်မကဘဲ လူကောင်းပကတိများကပါ အဲဒီဆေးတွေကို သုံးစွဲပြီး ခဏ အပျော်ရှာရာက နေ သည်ဆေးဝါးတွေက လူငယ်တွေကြားမှာ ရေပန်းစားလာခဲ့ပုံပဲကွဲ့။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ သားရယ်၊ အဲသလိုဆေးဝါးတွေကို သုံးမိရင် လူက ကြောင်လာတော့မယ်။ သဘာဝက ဖန်တီးပေးထားတဲ့အတိုင်း စိတ် တွေ၊ အတွေးတွေဟာ သူ့သဘောသူဆောင်ခွင့်မရတော့ဘဲ ဆေးဝါးနဲ့ ဇွတ် အတင်း အမောင်းခံရဖန် များလာတဲ့အခါ ဆေးဝါးမသုံးစွဲတော့သည့်တိုင် အတွေးမမှန်၊ အမြင်မမှန်နိုင်တော့တဲ့ စိတ်ရောဂါဝေဒနာကို ခံစားရနိုင်တယ်။ မှတ်ဉာဏ်ကိုလည်း လျော့ပါးလာစေနိုင်တယ် သား။

တချို့မူးယစ်ဆေးဝါးတွေကကျတော့ စိတ်ကို အလကားနေရင်း ကြွစေတဲ့ ဆေးမျိုးတွေဖြစ်နေပြန်တယ်။ အဲဒါတွေကလည်း အလားတူပဲ၊ မှတ်ဉာဏ်နဲ့ နဂိုစိတ်ကို ထိခိုက်စေတဲ့အပြင် စိတ်ကမလိုလားအပ်ဘဲ အတက်ကြွလွန်ပြီး တိုက်ပေါ်က အလွှတ်ခုန်ချတာမျိုးလို ကိုယ့်အန္တရာယ် ကိုယ်ရှာမိစေနိုင်ပြန်သေးတယ်ကွဲ့။

ဒါတင်မကသေးဘူး၊ အရက်သေစာတို့၊ မူးယစ်ဆေးတို့ကို မှီဝဲ သောက်စား ထားတဲ့အခါမှာ လူမှာ ဆင်ခြင်ဉာဏ်က အလိုလိုကျလာပြီး ရမ်းကားမိသွားတတ်တယ်။ တခြားကိစ္စမှာ ရမ်းကားမိတာက ဘာမှမဖြစ်ဘူးဘဲထား၊ လိင်ကိစ္စမှာ သွားရမ်းကားရင် ကုရာနတ္ထိရောဂါကြီးနဲ့ ဒက်ထိတိုးလာစရာ အကြောင်းကလည်း ရှိနေပြန်သေးတယ်။ ဆင်ခြင်ဉာဏ်ကင်းမဲ့နေတဲ့အချိန်မှာ ကွန်ဒုံးတွေ၊ ဘာတွေကို သိပ်အရေးစိုက်တော့မှာမှ မဟုတ်တော့တာ ကိုးကွယ်။

တစ်ဖက်ကလည်း လူဆိုတာ မကောင်းမှုကို အလွန်ခံမင်တဲ့သဘာဝနဲ့၊ အလွန်စွဲလွယ်တဲ့သဘာဝနဲ့ သားရဲ့။ အဲတော့ မူးယစ်ဆေးစွဲပြီး သွေးကြော





ထဲ ဆေးသွင်းတဲ့အဆင့်ကို ရောက်ရင်တော့ ကိုယ့်ကိုယ်ကိုယ် သရဏဂုံတင်ထား လိုက်ဖို့ပဲကျန်ပါ တော့တယ်။ 'ယင်းထတယ်'လို့ ဆေးသမားတွေရဲ့ ဝေါဟာရနဲ့ ပြောကြတဲ့ မူးယစ်ဆေးကို အငမ်းမရ တောင့်တနေချိန်မှာ ဘိန်းဖြူထည့်ထားတဲ့ ဆေးထိုးအပ် သန့်/မသန့်၊ တခြားသူရဲ့ သွေးတွေ ပါ/မပါ ဆန်းစစ်နေနိုင်တဲ့အခြေအနေမျိုးမှာ ရှိမနေတော့ဘူး။ အဲသလိုသာ ဆိုရင် ကုရာနတ္ထိရောဂါကြီးနဲ့ ဒက်ထိ တိုးရတော့မှာမို့ အဲဒီဘဝ ရောက်ရင် တော့ သေဖို့သာပြင်လိုက်ပေရော့လို့ ဖေဖေ တန်းပြောလိုက်ရတာပါ။

ဒါတွေကို အသာဖယ်ထားဦး၊ ဘယ်မူးယစ်ဆေးကိုပဲ သုံးသုံး၊ မသုံးသေးခင် လက်ထဲမှာပဲ ကိုင်ထားထား၊ အဲဒါဟာ တရားဥပဒေအရ ပြင်းထန်စွာ အရေးယူခံရနိုင်တဲ့ ရာဇဝတ်ပြစ်မှုဖြစ်တာကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက မူးယစ်ဆေးနဲ့တကွ ဖမ်းဆီးရမိရင်ပဲဖြစ်ဖြစ်၊ မူးယစ်ဆေးသုံးထားတယ်လို့ မသင်္ကာဘဲ ဖမ်းဆီးမိတဲ့နောက် ဆီးစစ်ကြည့်လို့ မူးယစ်ဆေးဝါး သုံးစွဲထားမှန်း ထင်ရှားရင်ပဲဖြစ်ဖြစ် ထောင်နန်းမှာ ကြာရှည် ကြာမျှောစံရနိုင်ပြန်သေးတယ် သားရေ။

ပြောခဲ့သလိုပဲ၊ မူးယစ်ဆေးဝါးနဲ့ အရက်သေစာတို့ဟာ လူ့စိတ်ကို ပြောင်းလဲစေနိုင်ပြီး သာမန်အချိန်မှာမလုပ်ရဲတာတွေကို လုပ်ဖြစ်စေနိုင်တဲ့ အတွက် ရေရှည်မှာ မူးယစ်ဆေးလေးမှ မသုံးဘူး၊ အရက်လေးမှ မသောက်ဘူးဆိုရင် လူက နေလို့မကောင်းသလိုဖြစ်လာနိုင်ပြီး တစ်သက်စာ မူးယစ်ဆေးသမားဘဝ၊ အရက်သမားဘဝကို လုံးလုံးရောက်သွားနိုင်တယ် သားရေ။ တစ်နည်းအားဖြင့် အရက်တို့၊ မူးယစ်ဆေးတို့ရဲ့ ကျေးကျွန်ဘဝကို ရောက်သွားတာပဲပေါ့။

အချုပ်ပြောရရင်တော့ကွယ် မူးယစ်ဆေးပဲဖြစ်ဖြစ်၊ အရက်သေစာ ဖြစ်ဖြစ် သောက်သုံးခြင်းဟာ ယောကျ်ားဆန်တဲ့ အနေအထား၊ 'ကောင်းတဲ့ခံစားမှု'မျိုးကို မဖြစ်ပေါ်စေဘဲ စိတ်ကို ယာယီဖြစ်စေ၊ ကာလရှည်ကြာစွာဖြစ်စေ ပြောင်းလဲရှုံးသွပ်သွားစေပါတယ်။ ကိုယ်သုံးလိုက်တာကတော့



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ယောက်ျားဆန်ပြလိုက်ချင်လို့ပေမယ့် လက်တွေ့မှာ အရှုံးဆန်တဲ့ဘဝကိုသာ ရောက်သွားတော့မှာမို့ သည်နှစ်မျိုးစလုံးကို ရှောင်ကြဉ်ပါလို့ ဖေဖေက အလေးအနက်နဲ့ အထပ်ထပ် မှာချင်ပါတယ် သား။

## ဆဲရေးခြင်း

ဆယ်ကျော်သက်အရွယ်မှာ စကားပြောတိုင်း အဆဲလေးတွေ ထည့်ပြောချင်တတ်တာဟာလည်း အတော်ရေပန်းစားတဲ့ကိစ္စပဲ သားရဲ့။ အမှန်ကတော့ သည်အရွယ်မှာ ကိုယ်ရည်ကိုယ်သွေးလေးတွေ ဖေးဖေးထလာတာနဲ့အမျှ အရာရာကို ဖီဆန်ချင်၊ ကန့်လန့်တိုက်ချင်တဲ့ စိတ်ကလေးတွေကြောင့်ပဲပေါ့။

ကျောင်းမှာ၊ အိမ်မှာ၊ လူကြီးတွေရှေ့မှာ ဘယ်သူမှ ဆဲခွင့်မရပါဘူး။ ဟုတ်ကဲ့လား။ အေး. . . ဒါပေမယ့် သားတို့နဲ့ ရွယ်တူအပေါင်းအသင်းတွေကြားမှာတော့ အဲသလိုမျိုး စည်းကမ်းကလနားတွေ မရှိတော့ဘူး။ အဲတော့ တစ်ချိန်လုံး စည်းနဲ့ကမ်းနဲ့ တင်းတင်းကြပ်ကြပ် နေနေခဲ့ရသမျှ အတိုးချပြီး ရွယ်တူတွေနဲ့ဆုံတဲ့အခါ သူနိုင်ကိုယ်နိုင် အပြိုင်ဆဲဖြစ်နေတတ်ကြတယ်။ သူနိုင်ကိုယ်နိုင်ဆိုတဲ့နေရာမှာ ဘယ်သူက ပိုပြီး ယုတ်ကန်းနိုင်၊ ရိုင်းစိုင်းနိုင်သလဲဆိုတာပါ ပြိုင်တဲ့အထိ အဆဲသန်တတ်တာပဲ သားရဲ့။ အဆဲစကားလုံးတွေ အကုန်လုံးလိုလိုကလည်း ဖိုမကိစ္စကို တစ်တစ်ခွခွပြောတဲ့ စကားလုံးတွေမို့ သားတို့အရွယ် ဆယ်ကျော်သက်တွေအတွက် အင်မတန် အားရစရာ၊ ပါးစပ်အရသာခံစရာ ဖြစ်နေတတ်သေးတယ်။ ဆိုးတာက ဆဲတာကို အကျင့်ပါသွားပြီး တကယ့်လူကြီးဖြစ်လာတဲ့အခါမှာလည်း ပါးစပ်တစ်လုံးနဲ့ လိုမ့်ဆဲတတ်တဲ့လူကြီးတွေ ဆက်ဖြစ်လာတာပဲ သားရေ။

ဒါလည်း ဖေဖေ့ကိုယ်တွေ့ပါ။ ဖေဖေဟာ ခြောက်တန်းလောက်အရောက် (၁၂နှစ်သားလောက်)မှာ စဆဲတတ်လာပါတယ်။ ခုနစ်တန်း၊ ရှစ်တန်းကျတော့ ဆဲတဲ့နေရာမှာ တော်တော့်ကိုတစ်ဖက်ကမ်းခတ်နေပါပြီ။ တက္ကသိုလ်တက်တော့ ဖေဖေတို့အတန်း ဘောလုံးသင်းကဆို ဖေဖေပါမှ





အားရှိတဲ့အဆင့်ကို ရောက်လာပါတယ်။ သားသိတဲ့အတိုင်း ဖေဖေက ဘောလုံးလည်း ဝါသနာမပါ၊ ကန်လည်းမကန်တတ်ပေမယ့် အာကျယ်ပြီး အဆဲသန်လို့ပါ။ တစ်ဖက်သင်းကို ပွဲကြည့်စင်ပေါ်ကနေ မြှူမြှူကြီး ထိုင်ဆဲပေး နိုင်တဲ့ ဖေဖေ့ကို အတန်းသင်းက အင်မတန့်ကို အားကိုးတယ် သားရဲ့။ အဲသလောက်အဆဲသန်ခဲ့တဲ့ မင့်အဖေပါ သားရေ။

သည်အထဲမှာ တက္ကသိုလ်တက်နေစဉ် လေးနှစ်တာလုံးမှာ ဖေဖေက ဝမ်းရေးအတွက် အငှားယာဉ်မောင်းဘဝမှာပါ နေဖြစ်လိုက်သေးတော့ နဂို ကမှ အဆဲသန်လှတဲ့ဖေဖေ့အတွက် အတော့်ကို အဆင်ချောနေပါတော့တယ်။ အငှားယာဉ်မောင်းဆိုတာကလည်း လမ်းပေါ်မှာလူပေါင်းစုံနဲ့နေစဉ် ဆက်ဆံနေသူများပီပီ ပါးစပ်စည်းကမ်း နည်းနည်းမှ မရှိတော့ဘူးပေါ့ကွာ။

ကျောင်းပြီးတော့ ကျူရှင်ဆရာဘဝကို ရောက်သွားတယ်။ သည်အခါမှာတော့ တပည့်တွေကို လိုမ့်ဆဲနေလို့ မရတဲ့အတွက် ဖေဖေ့ပါးစပ်က အနည်းနဲ့အများ ငြိမ်သွားပါတယ်။ သည်လိုနဲ့ အသက်လေးရလာလို့ ဂိုက်နဲ့ဆိုက်နဲ့ဖြစ်လာတဲ့အခါမှာလည်း သာမန်အားဖြင့်တော့ ဖေဖေဟာ လူရည်သန့်တစ်ယောက်၊ လူရည်မွန်တစ်ယောက်ပါပဲ သားရယ်။

သို့သော် ငယ်သူငယ်ချင်းချင်း ပြန်ဆုံတဲ့အခါ၊ ဒါမှမဟုတ် ကားမောင်းနေရင်းနဲ့ တစ်ဖက်ယာဉ်မောင်းကိုစိတ်တိုတဲ့အခါ၊ လင်မယားရန်ဖြစ်တဲ့အခါ၊ စိတ်တိုတဲ့အခါမျိုးတွေမှာ နဂို အကျင့်အတိုင်း ဖေဖေ့နှုတ်က အယုတ္တအနုတ္တအစုံ ထွက်ထွက် သွားတတ်တာမို့ သားတို့ဆို ဖေဖေ့ ဆဲသံကို နားတောင်ယဉ်နေလောက်ပြီ။ သားတို့မေမေကဆို ဖေဖေ့ကို အမြဲပြောတယ်။ 'ရှင့်ရုပ်ကြည့်တော့လည်းသနပ်ရှု၊ ဝတ်ထားတော့လည်း စမတ်ကျကျ၊ ပါးစပ်ကထွက်လာတာကျတော့ ရှင့်ရုပ်ရည်၊ ရှင့်အဝတ်အစားနဲ့ လားလားမှမဆိုင်တဲ့ အယုတ္တအနုတ္တပေါင်းစုံ၊ ရှင် နည်းနည်းလေးမှ မရှက်ဘူးလား'တဲ့။

ဟုတ်ပ သားရယ်၊ တကယ့်ကို ရှက်စရာကြီးပါ။ ငယ်ဘဝတုန်းက လူတွင်ကျယ် လုပ်ချင်ဇော၊ ကန့်လန့်တိုက်ချင်ဇောနဲ့ ဖိဆဲခဲ့သမျှ ကြီးကောင်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြီးမားကျခါမှ ရှက်နေရတာ မင့်ဖေဖေပါပဲ သားရေ။ ဒါကြောင့် ဖေဖေ့လို 'လူကြီး ပါးစပ်ပဲ့သမား'မျိုး ငါ့သားလေး မဖြစ်လေစေဖို့ အခု သား ဖြတ်သန်းနေတဲ့ ဆယ်ကျော်သက်အရွယ်ကတည်းက အဆဲစကားလုံးတွေ ပါးစပ်ထဲ စွဲမလာအောင် ကြိုးစားထားသင့်တယ်လို့ မှာချင်တယ် သားရာ။

ဒါပေမယ့်လည်း ဆေးလိပ်ကိစ္စတုန်းကလိုပဲ၊ ဖေဖေ ကိုယ်တိုင်က သိပ်အဟုတ်မဟုတ်တော့ သားကို ယတိပြတ်တားရမှာ အားမရှိပြန်တာမို့ သားရဲ့ ဆင်ခြင်ဉာဏ်ကိုပဲ ဖေဖေ အားထားရတော့မှာလည်း အမှန်ပဲ သားငယ်ရေ။

တစ်ခါတလေကျတော့လည်း ဆဲတာဟာ ထိရောက်တယ် သားရဲ့။ ဒေါသဖြစ်ဖြစ်နဲ့ပြောတဲ့အခါ 'တောက်. . . သောက်သုံးကို မကျဘူး'လို့ ပြောလိုက်တာက 'တောက်. . . အသုံးကို မကျဘူး'လို့ ပြောရတာထက် ပြောသူမှာ ပိုပြီး စီးစီးပိုင်ပိုင် ရှိလှသလို ခံလိုက်ရသူအတွက်လည်း ပိုပြီး အောင့်သွားစေနိုင်တာမို့ အဲလို ထိရောက်စေချင်တဲ့အခါမျိုးမှာ နေရာတကျ သုံးတတ်ရင် ဆဲတာကို ကောင်းတယ်လို့ ပြောလို့ရတယ်ကွ။ သည်နေရာမှာ ဆဲတာကို ကောင်းတယ်လို့ပြောတဲ့အတွက် ရိုင်းစိုင်းမှုကို အားပေးတဲ့သဘော လို့ သားလေး မယူဆစေချင်ဘူး။ မဆဲကြပါနဲ့ဗျို့လို့ တစ်လောကလုံးကို လည်တားနေလို့ရမှာ မဟုတ်သလို၊ တားတဲ့သူက ဘယ်လောက်တားနေနေ၊ ဆဲတတ်သူကလည်း ဆဲမြဲ ဆဲနေဦးမှာမို့ အကောင်းဘက်က လှည့်ပြောရတာ ပဲ သားရေ။

အဲတော့ ဆက်ဆံရေးတွေမှာ ကိုယ် ဒေါသသိပ်ဖြစ်မှန်း၊ သိပ်စိတ်တိုင်း မကျ ဖြစ်သွားမှန်း တစ်ဖက်သားသိစေချင်တဲ့အခါမှာ နေရာတကျ ဆဲဆို လိုက်ခြင်းဟာ ထိရောက်သွားစေနိုင်ပါတယ်။ တစ်ဖက်ကလည်း အဆဲ စကားလုံးနဲ့ ရင်းနှီးမှုကို ထူထောင်နိုင်ပြန်ပါသေးတယ်။ ဒါပေမယ့် တစ်ချိန် လုံးဆဲနေမယ်ဆိုရင်တော့ ဟောင်တတ်တဲ့ခွေး လူမလေးတော့သလိုဖြစ်သွား မယ့်အပြင် ကိုယ်စုတ်ပဲ့တာ၊ မိုက်ရိုင်းတာ၊ နှုတ်ကြမ်းတာသာ တအား





ထင်ပေါ်လာပါလိမ့်မယ်။ ဒါကြောင့် သားလေးလည်း ဆဲချင်ရင်တောင်မှ ဝါကျတိုင်း၊ စကားအခွန်းတိုင်းမှာ ထည့်မဆဲမိအောင် ဂရုစိုက်လေ့ကျင့်ထား ပါကွာလို့သာ အလယ်အလတ်လမ်းက မှာပါရစေတော့ သားရယ်။

လူပုံအလယ်မှာ ဆဲတယ်ဆိုရင်တော့ အဲဒါဟာ ကိုယ့်ကိုယ်ကိုယ် လူရမ်းကားတစ်ယောက်၊ လူရိုင်းတစ်ယောက်လို့ ဖော်ထုတ် ကြေညာရာ ရောက်သွားတတ်တယ်နော်။ ဘယ်သူမှ ဂရုမစိုက်ဘူး၊ ကိုယ်မှန်တယ်ထင်လို့ ကိုယ်လုပ်တာဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့လို့ သား ဆင်ခြေကန်ရင်လည်း ကန်လို့ တော့ ရပါတယ်။ ဒါပေမယ့် လူပုံအလယ်မှာ မဖွယ်ရာတဲ့စကားလုံးတွေ သုံးတဲ့သူကို ဘယ်သူကမှ အထင်မကြီးပါဘူး။ သည်လူဖြင့် နုသေးတယ်၊ လူလားမမြောက်သေးဘူးလို့သာ တွေးကြ၊ ကဲ့ရဲ့ လှောင်ပြောင်ကြမှာပဲ သားရေ။

သည်နေရာမှာလည်း သားတို့ ဆယ်ကျော်သက်တွေဟာ သားတို့ကိုယ် သားတို့ မိန်းမလျှာမဟုတ်ကြောင်း၊ ယောကျ်ားပီသလှပါကြောင်း ပြသလိုတဲ့ အတွက် အလွတ်မဲ့ ဆဲရေးတတ်ကြတယ်လို့ သုတေသီများနဲ့ ပညာရှင်များက သုံးသပ်ကြပါတယ်။ တကယ်တော့ လူရယ်လို့ ဖြစ်လာရင် ယောကျ်ား ဆိုတိုင်းလည်း ယောကျ်ားစိတ်အပြည့်နဲ့ချည်း ဘယ်သူမှ မရှိပါဘူး၊ မိန်းမ ဆိုတိုင်းလည်း မိန်းမစိတ်နဲ့ချည်းအပြည့်မရှိဘူး သားရဲ့။ ယောကျ်ားတွေမှာ ယောကျ်ားဆန်တဲ့အမူအကျင့်၊ အတွေးအခေါ်၊ သဘောထားတွေရယ်၊ မိန်းမ ဆန်တဲ့ အတွေးအခေါ်၊ အမူအကျင့်၊ သဘောထားတွေရယ် ရောနေပါတယ်။ အဲသလိုရောနေမှုလည်း လူပီသတဲ့လူ၊ မှုမှန်တဲ့သူလို့ စိတ်ပညာ ပါရဂူများက သုံးသပ် လက်ခံထားတယ် သားရဲ့။

အဲ. . . ဒါကိုပဲ၊ သားတို့လို လူပျိုပေါက်တွေက သည်အချက်ကို မသိသားဆိုးရွားစွာနဲ့ ဘက်စုံက ယောကျ်ားဆန်ပြချင်စိတ်ကြောင့် အမျိုးစုံ လျှောက်လုပ်ဖြစ်ကုန်တတ်တာကို သားလေး မြင်စေချင်တယ်ကွာ။

**၃၊ ယောကျ်ားဆိုတာ မငိုရဘူး**



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ယောက်ျားလေးဆိုတာ ကိုယ့်ခံစားချက်ကို လွတ်လွတ်လပ်လပ် ဖွင့်ထုတ်ကောင်းတဲ့အမျိုးမဟုတ်ဘူးလို့ လူဘောင်က သတ်မှတ်တောင်းဆိုထားတယ် သား။ ကလေးအရွယ်ကတည်းက ယောက်ျားလေးများ ခလုတ်တိုက်လဲပြီဆိုတာနဲ့ မအေတွေ ဖအေတွေက 'သား မငိုနဲ့၊ ယောက်ျားလေးဆိုတာ မငိုရဘူးကွ' ဆိုတဲ့စကားမျိုးနဲ့ ယောက်ျားဆိုတာဘယ်ကဲ့သို့ ဘယ်ချမ်းသာဆိုတဲ့ ခွင်ကို ချပေးပြီးသားဖြစ်နေတာ သားလည်း သတိထားမိမှာပေါ့။

ငိုတယ်ဆိုတာပျော့ညံ့တဲ့အလုပ်၊ မိန်းမလေးတွေမှ လုပ်ရတဲ့ အလုပ်၊ ယောက်ျားလေးမှန်ရင်မငိုရဘူးဆိုတဲ့ အယူအဆကို မိဘတွေက ကလေးတွေ တော်တော် ငယ်ငယ်ကတည်းက ခေါင်းထဲကို ရိုက်သွင်းပေးပြီး ဖြစ်နေတတ်တယ်သားရဲ့။ ဖေဖေ့ သားမှာတော့ အဲဒီပြဿနာ သိပ်မရှိဘူးပေါ့လေ။ ဒါတောင် ဖေဖေကရော၊ မေမေကပါ သား ငိုတဲ့အခါ 'မင့်ကွာ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ'ဆိုတဲ့ စကားမျိုးလောက်တော့ အမြဲတမ်းမဟုတ်တောင် တစ်ခါတလေ ပြောဖြစ်နေမိတတ်သေးတယ်။

အဲတော့ သားတို့ ယောက်ျားလေးတွေအနေနဲ့ နာလို့ပဲ ဖြစ်ဖြစ်၊ ဝမ်းနည်းလို့ပဲဖြစ်ဖြစ် ရင်ထဲမှာ ခံစားလိုက်ရတဲ့အခါမျိုးမှာ အဲဒီခံစားချက်ကို လူသိအောင်ထုတ်မပြသင့်ဘူး၊ ပြလိုက်ရင် ယောက်ျားမပီသ၊ ယောက်ျားမဆန်တော့ဘူးဆိုတဲ့ အသိတရားမျိုးနဲ့ လူလားမြောက်လာရတော့တာပဲပေါ့။

အဲသလို ခံစားချက်ကိုအပြင်ထွက်ခွင့်မပေးဘဲ ရင်ထဲမှာ အောင်းထား၊ -မံထားတာဟာ တကယ်တော့ အင်မတန် အန္တရာယ်ကြီးလှတယ် သား။ လူတစ်ယောက်ဟာ သူ့အတွင်းစိတ်ထဲက ခံစားချက်ကို မဖွင့်ဟတတ်တော့ဘဲ အားလုံးကို -မံပြီး ကြိတ်မှိတ်ခံစားတဲ့အခါ ပထမပိုင်းတော့ ဘာမှဖြစ်မှာမဟုတ်ဘူး။ ဒါပေမယ့် -မံထားတာတွေ တစ်စထက်တစ်စ များများလာတဲ့ အခါမှာတော့ မဟုတ်တဲ့နည်းတွေနဲ့ ပွင့်အန်ထွက်ကုန်တတ်တယ်၊ ပေါက်ကွဲကုန်တတ်တယ် သားရဲ့။

လက်တွေ့ထိုးတာ၊ ဘောလုံးကန်တာတို့လိုမျိုး ကစားနည်းတွေမှာ ကစား





သူတွေရော အားပေးသူတွေပါ သူတို့ရင်ထဲမှာ အောင်းနေတဲ့ခံစားချက် အစိုင်အခဲတွေကို တခြားနည်းနဲ့ လာအထုတ်ဖြည်တဲ့သဘောက တော်တော်လေး သက်ရောက်နေတယ်။ တကယ်လို့သာ ယောက်ျားလေးတွေကို ငယ်ငယ်ကတည်းက ငိုခွင့်၊ နာရင်နာတဲ့အကြောင်း ပြောဆိုညည်းညူခွင့်တွေသာ ပေးဖြစ်ခဲ့မယ်ဆိုရင် သည်ကစားနည်းတွေမှာ သည်လောက်တောင် လူစည်နေတော့မှာ မဟုတ်ဘူးကွ။

အဲသလို ခံစားချက်ကို အိမ်မှာကတည်းက -မံခိုင်းထားပြီး ယောက်ျားဆိုတာ တချို့သောခံစားချက်များကို ထုတ်ဖော်လိုက်ရင် မိန်းမဆန်သွားမယ်ဆိုတဲ့အတွေးကို ရိုက်သွင်းပေးခဲ့တဲ့အတွက် ဆယ်ကျော်သက်ဘဝကိုရောက်လာတဲ့အခါမှာလည်း ယောက်ျားလေးတွေဟာ အချင်းချင်းကြားမှာ ကိုယ့်ခံစားချက်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟ ပြောဆို တိုင်ပင်ခဲနေတတ်တယ်။

အချင်းချင်း ရန်ဖြစ်ချင်ဖြစ်မယ်၊ သူနိုင်ကိုယ်နိုင် အပြိုင်ကျဲချင်ကျဲမယ်၊ အတူသွား အတူလာ နေချင်နေမယ်၊ ရယ်စရာရှိ အတူရယ်မောကြမယ်၊ ဒါပေမယ့် ဆယ်ကျော်သက်တစ်ယောက်အတွက် ကိုယ့်သူငယ်ချင်းကို 'ငါကတော့ ဘယ်လိုခံစားနေရတာကွ'လို့ ဖွင့်အန်ချပြဖို့ အင်မတန် ခက်ခဲနေတတ်တယ်။ တကယ်လို့ ကိုယ်က ဖွင့်အန်ရဲတယ်ထားဦး၊ ကိုယ် ရင်ဖွင့်လိုက်တဲ့ သူငယ်ချင်းကိုရော ဘယ်လောက်အထိ ယုံလို့ရမလဲ။ သူကရော ယောက်ျားဆိုတာ မငိုရဘူး (ခံစားချက်တွေကို တိတိလင်းလင်း ဖွင့်ဟခွင့်မရှိဘူး)ဆိုတဲ့ ပတ်ဝန်းကျင်ထဲမှာ လူလားမြောက်လာတာမို့ ကိုယ်က ဖွင့်ပြောလိုက်ရင် ကိုယ့်ကိုများ အထင်သေးသွားမှာလား၊ လူပျော့လူညံ့လို့ သတ်မှတ်လေမှာလားဆိုတဲ့ အတွေးများနဲ့ ရင်ဖွင့်ချင်တဲ့သူ့ခမျာ အသာလေး မျိုချလိုက်ရဦးမှာပါပဲ။

အမှန်ကတော့ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် သားရယ်၊ ပခုံးနှစ်ဖက်ကြားမှာ ခေါင်းထွက်နေတဲ့ လူတွေသာဖြစ်နေတဲ့အတွက် လူပီပီ နာကျင်ထိခိုက်တာတွေကို ခံစားရတတ်စမြဲမို့ ဘာကိုမဆို လိုအပ်သလို



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖွင့်ထုတ်ဖော်ပြတာဟာ ရှက်စရာ မဟုတ်ပါဘူး သားရေ။

## ၄၊ ငယ်ပါ ပြဿနာ

ယောက်ျားတို့ရဲ့ကိုယ်ခန္ဓာမှာ အဖြေရှင်းရအခက်ဆုံးနဲ့ အနက်နဲဆုံးကိစ္စက တော့ ငယ်ပါနဲ့ပတ်သက်လို့ ရေလိုက်လွဲနေတာတွေပဲ သားရဲ့။ အရွယ်ကောင်းကောင်း ရောက်နေတဲ့ ယောက်ျားတစ်ယောက်ရဲ့ ငယ်ပါဟာ တင်းနေတဲ့အခါမှာ ဆီးခုံရိုးဆီကနေ အဖျားအထိ ပျမ်းမျှအားဖြင့် ခြောက်လက်မလောက်အထိပဲ ရှိတတ်တယ်။ ခွေနေတဲ့အခါမှာတော့ စိုထိုင်းမှု၊ ရာသီဥတု အခြေအနေနဲ့ ဆီးသွားလိုမှုတို့ပေါ် မှာမူတည်ပြီး အမျိုးမျိုး ပြောင်းလဲနေတတ်တယ် သား။

ခုနစ်လက်မ၊ ရှစ်လက်မလောက်ပဲဖြစ်ဖြစ်၊ လေးလက်မလောက်ပဲ ဖြစ်ဖြစ်ဆိုတာကတော့ အင်မတန်နဲ့ကိုဖြစ်တောင့်ဖြစ်ခဲပါသားရယ်။ အဲတော့ကွာ၊ တိတိကျကျ ပြောရမယ်ဆိုရင် လူအတော်များများ ထင်သလောက် ငယ်ပါတွေဟာ ယောက်ျားတစ်ယောက်နဲ့တစ်ယောက် သိပ်ထူးထူးခြားခြား မကွာလှပါဘူးကွာ။ အကြမ်းဖျင်းပြောရင် ငါးလက်မ မပြည့်တပြည့်ကနေ ခြောက်လက်မ ဝန်းကျင်ဆိုရင် ဒါ လူစဉ်မီတယ်လို့သာ ငါ့သား မှတ်ထားလိုက်ပေ့ါ။

ဒါပေမယ့် သားတို့အရွယ် လူပျိုပေါက် ၁၄-၅-၆နှစ်တွေမှာတော့ ကိုယ့်ကိုယ်ကိုယ် အဲဒါနဲ့ပတ်သက်ရင် လူစဉ်မမီလှဘူးလို့ ထင်မိတတ်ကြ တယ်။ ပြဿနာက အရိုးစွဲနေတဲ့ယောက်ျားတို့ရဲ့ ယုံကြည်မှုအလွဲတစ်ခုပါ။ ယုံကြည်မှုလွဲပုံက ငယ်ပါရဲ့ အရွယ်အစား ဖွံ့ဖြိုးမှုသာ မိန်းမတွေကြိုက်မယ်လို့ ထင်တာပဲ သားရေ။ အထက်မှာ ဖေဖေ ပြောခဲ့တဲ့အတိုင်း ယောက်ျားတစ်ယောက်နဲ့ တစ်ယောက်က သည်နေရာမှာ သိပ်မကွာလှတာမို့ အမျိုးသမီးတွေအတွက် အဲဒီကိစ္စက ချစ်သူအိမ်ထောင်ဖက်ကောင်းတစ်ယောက် ဖြစ်/မဖြစ် အရေးမှာ သိပ်ရေးကြီး ခွင့်ကျယ် ထည့်သွင်း စဉ်းစားနေတဲ့





အကြောင်းမျိုး မဟုတ်ဘူး သားရဲ့။

တကယ်တော့ သည်ငယ်ပါဖွံ့ဖြိုးမှုပြဿနာကို ဖေဖေတို့၊ သားတို့ယောက်ျားထုကသာ ခေါင်းရှုပ်ခံ တွေးနေကြတာပါ သားရယ်။ ဘယ်မိန်းမကမှ သည်ကိစ္စကို သိပ်အရေးတကြီး စဉ်းစား မနေကြဘူးကွ။

အသက် ၂၁ နှစ်အရွယ်ရှိတဲ့ မိန်းမငယ်တစ်ယောက်က သည်ငယ်ပါ ပြဿနာနဲ့ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ပြောခဲ့ဖူးတာကို စာအုပ် တစ်အုပ်ထဲမှာ ဖတ်ဖူးလို့ မှတ်စုတောင် ထုတ်ထားခဲ့ဖူးတယ်။ သားကို သူ့စကားအတိုင်း ပြန်ပြောပြမယ်နော်။

*“ချစ်သူကောင်းဆိုတာ ကိုယ့်ချစ်သူကို မြတ်မြတ်နိုးနိုး၊ ကြင်ကြင်နာနာ ရှိရမယ်။ နွေးနွေးထွေးထွေးနဲ့ ထွေးထွေးပိုက်ပိုက်နေတတ်ရမယ်။ ထွေးထွေးပိုက်ပိုက်ဆိုတဲ့အခါမှာလည်း နူးညံ့ ညင်သာရမယ်။ အသောလေး စွက်ပြီး ပြောတတ်ဆိုတတ်တဲ့ ဇာနည်ဉာဏ်ရှိသူမျိုးလည်းဖြစ်ရပါလိမ့်မယ်။ သူ့ငယ်ပါ ဘယ်လောက် ဖွံ့ဖြိုးဖွံ့ဖြိုး၊ အဲဒီလူဟာ မိန်းမတွေအပေါ် နားလည်မှု၊ စာနာထောက်ထားမှုလေးမှ မရှိရင် အလကားပဲ”* တဲ့။

ကိုင်း. . . ဘယ့်နှယ့်ရှိစ၊ မောင်ရွှေသွေး။ ဒါ ဖေဖေ လုပ်ကြံတာ မဟုတ်ဘူးနော်။ ဖတ်လိုက်ရတဲ့စာအုပ်ထဲက သေသေချာချာ ကူးထားတာ။

နောက်တစ်ချက်က ငယ်ပါကို ဖွံ့ဖြိုးလာအောင်၊ သိမ်သွားအောင် လုပ်တဲ့နည်းလည်း လုံးလုံးမရှိပါဘူး။ အလားတူပဲ၊ ပိုပြီးတင်းလာအောင်၊ ပိုပြီးသန်လာအောင် လုပ်တဲ့ဆေးတွေလည်း မရှိဘူး သားရဲ့။ မွေးကတည်းက ကိုယ့်မှာ ဘယ်လောက် ဘယ်လောက်ပဲ ရှိမယ်ဆိုတာ သဘာဝတရားက အလိုလို သတ်မှတ်ပြီးသားပါ။ ကိုယ့်စိတ်အလိုကျ တင်းချင်တဲ့အချိန်မှာ တင်း၊ လျော့ချင်တဲ့အချိန်မှာ လျော့နေမယ်ဆိုရင်ပဲ ဒါဟာ ကျန်းမာသန်စွမ်းတဲ့ ယောက်ျားကောင်းတစ်ယောက်အတွက် လုံလောက်ပြီလို့သာ အောက်မေ့ လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ကျေနပ်လိုက်ပေတော့ ငါ့သားရေ။

ဒါပေမယ့် သားနဲ့ အဖေနဲ့၊ ဆရာဝန်နဲ့၊ ဆေးခန်းနဲ့သာ သိကြတဲ့ကိစ္စကို



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည်နေရာမှာ အများပရိသတ်အတွက် ထည့်ရေးမှ တော်လိမ့်မယ်ထင်တယ် သားရဲ့။ ဖေဖေ့စိတ်ထဲမှာ သားရဲ့ ငယ်ပါ ဖွံ့ဖြိုးမှုကို သိပ်အားမရဘူး။ သည်အချိန်မှာ ဖေဖေ့မိတ်ဆွေ ဆရာဝန်လေးတစ်ယောက်က သူ့ဘာသာ စကားစပ်လို့ ပြောရင်းနဲ့ ငယ်ပါဖွံ့ဖြိုးမှုအတွက် ဆေးရှိတယ်ဆိုတာကို သိလာရတယ်။ အဲဒီဆေးက ၁၂နှစ်မတိုင်ခင်မှာ ထိုးမှ ရတာတဲ့။ အဓိက ရည်ရွယ်ချက်က အဝလွန်တဲ့ ကလေးတွေရဲ့ ငယ်ပါတွေဟာ သိပ်ကို လို လွန်းနေတတ်တာမို့ အဲသလို ကလေးမျိုးတွေအတွက် ဖော်စပ်ထားတဲ့ နောက်ဆုံးပေါ် ဆေးဆိုတာ သိရတယ်။ ၁၂နှစ်ကျော်ပြီဆိုရင်တော့ ဘယ်လိုမှ လုပ်လို့ မရတော့ဘူးတဲ့။

ဒါနဲ့ ဖေဖေ့သားအတွက်လည်း လိုရမယ်ရ လုပ်ပေးမယ်လို့ စိတ်ကူး ပြီး ဖေဖေလည်း အဲဒါကို ကြပ်မတ်ပေးတဲ့ ကလေးအထူးကု ဆရာဝန်ကြီး ဆီ သားကို ခေါ်သွား၊ ဆရာဝန်ကြီးရဲ့ ခွင့်-ပချက်နဲ့ သားကို ဆေးထိုးပေး ခဲ့တာတွေ သား မှတ်မိဦးမှာပါ။ ဈေးကတော့ လွတ်ကြီးတယ် သားရေ့။ စုစုပေါင်း တစ်သိန်းခုနစ်သောင်းလောက်တောင် ကုန်တယ်။ ဒါတောင် သားက မူမှန်ဖွံ့ဖြိုးနေတဲ့ ကလေးမို့ ဆေးနှစ်ဖုံ (ဆယ်လုံး)သာ ထိုးရပေ လို့။ ဟိုလို အဝလွန်တဲ့ကလေးတွေသာဆို ဘယ်နှဖုံထိုးရလို့ ဘယ်လောက် ကျမယ် မသိဘူး။

ဖေဖေ့စိတ်ကူးက လုပ်ပေးလို့ ရနိုင်ပါလျက်နဲ့ လုပ်မပေးဖြစ်ခဲ့လို့ ဘယ်လိုမှ မတတ်နိုင်တဲ့ အရွယ်ကျတော့မှ သားလေးမှာ ဒါနဲ့ ပတ်သက်လို့ အားငယ်နေမှာ၊ စိတ်ကသိကအောင့်ဖြစ်နေမှာ စိုးလို့ပါပဲ သား။

ဒါဟာ သားတို့အရွယ်တင် မဟုတ်ဘူး၊ ယောက်ျားအတော်များများ ရေလိုက်အလွဲဆုံးကိစ္စမို့ ဖေဖေ ထည့်ပြောရတာပါ။ ဖေဖေတို့တုန်းကလည်း သည်အစွဲက တော်တော်ကြီးတယ်သားရဲ့။ ဖေဖေတို့တုန်းက သားကို အခု ဖေဖေပြောသလို ပြောပြသွန်သင်မယ့်သူမှ မရှိတာကိုး။ အသက် တော်တော် ကြီးတဲ့အထိ သည်အစွဲကို အဟုတ်မှတ်နေတုန်းပါ။ ကံကောင်းချင်တော့





ဖေဖေက စာစုံလည်း ဖတ်နိုင်၊ နိုင်ငံရပ်ခြားက ထုတ်ဝေတဲ့စာအုပ်တွေကို လည်း လက်လှမ်းမီသလောက် လျှောက်ဖတ်ဖြစ်လေတော့ အကျိုးအကြောင်း အစုံကို အထောက်အထားနဲ့ အခိုင်အလုံ တွေ့တော့မှ 'သြော်. . . ငါ့နှယ်၊ သည်လိုကိုး'ဆိုပြီး ရယ်မိရတယ်သားရေ။ သားတို့လည်း သည်ကိစ္စကို စောစောစီးစီးကတည်းက အမှန်အတိုင်း သိထားစေချင်လို့ ဖေဖေ ပြောပြနေ ရတာပါ။

## ၅၊ ယောက်ျားအသစ်

သိပ်မကြာသေးခင်နှစ်များအတွင်းမှာ 'ယောက်ျားအသစ်' ပေါ်လာပြီဆိုတဲ့ အကြောင်းကို တစ်ကမ္ဘာလုံးမှာ အကျယ်တဝင့်ပြောဆိုလာကြတယ် သားရဲ့။ ခံစားထိရှလွယ်တဲ့ယောက်ျား၊ မိန်းမသားတွေရဲ့ခံစားချက်တွေနဲ့ လိုက်လျော ညီထွေနေတတ်ပြီး တစ်ကိုယ်ကောင်းဆန်မှု နည်းပါးသွားတဲ့ ယောက်ျား၊ အဲသလိုနေတတ်လာတာမို့ ပိုဆွဲဆောင်အားကောင်းသူယောက်ျားသားတွေ ပေါ်ပေါက်လာပြီလို့ ပြောနေကြတယ် သားရေ။

ယောက်ျားဆိုတာ ဘယ်ကဲ့သို့ဘယ်ချမ်းသာဆိုတဲ့ ပုံရိပ်က တချို့နေရာ တွေမှာ ပျက်သုဉ်းသွားခဲ့ပါပြီ။ ဆိုကြပါစို့၊ ရှေးတုန်းက ကလေးငယ်လေး တွေကို -ပစုစောင့်ရှောက်တဲ့တာဝန်က အိမ်ရှင်မတို့တာဝန်လုံးလုံး ဖြစ်နေခဲ့ဖူး ပေမယ့် အခုအခါမှာတော့ ကလေးအနှီး လဲတာ၊ ကလေး ချီတာ၊ နို့ဘူးတိုက် တာတို့ကို လုပ်နေတဲ့ ဖခင်တစ်ယောက်ကို ဘယ်သူကမှ နှာခေါင်းမရှုံ့တော့ ဘူးလေ။ ဖေဖေရော သားပါ၊ အိမ်အလုပ်တွေမှာ ယောက်ျား၊ မိန်းမ၊ မခွဲခြားဘဲ နိုင်သလောက် ဝင်လုပ်နေကြတာ အထင်အရှားပဲ မဟုတ်ဘူးလား ကွာ။

အလားတူပဲ၊ ကနေ့ကာလ ယောက်ျားသားအတော်များများဟာ ထမင်း ဟင်းချက်တတ်နေကြပြီ။ အဆင်အသွေးနဲ့ လိုက်ဖက်အောင် ဝတ်တတ် စားတတ်နေကြပြီ။ သူတို့ရဲ့ရုပ်ရည်နဲ့ ကိုယ်ခန္ဓာကိုထိန်းသိမ်းဖို့အတွက်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အချိန်ပေးပြီးလည်း နေတတ် ထိုင်တတ်လာကြပြီ။ အမျိုးသမီးတွေနဲ့ ဆက်ဆံရာမှာလည်း ပိုပြီးသက်သောင့်သက်သာရှိလာကြပြီး သူတို့ရင်ထဲက ခံစားချက်တွေကို ဖွင့်ဟဝန်ခံဖို့လည်း ဝန်မလေးတော့ပါဘူး။ ဒါပေမယ့်လည်း တကယ့်ရင်ထဲက ခံစားချက်အစစ်အမှန်ကို ဖော်ကျူးရာမှာတော့ ယောကျ်ားတွေ သိပ်မတတ်ပွန်လှသေးဘူးလို့ ဆိုရပေမပေ့ါကွာ။

သားတို့အနေနဲ့ကျတော့လည်း အမျိုးသမီးထုရဲ့နေပုံထိုင်ပုံတွေ ပြောင်းလဲ တိုးတက်လာတာ၊ ရည်မှန်းချက်တွေ မြင့်မားလာတာ၊ ဝါသနာတွေပါ ပြောင်းလဲလာတာ၊ အချင်းချင်း ရည်ရွယ်ချက်တူ၊ သဘောထားတူနဲ့ ညီညီညွတ်ညွတ် ရှိလာတာတွေကို သေချာအကဲခတ်ပြီး အသိအမှတ်-ပထိုက်တယ်ဆိုတာ ဖေဖေ သားကို မှာပါရစေ။

ကျားကျားလျားလျား ယောကျ်ားပီသတယ်ဆိုပြီး တလွဲဆံပင်ကောင်းနေတဲ့ခေတ်က ကုန်သွားပြီ သား။ မိန်းမတွေကလည်း အဲသလို ကျားကျားလျားလျားနဲ့ ယောကျ်ားပီသတယ်ဆိုပြီး လေးလုံးခြောက်ဖက် ဘဝင်တက်နေတဲ့ ပုရိသတွေကို သိပ်အထင်မကြီးကြတော့ဘူးကွဲ့။ သည်စကားကို အထင်အရှား အထောက်အကူ-ပနေတာကတော့ ဖေဖေတို့ သားတို့ဖြတ်သန်းနေတဲ့ခေတ်မှာ 'ဟောဟိုလူ ရင်အုပ်ကားကား၊ ကြွက်သားအဖု၊ အဖု ထုထုပြီး ခရာချင်စရာယ်'ဆိုတဲ့ ယောကျ်ားတွေ အတော်ရှားသွားတာပဲ။ မိန်းကလေးတွေကြားမှာ ရေပန်းစားနေတဲ့ မင်းသားလေးတွေ၊ အဆိုတော် လေးတွေ၊ သရုပ်ပြလူငယ်လေးတွေကိုကြည့်ရင် ဘယ်မှာ ကြွက်သား အဖု အဖုနဲ့ နေတော့လို့တုန်း။

ကုန်သွယ်ရေးနဲ့စီးပွားရေးနယ်ပယ်မှာ လောလောဆယ်တော့ ယောကျ်ားထုကပဲ ဦးဆောင်ကွပ်ကဲနေဦးမှာပါ။ ဒါပေမယ့် သိပ်များမကြာခင်အနာဂတ်မှာ သည်အခြေအနေက လုံးဝ ပြောင်းသွားတော့မှာပဲ သားရေ။ အမျိုးသမီးထုက လုပ်ငန်းခွင်မှာ ပြိုင်လည်းပြိုင်နိုင်တယ်၊ နိုင်လည်းနိုင်နေတယ်ဆိုတာ နေရာအတော်များများမှာ တွေ့နေကြရပါပြီ။





သားတို့အရွယ်တွေဟာ ယောကျ်ားကျားကျားလျားဆိုတဲ့ ရေလိုက်လွဲမှုကို ဖျောက်ဖျက်နိုင်စွမ်းရှိတဲ့ယောကျ်ားသားတွေပဲကွ။ အဲသလို ဖျောက်ဖျက်နိုင်ဖို့အတွက် သားတို့အနေနဲ့ သဘောပေါက်ဖို့လေးပဲလိုတာပါ။ ဘာကို သဘောပေါက်ရမလဲဆိုတော့ နေရာတကာမှာ ကျားကျားလျားလျား ယောကျ်ားပီသချင်ဇောနဲ့ ရှေ့ပိုင်းမှာ ရေးခဲ့သလို ထင်ရာမြင်ရာစံများကို အမီလိုက်ဖို့ မကြိုးစားတော့ဘူးဆိုတာနဲ့ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာဘဝ၊ ချစ်မှုဘဝ၊ ဖိုမဆက်ဆံရေးဘဝ၊ လူမှုဘဝတင်မကဘဲ လုပ်ငန်းခွင်ဘဝမှာပါ အများကြီး တိုးတက်ပြောင်းလဲလာနိုင်တယ်ဆိုတဲ့အချက်ကိုပဲ သား။

ကျားကျားလျားလျား ယောကျ်ားပီသချင်ဇောနဲ့ ထင်ရာမြင်ရာ စွတ်လုပ်တဲ့အခါ ဆန့်ကျင်ဘက်လိင်နဲ့ သူစိမ်း မဆန် ဆန်အောင် လုပ်လိုက်တာ၊ ဝေးသွားအောင် ဖန်တီးမိတာက လွဲလို့ ဘာမှ အကျိုးမရှိပါဘူး။ ဒါတင်မကသေးဘူး၊ အဲသလို ကိုယ်ထင်ရာမြင်ရာ မူကလေး၊ ဘောင်ကလေးထဲမှာ ကိုယ့်ကိုယ်ကိုယ် ဇွတ်အတင်း သွပ်သွင်းလိုက်တဲ့အတွက် ကိုယ့်ခွင်ထဲမှာတင် ကိုယ် အချုပ်ကျနေပြီး ဘဝတိုးတက်မှုကို ဆုတ်ယုတ်စေနိုင်တယ် သားရဲ့။

အဲတော့ သားကို ဖေဖေ မှာချင်တယ်။ စွံချင်ရင်၊ မိန်းမတွေကြားမှာ ရေပန်းစားချင်ရင်၊ မိန်းမသားတွေအပါအဝင် လူမှုဆက်ဆံရေးနယ်ပယ်မှာ တွင်ကျယ်အောင်မြင်ချင်ရင်၊ ကျားကျားလျားလျား ယောကျ်ားပီသချင်ဇောနဲ့ သူငယ်ချင်းတွေ မြှောက်ပေးတိုင်း လျှောက်မလုပ်ဘဲ ကိုယ့်အသိနဲ့ကိုယ် မိန်းမတွေကိုလည်း လေးလေးစားစားဆက်ဆံ၊ ကိုယ့်စံတွေကိုလည်း ရိုက်ချိုးရဲတဲ့ သတ္တိမျိုးရှိပါလို့ပဲ သား။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။

အခန်း (၄)

## မိန်းကလေးများနဲ့ ဆက်ဆံရေး

### ၁၊ ယောက်ျားလေးနဲ့ မိန်းကလေး မတူတာတွေ

သား မှတ်မိမယ် ထင်ပါတယ်။

ယောက်ျားလေးနဲ့ မိန်းကလေးတို့ကြားမှာ သိသိသာသာ ခြားနားစပြု လာတာကို ရှစ်နှစ်၊ ကိုးနှစ်လောက်ဆိုရင် တော်တော် သိသာလာတာကိုလေ။

မူလတန်းကလေးတွေကို ဂရုစိုက်ကြည့်ရင် သည်အချက်က သိပ်သိသာ တယ် သားရဲ့။ ငါးနှစ်၊ ခြောက်နှစ်အရွယ်၊ သူငယ်တန်း၊ ပထမတန်း လောက်မှာ မိန်းကလေးနဲ့ ယောက်ျားလေးတွေဟာ သိပ်သိသိသာသာ မကွဲ လှသေးဘူး။ ယောက်ျားလေး၊ မိန်းကလေးက အတော်လေး တွဲလို့ရတယ်၊ အတူလည်း ကစားလို့ရတယ်၊ အတူလည်း စကားပြောလို့ရတယ်။ ဒါပေ မယ့် နှစ်နှစ်၊ သုံးနှစ်လောက်ကြာလို့ ရှစ်နှစ်၊ ကိုးနှစ်လောက်လည်း ရောက်ရော ယောက်ျားလေးတွေကလည်း သူ့အုပ်စုနဲ့သူ၊ မိန်းကလေးတွေက





လည်း သူ့အဖွဲ့နဲ့သူ အကွဲကွဲအပြားပြား ဖြစ်ကုန်တယ်။ ဟုတ်ကဲ့လား။ ပြန်စဥ်းစားကြည့်နော်။

အေး. . . အဲသလို ကွဲသွားတာဟာ ယောက်ျားလေးနဲ့ မိန်းကလေးတို့ရဲ့ စိတ်ဝင်စားမှုတွေ၊ သဘောထားတွေ၊ လိုအင်ဆန္ဒတွေ ကွဲပြားကုန်ကြလို့ပါပဲ။ ကျောင်းတွေမှာ ယောက်ျားလေးတွေ လုပ်တဲ့အလုပ်တွေနဲ့ အပျော်ရှာပုံတွေက သူတို့ချင်းသာ တွဲဖြစ်ကုန်အောင် ဖန်တီးပေးသလို ဖြစ်နေတော့တာမို့ပဲ သားရေ။ အစင်းဆုံး နမူနာတစ်ခုကိုပြောရရင်ကွာ၊ ယောက်ျားလေးတွေက အဲဒီအရွယ်လောက် ရောက်လာတာနဲ့ မုန့်စားဆင်းချိန်ဆို ဘောလုံးကန်ဖို့ပဲ တာစူနေတတ်ကြသလောက် မိန်းကလေးတွေကျတော့ မုန့်စားဆင်းချိန်မှာ ဝိုင်းဖွဲ့ပြီးစကားပြောကြတာမျိုးပေ့ါ။ အဲဒီမှာတင်ယောက်ျားလေးနဲ့မိန်းကလေး တကွဲတပြားစီ စဖြစ်တော့တာပဲ။

သည်အခြေအနေမှာ လူလားမြောက်စ-ပလာတဲ့ လူကလေးတွေဟာ သူတို့ရဲ့ကိုယ်ရည်ကိုယ်သွေးကိုလည်း အငမ်းမရ ဖွေရှာလာကြပါပြီ။ ဆိုလို တာက သားရယ်၊ သူတို့ကိုယ်သူတို့ ဘယ်လို လူစားလေးတွေဖြစ်တယ်ဆိုတဲ့ ပုံစံလေးတစ်ခုကို မည်မည်ရရ ဆုပ်ကိုင်ချင်လာတဲ့သဘောပါပဲ။ အဲလို ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဘယ်ပုံလို့ သတ်မှတ်နိုင်ဖို့အတွက် ကိုယ် နှစ်သက် သဘောကျတဲ့လူကြီးတစ်ယောက်ယောက်ကို စံထားလာကြပါတော့တယ်။ သည်နေရာမှာ ယောက်ျားလေးဟာ ယောက်ျားကြီးတစ်ယောက်ယောက်ကို သာ စံထားပြီး မိန်းကလေးကလည်း မိန်းမကြီးတစ်ယောက်ယောက်ကိုသာ စံအဖြစ် သတ်မှတ်ရိုး ထုံးစံရှိပါတယ်။ ဘယ်ယောက်ျားလေး၊ ဘယ် မိန်းကလေးမှ ဆန့်ကျင်ဘက်လိင်တစ်ဦးဦးကို စံ-ပရိုး မရှိဘူး။

သည်မှာတင် ယောက်ျားလေးတွေကလည်း သူတို့ထက် အတန်းနဲ့ အသက် ကြီးတဲ့ ယောက်ျားလေးတွေ လုပ်တဲ့ ပုံစံအတိုင်း ယောက်ျားလေး ချင်းပဲ ပေါင်းဖြစ်တော့သလို မိန်းကလေးတွေကလည်း မိန်းကလေးချင်းသာ တွဲဖြစ်ကြတော့တယ်။ အဲလို ယောက်ျားလေးတွေနဲ့ မိန်းကလေးတွေ အုပ်စု



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကွဲသွားတာဟာ တစ်ဖက်ကကြည့်ရင် ဖြစ်သင့်လို့ဖြစ်တာလို့ ပြောနိုင်တယ် သားရဲ့။ အသက်ဆယ်နှစ်၊ ၁၁နှစ်အရွယ် လူသားငယ်လေးတွေဟာ သူတို့ ကိုယ်သူတို့ ယောကျ်ားလေး၊ မိန်းကလေးဆိုတဲ့ သတ်မှတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ရလာနိုင်ဖို့ လိင်တူရာချင်း ပေါင်းသင်းဆက်ဆံတာက ပိုပြီး သေချာနေစေလို့ ဒါ ဖြစ်သင့်တယ်လို့ ပြောရတာပဲ သား။ တစ်ဖက်ကလည်း မိန်းကလေးတွေက ရင့်ကျက်ဖွံ့ဖြိုးတဲ့နေရာမှာ ယောကျ်ားလေးတွေထက် စောတတ်မြဲဖြစ်လေတော့ အသက် ၁၁နှစ်လောက် မိန်းကလေးတွေဟာ သူတို့နဲ့ရွယ်တူ ယောကျ်ားလေးတွေကို တော်တော် ငယ်သေး၊ နုသေးတာပဲလို့ မြင်နေတတ်ကြတာကလည်း ယောကျ်ားလေးနဲ့ မိန်းကလေးတွေကြားမှာ အုပ်စုကွဲသွားစေတဲ့ အကြောင်းတစ်ရပ် ဖြစ်နေပြန်တယ်ကွ။

ပြဿနာက ဘယ်အချိန်မှာ သွားတက်သလဲဆိုရင်တော့ သားတို့ အခု ဖြတ်သန်းနေတဲ့ ဆယ်ကျော်သက်အရွယ်မှာပဲ။ သည်အချိန်ကျတော့ အစတုန်းက အုပ်စုကွဲနေကြတဲ့ ကျား၊ မ လေးတွေဟာ တစ်စုနဲ့တစ်စု ရောယှက်ပတ်သက်ကြည့်ချင်စိတ်တွေ ပေါက်လာအောင် သဘာဝက လှုံ့ဆော်လိုက်ပြီလေ။

## ၂၊ မိန်းကလေးသူငယ်ချင်းလား၊ ရည်းစားလား

သည်စကားကတော့ သိုးဆောင်းဘာသာစကားက ဆင်းသက်လာတာ သားရဲ့။ မိန်းကလေးသူငယ်ချင်းတွေကို Girl Friends လို့ သုံးလို့ ရတယ်။ Girl နဲ့ Friend ကို တစ်လုံးစီ သီးခြားခွဲရေးတယ်။ ရည်းစားတွေကိုတော့ Girlfriends လို့ သုံးတယ်။ သည်မှာကျတော့ ဝေါဟာရနှစ်လုံးကို တစ်လုံးတည်း ပေါင်းရေးတယ်။ အသံထွက်ကျတော့ နှစ်မျိုးစလုံး အတူတူ 'ဂါးလ်ဖရဲန်(ဒ်)(စ်)'လို့ ထွက်သကွ။ မိန်းကလေး သူငယ်ချင်းဆိုတာကတော့ သူငယ်ချင်းလို တရင်းတနှီးပေါင်းသင်းဆက်ဆံလို့ရတဲ့ သူငယ်ချင်းပေါ့လေ။ ရည်းစားဆိုတာကတော့ သားလည်း သည်အရွယ်ရောက်နေပြီပဲ၊ ဖေဖေ





ရှင်းပြစရာ မလိုတော့ပါဘူးနော်။

အေး. . . သည်နှစ်မျိုးကြားမှာတော့ စည်းက အပြတ်အသား မရှိဘူး သားရဲ့။ မိန်းကလေး သူငယ်ချင်းဘဝက ရည်းစားဘဝအထိ တစ်ဆင့်တက်သွားနိုင်သလို ရည်းစား တော်ထားရာက တစ်ယောက်နဲ့တစ်ယောက် သဘောပေါက်လာကြပြီး ချစ်လို့ လုံးလုံး မရတော့ဘဲ သိပ်ခင်သွားကြတဲ့ သူငယ်ချင်းတွေလည်း ရှိတာကိုး။

ဖေဖေတို့၊ သားတို့ ယောကျ်ားလေး အတော်များများရဲ့ အမှားဆုံး အတွေးကတော့ သူငယ်ချင်းနဲ့ သမီးရည်းစား ဆက်ဆံရေးကို တကွဲတပြားစီ မှတ်နေတာပဲသားရဲ့။ အမှန်က သားရယ်၊ သူငယ်ချင်းချင်း ဆက်ဆံပုံနဲ့ သမီးရည်းစားချင်း ဆက်ဆံပုံ နှစ်မျိုးစလုံးဟာ သဘာဝအားဖြင့်အတူတူပဲ။ နှစ်ယောက် သဘောမျှမှု၊ အတူတွဲချင်တဲ့ စိတ်လေး ရှိနေမှု၊ တစ်ယောက်နဲ့ တစ်ယောက် ပြောလို့ဆိုလို့ရမှု၊ တစ်ယောက်ကိုတစ်ယောက် ယုံယုံကြည်ကြည် ရှိမှု၊ ရယ်စရာဆိုလည်း အတူရယ်မောနိုင်မှ သူငယ်ချင်းဖြစ်နိုင်သလို ရည်းစားဖြစ်လာဖို့ကလည်း သည်အချက်တွေက အဓိကပဲ။ ရည်းစားမို့လို့ တစ်မျိုးဆက်ဆံ၊ သူငယ်ချင်းမို့လို့ တစ်မျိုး ဆက်ဆံတာတော့ မှန်တယ်၊ ဒါပေမယ့် သေချာသတ္တုချလိုက်ရင် ယုံယုံကြည်ကြည်နဲ့ တိုင်တိုင်ပင်ပင် နေနိုင်တဲ့သူ၊ ကိုယ်နဲ့ တွဲတွဲသွားသွားနေနိုင်တဲ့သူကိုမှ သူငယ်ချင်းအဖြစ် ပေါင်းလို့ရသလို ရည်းစားလည်း တော်လို့ရတာကတော့ သေချာတယ်။ ဟုတ်တယ်နော်။ သား သေချာ ပြန်စဉ်းစားကြည့်ဦး။

## ၃၊ တကယ် ရည်းစားထားချင်ပြီလားဟေ့

မိန်းကလေးတွေဟာ ယောကျ်ားလေးတွေထက် အများကြီး ပိုစောပြီး ရင့်ကျက် ဖွံ့ဖြိုးလာတတ်တာဟာ ယေဘုယျအားဖြင့် မှန်ကန်တဲ့အချက်ပဲ သား။ ဆိုလိုတာက မိန်းကလေးတွေဟာ ယောကျ်ားလေးတွေထက် စောပြီး အပျိုပေါက်တယ်၊ ယောကျ်ားလေးတွေထက် စောပြီး ကိုယ်ခန္ဓာ အပြောင်း



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အလဲတွေလည်း ဖြစ်တယ်။ ဒါလည်း သား သတိထားကြည့်ရင် သိမှာပဲ၊ ဒါကြောင့် သူတို့တွေ ရည်းစားထားချင်စိတ်ပေါက်တာကလည်း သားတို့ ယောကျ်ားလေးတွေထက် စောနေတတ်တယ်။ သားတို့တွေ ၁၃-၄နှစ်မှာ ခွေလိုမ့်လို့ကောင်းတုန်း၊ ဘောလုံးကန်လို့ ကောင်းတုန်းပေမယ့် အဲဒီ့အရွယ် မိန်းကလေးကတော့ အပျိုလုပ်တတ်နေပြီ မဟုတ်လား သားရဲ့။ သားတို့ ခေတ်စကားနဲ့ပြောရင် 'ပဲ အတော်များ'လာပါပြီ။ သည်အချက်ကြောင့်ပဲ၊ ဆယ်ကျော်သက်အရွယ် မိန်းကလေးတွေဟာ သူတို့ထက် အသက်နည်းနည်း ပိုကြီးတဲ့ ယောကျ်ားလေးတွေနဲ့ ရည်းစားထားဖြစ်ကုန်ကြတတ်ကြတယ် သားရဲ့။

ယောကျ်ားလေးတွေကျတော့ မိန်းကလေးတွေထက် နောက်ကျပြီးမှ လူပျိုပေါက်တာတော့မှန်တယ်၊ ဒါပေမယ့် သားတို့မှာလည်း တဖြည်းဖြည်း ချင်းတော့ ရည်းစားထားချင်တဲ့ စိတ်ကလေးက ပေါ်လာတတ်တာပဲ။ ဒါဟာ သဘာဝကြောင့်ဖြစ်တာမို့ ဖေဖေက အပြစ်မတင်ဘူး၊ မဟန့်တားဘူး။ သဘာဝတင်မကပါဘူး သားရယ်၊ သည်နေရာမှာ သားတို့နဲ့ရွယ်တူအပေါင်း အသင်းတွေရဲ့ဖိအားကလည်း အင်မတန်အရေးပါတဲ့အချက်တစ်ချက် ဖြစ်နေ သေးတယ်ပေါ့။ သားနဲ့ရွယ်တူတွေက ဘောလုံးပဲ ကန်းကန်နေတဲ့သူတွေ၊ ခေါင်ထုာ စထရိုက်(ခ်) [ဗွီဒီယိုဂိမ်း]ပဲ တအားစွဲနေတဲ့သူတွေ ဖြစ်နေရင်တော့ သားတစ်ယောက်တည်း ထူးချွန်ပြီး ရည်းစားထားဖို့ ခက်နေမှာပေါ့။ ဒါပေ မယ့် သားသူငယ်ချင်းတွေက ရည်းစားထားနေတယ်၊ ရည်းစား ရှိနေတယ် ဆိုရင်တော့ သားလည်း အလိုလို ရည်းစားထားချင်လာတော့မှာပဲ။

ဖေဖေ့တုန်းက သည်တိုင်းပဲပေါ့ သားရယ်။ ဖေဖေ ခုနစ်တန်း၊ ရှစ် တန်း(၁၃-၄နှစ်)မှာ ဖေဖေနဲ့ တရင်းတနှီးပေါင်းတဲ့ သူငယ်ချင်းတွေ ရှိတယ်။ တစ်ယောက်က ကျောင်းက သူငယ်ချင်း၊ နောက်တစ်ယောက်က ကျူရှင်က သူငယ်ချင်း။ နှစ်ယောက်စလုံးက ဖေဖေ့ထက် တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါး ကြီးကြတယ်။ ဖေဖေက အတန်းနဲ့အသက်မှာ အသက် ငယ်ပြီး အတန်းက





ကြီးတော့ များသောအားဖြင့် ဖေဖေနဲ့အတန်းတူတွေက ဖေဖေ့ထက် အသက် ကြီးသူတွေချည်းပဲ။

အဲဒီ့သူငယ်ချင်းနှစ်ယောက်မှာ ကျောင်းက သူငယ်ချင်းက မိန်းကလေး တစ်ယောက်ကို အသည်းစွဲကြိုက်ပြီး သေမတတ် ရူးနေတယ်။ ကျူရှင်က သူငယ်ချင်းကတော့ သူကြိုက်တဲ့ ကောင်မလေးနောက် တကောက်ကောက် လိုက်ရင်း နောက်ဆုံးကျတော့ သူတို့နှစ်ယောက်အဆင်ပြေပြီး သမီးရည်းစား ဖြစ်သွားတော့တယ်။ သည်မှာတင် သားဖေဖေဆိုတဲ့ လူပျိုပေါက်ခများမှာ လည်း ရည်းစားထားချင်စိတ်တွေ ဆီးမနိုင် တားမရ ဖြစ်လာခဲ့ဖူးတယ်။

အမှန်တော့ အဲသလိုမျိုး၊ သူငယ်ချင်းတွေကို အားကျ အထင်ကြီးပြီး ရည်းစားထားတဲ့အခါ အချိုးက မပြေတတ်ဘူး သားရဲ့။ သူငယ်ချင်းတွေ ကြားမှာ ကိုယ်လည်း လူလားမြောက်ပါပြီ၊ ရည်းစားထားတတ်ပါပြီဆိုပြီး အထင်ကြီးခံချင်တဲ့ဘက်မှာ အာရုံက တအားများနေတော့ တစ်ဖက် မိန်း ကလေးရဲ့ ခံစားချက်ကို ဂရုစိုက်ရကောင်းမှန်း မသိတော့တာမို့ အချိုးက မပြေတတ်ဘူးလို့ ပြောလိုက်ရတာပါကွာ။

ယောကျ်ားလေးတစ်ယောက်အဖြစ် ကြီးပြင်းလာရာမှာ မိန်းကလေး တွေကို စောစောပိုင်း တစ်လျှောက်လုံးမှာ အမှုမဲ့ အမှတ်မဲ့ နေခဲ့ရာက မိန်းကလေးတွေနဲ့ တွဲဖက်ပေါင်းသင်းကြည့်ချင်စိတ် ပေါ်လာတာဟာ မှုမှန်တဲ့ ကိစ္စပါပဲ သားရယ်။ ဒါပေမယ့် ယောကျ်ားလေး သူငယ်ချင်းချင်းကြားမှာ လူစွာလုပ်ချင်စိတ်နဲ့ မိန်းကလေးတွေနဲ့ ယဉ်ပါးချင်တာမျိုးဆိုရင်တော့ သိပ် အဟုတ် မဟုတ်ဘူးဆိုတာကိုတော့ သားလေး သတိထားပါကွာ။

အဲလိုသာဆိုရင် စလယ်ဝင်ဖင်မည်းခင်ကတည်းက ကွဲတာမျိုး ဖြစ်ရင် လည်းဖြစ်၊ မရှောင်သာတဲ့ လမ်းမြောင်ကြားမှာ မညားချင်ဘဲ ညားရတာမျိုး တွေဖြစ်ရင်လည်းဖြစ်ကုန်ပြီး ဘဝပျက်သွားတတ်တယ် သားရဲ့။ ဖြစ်သင့်တာ ကကွာ၊ ရည်းစားထားချင်စိတ် ပေါက်နေသည့်တိုင် ရည်းစားမှုမရတော့ရင် သေရတော့မလိုတွေဖြစ်ပြီး အသည်းအသန်လုပ်မယ့်အစား အချိန်တန်ရင်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူ့အလိုလိုဖြစ်လာမယ့် ကိစ္စမျိုးပဲလေလို့ နှလုံးလေးသွင်း၊ ပြီးရင် ကိုယ့်စိတ်ဝင်စားမှု၊ ကိုယ့်ရည်ရွယ်ချက်၊ ကိုယ့်အရည်အချင်းစတာတွေကို သုံးသပ်နေတာက ရည်းစားထားတာထက် အများကြီး ပိုပြီး လုပ်သင့်တဲ့အလုပ်ပဲ သားရေ။

ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေက လူပျိုပေါက်အတော်များများရဲ့ ရည်းစားထားချင်စိတ်ကို အဆွနိုင်ဆုံးအရာတွေလို့တောင် ဖေဖေကတော့ ခိုင်ခိုင်မာမာ ပြောလိုက်ချင်တယ်။ ဖေဖေတို့ မြန်မာရုပ်ရှင်သမားတွေ ပိုတောင်ဆိုးသေးတယ်။ ကြက်ခြေနီနေ့အထိမ်းအမှတ် ဇာတ်လမ်းရိုက်ပြမယ်ဆိုရင်လည်း မင်းသားရယ်၊ မင်းသမီးရယ်၊ ချစ်တာရယ်၊ လွမ်းတာရယ်ပါမှ ဇာတ်ဖြစ် အောင် ရိုက်တတ်ရှာကြတော့တယ်။ တခြားဘာနေ့ ညာနေ့ အထိမ်းအမှတ် ဖြစ်ဖြစ် ဒါမျိုးပဲဆိုတော့ သူတို့ စီးပွားဖြစ် ရိုက်ပြသမျှ ကားတွေဆိုရင် အဲဒီ့တွေ့၊ ချစ်၊ ကွဲ၊ လွမ်းထဲက ထွက်ကို မလာတော့ဘူး သားရေ။

အဲတော့ အရွယ်မရောက်တရောက်၊ လူလားမမြောက်တမြောက်တွေကို 'အသင်ဆယ်ကျော်သက်တို့ . . ရည်းစားမှ မထား၊ ချစ်မှ မပြုကြလျှင် အသင်တို့ လူစဉ်မီတော့မည်မဟုတ်'ဆိုတဲ့အယူအဆတစ်ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ပေးနေသလို ဖြစ်နေတော့တာပဲ သားရဲ့။ လူလား တကယ်မြောက်ပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့အရွယ်မျိုးရောက်တဲ့အခါမှာ အိမ်ရာ ထူထောင်တာဟာ လူ့ကိစ္စမို့ အင်မတန်ကောင်းပါတယ်။ ဒါပေမယ့် လူလား မမြောက်ခင်၊ အရာရာကို ဘူးလုံးနားမထွင်း ဖြစ်နေခိုက်မှာ အိမ်ထောင်ကျသွားတာမျိုးကတော့ မိန်းကလေးရော၊ ယောကျ်ားလေးမှာပါ၊ နှစ်ဦးနှစ်ဖက် စလုံး အင်မတန် နစ်နာလှတယ် သားရေ့။

ဆယ်ကျော်သက်ဘဝမှာ ကိုယ့်ဘာသာကိုယ် သပ်သပ်လေးနေ၊ ဆိုလိုတာကကွာ၊ ရည်းစားသနံကိစ္စကို သိပ်အလေးအနက် မထားသေးဘဲ နေ၊ ကိုယ့်ကိုယ်ကိုယ် ဘာကောင်လဲဆိုတာ အရင်သုံးသပ်၊ ကိုယ့်အကြိုက်တွေ၊ ကိုယ်မကြိုက်တာတွေကို ကိုယ့်ဘာသာ သိလာအောင်ကြိုးစား၊ ကိုယ့်ဘဝရဲ့





ရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေကိုလည်း ရေရာပြတ်သားအောင် ခွဲခြားယူမယ်ဆိုရင်တော့ လူကြီးဘဝဆီ ခရီးဆက်ရာမှာ ဆူးငြောင့်ခလုတ်ကင်းကင်းနဲ့ သက်သောင့်သက်သာလေး ရှိနေမှာ သေချာပါတယ်ကွယ်။

နောက်တစ်ခု၊ ဆယ်ကျော်သက်ဘဝမှာ ရွယ်တူယောကျ်ားလေးချင်း လိင်မှုကိစ္စနဲ့ ပတ်သက်လို့ စမ်းကြည့်တာမျိုးတွေလည်း ရှိနိုင်ပြန်သေးတယ် ကွ။ အမှန်တော့ ဒါဟာ စမ်းကြည့်တာ သက်သက်ပဲ။ ပြီးတော့ သိပ်လည်း ရေရှည်ဖြစ်နေမှာမျိုးတော့ မဟုတ်ဘူး။ ပြောရရင်ကွာ၊ ဒါလည်း သဘာဝပဲ။ အဲလို ယောကျ်ားလေးချင်း လိင်မှုရေးရာမှာ စမ်းသပ်ကြလို့ လိင်တူချင်း သာယာသွားနိုင်တဲ့ အလားအလာမျိုးလည်း အင်မတန် နည်းပါတယ်။

သည်နေရာမှာလည်း ဖေဖေ့ ကိုယ်တွေ့ကို ပြောပြမယ်နော်။ သားသိတဲ့ အတိုင်း ဖေဖေက ငါးတန်းကျောင်းသားအရွယ်၊ အသက် ၁၁နှစ်လောက်မှာ ကျောင်းအိပ်ကျောင်းစားနေခဲ့ရတယ်။ နေရတာကလည်း ယောကျ်ားလေး ကျောင်းမှာနေရတာ။ ယောကျ်ားလေးတွေချည်း စုနေတဲ့ကျောင်းမှာဆိုတော့ အဲဒီ့အရွယ်မှာတင် ကျောင်းသားကြီးတွေ အဆောင်ကိုသယ်လာတဲ့ညစ်ညမ်း စာအုပ်တွေကို စတွေ့ဖူးရခဲ့သလို ယောကျ်ားလေးချင်း လိင်ကိစ္စမှာ ထူးစမ်း ကြည့်ခဲ့ကြဖူးတယ်။ အမှန်တော့ သားရယ်၊ ထူးစမ်းတာသက်သက်၊ ဆော့ ကြည့်တာ သက်သက်ပါ။

ငါးတန်းနှစ်တစ်ဝက်ကျတော့ ဖေဖေ့ကို ဖေဖေ့မိဘတွေက ကျောင်းအိပ် ကျောင်းစားနေခွင့် ဆက်မထားတော့ဘူး။ ညဘက်ကျရင် ကျောင်းနံ့ရံကို ကျော်တက်ပြီး ညဈေးတန်း လျှောက်လည်တာ၊ ဆေးလိပ်ခိုးသောက်တာစတဲ့ အမှုတွေကို ကျူးလွန်ထားလို့ ဖေဖေ့ကို ကျောင်းကလည်း ကျောင်းအိပ် ကျောင်းစားအဖြစ် ဆက်လက်မခံတော့တာကြောင့်လည်း ပါတယ်။ သည်မှာ တင် ဖေဖေဟာ သားတို့ သိမီလိုက်တဲ့ ဘိုးဘိုးကြီးဖြစ်တဲ့ 'ဦးကြီးကိုကို'တို့ အိမ်ကတစ်ဆင့် ကျောင်းတက်ရတဲ့ နေ့ကျောင်းသား ဖြစ်သွားပါတော့တယ်။ သည်အခါ ဖေဖေတို့ရဲ့ ယောကျ်ားလေးချင်း လက်တည့်စမ်းတဲ့အမှုကလည်း



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အလိုလို ပျောက်သွားတော့တာပေါ့ သားရယ်။

သည်အတွက် ဖေဖေဟာ လိင်တူချင်းသာယာတတ်သူတစ်ယောက် (မိန်းမလျာတစ်ယောက်) ဖြစ်မလာခဲ့ပါဘူး။ သည့်ထက်ပိုပြီး ကဲကဲလွန်လွန် ပြောရရင် ဖေဖေ့ အသက် ၁၈-၁၉ လောက်မှာ ရန်ကုန်မြို့က နာမည်ကျော် မိန်းမလျာတွေနဲ့ ထဲထဲဝင်ဝင် ပတ်သက်ခဲ့ဖူးသေးတယ် သားရဲ့။ ဒါပေမယ့် အဲဒီ့ကတည်းက ဖေဖေ မသာယာမိခဲ့ဘူး။ သူတို့ ဘာကြောင့် အဲသလိုဖြစ် နေတယ်ဆိုတာကိုလည်း နားမလည်မိခဲ့သလို သနားလည်း သနားမိခဲ့တယ်။ လိင်တူချင်းမှ အကြိုက်ကျတယ်ဆိုတာ စိတ်မူမမှန်မှုတစ်မျိုးပါပဲလားလို့ အဲဒီ့ကတည်းက ဖေဖေ သဘောပေါက်ခဲ့တယ်။ ဒါဖြင့် ဘာကြောင့် သွား ပတ်သက်သေးလဲလို့ မေးမယ် ဆိုရင်တော့ကွာ၊ မင့်အဖေက သိပ်စုံချင်တာ လေ။ အဲတော့ စမ်းကြည့်တာရယ်၊ သူတို့တွေက ငွေစကြေးစ ရှင်တော့ အရက်ကို ဖောဖောသီသီ သောက်ရတာရယ်၊ နောက်တစ်ခုက မျက်နှာကြီး မိန်းမလျာတွေမို့ ဖေဖေနဲ့ အလှမ်းဝေးတဲ့ လူမလိုင်အသိုင်းအဝိုင်းထဲ တိုးဝင် ခွင့် အထိုက်အလျောက် ရတာတို့ရယ်ကြောင့်ပဲလို့ ဖြေရမှာပဲ သားရေ။

ဖေဖေ့လိုပဲ မိန်းမလျာတွေနဲ့ ဇာတ်ရှုပ်ခဲ့တဲ့ကောင်တွေ ဖေဖေနဲ့ ရွယ်တူ ထဲမှာ သုံး၊ လေးယောက် ရှိပါတယ်။ နာမည်တွေ ထုတ်မပြောကောင်းလို့ သာ သားရယ်၊ အခုပြော အခု တန်းသိနိုင်တဲ့၊ ကနေ့စီးပွားရေးနယ်ပယ်က အထင်ကရနဲ့ လျှမ်းလျှမ်းတောက်နေတဲ့သူတွေပဲ။ ဒါပေမယ့် သူတို့တွေရော၊ ဖေဖေပါ ကနေ့အခါမှာ အဲဒီ့မိန်းမလျာတွေနဲ့မပတ်သက်တော့ဘဲ အိမ်ထောင် ရက်သားကျပြီး ဇနီးမယား၊ သမီးသားနဲ့ ပျော်ပျော်ရွှင်ရွှင် စည်စည်ပင်ပင် နေကြတာ အထင်အရှားပဲ သားရဲ့။

ဆိုတော့ ဆယ်ကျော်သက်အရွယ်မှာ လိင်တူချင်း စမ်းသပ်တဲ့ ကိစ္စဟာ သဘာဝပဲဆိုတာ သား သဘောပေါက်။ ပြီးတော့လည်း ပြီးသွားတာမို့ သားများ အဲသလို လက်တည့်စမ်းခဲ့ဖူးရင် မထိတ်ပြာသင့်ဘူးနော်။ မိန်းမလျာ ဖြစ်မယ့်သူက သူ့ဘာသာသူ သပ်သပ်ဖြစ်တာပါ။ အဲဒါကိုတော့ နောက်ပိုင်း





မှာ ခေါင်းစဉ်သပ်သပ်ခွဲပြီး ဖေဖေ ပြောပြမယ်။ ဟုတ်ပြီလား။

အေး. . . သည်နေရာမှာ ဧရာမ အန္တရာယ်ကြီးကတော့ ဆီးပြီး စောင့် နေတာကိုလည်း သား သတိထားပါ။ အဲဒါကတော့ လိင်တူချင်း သာမန် စမ်းသပ်ကြည့်တာမျိုးက သိပ်ပြဿနာ မရှိပေမယ့် သိပ်အတွင်းကျတဲ့အထိ စမ်းသပ်မိရင်တော့ ကုရာနတ္ထိ ရောဂါဆိုးကိုဖြစ်စေတဲ့ အိပ်(ချ်)အိုင်ဗွီပိုး ကူးစက်ခံရနိုင်တဲ့ အန္တရာယ်ပဲ သား။ အဲဒါကိုတော့ ကြပ်ကြပ်သတိထား စေချင်ပါတယ် သားရယ်။ ဖေဖေတို့ခေတ်တုန်းက အဲဒီ့ရောဂါ မပေါ်သေးလို့ ဘာမှ မဖြစ်ခဲ့ပေမယ့် သားတို့ခေတ်မှာကျတော့ အဲဒီ့ရောဂါအန္တရာယ်ကြီးက ကျယ်ကျယ်လောင်လောင်၊ ဆိုးဆိုးရွားရွား ခြောက်လှန့်နေတာကို သားလေး သတိလစ်မသွားစေချင်ဘူးကွာ။

အမှန်ကတော့ လူတစ်ယောက်နဲ့တစ်ယောက် ဆက်ဆံကြရာမှာ နက် ရှိုင်းပြီး အတွင်းကျတဲ့ ဆက်ဆံရေးတစ်ရပ်ကို လိုလားတဲ့လူ့သဘာဝအရ အနက်ရှိုင်းဆုံး၊ အတွင်းအကျဆုံး နယ်ပယ်ဖြစ်တဲ့ လိင်မှုကိစ္စမှာ ထဲထဲဝင်ဝင် ပတ်သက်ကြည့်ကြတာပဲ သားရဲ့။ အချိန်တန်တဲ့အခါ ဆန့်ကျင်ဘက်လိင်နဲ့ ထဲထဲဝင်ဝင် ပတ်သက်လာတော့မှာကတော့ မှုမှန်တဲ့ ယောကျ်ားလေးတိုင်း၊ မိန်းကလေးတိုင်းရဲ့ သဘာဝပဲ သားရေ။

သည်လို ထဲထဲဝင်ဝင်ပတ်သက်ချင်စိတ်ကြောင့် ချစ်မှုချစ်ရေးကို တွေး ဖြစ်ခဲ့တယ်ဆိုရင်တော့ ရည်းစားထားချင်စိတ်ကို မှုမှန်စိတ်လို့ ခေါ်လို့ရတာ ပေါ့ သားရယ်။ အဲသလိုမဟုတ်ဘဲ ရွယ်တူတွေကြားမှာ ကိုယ့်ဖိုးစွံလို့ အခေါ် ခံချင်တဲ့စိတ်မျိုးနဲ့ ရည်းစားထားဖို့ အားထုတ်တာဆိုရင်တော့ မှုမမှန်ဘူးပေါ့။ ဒါတင်မကသေးဘဲ အဲသလို စိတ်မျိုးနဲ့ရည်းစားသန်များ ထားမိလို့ကတော့ ကိုယ့်မှာရော၊ တစ်ဖက်မိန်းကလေးမှာပါ ပျော်စရာ မကောင်းလှတဲ့ ဆက်ဆံ ရေးတစ်ရပ်နဲ့ ဇာတ်သိမ်းရတော့မယ်ဆိုတာကို သား သဘောပေါက်စေချင် ပါတယ်။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## ၄၊ မိန်းကလေးတွေနဲ့ စကားပြောရအောင်

မိန်းကလေးတစ်ယောက်နဲ့ ချစ်ကျွမ်းဝင်တဲ့အဆင့် မရောက်ခင်မှာ အဲဒီ မိန်းကလေးနဲ့ ခင်မင်ရင်းနှီးမှုရဖို့က အင်မတန် အရေးကြီးတယ် သားရဲ့။ အဲတော့ မိန်းကလေးတစ်ယောက်နဲ့ ခင်မင်ရင်းနှီးမှုရဖို့အတွက် တစ်ယောက်နဲ့ တစ်ယောက် ပြောလို့ဆိုလို့ရတဲ့အဆင့်ကို ရောက်ဖို့လိုတယ်။ ဒါပေမယ့် သည်ကိစ္စဟာ သားတို့အရွယ် ဆယ်ကျော်သက် ယောကျ်ားဖို့ အတော် များများအတွက် တော်တော့်ကို ခက်ခဲတဲ့ ပြဿနာပဲကွ။ ဒါဟာ သားတို့ တွေအတွက် အတွေ့အကြုံသစ်တစ်ရပ် ဖြစ်နေသလို တချို့တွေကျတော့ မိန်းကလေးတွေနဲ့ စကားပြောရတာကိုပဲ ရှက်သလို၊ ရွံ့သလို ဖြစ်နေရတတ် သေးတယ်ပေါ့။ ဒါ့အပြင် မိန်းကလေးတွေ စိတ်ဝင်စားလောက်တဲ့ ဘာသာ ရပ်တွေကလည်း သားတို့က ပျင်းစရာကြီးလို့ထင်၊ သားတို့ စိတ်ဝင်စားတာ တွေကိုလည်း မိန်းကလေးတွေက စိတ်မဝင်စားလောက်ဘူးလို့ တွေးမိနေ တတ်သေးတယ် သားရဲ့။

အဲတော့ကာ မိန်းကလေးတွေနဲ့ စကားပြောတဲ့အခါမှာ မပြောသင့်တဲ့ စကားတွေကို ဖေဖေ သားကို သင်ပေးမယ်နော်။

### မိန်းကလေးတွေနဲ့ မပြောအပ်တဲ့ စကားတွေ ပုံသေနည်း မရှိဘူးဟေ့

ယောကျ်ားလေးအတော်များများက မိန်းကလေးတွေနဲ့ စကားပြောတဲ့အခါ ပုံသေနည်းရှိတယ်လို့ ထင်တတ်ကြတယ်ကွ။ ဆိုလိုတာက မင်္ဂလာပါ၊ နေကောင်းတယ်နော်၊ ထမင်းစားပြီးပြီလား၊ ကျေးဇူးတင်ပါတယ်၊ ဘယ် သွားမလို့လဲအစရှိသဖြင့် လောကဝတ်စကားတွေ ပြောရာမှာ ပုံသေနည်းတွေ ရှိသလို မိန်းကလေးတစ်ယောက်နဲ့ ရောချင်ရင်လည်း ပုံသေစကားတွေ ရှိမယ်လို့ ထင်ကြတာမျိုးပေါ့ကွာ။ တကယ်တော့ အဲသလို ပုံသေနည်းတွေ တစ်ခုမှ မရှိဘူးဆိုတာ သား မှတ်ထားနော်။ ဒါ တစ်အချက်။





### ငါ့သူငယ်ချင်းက နင့်ကို ကြိုက်တယ်

သည်စကားမျိုးကလည်း အတော် ဟန်မကျတဲ့စကားမျိုးပဲလို့ မြဲမြဲမှတ်ထား ငါ့သား။ တစ်နည်းအားဖြင့် ကိုယ်ကြိုက်နေတာကို ကိုယ်တိုင်မပြောရဲဘဲ သူငယ်ချင်းက တစ်ဆင့်ပြောခိုင်းတာမျိုးကို ပြောတာပဲကွ။ မိန်းကလေး တွေအတွက်ကျတော့ အဲသလို စကားမျိုးကြောင့် တော်တော် စိတ်ရှုပ်သွားရ တတ်တယ်။ 'သူ့သူငယ်ချင်းတွေကတော့ လာပြောတာပဲ၊ ကိုယ့်ကို သည် ကောင် ကြိုက်နေတယ်လို့။ ဒါပေမယ့် သူ့ကို အကဲခတ်တော့လည်း ကိုယ့်ကို စိတ်မဝင်စားသလို အချိုးမျိုးနဲ့၊ ဘာကြီးမှန်းလဲ မသိဘူး'လို့ မိန်းကလေး တွေဘက်က တွေးစရာတွေ ဖြစ်ကုန်တတ်တယ်။

ဒါကြောင့် ကိုယ်ကြိုက်နေရင် ကိုယ့်ဘာသာပြောလို့ သားကို သေချာ မှာမယ်နော်။ မပြောရဲလို့ စာနဲ့ရေးတာဆိုရင်လည်း ကိုယ်တိုင်ရေးတာမျိုးပဲ ဖြစ်သင့်ပြီး ကိုယ်တိုင်ပဲ ပေးသင့်ပြန်သကွ။ တစ်နည်းအားဖြင့်တော့ သား ရယ်၊ ကိုယ့်ခံစားချက်တွေကို ကိုယ်တိုင်ပဲ ဖွင့်ဟသင့်တယ်။ တခြားလူက တစ်ဆင့်ဆိုရင် တစ်ဖက်မိန်းကလေးအနေနဲ့ အယုံရခက်နေတတ်သလို နှောက်နေတယ်လို့တောင် အောက်မေ့ချင် အောက်မေ့သွားနိုင်သေးတာကို သား ကောင်းကောင်း သတိချပ်ပါ။

### သောလုံးတွေ

ရယ်စရာ မောစရာလေးတွေ ပြောတတ်တာဟာ လူချစ်လူခင်များစေနိုင်တာ တော့ မှန်တယ်။ ဒါပေမယ့် မိန်းကလေးတွေနဲ့ ရောတဲ့အခါမှာ ရယ်စရာ တွေချည်း ဖိပြောပြီး စွတ်သောနေမယ် ဆိုရင်တော့ ခုတ်ရာတခြား၊ ရှရာ တလွဲ ဖြစ်ကုန်တတ်တယ်။ တစ်ချိန်လုံးသောနေတဲ့သူကို မိန်းကလေးတွေက ဗရုတ်သုက္ခကောင်လို့ မြင်သွားပြီး အယုံအကြည်နည်းနိုင်သေးတာကိုး။ အထူးသဖြင့် ကိုယ့်ကို လာကြိုက်နေတယ်လို့မထင်တော့ဘဲ သက်သက်မဲ့ လာနောက်နေတာ၊ အရှက်ခွဲနေတာလို့ ထင်သွားတတ်တယ် သားရဲ့။ အဲဒါ



*http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကတော့ သား သိပ်သတိထားရမယ့် အချက်ပဲ။ သားက ဖေဖေ့သားပီသစွာ အာဝဇ္ဇာန်းလေးလည်း ကောင်းချင်သလို တော်တော်လည်း ဗလွတ်ရွတ်တ ပြောတတ်တာကို ဖေဖေ သတိထားမိနေတယ်။ စာကလည်း တော်တော် ဖတ်ထားတော့ သားမှာက တစ်ခုခုကို အပြောင်အပြက်ပြောချဖို့ အမြဲတမ်း အဆင်သင့်ဖြစ်နေတယ်လေ။ အဲဒါကို မိန်းကလေးတွေနဲ့ကျရင် နည်းနည်း သတိထားပြီး ထိန်းပေ့။ တော်နေကြာ၊ ငါ့သားလေး အရွယ်ရောက်တဲ့အထိ မစုံဘဲ ဖြစ်နေမှာစိုးလို့ သေချာ မှာနေရတာကွ။ ဖေဖေ လူပျိုပေါက်တုန်းက သိပ်မစုံခဲ့တာလည်း အဲသလို ဗလွတ်ရွတ်တနိုင်လွန်းခဲ့လို့ပဲဆိုတာပါ ထည့် ပြောမယ်နော်။

## အကြွားတိုက်တာ

သောလုံးတွေရဲ့ပြောင်းပြန်ကတော့ မိန်းကလေးတွေ အထင်ကြီးစေချင်တဲ့စိတ် နဲ့ မိန်းကလေးတွေရှေ့မှာ ဂိုက်ထုတ်လွန်း(ပဲများလွန်း)နေတာမျိုးပေ့ါ သားရဲ့။ ပြီးတော့ မိန်းကလေးတွေနဲ့ကျရင် ကိုယ့်ကိုယ်ကိုယ် ဘယ်လောက် တော် ကြောင်း၊ တတ်ကြောင်း၊ စုံကြောင်း၊ အရည်အချင်း ရှိကြောင်းတွေ လွှတ် ကြွားတတ်တာမျိုးလည်း ပါပါတယ်။ အဲဒါမျိုးကိုလည်း မိန်းကလေးတွေက စိတ်မဝင်စားလှသလို အထင်လည်း မကြီးတတ်ဘူးဆိုတာ စတုတ္ထအချက် အနေနဲ့ မြဲမြဲမှတ်ထားပေတော့ သားရေ။

## ဆက်သွယ်ရေး အစွမ်းအစတွေ

ယောက်ျားလေးချင်း ပြောဆို ဆက်ဆံ ရင်းနှီးလာခဲ့သမျှဟာ မိန်းကလေးတွေ နဲ့ ပြောဆိုဆက်ဆံရေးအတွက်ကျ အထောက်အကူဖြစ်ခဲ့လှတယ် သားရဲ့။ အမှန်အတိုင်း ပြောရရင်ကွယ်၊ ယောက်ျားလေးချင်း ပြောဆိုဆက်ဆံ ရင်းနှီး မှုဟာ မိန်းကလေးတွေနဲ့ ဆက်ဆံရာမှာ အဟန့်အတားတစ်ခုလိုတောင် ဖြစ်နေတတ်သေးတယ်။

*လက်တွဲဖော်*



ယောက်ျားလေးချင်းဟာ အင်မတန်မှ 'စကား'ပြောခဲဆိုခဲလှပါတယ်။ စကားပြောတဲ့အလုပ်ထက် အစီရင်ခံတဲ့အလုပ်၊ သတင်းပေးတဲ့အလုပ်ကို သာ ယောက်ျားချင်းပိုလုပ်ဖြစ်တတ်ကြတယ်။ ရယ်စရာကိုဖြစ်ဖြစ်၊ ကြောက် စရာ၊ လန့်စရာကိုဖြစ်ဖြစ်၊ ထူးခြားမှုတစ်ခုခုကိုဖြစ်ဖြစ် ဖြစ်စဉ်အတိုင်း အစီရင်ခံတဲ့သဘော၊ သတင်းပေးတဲ့သဘောမျိုးနဲ့သာ ပြောတယ်။ ငါကြားခဲ့ တာတော့ ဒါ၊ ငါမြင်ခဲ့တာတော့ ဒါ၊ မင်းရော ဘာကြားလဲ၊ ဘာမြင်သလဲ ဆိုတဲ့အပြောမျိုးလို့ပဲ လွယ်လွယ်ဆိုကြပါစို့ရဲ့ကွာ။

ယောက်ျားလေးတွေ ပြောတဲ့ဆိုတဲ့အခါမှာ နားထောင်သူ ကိုယ့်ကို အထင်ကြီးလာအောင်လုပ်ဖို့က အဓိက ရည်ရွယ်ချက်ပဲ။ 'တယ်ဟုတ်ပါ လား၊' 'အဲလောက်တောင်ပဲလားကွ၊' 'မင်း သက်သက် ဖြီးနေတာပါကွာ' ဆိုတာမျိုးတွေနဲ့ နားထောင်သူတွေက အထင်တကြီး တုံ့ပြန်လိုက်ရင်ပဲ ယောက်ျားလေးတွေအဖို့ အကျေနပ်ကြီး ကျေနပ်နေတတ်တယ်။ ဒါပေမယ့် အဲသလိုစကားတွေထဲမှာ အနှစ်က တစ်စက်ကလေးမှမပါတော့ဘူး။ အပေါ် ယံလောက်ပြောတဲ့သဘောက သိပ်များနေတော့ ပြောမယ့်သာ ပြောနေတယ်၊ စကားအရာတောင် သိပ်မရောက်ချင်ဘူးသားရဲ့။

မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ချင်ပြီဆိုရင်တော့ ယောက်ျားလေး တွေခများမှာ ခွေးအကြီးလှည်းနင်းသလို ဖြစ်ဖြစ်ကုန်တတ်တာ သည်အချက် ကြောင့်ပဲ သားရဲ့။ ယောက်ျားလေးချင်း ပြောတုန်းဆိုတုန်းက အရာရောက်တဲ့ စကားတွေ၊ အနှစ်ပါတဲ့စကားတွေ ပြောလေ့ပြောထမရှိခဲ့လေတော့ အကျင့် က မပါ၊ အကျင့်က မပါတော့ မပြောတတ်၊ မပြောတတ်တော့ ယောက်ျား လေးချင်း ပြောသလိုပဲ တွေ့ကရာ ရှစ်သောင်းကို လူအထင်ကြီးအောင် လျှောက်ပြောတာမျိုးပဲလုပ်၊ မိန်းကလေးတွေက အဲဒါမျိုးကို လက်ခံလို့မရ။ အဲတော့ စကတည်းက ယဉ်သကိုဆိုသလို မိန်းကလေးနဲ့ရည်ငံဖြစ်ဖို့ နေနေ သာသာ ရင်းနှီးခင်မင်တဲ့အဆင့်တောင် မရောက်လိုက်တော့ဘဲ အီလည်လည် ဆက်ဆံရေးနဲ့ အဆုံးသတ်သွားတဲ့ ယောက်ျားပျိုတွေ အများကြီး ရှိတယ်

*လက်တွဲဖော်*

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သားရဲ့။

ကိုယ်ရေးကိုယ်တာတွေကို တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဆွေးနွေးပြောဆိုကျင့်၊ ရင်ဖွင့်ကျင့် မရှိတဲ့အတွက် အဲသလို ဖြစ်ရတာလို့ပဲ ပြောရမှာပေါ့ သားရာ။ ကိုယ့်ခံစားချက်တွေ၊ ကိုယ့်စိတ်အခြေအနေတွေကို လည်း ဖွင့်ဟပြောဆိုလေ့ မရှိခဲ့တော့ မိန်းကလေးတွေနဲ့ ဆက်ဆံတဲ့အခါ အများကြီးအခက်အခဲဖြစ်သွားတတ်တယ်။ ဒါတင်မကသေးဘူး၊ မိန်းကလေး တွေနဲ့ အလ္လာပသလ္လာပလောက်၊ ပဋိသန္ထာရလေးလောက်မှ အပေါက်တည့် အောင် မပြောတတ်တော့ဘူး ဖြစ်ကုန်နိုင်တယ်။ မပြောတတ်ဆိုကွာ၊ ယောက်ျားလေးချင်း စကားပြောတဲ့အခါမှာလည်း အဲလို'အလ္လာသလ္လာ'တွေ လည်း လုံးလုံး'မပ'၊ 'ပဋိသန္ထာ'တွေလည်း လုံးလုံးမှ 'မရ'ခဲ့ ဖူးခဲ့ တာကိုး။ ယောက်ျားချင်းတွေ့ရင် ကိုယ်ပြောချင်တဲ့အကြောင်းကိုသာ တုတ်ထိုး အိုး ပေါက်၊ ဒိုးဒိုးဒေါက်ဒေါက် ပြောနေကျဆိုတော့ အဲသလိုစကားမျိုးတွေနဲ့ ယောက်ျားပျိုတွေနဲ့က ဘုန်းကြီးနဲ့ ဘီးလို နီးကို မနီးစပ်တော့ဘူး ဖြစ်နေ တတ်တယ်။

မိန်းမချင်းဆက်ဆံရေးကျတော့ ယောက်ျားလေးတွေနဲ့ ဖြောင့်ဖြောင့်ကြီး ကို ဆန့်ကျင်ဘက်။ မိန်းကလေးချင်းတွေ့ရင် ယောက်ျားလေးတွေလို ဆော့ဖို့၊ ကစားဖို့၊ တစ်ခုခုလုပ်ဖို့ထက် အချင်းချင်း စကားပြောဖို့ကို အချိန် ပိုပေး တတ်စမြဲပဲ သားရဲ့။

အဲတော့ မိန်းကလေးတစ်ယောက်နဲ့နီးစပ်ချင်ရင် ပထမဆုံး အရေးကြီး တဲ့အချက်က တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ရေးလမ်းစလေး ပေါ် လာဖို့ပဲ။ အဲသလို ဆက်သွယ်ရေး လမ်းစပေါ်ဖို့အတွက် တစ်ယောက်နဲ့ တစ်ယောက် 'လေပေးဖြောင့်နေဖို့' လိုတယ် ငါ့သား။ လေပေးဖြောင့်တယ် ဆိုရာမှာ ကိုယ့်တစ်ဖက်တည်းက ပြောချင်တာကို စွတ်တင်နေတာမျိုး မဟုတ်ဘူးနော်။ ကိုယ့်အကြောင်းတွေကို တစ်ဖက်သား နားထောင်ချင်မှန်း မသိ၊ မထောင်ချင်မှန်း မသိဘဲနဲ့ နင်းကန် ဖိပြောတာ လေပေးဖြောင့်တာ

*လက်တွဲဖော်*



မဟုတ်ဘူး။ မိန်းကလေးတစ်ယောက်နဲ့ အဆင်ပြေဖို့ အကောင်းဆုံး ဖော် နည်းကား တစ်ရပ်ကတော့ကွာ၊ ကိုယ်ချည်း လျှာသိပ်ရှည်မနေဘဲ သူပြော သမျှစိတ်ရှည်လက်ရှည်နားထောင် ပေးနိုင်တဲ့ နားရွက်မျိုးရှိဖို့ ထိပ်ဆုံးက အရေးတကြီးလိုတယ် သားရဲ့။ ဒါကို ရွှေပဒေအနေနဲ့ သေချာ မှတ်ထား နော်။

အသက် ၂၀အရွယ် မိန်းကလေးတစ်ယောက်က ပြောဖူး တာလေးတစ်ခု သားကို ဖေဖေ ပြန်ပြောပြမယ်။

*"ကျွန်မကြိုက်တဲ့ယောက်ျားလေးမျိုးက ဦးနှောက်လည်းရှိပြီး အဲဒီဦးနှောက် ကိုလည်း ထုတ်သုံးရဲတဲ့ယောက်ျားမျိုးရှင့်။ တချို့တွေက ဦးနှောက်တော့ရှိပါရဲ့၊ ရဲရဲတော့ ချမသုံးတတ်ကြဘူး။ နောက်တစ်ချက်က ဘာအကြောင်းမဆို ပြော တတ်တဲ့ ယောက်ျားမျိုးကိုပဲ ကျွန်မ သဘောကျတယ်။ အားကစားအကြောင်း၊ ဘောလုံးအကြောင်းလောက်ပဲ အာပေါင်အာရင်းသန်သန် ပြောတတ်တဲ့ ယောက်ျားမျိုးက အမြင်ကပ်စရာကြီး။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူးရှင့်၊ လိုအပ်ရင် လိုအပ်သလို သူ့ပါးစပ်ကို ပိတ်ထားပြီး တစ်ဖက်သားပြောတာကို လေးလေးစားစား နားထောင်ပေးတတ်တဲ့ ယောက်ျားမျိုးလည်း ဖြစ်ဦးမှ. . ."*

တဲ့။

ကိုင်း. . . ဒါ ဖေဖေ လီဆယ်နေတာမဟုတ်ဘူးနော်။ ဖေဖေ ဖတ်မိတဲ့ စာတွေထဲက သေချာ မှတ်စုထုတ်ထားတဲ့ စကားတွေပဲ။

ဆန့်ကျင်ဘက်လိင်နဲ့ နီးစပ်ဖို့အတွက် တစ်ယောက်နဲ့တစ်ယောက် ပြော လို့ ဆိုလို့ရတဲ့အနေအထား၊ စကားပေါက်တဲ့အနေအထားမျိုးကိုရဖို့က အဓိက သော့ချက်ပဲဆိုတာ သားကို ဖေဖေ အထပ်ထပ်မှာနေတယ်နော်။ သည်လို ဆိုလိုက်လို့ သားအနေနဲ့ မိန်းကလေးတွေနဲ့ချည်း စကားပြောကျင့်ရမယ်လို့ ဆိုလိုတာမဟုတ်ဘူး။ ကျားကျားမမ၊ ဘယ်သူနဲ့မဆို တစ်ဖက်သား စိတ် ဝင်စားအောင် ပြောတတ်ဖို့ရယ်၊ တစ်ဖက်က ပြန်ပြောရင်လည်း စိတ်ရှည် လက်ရှည် တလေးတစားနားထောင်တတ်ဖို့ရယ်၊ တစ်ဖက်သားရဲ့ခံစားချက်၊

*လက်တွဲဖော်*

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အတွေ့အကြုံ၊ အတွေးအမြင်တွေနဲ့တိုက်ဆိုင်လာရင်လည်း ထုတ်ပြော ဝန်ခံတာမျိုးတွေရယ်ကို ပြောဆိုလေ့ကျင့်ထားခြင်းအားဖြင့် သားရဲ့ စကားပြောစွမ်းရည်ကို တက်နေ၊ ထက်နေအောင် လေ့ကျင့်ဖို့ ပြောတာပါ သားရယ်။

## ၅၊ မိန်းကလေးတွေနဲ့ တွေ့နိုင်တဲ့ နေရာ

ဆယ်ကျော်သက်အရွယ်မှာ ရည်းစားသန်ဖြစ်လာတာတွေက သာမန် တွေ့ရိုးတွေ့စဉ် တွေ့နေကျ၊ မြင်နေကျ၊ စက္ခုရူပေန သံဝါသရာကနေ စတာပဲ များတယ်ကွ။ ခင်မင်ရင်းစွဲ ရှိပြီးသား ယောကျ်ားလေး၊ မိန်းကလေးတွေကြားမှာ သမီးရည်းစား ဖြစ်ကုန်တယ်လို့ဆိုလိုတာပါကွာ။ ကျောင်းမှာဖြစ်စေ၊ ကျူရှင်မှာ ဖြစ်စေ၊ အရပ်ထဲမှာဖြစ်စေ တစ်ယောက်နဲ့တစ်ယောက် တွေ့မြင် နီးစပ် ပတ်သက်မိရာက သံယောဇဉ်တွယ်သွားတတ်တာလည်း အမှန်ပဲ သားရေ။

ဟိုးအဝေးကြီးကနေ နဖူးစာရွာလည်ပြီး ချစ်ကျွမ်းဝင်တယ်ဆိုတာမျိုးဟာ အင်မတန်စိတ်ကူးယဉ်လို့ ကောင်းလှတာ မှန်ပေမယ့် လူအတော်များများရဲ့ ဘဝမှာ ရွာနားက မြက်ကိုပဲစားဖြစ်ကုန်တဲ့ ရွာနွားတွေ ဖြစ်ကုန်ရတာချည်းပါပဲ။ မိန်းကလေးတွေနဲ့ တွေ့နိုင်တဲ့နေရာဆိုတာ တကယ်တော့ သတ်သတ်မရှိတတ်ဘူး သားရဲ့။ ရန်ကုန်၊ မန္တလေးလို လူနေသိပ်သည်းတဲ့ မြို့တွေမှာတောင် လူစည်ကားရာ ဗိုလ်ချုပ်ဈေးလို၊ ဈေးချိုလိုနေရာမျိုးမှာ အမှတ်မထင်ဆုံတဲ့ သူစိမ်းယောကျ်ားလေးနဲ့ မိန်းကလေးတို့ သမီးရည်းစား ဖြစ်သွားတာမျိုးဟာ အင်မတန်ဖြစ်ခဲလှတယ်။ လူအများစုဟာ ကိုယ်နဲ့နီးစပ်တဲ့အထဲက မိန်းကလေးတွေနဲ့ ရည်ငံသွားကြတာသာများတယ်။ အောင်သွယ်နဲ့ ညားတယ်ဆိုတဲ့သာဓကကလည်း တကယ်တော့ သည်သဘောပဲ သားရေ။ တကယ့်သမီးရည်းစားချင်းနဲ့ထက် အောင်သွယ်နဲ့က ပိုနီးစပ်နေတော့ ပိုသဘောပေါက်လွယ်၊ နားလည်လွယ်သွားပြီး အဆင်လည်း ပြေလွယ်လို့ ဖြစ်ကုန်တာပါ။





အဲတော့ ချစ်သူရှာတဲ့အခါ မိုးမဆုံးမြေမဆုံးလိုက်ရှာနေလို့ အလကားပဲလို့ တစ်ထစ်ချပြောချင်တယ်ကွာ။ ငယ်တဲ့အရွယ်မှာ ကိုယ့်အနီးပတ်ဝန်းကျင်က၊ ကိုယ်နဲ့ နီးစပ်ခင်မင်ရာထဲကပဲ ရည်ငံသွားနိုင်တာကို သား သတိထားမိစေချင်တယ်။

ကိုယ်တွေ့ကို ပြောရရင် ဖေဖေငယ်ငယ်ကလည်း ချစ်သူကို တစ်ရပ်တစ်ကျေးက စိတ်ကူးယဉ်ကြည့်ခဲ့ဖူးတယ်။ ဒါပေမယ့် လက်တွေ့မှာ ကိုယ်နဲ့ အနေနီးစပ်သူတွေသာ ဖေဖေ့ချစ်သူဘဝ ရောက်လာခဲ့တာ တောက်လျှောက်ပဲ သားရဲ့။ အစိမ်းသက်သက်ထဲက ချစ်သူတွေရော မပါဘူးလားဆိုတော့ ပါပါတယ်။ ဒါပေမယ့် အဲဒါက တော်တော့်ကို အသက်ရတော့မှ တွေ့ရတဲ့သူတွေပါ။ အသက်ကြီးလာတဲ့အခါ (ဆယ်ကျော်သက်အရွယ်ကို ကောင်းကောင်းကြီး ကျော်ဖြတ်ပြီးသွားတဲ့အခါ) နည်းနည်း ပါးရည်နပ်ရည် ရှိလာတယ်။ မိန်းကလေးတစ်ယောက်ကိုမျက်စိကျတာနဲ့ အတင်းဝင်၊ အတင်းကပ်၊ အတင်းရည်းစားစကားပြောတဲ့နည်းဟာ မအောင်မြင်နိုင်ဘူးဆိုတာကိုလည်း အသက်အရွယ်၊ အတွေ့အကံ့အရ သဘောပေါက်နေတော့ မျက်စိကျသွားရင်တောင် ရင်းနှီးမှုရလာနိုင်တဲ့ နည်းလမ်းကို စိတ်ရှည်လက်ရှည် ရှာပြီးမှ ချစ်သူအဆင့်ကို ဖြည်းဖြည်းချင်း ပြောင်းယူတတ်လာခဲ့တော့တာပဲ သားရဲ့။

အေး. . . ဆယ်ကျော်သက်ဘဝတုန်းကတော့ ဘာကိုမဆို ကမူးရှူးထိုးနဲ့ မြင်မြင်ချင်း ကြိုက်၊ ကြိုက်တာနဲ့လိုက်ပြော၊ မစွံတာကများ၊ စွံတယ်ဆိုရင်တောင်မှ အဲဒါက ရေရှည်မခံပါဘူး သားရယ်။

အနေနီးစပ်မှုရဲ့ အကောင်းဆုံး ဥပမာကိုပေးရရင်တော့ ဖေဖေ့ သူငယ်ချင်း တစ်ယောက်ရဲ့ အဖြစ်ပါ။ သူ့နာမည် 'ဇော်ဇော်'လို့ပဲဆိုပါစို့ရဲ့။ ဇော်ဇော်က ဇောတွေ အင်မတန်များတဲ့ကောင်။ ကျောင်းသားဘဝမှာလည်း သူက ပိုက်ဆံရှာဖို့ စဉ်းစားတယ်၊ ဂစ်တာကလည်း တီးချင်သေးတယ်၊ ရည်းစားကလည်း ထားချင်သေးတယ်။ အဲတော့ သူ့ခမျာ မအားရှာဘူး။ သူ့ထက် နှစ်နှစ်ပဲငယ်တဲ့ သူ့နှမအပျိုပေါက်၁၆နှစ်၊ ၁၇နှစ်ကို ကျောင်းကြို၊



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျောင်းပို့ ကျူရှင်အကြိုအပို့လုပ်ဖို့အတွက် သူ့အိမ်က သူ့ကို တာဝန်ပေးထားပေမယ့် သူ မအားတော့ တခြားရွယ်တူသူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ကျော်ကျော့်ကို အမြဲတမ်း အကူအညီ တောင်းတတ်တယ်။

တစ်နှစ်လောက်လည်းနေရော ကျော်ကျော်က သူ့နှမကို ခိုးပြေးပါရောလား။ ဖော်ဖော်လည်း အဲတော့မှ ဒေါသူပုန်တွေ ထ၊ သူငယ်ချင်းအပေါ် သစ္စာမရှိဘူး၊ ဘာဘူးတွေအော်၊ သူ့နှမကိုလည်း သတ်မယ်ဖြတ်မယ်တွေ ဖြစ်ပြီး ဓားကြိမ်းတောင်ကြိမ်းလို့၊ နောက်ဆုံးတော့လည်း သူ့နှမလင်မယားက သူ့မိဘအိမ်ပေါ် ရောက်လာတော့တာပါပဲ။ ဒါလည်း ကိုရွှေဖော်ဖော်တို့က မလျှော့ဘူး၊ နှမကိုရော၊ သူငယ်ချင်းကိုပါ စကားမပြောဘဲနေတာ လေး-ငါး-ဆယ်ဝနှစ်။ အမှန်က သူ့အပြစ်။ အရွယ်ရောက်စ ဆယ်ကျော်သက်တွေကို သူပဲ အိုးချင်း မထိထိအောင် ထားပေးခဲ့တာမဟုတ်လား သားရဲ။

ဒါ တကယ့်အဖြစ်အပျက်ပဲ သားရဲ့။ သည်အဖြစ်ကိုကြည့်ရင် ဆယ်ကျော်သက်ဘဝမှာ အနေနီးမှုကသာ ချစ်သူတွေဘဝကို ကူးဖို့ အင်မတန် လွယ်တယ်ဆိုတာ သား သဘောပေါက်ရောပေါ့။

## ၆၊ ပထမဆုံး ချိန်းတွေ့ရင် ဘယ်သွားကြရင် ကောင်းမလဲ

ချစ်သူစုံတွဲရယ်လို့ဖြစ်လာတဲ့အခါ ဘယ်နေရာသွားရင် ကောင်းမလဲ ဆိုတာဟာ အင်မတန်ကို ခေါင်းခြောက်အောင် စဉ်းစားရတဲ့ပြဿနာပဲ သားရေ။ အကောင်းဆုံးကတော့ နှစ်ယောက်စလုံးအာရုံစိုက်လို့ရတဲ့အပြင် နှစ်ယောက်အတူရှိနေနိုင်တဲ့ နေရာမျိုးပဲ သားရဲ့။

အဲတော့ကွာ၊ ကိုယ်နဲ့သိပ်မရင်းနှီးသေးတဲ့ ချစ်သူအသစ်စက်စက်နဲ့ သွားချင်သပဆိုရင် ရုပ်ရှင်က အကောင်းဆုံးပဲပေ့ါ။ ဘာလို့လဲဆိုတော့ နှစ်ယောက်အတူ နှစ်နာရီ၊ သုံးနာရီလောက် နေနိုင်တယ်။ အဲသလို နေနေစဉ်အတွင်းမှာလည်း စကားတွေ ဖောင်နေအောင် ပြောနေဖို့ မလိုဘူး။





ပြီးတော့ ရုံထဲကထွက်လာတာနဲ့ ကြည့်လာခဲ့တဲ့ရုပ်ရှင်အကြောင်းကို ပြောပါလေ့။ အဲဒီမှာတင် နှစ်ယောက်သား ပြောစရာ စကားစ ရသွားနိုင်တယ်။ ဘယ်လောက် နိပ်သလဲကွ။ ဒါတင်မကသေးဘူး၊ ရုပ်ရှင်ကို ဂွကြနေရရ ထိုင်ကြည့်နေသည့်တိုင် နှစ်ယောက်အတူ ရှိနေနိုင်သေးတယ်၊ အနည်းဆုံး လက်ချင်း ဆုပ်ထားခြင်းအားဖြင့် ရင်းနှီးမှုကို ထူထောင်နိုင်သေးတယ်။ ဟုတ်တယ်နော်။

ဂီတဖျော်ဖြေပွဲတွေ၊ ဘောလုံးပွဲတွေ၊ တခြားအားကစားပြိုင်ပွဲတွေ သွားရင်ရော မကောင်းဘူးလားလို့ မေးစရာရှိတယ်။ နှစ်ယောက်စလုံး စိတ်တူသဘောတူရှိရင်တော့ ကောင်းပါတယ်သားရယ်။ မိန်းကလေးက ယောကျ်ားလေးကို အလိုလိုက်လို့ဖြစ်ဖြစ်၊ ယောကျ်ားလေးက မိန်းကလေး အလိုလိုက်လို့ဖြစ်ဖြစ် အဲသလိုပွဲမျိုးတွေကို လိုက်ရတာဆိုရင်တော့ စိတ်မဝင်စားသူတစ်ဖက်သားမှာ အလကားနေရင်း စိတ်ညစ်နေပြီး မသာယာနိုင်တော့တာမျိုးမို့ နှစ်ယောက် စိတ်တူသဘောတူ ရှိနိုင်လောက်တဲ့ ရုပ်ရှင်ကို ရွေးချယ်တာမျိုးကသာ ပိုလို့စိတ်ချရတယ် သားရေ။

တစ်ခုခု သွားစားတာမျိုးကလည်း ပထမဆုံး ချိန်းတွေ့တဲ့ အချိန်မှာ သိပ်မနိုပ်တတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ပြီး နေရတာတော့မှန်တယ်၊ ဒါပေမယ့် အခုမှ ပထမဆုံးချိန်းတာဆိုတော့ ဘာကို ဘယ်ကစပြီး ပြောရမှန်း မသိအောင် စကားလုံးတွေ ပျောက်နေနိုင်တာမျိုးမို့ အဲဒါလည်း မနိုပ်ဘူးလို့ ပြောရတာပါ။

ငွေကုန်ကြေးကျတွေခံပြီး လက်မှတ်တစ်စောင်ကို သုံး၊ လေးထောင်ပေးရတဲ့ ခေတ်ပေါ်စင်မြင့်ဂီတဖျော်ဖြေပွဲတွေ သွားမှ ပထမဆုံးချိန်းတွေ့တာက အဆင်ပြေမှာမဟုတ်ပါဘူး။ ဘတ်(စ်)ကားမှတ်တိုင်မှာ မိုးရွာထဲ ထီးလေးတစ်ချောင်း နှစ်ယောက်တည်း ဆောင်းပြီး မတ်တတ်ရပ်နေရင်းပဲဖြစ်ဖြစ်၊ ပိုက်ဆံမပေးရတဲ့ ဘောလုံးပွဲတစ်ပွဲကို ပွဲကြည့်စင်ပေါ်ကနေ ထိုင်ကြည့်နေရင်းနဲ့ဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာ၊ နွေးနွေးထွေးထွေး၊



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ဖေးဖေးမမ၊ လိုက်လိုက်လှဲလှဲ အဖော်လုပ်လို့ ရနိုင်နေသမျှ သမီးရည်းစား ဖြစ်ခါစ ချစ်သူစုံတွဲများအတွက် ဟန်ကျတယ်ဆိုတာလည်း ငါ့သားလေး မှတ်သားလိုက်ပေဦးတော့ကွာ။

## ပိုက်ဆံ ဘယ်သူရှင်းရင် ကောင်းမလဲ

ချစ်သူနဲ့အတူ ဆိုင်တစ်ဆိုင်ထဲ ဝင်ထိုင်ပြီးတဲ့နောက် ပြဿနာတက်တာက ဘယ်သူ ပိုက်ဆံ ရှင်းသင့်သလဲဆိုတာပဲ သားရေ့။ ရည်းစားဖြစ်ခါစမှာ ပိုက်ဆံပြဿနာက အတော့်ကို ဆိုးဆိုးရွားရွား တက်တတ်သကွ။ အကောင်းဆုံးကတော့ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းပြောတာပဲလို့ သားကို သေချာမှာထားချင်တယ်။ ကိုယ့်မှာကျသင့်သလောက်ကို ရှင်းဖို့ ပိုက်ဆံ ပါမလာဘူးဆိုရင် အစောကြီးကတည်းက ပွင့်ပွင့်လင်းလင်း ဖွင့်ပြောထားတာ အကောင်းဆုံးပဲ သား။ ပိုက်ဆံရှင်းခါနီးအချိန်အထိ မစောင့်ပါနဲ့၊ စောစောစီးစီးသာ ပြောချလိုက်။ ဘာမှ အားမနာနဲ့။ အဲသလိုသာဆိုရင် သားကောင်မလေးက သားကို အထင်မသေးတဲ့အပြင် သားရဲ့ ရိုးသားပွင့်လင်းမှုကြောင့် ပိုတောင် သဘောကျသွားဦးမှာလို့ နားလည်နော်။

ခုခေတ်မှာ ယောက်ျားလေးတွေကချည်း အစအဆုံး အကုန်ခံရမယ်လို့ တွေးတဲ့မိန်းကလေးတွေ နည်းသွားပြီ သားရဲ့။ အလားတူပဲ၊ မိန်းကလေးတွေက ပိုက်ဆံရှင်းမှာကို လိုလားတဲ့ ယောက်ျားလေးဆိုတာကလည်း တော်တော့်ကို နည်းမှာပါ။ တစ်ဖက်ကလည်း မိန်းကလေးက တစ်ခါတလေ ရှင်းချင်နေတဲ့အခါ တစ်လှည့်တလေအလှည့်ပေးလိုက်တဲ့အတွက် ယောက်ျားသိက္ခာနဲ့ ယောက်ျားမာနတွေလည်း နည်းနည်းမှ ပွန်းပဲ့မသွားပါဘူး သားရယ်။ အကြိမ်တိုင်း သူချည်းရှင်းတာ၊ ကိုယ်ချည်း ရှင်းရတာမျိုးဆိုရင်တော့ သိပ်မကောင်းဘူးပေ့ါ။ တစ်ယောက်ယောက်က သက်သက်မဲ့ အကြောကြီးနဲ့ 'ပိုင်း'နေရာ ရောက်သွားနိုင်တယ်လေ။

အဲတော့ ပိုက်ဆံဘယ်သူရှင်းမလဲဆိုတဲ့ကိစ္စကို လှေနံဓားထစ် တစ်ထစ်

လက်တွဲဖော်



ချတော့ အပြောရခက်သကွ။ အကောင်းဆုံးကတော့ သားရယ်၊ ချစ်သူ ရည်းစားပေမယ့် သူငယ်ချင်းမိတ်ဆွေတွေလိုပဲ သူတစ်လှည့်၊ ကိုယ်တစ်လှည့် ရှင်းသွားမယ်ဆိုရင် ရေရှည်ဆက်ဆံရေးမှာ အဆင်ပြေနိုင်တယ်လို့ ဖေဖေ သားကို အကြံပေးလိုက်ချင်တယ်။

## စဉ်းစားဆဲအဆင့်

မိန်းကလေးတစ်ယောက်က ကိုယ့်ကို လက်ခံသင့်/လက်မခံသင့် စဉ်းစားဦးမယ်ဆိုတဲ့အဆင့်တစ်ဆင့်က ရှိတတ်သေးတယ် သားရဲ့။ အဲသလိုအဆင့်မှာ ကိုယ်နဲ့ ချိန်းတွေ့ချင် ချိန်းတွေ့မယ်၊ တစ်နေရာရာကို လိုက်ပို့ခိုင်းကောင်းခိုင်းမယ်၊ ဒါမှမဟုတ် စားသောက်ဆိုင် အတူတူထိုင်ရင်လည်း ထိုင်မယ်။ အဲသလိုမို့ ကိုယ့်ဘက်တော့ သူပါလာပြီလို့ မတွေးသင့်ပြန်ဘူး။ မိန်းကလေးတို့ရဲ့ 'စဉ်းစားဦးမယ်'ဆိုတာဟာ တကယ် စဉ်းစားနေတာမျိုး အများကြီး ဖြစ်နိုင်တာကို မမေ့သင့်ဘူးသား။

ကိုယ်ဟာ ဘယ်လိုလူစားလဲ၊ ကိုယ်နဲ့သူနဲ့အဆင်ပြေနိုင်ပံ့မလား စတာများကို ချိန်ဆဖို့အတွက် ကိုယ်နဲ့ တရင်းတနှီး ဆက်ဆံနေတာ၊ ရောနေတာကို တခြားဘက်က အပိုင်တွက်မိရင် ငါးပါးမှောက်ကုန်တတ်တယ် သား။ ဒါကိုလည်း သားလေး ကောင်းကောင်း သတိထားစေချင်တယ်။

## ၇။ ချစ်သူများရဲ့ အနက်အဓိပ္ပာယ် အစစ်

ချစ်သူတွေ ဖြစ်ကြပြီဆိုတာဟာ တစ်ယောက်နဲ့တစ်ယောက် နမ်းကြ၊ ရှုပ်ကြ၊ တဲကြ၊ သည်းကြတာမျိုးနဲ့ ပြီးပြည့်စုံသွားတာမျိုးမဟုတ်ဘူး။ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ယုံကြည်မှု၊ တွယ်တာမှုနဲ့ လေးစားမှုရှိတဲ့ ဆက်ဆံရေးကိုမှ သူချစ်ကိုယ်ချစ် ချစ်တဲ့သူများအဖြစ် သတ်မှတ်နိုင်တာမျိုးပါ။ ရင်းနှီးမှု၊ ဂရုစိုက်မှု၊ နားလည်မှုနဲ့ ဖြောင့်မတ်ပွင့်လင်းတဲ့ ဆက်ဆံရေးဟာ တစ်စထက်တစ်စ ထွန်းကားနေတယ်ဆိုမှ ချစ်သူအရာ မြောက်တာ

လက်တွဲဖော်

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သားရဲ့။

နောက်တစ်ချက်က ချစ်သူတွေဖြစ်တယ်ဆိုတဲ့အခါ 'ပိုင်ဆိုင်သူ'ဘဝကို မရောက်သေးဘူးဆိုတာကိုလည်း သတိထားဖို့ လိုတယ်။ သမီးရည်းစားဖြစ်ပြီဆိုတာနဲ့ တစ်ယောက်နဲ့တစ်ယောက် ဥပဒေအရ တရားဝင်စည်းနှောင်ထားတဲ့သဘောမျိုး မရှိဘူးနော်။ သည်နှစ်ယောက်ကို သမီးရည်းစားတွေပါလို့ တစ်ကမ္ဘာလုံးက အသိအမှတ်-ပထားဦးတောင် အဲဒါ ဘာမှ တရားမဝင်ဘူး။ အလကားပဲ။ အရေးကြီးတာက တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုဆက်ဆံတယ်၊ တစ်ယောက်ကိုတစ်ယောက် ဖေးမမှုနဲ့ ပျော်ရွှင်မှုတွေကို အပြန်အလှန် ဘယ်လောက် ပေးနိုင်တယ်ဆိုတာကသာ အခရာပါ သား။ အတူနေရတာလေးကို ပျော်နေရင်၊ တစ်ယောက်ကိုတစ်ယောက် အဖော်လုပ်နိုင်ရင် ချစ်သူတို့ဘဝရဲ့ အနှစ်သာရ ပြီးပြည့်စုံတယ်လို့ ဆိုနိုင်တယ်ကွ။ ချစ်သူများရဲ့အနက်အဓိပ္ပာယ်အစစ်ကလည်း အဲဒါပဲ သားရဲ့။

## ၈၊ ချစ်မိပြီဆိုမှဖြင့်

ယောက်ျားလေးတွေများ တစ်ယောက်ယောက်ကို ချစ်မိပြီဆိုရင်ဖြင့် ရင်ထဲမှာ မထွေးနိုင်မအန်နိုင်နဲ့ အင်မတန်ကို ပြင်းထန်တဲ့ခံစားချက်ဖြစ်နေတတ်တယ် သားရဲ့။ အဲဒါ သားတို့ ဖေဖေတို့ ယောက်ျားတွေရဲ့ မဟာအားနည်းချက်ပဲ။

အတော်များများမှာတော့ ပျော်ရွှင်ကြည်နူးမှု ပီတိသောမနဿကို ရင်နဲ့ မဆန့်အောင်ခံစားတတ်ကြရတယ်။ တချို့ကျပြန်တော့လည်း အဲဒီ ခံစားချက်ကို သိပ်ဘဝင်မကျဘူး။ စာကျက် ပျက်တယ်၊ စိတ်ကို ရှုပ်ထွေးနောက်ကျိစေတယ်လို့ မြင်တတ်ကြတယ်။

သေချာတာကတော့ အချစ်ကို ခံစားနေတာနဲ့ အချစ်အကြောင်း ပြောတာနဲ့က ဘာမှမဆိုင်ပါဘူး။ ယောက်ျား ကြီး၊ ငယ် အတော်များများဟာ အချစ်ကို ခံစားတတ်သည့်တိုင် အဲဒီခံစားချက်ဟာ ဘယ်လိုမျိုးပါလို့ ကျကျနန ဖွင့်ဆိုရှင်းပြနိုင်စွမ်း မရှိကြဘူးကွ။ အချစ်ဆိုတာ ဘယ်ကဲ့သို့၊ ဘယ်





ချမ်းသာလို့ စာရေးဆရာတွေ၊ သီချင်းရေးဆရာတွေ၊ ဇာတ်ဆရာတွေက လမ်းကြောင်းပြီး ပြောသမျှကိုသာ သံယောင်လိုက်ပြီး ပြောဖြစ်ကြနေတာ ကပိုများတယ်။ သားလည်းတွေ့နေမှာပေ့ါ၊ အချစ်ဂျာနယ်မှာ ဟိုလူကဖြင့် အချစ်ဆိုတာ သည်လို၊ သည်လူကဖြင့် အချစ်ဆိုတာ ဟိုလိုဆိုပြီး ရေးရေးထားတာလေးတွေလေ။ မင့်အဖေတောင် အဲဒီထဲမှာ ပါခဲ့သေးတာပဲ။ ဒါပေမယ့် ဖေဖေကတော့ ရှင်းရှင်းပဲ၊ ယောက်ျားနဲ့ မိန်းမတို့ကြားက အချစ်ကို သိပ်မယုံကြည်လှဘူးလို့ ပြောခဲ့ပါတယ်။

တကယ်တော့လည်း သားရယ်၊ အချစ်ဆိုတာ အနက်ဖွင့်ဖို့မလွယ်လှတဲ့ အရာတစ်ခုပါပဲ။ ဖေဖေ ဖတ်ဖူးသမျှ အချစ်နဲ့ပတ်သက်တဲ့ ဖွင့်ဆိုချက်တွေထဲက အကြိုက်ဆုံးဖွင့်ဆိုချက်ကိုပဲ သားကို ပြန်ပြောပြချင်တယ်။ အဲဒါကတော့ အချစ်ဆိုတာ တစ္ဆေသရဲနဲ့ အတူတူပဲတဲ့။ လူတိုင်းက လျှောက်သာ ပြောနေကြတာ၊ ဘယ်သူမှ သေချာမြင်ဖူးတာလည်းမဟုတ်ဘူး၊ အထင်လေးတွေနဲ့ ရမ်းသမ်း၊ မှန်းဆ ပြောနေတာကို အချစ်လို့ ခေါ်တာပဲတဲ့ သားရဲ့။ အဲဒါမှာ သွေးထွက်အောင် မှန်တဲ့ ဖွင့်ဆိုချက်ကွ။

## ၉။ ရည်းစားနဲ့ ကွဲချိန်
## သူက ကိုယ့်ကို ဖြတ်တဲ့အခါ

ဆယ်ကျော်သက်ဘဝမှာ အထိခိုက်အနာကျင်ရဆုံး အချိန်ကတော့ ရည်းစားက ကိုယ့်ကို ဖြတ်သွားတဲ့အချိန်၊ ဒါမှမဟုတ် ကိုယ် သိပ်ကြိုက်နေတဲ့ မိန်းကလေးက ကိုယ့်ကို ငြင်းပယ်လိုက်ချိန်ပဲ သားရေ။

တစ်ဖက်က ငြင်းလိုက်မှာ စိုးတာနဲ့ပဲ တစ်ယောက်နဲ့ တစ်ယောက် နီးစပ်ဖို့အတွက် စကားလေးတောင် မစရဲတဲ့အဖြစ်တွေကလည်း ရှိပြန်သကွ။ အဲတော့ ကိုယ်နဲ့ နည်းနည်းပါးပါးလေးပေးဖြောင့်စပြနေတဲ့အချိန်မှာ တစ်ဖက် မိန်းကလေးက ကိုယ့်ကို အတိအလင်းငြင်းလိုက်ပြီဆိုရင် ခံစားချက်ကဘိုးဘိုးအောင်တန်ခိုးနဲ့ နှစ်ဆတိုးပြီး အရှိန်ပြင်းပြင်းနဲ့ နာကျင် ထိခိုက်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရတော့တာပဲပေါ့။ သည်နေရာမှာလည်း အငြင်းခံရတာကို သားအနေနဲ့ ရင်ဆိုင်ရဲဖို့လိုတယ်။ ဆယ်ကျော်သက်ဘဝမှာတင် မဟုတ်ပါဘူး သားရယ်၊ အသက်တွေကြီးလာတဲ့အခါမှာလည်း တစ်ချိန်မဟုတ်တစ်ချိန်တော့ အငြင်းခံ၊ အပယ်ခံရမယ့်အရေးတွေက အများကြီး ရှိနေသေးတာမို့ ကိုယ်စိတ်ဝင်စားနေသူ၊ ကိုယ်ချစ်နေသူ မိန်းကလေးက ငြင်းလိုက်တဲ့အခါကတည်းက ရဲရဲရင်ဆိုင်တဲ့အကျင့်ကို ရထားလိုက်ရင် ဘဝအတွက် အများကြီး အကျိုးရှိပါတယ် သား။

တစ်ဖက်ကလည်း ယောကျ်ားလေးတွေအတွက် အဲသလို အဖြတ်ခံရတဲ့အခါ၊ အငြင်းခံရတဲ့အခါ တော်တော့်ကို မနိုင်ရင်ကာ ခံစားရတတ်တယ်။ ဘယ်လို ဖြေရမှန်းမသိအောင်ကို ခံစားရတာမျိုးပါ။ မိန်းကလေးတစ်ယောက်က ကိုယ့်ကိုဖြတ်လိုက်ပြီ၊ ငြင်းလိုက်ပြီဆိုတာနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကလည်း အလိုလို လျော့ကျသွားတော့တာကိုး။ ကိုယ် အင်မတန် လိုချင်မက်မောသူကိုမရလိုက်ခြင်းဟာ ကိုယ်အသုံးမကျလို့ပဲ၊ ဒါမှမဟုတ် ကိုယ့်မှာ တစ်ခုခု ချို့ယွင်းနေလို့ပဲလို့သာ တွေးဖြစ်နေမှာလည်း ဓမ္မတာပဲ သားရဲ့။

အဖြတ်ခံ၊ အငြင်းခံရတဲ့အခါ နာကျင်ခံစားမှုကို ဖြေဖျောက်နိုင်ဖို့ အလွယ်တကူ လုပ်နိုင်တာကတော့ ငိုချလိုက်တာပဲကွ။ စိတ်ထဲမှာ ကသိကအောက်ဖြစ်ရတာအတွက် အော်ဟစ်ညည်းညူလိုက်လို့လည်း ရပါတယ်။ ဒါပေမယ့် အဲလို ငိုညည်းဖို့အတွက်ကျပြန်တော့ ကိုယ်ငိုတာ၊ ညည်းတာကို လက်ခံပေး၊ နားလည်ပေးမယ့် သူငယ်ချင်းအပေါင်းအသင်းက လိုပြန်တယ်။ သည်နေရာမှာပြဿနာတက်တော့တာပါပဲ။ သူငယ်ချင်းဆိုတာတွေကလည်း အဲဒါမျိုးဆို မျှဝေခံစားပေးဖို့၊ စာနာပေးနိုင်ဖို့ အင်မတန်ခဲယဉ်းတယ်။ မိန်းကလေးတစ်ယောက်ကြောင့် မျက်ရည်ထွက်ရကောင်းလား၊ ငိုရ ညည်းရကောင်းလားဆိုပြီး ဝိုင်းအပြစ်တင်ရှုံ့ချမယ့် သူငယ်ချင်းတွေက အများသားဆိုတော့ ခံစားရသူ၊ အသည်းကွဲရသူခမျာမှာ ဖွင့်ချဖို့ခက်နေတတ်စမြဲပါပဲ။ အဲတော့လည်း တစ်ယောက်တည်း ကြိတ်မှိတ်ခံစားရတော့တာပေါ့။





တကယ်လို့များ သားမှာ အဲသလို ခံစားလာရတဲ့အချိန်မှာ ဖေဖေနဲ့ မေမေဟာ သားရဲ့ အချစ်ဆုံးသူငယ်ချင်းတွေအဖြစ် ရပ်တည်ပေးမယ်ဆိုတာ သား ယုံပါ။ သား ခံစားချက်တွေ ဖွင့် အန်ထုတ်ဖို့ သားငိုချင်ရင် ငိုဖို့ ညည်းချင်ရင် ညည်းဖို့ နားဆင်ပေး၊ နားလည်ပေးနိုင်တဲ့ ဖေဖေနဲ့ မေမေတို့ ရှိတယ်ဆိုတာ သား မမေ့ပါနဲ့။

ဖေဖေ ၁၆နှစ်ကျော်ကျော်တုန်းက ဖေဖေကဖြင့် ကိုယ့်အဖေနဲ့ ပြဿနာအဖြစ်ခံပြီး အိမ်ကဆင်းရတဲ့အထိ ချစ်ခဲ့ရတဲ့အချစ်ကြီးက ဖေဖေ့ကို ဖြတ်ချလိုက်တဲ့အခါ လူးလိမ့်နေအောင် ခံစားခဲ့ရဖူးတယ်ကွ။ မစားနိုင်၊ မအိပ်နိုင်၊ တမှိုင်တွေတွေ၊ တခွေခွေနွမ်းနွမ်း၊ တတမ်းတတနဲ့ မျက်ရည်ကလည်း ဖြိုင်ဖြိုင်ကျမိဖူးတယ်။ အဲဒါကို ဖေဖေ သွားခိုနေတဲ့အိမ်က သူငယ်ချင်းက ဖေဖေ့နေ့စဉ်မှတ်တမ်းမှာ 'အောင်သိန်းကျော် - မင်း သိပ် အသည်းနုတဲ့ကောင်'လို့ ရေးထားခဲ့တာ ယနေ့ထက်တိုင် ရှိနေပါသေးတယ် သား။ ဖေဖေပြောချင်တာက သားရယ်၊ လူမြင်သူမြင် မျက်ရည်ကျတာကို သူငယ်ချင်းတွေက လက်မခံနိုင်ဘူးဆိုတဲ့ အချက်ကိုပဲကွ။

အဲတော့ကွာ ကိုယ်ယုံတဲ့သူ၊ ကိုယ်စိတ်ချတဲ့သူ၊ ကိုယ့်ကို မလှောင်မယ့်သူတစ်ယောက်ယောက်ကို ရှာဖွေပြီး ရင်ဖွင့်သင့်တယ်။ ဆရာသမားထဲကဖြစ်ဖြစ်၊ မိဘကိုဖြစ်ဖြစ်၊ အစ်ကိုတွေ၊ အစ်မတွေ၊ ဦးလေးတွေ၊ အဒေါ်တွေလို သားချင်းတစ်ယောက်ယောက်ကိုဖြစ်ဖြစ် ရင်ဖွင့်လိုက်ခြင်းက အဲဒီအချိန်မှာ ခံစားနေရတဲ့ဝေဒနာကို ပေါ့ပါးသွားစေနိုင်တယ်။

ဖေဖေ ထပ်မှာမယ်နော်။ တခြားရင်ဖွင့်စရာလူ သားမှာ မရှိဘူးဆိုရင် ဖေဖေ့ဆီမှာ ရင်ဖွင့်နိုင်တဲ့အကြောင်းပေါ့။ သားတင်မဟုတ်ပါဘူးကွာ၊ သားသူငယ်ချင်းတွေထဲကပါ၊ ဖေဖေနဲ့ သိသိ၊ မသိသိ၊ ရင်ဖွင့်ချင်ရင် အချိန်မရွေး လာလို့ ရတယ်ဆိုတာ ပြောသာထားကွာ။

ရင်ဖွင့်တဲ့အခါ ကိုယ့်ရင်ထဲမှာ ခံစားရသမျှကို အိပ်သွန်ဖာမှောက် မခြွင်းမချန် အသေးစိတ်ပြောပြနော်။ နားထောင်ပေးသူအနေနဲ့ သားရဲ့အခြေ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အနေ ကောင်းလာအောင် ဖန်တီးပေးနိုင်မှာမဟုတ်ပေမယ့်၊ သားကို ဖြတ်လိုက်သူ၊ ဒါမှမဟုတ် ငြင်းလိုက်သူနဲ့ ပြန်အဆင်ပြေအောင် စီမံပေးနိုင်မှာမဟုတ်ပေမယ့် အဲသလို အိပ်သွန်ဖာမှောက် ဖွင့်ဟတာဟာ သားရင်ထဲက ခံစားချက်တွေ အားလုံးကို သားဘာသာ ဖြောင့်ချက်ပေးလိုက်ရာရောက်တယ် သားရဲ့။ အဲသလို ဖြောင့်ချက်ပေးလိုက်ပြီဆိုတာနဲ့ သားရင်ထဲက ဝေဒနာကလည်း တဖြည်းဖြည်းချင်း သက်သာသွားတော့မှာပါ။

အဲသလို မဟုတ်ဘဲ ကြိတ်မှိတ်မျိုသိပ် ခံစားနေမယ်ဆိုရင်တော့ အင်မတန် အန္တရာယ်ကြီးတယ်ပေါ့။ ကြိတ်ခံစားရင်းနဲ့ မိန်းကလေးတွေ အားလုံးကို သိမ်းကျုံး မုန်းတဲ့စိတ်မျိုး ဖြစ်ချင်ဖြစ်သွားနိုင်သလို ကိုယ့်ကိုယ်ကိုယ်ရင်လည်း အငြင်းခံရလေခြင်း၊ အသုံးမကျလေခြင်းလို့ တနုံ့နုံ့တွေးနေမိရင်းက သိမ်ငယ်ပြီး စိတ်ဓာတ်ကျသွားတာမျိုးလည်း ဖြစ်လာနိုင်တာမို့ အင်မတန် အန္တရာယ်ကြီးတယ်လို့ ပြောရတာပဲ သားရဲ့။

အငြင်းခံရတယ်၊ အဖြတ်ခံရတယ်ဆိုတာဟာ တကယ်တော့ ကိုယ့်ရဲ့ အဖော်မွန်ကို ရွေးချယ်ရာလမ်းကြောင်းမှာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုပဲဆိုတာ သားနားလည်ထားဖို့ လိုတယ်။ ဖေဖေ ပြောနေကျစကားအတိုင်း ပြောရရင်တော့ကွာ၊ ဘဝမှာ ဆိုင်တစ်ဆိုင်တည်းဝင်စားဖူးပြီး အဲဒီဆိုင်ကိုပဲ အကောင်းမှတ်၊ အဲဒီဆိုင်မှာပဲ တစ်သက်စာ စွဲစွဲမြဲမြဲဝင်စားတဲ့သူမျိုး ဖြစ်သွားလိမ့်မယ်ကွ။ လူဆိုတာ ဆိုင်ပေါက်စေ့ဝင်စားပြီးကာမှ ဘယ်ဆိုင်က ခံတွင်း အလိုက်ဆုံးလဲ၊ ဘယ်ဆိုင်က ဈေးအသင့်ဆုံးလဲ၊ ဘယ်ဆိုင်က ဆက်ဆံရေးအပြေပြစ်ဆုံးလဲဆိုတာကို သတ်မှတ် ဆုံးဖြတ်နိုင်တာမျိုးပါ။ ချစ်သူကြင်ဖက် ရွေးချယ်ကြရာမှာလည်း တစ်ယောက်တည်းကိုသာ ချစ်ဖူးပြီး အဲဒီတစ်ယောက်တည်းနဲ့ပဲ ညားရတယ်ဆိုရင် ကျားကျား၊ မမ အင်မတန်လူဖြစ်ရှုံးတယ် သားရဲ့။ သားပဲ စဉ်းစားကြည့်လေ၊ နှစ်ပေါင်းများစွာ ပေါင်းသင်းလာတဲ့ သူငယ်ချင်း အရင်းအချာတွေထဲမှာတောင် သား ပိုခင်တဲ့သူ၊ သိပ်မခင်တဲ့သူ၊ ကိုယ်ပေါင်း စိတ်ခွာပေါင်းသူဆိုတာတွေ ရှိနေတတ်သေးတာ။ ခင်စရာကောင်းတယ်





ထင်ပြီး ပေါင်းရင်းနဲ့မှ ကိုယ်မကြိုက်တဲ့အမူအကျင့်တွေ တွေ့လာရလို့ သိပ်မပေါင်းဖြစ်တော့တာတွေလည်း ရှိနေသေးတဲ့ဟာ။ ချစ်သူရည်းစားဆိုတာလည်း လူမဟုတ်လို့ ဘာသားနဲ့ ထုထားတာမို့လဲကွာ။ ပေါင်းကြည့်တော့မှ မကြိုက်တာတွေလည်း နှစ်ဦးနှစ်ဖက်မှာ သူ့ဟာနဲ့သူ ရှိနေနိုင်တာပေါ့။ လူဆိုတာ သူဖြစ်ဖြစ်၊ ကိုယ်ဖြစ်ဖြစ် ကိုယ်နဲ့စရိုက်တူ၊ အကြိုက်တူ ရဖို့ အတွက် ရွေးချယ်ကြချင်ကြသူချည်းမို့ တစ်ဖက်မိန်းကလေးက ကိုယ့်ကို ငြင်းလိုက်၊ ဖြတ်လိုက်တာဟာ သူ့အတွက်ရော၊ ကိုယ့်အတွက်ပါ နောက်ထပ် ရွေးချယ်စရာ လမ်းစဖော်ပေးရာ ရောက်တယ်လို့သာ တွေးမိနိုင်၊ သတိရနိုင်မယ်ဆိုရင် သားအတွက် အများကြီး ခံသာနေမှာပဲပေါ့။

အဖြတ်ခံရတာ၊ အငြင်းခံရတာတစ်ခုတည်းကြောင့်တော့ သားဟာ အသုံးမကျတဲ့သူ၊ အပြစ်အနာအဆာတစ်ခုခုရှိနေသူလို့ မတွေးကောင်းဘူးနော်။ အဖြတ်ခံရတာ၊ အငြင်းခံရတာဟာ အမှန်တော့ သားနဲ့ တကယ်သင့်တော်တဲ့သူကို မတွေ့သေးဘူးဆိုတဲ့ သဘောသက်သက်သာပဲကွ။ ဖေဖေဆို ကိုယ်ချစ်တဲ့ မိန်းကလေးတွေက လှိမ့်ငြင်းသမျှ တစ်ယောက်ပြီး တစ်ယောက် ခံခဲ့ရဖူးတာပဲ။ တချို့ကျတော့လည်း ဖေဖေ့ကို ဖြတ်သွားကြ၊ တချို့ကျတော့လည်း ဖေဖေက ဖြတ်ချနဲ့၊ ၃၀ကျော်မှ သားတို့ မေမေနဲ့ တွေ့တာပါ။ တွေ့မယ့်တွေ့တော့လည်း ဖေဖေ့အတွက် တကယ့်ကို စိတ်လက် ချမ်းသာတဲ့အိမ်ထောင်ရေးဖြစ်နေတာ သားတို့ အမြင်ပဲလေ။ ဒါကို ပြောရတာက အငြင်းခံ၊ အဖြတ်ခံရတိုင်းသာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု လျော့စတမ်း၊ မိန်းမတွေကို မုန်းစတမ်းသာဆိုရင် ဖေဖေ လူဝတ်ကြောင်နဲ့ သည်အရွယ်ထိ ရှိနေတော့မှာ မဟုတ်ဘူးပေါ့ကွာ၊ အနည်းဆုံးတော့ ဖိုးသူတော်လောက် ဖြစ်သွားတော့မှာပေါ့။

လက်တွေ့ဘဝမှာတော့ မိန်းကလေးတွေကို ကိုယ်ခံစားရသမျှ ရိုးရိုးသားသားဖွင့်ပြောနေတဲ့ကြားက အဖြတ်ခံ၊ အငြင်းခံရတဲ့ယောကျာ်းလေးတွေဟာ ကြိတ်-မံခံစားတတ်တဲ့ယောကျာ်းလေးတွေထက်စာရင် ချစ်မှုရေးရာကို



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပိုပြီး လျင်လျင်မြန်မြန် သဘောပေါက်တတ်သလို ကိုယ့်ကိုယ်ကိုယ်လည်း ပိုပြီးနားလည်လွယ်တာကို တွေ့ရတယ်လို့ သုတေသနအများအပြားက ဆိုထားတယ် သားရေ။ တကယ်တော့ လူ့ဘဝမှာ ခံစားချက်တွေကို အတွေ့အကြုံတစ်ရပ်အနေနဲ့ ရင်ဆိုင်တတ်မှသာ အရာရာကို အောင်မြင်ကျော်လွှားနိုင်မယ်ဆိုတာကိုလည်း မမေ့အပ်ဘူး။

## ကိုယ်က သူ့ကို ဖြတ်တဲ့အခါ

မိန်းကလေးတစ်ယောက်နဲ့ သမီးရည်းစားဖြစ်ပြီ၊ ဒါမှမဟုတ်လည်း အဲဒီမိန်းကလေးကို ကိုယ့်စိတ်ဝင်စားမှုတွေ ပြပြီးပြီ၊ ဂရုတွေလည်း တော်တော်စိုက်ခဲ့ပြီးပြီ၊ ကိုယ့်အသည်းထဲမှာလည်း သူ့ကို တစ်နေရာပေးထားမှန်း သူသိအောင် လုပ်မိခဲ့ပြီဆိုရင်တော့ သူ့ခံစားချက်တွေကို အလေးအနက်ထည့်သွင်း စဉ်းစားပေးတတ်ဖို့ လိုလာတယ် သား။ ဒါကြောင့် အဲသလိုအခြေအနေမျိုးမှာ သားက သူ့ကိုဖြတ်လိုက်ချင်ရင်ဖြစ်ဖြစ်၊ ဒါမှမဟုတ် သူ့အပေါ် ထားရှိတဲ့ သားရဲ့ချစ်ခြင်းမေတ္တာက ကြီးမားလှသည့်တိုင် သားရဲ့ဘဝရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေကြောင့် သားရဲ့အချစ်ကို အရှိန်သပ်ချင်၊ လျှော့ချင်လာရင်ဖြစ်ဖြစ် သူ့မှာ သိပ်မခံစားရတဲ့နည်းမျိုးနဲ့ဖြစ်နေအောင် ကြိုးပမ်းသင့်တယ်လို့ ဖေဖေ မှာချင်ရပြန်သကွာ။

တစ်ဖက်သားရဲ့ခံစားချက်ကို အလေးအနက်ထားတတ်ဖို့ အကောင်းဆုံးနည်းကတော့ သူ့နေရာက ခဏလောက် ဝင်ခံစားကြည့်ပေးဖို့ပါပဲ။ တကယ်လို့သာ သားက သူ့ကို သစ်စိမ်းချိုးချိုးတာမဟုတ်ဘဲ သူက သားကို ချိုးတာမျိုးဆိုရင် သား ဘယ်လိုခံစားရမလဲဆိုတာ အရင်စဉ်းစားပါ။ ပြီးရင် သားသာ သူ့နေရာမှာဆိုရင် လက်ခံလောက်တဲ့အနေအထားမျိုးနဲ့ ဖြတ်ယူဖို့ပါပဲ။ ဆိုလိုတာကကွာ၊ သားကို သူကဖြတ်တဲ့အခါ ဘယ်လိုမျိုးသာ ဖြတ်လိုက်မယ်ဆိုရင် သားအတွက် အညင်သာဆုံး ဖြစ်လေမလဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်ပေါ့ကွာ။ အဲဒီနည်းအတိုင်း သားကလည်း သူ့ကို





ရိုးရိုးသားသားနဲ့ လေးလေးစားစား ပြောယူပြီး ဖြတ်လိုက်တာဟာ သစ်စိမ်းချိုး ချိုးတာထက် အပုံကြီး သာပါလိမ့်မယ်။

ဖေဖေ အမိက မှာချင်တာက ယောကျ်ားလေးတစ်ယောက်မှာ 'စာသုံးစာ' ရှိအပ်ကြောင်းပဲသား။ အဲဒီ 'စာသုံးစာ'ဆိုတာကတော့ 'မအေချင်းစာပါ၊ နှမချင်း စာပါ၊ သမီးချင်း စာပါ' ဆိုတာပဲ။ ကိုယ့်ထက် အသက်များစွာကြီးတဲ့ မိန်းမတွေကို ကိုယ့်အမေလို သဘောထားပြီး စာနာ လေးစားမယ်ဆိုရင် သား ဘယ်တော့မှ ရိုင်းရာကျတော့မှာ မဟုတ်ဘူး။ ကိုယ်နဲ့ ရွယ်တူ၊ အသက်ချင်း မတိမ်းမယိမ်း မိန်းမသားတွေကိုကျပြန်တော့ ကိုယ့် အစ်မ၊ ကိုယ့်နှမလို သဘောထားပြီး စာနာထောက်ထားမယ်ဆိုရင် သားဟာ ဘယ်တော့မှာ လူရမ်းကား ဖြစ်တော့မှာမဟုတ်ဘူး။ အေး. . . အဲသလိုပဲ၊ ကိုယ့်ထက် သိပ်ကို ငယ်နုတဲ့ မိန်းကလေးတွေကို သမီးချင်း စာတဲ့စိတ်မျိုးနဲ့ ဆက်ဆံတတ်မယ်ဆိုရင် သားဟာ 'လူကြီးလူကောင်းအစစ်' ဖြစ်နေမှာပဲကွ။

ဒါလေးကို တစ်သက်စာ သတိရပါ သားရယ်။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

အခန်း (၅)

# တစ်ကိုယ်ရေ အာသာဖြေခြင်း

## ၁၊ တစ်ကိုယ်ရေ အာသာဖြေတယ်ဆိုတာ ဘာလဲ

သည်ကိစ္စမျိုးကို သားလေး နားလည်အောင် အရပ်သုံးစကားနဲ့ တန်းခနဲ ချရေးလိုက်ချင်ပေမယ့် နားခံသာတဲ့စကားလုံးကို ရွေးရတာကိုက အလုပ်ကြီး တစ်ခု ဖြစ်နေသေးတယ်။ အမှန်မှာတော့ သားရယ်၊ တစ်ကိုယ်ရေ အာသာ ဖြေတယ်ဆိုတာ ငယ်ပါကို ကိုယ့်ဘာသာ လှုံ့ဆော်ပြီး သုက်ထွက်အောင် ဆောင်ရွက်တာကို ခေါ်တာပဲပေါ့။

အဲဒီ့တစ်ကိုယ်ရေအာသာဖြေတဲ့ကိစ္စဟာ ရှက်စရာလိုလို၊ ရွံစရာလိုလို၊ အကုသိုလ်အမှုလိုလို အကြောင်းတစ်ခုဖြစ်နေတတ်တယ် သားရဲ့။ ဒါပေမယ့် အမှန်အတိုင်းပြောရရင်တော့ကွာ၊ ဒါ လူတိုင်းလိုလို၊ အထူးသဖြင့် ယောကျ်ား တိုင်း လုပ်လေ့လုပ်ထရှိတဲ့ သဘာဝတစ်ရပ်ပါပဲ သား။

ပါးစပ်ပါ၊ ဝမ်းပိုက်ပါတဲ့အတွက် အစာစားတယ်၊ ရေသောက်တယ်၊ နှာခေါင်းပါတဲ့အတွက် နံစော်တဲ့အနံ့ကို မလိုလားဘဲ သင်းပျံ့တဲ့ ရနံ့ကို နှစ်ခြိုက်တယ်၊ နားရွက်ပါတော့ ဆူညံသံကိုမခံနိုင်တတ်ကြဘဲ ငြိမ့်ငြောင်းတဲ့ အသံလေးတွေကို မက်မောတယ်၊ မျက်စိပါတော့ အနိဋ္ဌာရုံကို မကြည့်ချင်ဘဲ ဣဋ္ဌာရုံကိုမှ ရှုမြင်ခံစားချင်တယ်။ ဒါတွေဟာ လူ့ခန္ဓာမှာ ရှိနေတဲ့ ဒွါရ အသီးသီးရဲ့မောင်းနှင်မှုကြောင့် ဖြစ်ပေါ်နေတာတွေပါပဲ။ အလားတူပဲ၊ ကျင်ကြီး၊ ကျင်ငယ်စွန့်တယ်ဆိုတာဟာလည်း ညစ်ပတ်သောအရာတွေလို့ အများက နားလည်လက်ခံထားကြပေမယ့် အသက်ရှင်နေတဲ့ လူမှန်သမျှ ရှောင်လွှဲလို့ မရဘဲ -ပရမြ လူ့ကိစ္စတွေပါပဲသား။ အေး. . . အဲသလိုပဲ တစ်ကိုယ်ရေ





အာသာဖြေတယ်ဆိုတာဟာလည်း လူမှန်သမျှ ရှောင်လွှဲလို့မရဘဲ -ပကြမြ လူ့ကိစ္စတစ်ခုပါပဲကွာ။

တစ်ခုတော့ ရှိသပေါ့။ ဘာလို့မှန်းတော့ မသိဘူးကွ။ အဲသလို တစ်ကိုယ်ရေအာသာဖြေပါတယ်လို့ ဝန်ခံရမှာကိုကျတော့ ယောကျ်ားတွေရော၊ မိန်းမတွေရော တွန့်နေ၊ ရွံ့နေ၊ ရှက်နေ၊ ကြောက်နေတတ်ကြတယ် သားရေ။

## ၂၊ ဘယ်လိုလုပ်ကြလဲ

ယောကျ်ားလေးတွေက တစ်ကိုယ်ရေအာသာဖြေတာကို လက်နဲ့ လုပ်လေ့ရှိကြတယ်သား။ တင်းနေတဲ့ငယ်ပါကို လက်နဲ့ညင်ညင်သာသာဆုပ်ပြီး လက်ကို အလျားလိုက် ရှေ့တိုး နောက်ငင်ပြုတဲ့နည်းပေါ့။ စခါစမှာတော့ ခပ်ဖြည်းဖြည်းပေမယ့် နောက်ပိုင်းမှာ တဖြည်းဖြည်းသွက်လာပြီး ဇာတ်သိမ်းနားကို ရောက်လုရောက်ခင်မှာတော့ အသွက်ဆုံးဖြစ်သွားတတ်သကွ။

## ၃၊ ဇာတ်သိမ်း

ယောကျ်ားလေးတစ်ယောက်ဟာ ရုပ်ပိုင်းဆိုင်ရာအရရော၊ လိင်မှုရေးရာအရပါ ရင့်ကျက်ဖွံ့ဖြိုးလာပြီဆိုတာနဲ့ ဇာတ်သိမ်းကို ရောက်သွားတဲ့အခါမှာ သုက်ရည်လို့ခေါ်တဲ့ ဖြူပျစ်ပျစ်အရည်ကို ထုတ်လွှတ်တယ် သားရဲ့။ သုက်ရည်ထဲမှာ သာမန်မျက်စိနဲ့ မမြင်ရဘဲ အဏုကြည့်မှန်ပြောင်းနဲ့ ကြည့်မှသာ မြင်ရနိုင်တဲ့သုက်ပိုးလေးတွေ ကုဋေချီပြီးပါဝင်တယ်။ သည်နေရာမှာ သား တစ်ခုသတိထားဖို့က သုက်ရည်ဟာ တစ်ခါတရံများမှာ ပျစ်နေတတ်ပေမယ့် တစ်ခါတလေကျတော့လည်း ကျဲချင်ကျဲနေတတ်တယ်ဆိုတဲ့ အချက်ကိုပဲ။ အဲဒါဟာလည်း တကယ်တော့ သဘာဝပဲ သားရဲ့။ ကျန်းမာသန့်စွမ်းမှု၊ ကြံ့ခိုင်မှုနဲ့ ဘာမှမစပ်ဆိုင်၊ မပတ်သက်တာမို့ အဲဒီ့အတွက် ဘာမှ စိုးရိမ်စရာ မရှိဘူးနော။

တစ်ဆက်တည်းမှာပဲ သုက်တွေ အများအပြား လွှတ်တဲ့အခါ ရှိမှာဖြစ်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သလို၊ နည်းတဲ့အခါလည်း နည်းဦးမှာပဲ။ ဒါကိုလည်း သားအနေနဲ့ စိုးရိမ်စရာ မရှိပါဘူးကွာ။ ဒါကိုလည်း လူ့သဘာဝလို့ပဲ သားလေး နားလည်ထားစေချင်တယ်။ သုက်ထွက်များခြင်း၊ နည်းခြင်းဟာ သုက်ရည်ရဲ့အရည်အသွေး၊ တစ်နည်းအားဖြင့် မျိုးပွားနိုင်မှုစွမ်းရည်နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ သုက်ပိုးတွေကို သာမန်မျက်စိနဲ့ မမြင်ရတဲ့အတွက် သုက်ရည်တစ်စက်ထဲမှာတင်ကို သုက်ပိုးတွေသန်းနဲ့ချီပြီး ရှိနေနိုင်တာမို့ သုက်ထွက် နည်းခြင်း၊ များခြင်းနဲ့ သားကောင်းဖခင် ဖြစ်နိုင်စွမ်းနဲ့သော်လည်းကောင်း၊ ကျန်းမာကြံ့ခိုင်မှုနဲ့သော်လည်းကောင်း ဘယ်လိုမှ မပတ်သက်ဘူးလို့ ဖေဖေက သားကို တိတိကျကျ မှာနေရတာပါပဲ။

မျိုးဆက်ပွား ကျန်းမာရေးသဘောအရ ပြောရရင်တော့ သားရယ်၊ အမျိုးသမီးတွေရဲ့သားအိမ်ကထွက်တဲ့ မမျိုးဥတစ်ဥနဲ့ သုက်ပိုး တစ်ကောင်တွေ့ရုံနဲ့တင် သားသမီး ရနိုင်တယ်ဆိုတာကိုလည်း သားလေး သိထားသင့်ပါတယ်။ ပြန်စဉ်းစားကြည့်နော်၊ ဖေဖေ စောစောက ပြောခဲ့ပြီးသား သုက်တစ်စက်မှာတင် သုက်ပိုးတွေ သန်းနဲ့ချီပြီးပါတယ်။ အဲဒီသန်းနဲ့ချီနေတဲ့အထဲကမှ တစ်ကောင်လေးဟာ မမျိုးဥထဲက သိန်းနဲ့ချီထွက်လာတဲ့ မမျိုးဥတွေထဲက ဥလေးတစ်ဥနဲ့ တွေ့ဆုံမိရုံနဲ့တင် အောင်မြင်တဲ့ သန္ဓေသားကို ဖြစ်ပွားစေနိုင်တယ်။

အဲတော့ ဖေဖေပြောခဲ့တဲ့အတိုင်း အပျစ်၊ အကြဲ၊ အနည်း၊ အများဟာ သားရဲ့ သားကောင်းဖခင်ဖြစ်သမှုအပေါ်မှာ ဘာဆိုတာမှ ဆက်စပ်ပတ်သက်မှု မရှိဘူးဆိုတာ သားလက်ခံနိုင်ပါလိမ့်မယ်။ ဘာကြောင့် ဒါကို သေချာပြောနေရသလဲဆိုတော့ သားတို့အရွယ်တွေက ကြားဖူးနားဝနဲ့၊ သူငယ်ချင်းတွေ ပြောသမျှနဲ့ ထင်မှတ်မှားပြီး အလကားနေရင်း စိတ်ဆင်းရဲနေတတ်ကြလို့ ပြောနေတာပါ။

သား သိသင့်တဲ့ လူ့သဘာဝအားလုံးကို အမှန်အတိုင်း၊ အရင်းအတိုင်း သိပြီး ဘာကိုမှ စိတ်သောကရောက်မနေရအောင် ဖေဖေက သားကို အခုလို





သည်ကိစ္စတွေပါ မခြွင်းမချန် ပွင့်ပွင့်ရှင်းရှင်း ပြောပြနေရတာပဲ သားရေ။

## ၄၊ တစ်ကိုယ်ရေ အာသာဖြေခြင်းကို စတင်တွေ့ရှိကြပုံ

ယောက်ျားလေးအတော်များများဟာ တစ်ကိုယ်ရေအာသာဖြေနည်းကို သူငယ်ချင်းတွေဆီကဖြစ်စေ၊ အစ်ကိုတွေဆီကဖြစ်စေ နည်းရလာကြတာလို့ စာအုပ်တစ်အုပ်ထဲမှာ ဖေဖေ ဖတ်ဖူးတယ် သား။ အဲလိုမှ မဟုတ်ရင်လည်း ကိုယ့်ဘာသာ အလိုလိုတတ်ကုန်ကြတာမျိုးလည်း ရှိသတဲ့။ တော်တော့်ကို စောသေး၊ ငယ်သေးတဲ့အရွယ်မှာတင် ငယ်ပါကို လက်နဲ့ ဆော့ကစားတဲ့အခါ တင်းမာလာတာကို တွေ့ရတော့ ၃-၄-၅နှစ်အရွယ် ကလေးငယ်လေးတွေတောင် တစ်ခါတလေ ဆော့ကြည့်တတ်ကြတာမျိုးပဲကွ။ အဲဒီကလေးပေါက်စနအရွယ်မှာတော့ တစ်ကိုယ်ရေအာသာဖြေတယ်တော့ ဘယ်ဟုတ်ပါ့မလဲကွာ။ သို့သော် အရွယ်လေးတစ်စတစ်စ ရလာတဲ့အခါ ကိုယ့်ဘာသာကိုယ် စမ်းသပ်ရင်းနဲ့ တွေ့သွားတာလို့ အဆိုရှိတယ် သားရဲ့။

ဖေဖေကတော့ ငါးတန်းလောက်မှာ ကျောင်းအိပ်ကျောင်းစား နေဖြစ်ရင်းကနေ ကျောင်းသားကြီးတွေဆီက အတုမြင် အတတ်သင်လာတာပါပဲ သား။ ဒါပေမယ့် အဲဒီအရွယ်က လူပျိုဖော်လေးမှ ဝင်ခါစလေး၊ ကလေးသာသာ ဆိုတော့ အတွေ့အကံသစ်မို့ စမ်းသပ်ကြည့်မိတာက လွဲရင် သိပ်ကြီးစွဲစွဲလန်းလန်း၊ သည်းသည်းမည်းမည်း မရှိခဲ့ဘူး။

တကယ်စွဲလန်း သည်းမည်းသွားတာက လူပျိုဖော်လုံးလုံးဝင်သွားပြီ ဖြစ်တဲ့ ၁၃-၄နှစ်လောက်ရောက်တဲ့အခါကျတော့မှ သားရဲ့။

## ၅၊ ဖက်စပ် အာသာဖြေခြင်း

ဆယ်ကျော်သက်အရွယ် စောစောပိုင်းကာလမှာ ယောက်ျားလေးချင်း အပြန်အလှန် အာသာဖြေပေးကြတတ်ကြပြန်သေးတယ် သား။ တကယ်တော့ ဒါဟာလည်း သိပ်အဆန်းတော့ မဟုတ်ပြန်ဘူး။ ဆိုလိုတာက သားရယ်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကိုယ့်လက်နဲ့ တစ်ဖက်သားကို ဇာတ်သိမ်းသွားစေတာမျိုးပေ့ါ။

ဒါကိုလည်း သဘာဝပဲလို့ နားလည်စေချင်ပါတယ်။ အဲသလို လုပ်မိတဲ့ အတွက် မှုမမှန်ဘူးလို့မအောက်မေ့ထိုက်သလို အဲသလို မလုပ်ဖူးလိုက်မိလို့ လည်း မိမိကိုယ်ကို လူထူးလူဆန်းလို့ မတွေးသင့်ဘူးသားရဲ့။ သည်ကိစ္စဟာ လိင်တူချင်းစုံမက်တတ်သူ မိန်းမလျာတွေ အချင်းချင်း လုပ်လေ့ရှိတာမျိုး ပေမယ့် ဆယ်ကျော်သက်အရွယ်ရောက်ခါစမှာ သည်လိုမျိုး လုပ်ခဲ့ဖူးတဲ့ ယောက်ျားလေးတွေ မိန်းမလျာဖြစ်ကုန်တယ်ဆိုတဲ့အထောက်အထားကတော့ ဆေးပညာနယ်ပယ်မှာရော၊ လူမှုစိတ်ပညာနယ်ပယ်မှာပါ လုံးလုံးလျားလျား မရှိပါဘူးကွယ်။

ဒါလည်းဖေဖေ့ကိုယ်တွေ့ပါပဲ။ ဖေဖေရှေ့မှာ ပြောခဲ့တဲ့အတိုင်း ကျောင်း အိပ်ကျောင်းစား ဘဝတုန်းက အဲလိုဖက်စပ်အာသာဖြေတဲ့အလုပ်ကို ဖေဖေ ကိုယ်တိုင်လုပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ဖေဖေ မိန်းမလျာဖြစ်မလာတာ သား အသိဆုံးပဲလေ။ အဲတော့ ဖေဖေ့ကိုယ်တွေ့နဲ့ နှိုင်းပြီး ပြောတာမို့ သည်ကိစ္စကို သားလေး စိတ်ချလက်ချ ယုံကြည်စေချင်တယ်။

ပြောချင်တာကကွာ၊ သားများ တကယ်လို့ အဲလို လုပ်မိတယ်ဆိုခဲ့ရင် ကိုယ့်ကိုယ်ကိုယ် ငါတော့ မိန်းမလျာစိတ်များ ပေါက်နေလို့လား၊ ဘာလား၊ ညာလားဆိုပြီး စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူးပေ့ါ။

တစ်ခုခုဆိုရင်ကွာ၊ ဟို့. . . စိုင်းထီးဆိုင်သီချင်းကိုသာ ဆိုလိုက် သားရဲ့။ ဘာတဲ့. . .

'သဘာဝဟာ သဘာဝပါ'လို့ပေ့ါ။

## ၆၊ မိန်းကလေးများနဲ့ တစ်ကိုယ်ရေအာသာဖြေခြင်း

ယောက်ျားလေးတွေချည်း မဟုတ်ဘူးသားရဲ့။ တချို့မိန်းကလေးတွေလည်း တစ်ကိုယ်ရေ အာသာဖြေတတ်ကြပါတယ်။ သူတို့ကျတော့ လက်ချောင်း ထိပ်ကို စိုစိုလေးဖြစ်နေအောင်လုပ်ပြီး ယောနိအဝရဲ့ ထိပ်ဘက်မှာရှိတဲ့





စတော်ပဲစေ့အသေးစားအရွယ် အကြောဆိုင် အစုအထုံးလေးကို ပွတ်သပ်တဲ့ နည်းနဲ့အာသာဖြေကြတာပါ။ သူတို့လည်း ပထမတော့ ဖြည်းဖြည်းမှန်မှန်၊ နောက်တော့ မြန်မြန်သွက်သွက်၊ ဇာတ်သိမ်းခါနီးကျတော့ အသွက်ဆုံးဖြစ် သွားတာပါပဲ။ တစ်ခါတလေတော့လည်း ယောနိထဲကို လက်ချောင်းလေး တွေ ထိုးသွင်းကြတာမျိုးလည်း ရှိသတဲ့ သားရဲ့။

ဒါပေမယ့် ဖေဖေတို့ခေတ် မိန်းကလေးတွေမှာတော့ အင်မတန် လုပ် ခဲတယ်လို့ ဆိုရမယ်။ အဲလိုဆိုတော့ သားက မေးချင်ပေလိမ့်မယ်။ 'ဖေဖေက ဘယ့်နှယ့်လုပ် သိလဲ'လို့။

ဖေဖေ့မှာ အဖြေရှိပါတယ် သားရယ်။ ဖေဖေဟာ သားသိတဲ့အတိုင်း လူစုံ၊ လူရှုပ်ဆိုတော့ မိန်းကလေးအတော်များများနဲ့ အတွင်းကျကျ ယဉ်ပါး ခဲ့ဖူးတာကိုး။ သည်အခါမှာ ချော့ချက် မေးမြန်းကြည့်ရာက သိရတာပဲ သားရဲ့။ ဒါပေမယ့် ခြွင်းချက်တော့ရှိတာပေ့ါကွယ်။ အရှက်တရားဆိုတဲ့ အရာက ဖုံးလွှမ်းထားတဲ့အပြင် သည်ကိစ္စကို အကုသိုလ်လိုလို ထင်နေကြတဲ့ အခါမှာ တော်ရုံတန်ရုံလူကတော့ ဘယ်အမှန်ပြောမလဲလေ။ လုပ်နေဦး တောင် တစ်ခါမှ မလုပ်ဖူးပါဘူးလို့ ဘူးကွယ်ချင်လည်း ကွယ်နေနိုင်တာပဲ သားရဲ့။

အဲ. . . ဒါပေမယ့် အခုကာလ မြို့နေမိန်းကလေးတွေထဲမှာတော့ ဗဟုသုတတော်တော်များတဲ့ မိန်းကလေးတွေဟာ ဒါကို စိတ်ရဲရဲနဲ့ လုပ်လာ ကြတာ တွေ့ရတယ်ကွ။ သားက မေးဦးမယ်။ ဖေဖေ ဘယ်လိုလုပ် သိလဲ လို့။ ဖေဖေ့အဖြေကတော့ တစ်သမတ်တည်းပါပဲကွာ။ တချို့ကိုဆိုလည်း သည်အတိုင်းပဲ၊ မေးစမ်းကြည့်တဲ့အခါမှာ လုပ်လေ့ရှိပါတယ်လို့ ပွင့်ပွင့် လင်းလင်း ဖြေတဲ့ မိန်းကလေးတွေအထိ ဖေဖေ အများကြီးတွေ့ဖူးပါတယ် သား။

ဒါပေမယ့် အနောက်နိုင်ငံတွေမှာ -ပလုပ်တဲ့ စစ်တမ်းတွေ၊ သုတေသန တွေအရ ပြောမယ်ဆိုရင်တော့ လိင်မှုရေးရာအရ မိန်းကလေးတွေဟာ ကိုယ်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခန္ဓာပိုင်းမှာ ယောက်ျားလေးတွေထက် ဖွံ့ဖြိုးမှုစောသည့်တိုင် တစ်ကိုယ်ရေ အာသာဖြေမှုကို လုပ်ဖြစ်တဲ့ ဆယ်ကျော်သက်မိန်းကလေးက ယောက်ျားလေး ထက်စာရင် နည်းတယ်ဆိုတာကို တွေ့ရတယ် သားရဲ့။ ဖေဖေတို့ အရှေ့တိုင်း မှာဆိုရင်တော့ ပိုတောင် နည်းသပေါ့။ ဒါပေမယ့် လုပ်ဖြစ်တယ်ဆိုရင်လည်း သူတို့တွေဟာ ယောက်ျားလေးတွေလိုပဲ သည်ကိစ္စနဲ့ပတ်သက်ပြီး စိတ်ကူး မျိုးစုံယဉ်တတ်ကြသလို စိတ်ကို နှိုးကြားစေတဲ့ ဓာတ်ပုံတွေ၊ စာအုပ်တွေကို လည်း သုံးတတ်ကြတယ်ကွ။

ဒါလည်း ဖေဖေကိုယ်တိုင် တွေ့ဖူးမြင်ဖူးတာများအပြင်၊ ဖွင့်ဟဝန်ခံ ပြောပြတဲ့ မိန်းကလေးတွေဆီက သိထားရတဲ့အချက်တွေပါပဲ။

ပြောချင်တာက သားရယ်၊ မိန်းကလေးတွေမှာလည်း သည်စိတ်တွေ ရှိတာဟာ ဖေဖေ ရှေ့မှာပြောခဲ့တဲ့အတိုင်း လူမှန်ရင် အစာစားသလို၊ ရေ သောက်သလို၊ အခင်းကြီး၊ ငယ် စွန့်သလို လူ့သဘာဝတစ်ရပ်ပဲဆိုတာပါ။ ဒါကြောင့် သားတို့အနေနဲ့လည်း ကိုယ့်မှာ သည်စိတ်မျိုးရှိနေတာကို အပြစ် မကင်းသလို၊ ရှက်စရာ ရွံ့စရာလို၊ အကုသိုလ်ကြီးတစ်ခုလို ခံစားမနေစေ ချင်ဘူး။ သဘာဝက ဖန်တီးထားတဲ့ကိစ္စပဲလို့ သားငယ်လေး နားလည်ပေး ပါကွာ။

## ၇။ ယုံတမ်းစကားတွေ

သည်ကိစ္စနဲ့ပတ်သက်လို့ ပြောရင်ပဲ အောက်တန်းကျသလိုလို၊ အပြစ်မကင်း ချင်သလိုလိုရှိနေရတဲ့အထဲမှာ တစ်ကိုယ်ရေ အာသာဖြေတာနဲ့ပတ်သက်လို့ ယုံတမ်းစကားတွေကလည်း အမြောက်အမြားပဲ သားရေ။ ဖေဖေ ပြောခဲ့သလို ပဲ၊ တကယ်တော့ ဒါဟာ ညစ်ပတ်၊ ဆိုးရွားတဲ့ကိစ္စမဟုတ်ပါဘူး။ ကိုယ့် ကိုယ်ကိုယ် လိင်မှုကိစ္စမှာ ဇာတ်သိမ်းကို ရရှိအောင် လုပ်ယူတဲ့ စိတ်ရော ကိုယ်ပါ ကျန်းမာသူ လူတစ်ယောက်ရဲ့ အ-ပအမှုသက်သက်ပါပဲ သားရာ။

တစ်ကိုယ်ရေ အာသာဖြေတဲ့အတွက် ရုပ်ပိုင်းဆိုင်ရာမှာ ဘာဆိုဘာမှ





မထိခိုက်မပျက်စီးပါဘူး။ မျက်စိလည်းမကွယ်ဘူး၊ နားလည်းမကန်းဘူး၊ ရူးလည်းမသွားဘူး၊ မျိုးမပွားနိုင်တဲ့သူလည်း ဖြစ်မသွားဘူး၊ ဝက်ခြံလည်း မပေါက်၊ မှည့်ခြောက်လည်း မထွက်ဘူး၊ မျက်စိလည်းမမှုန်ဘူး၊ အို့ . . . တစ်ကိုယ်ရေ အာသာဖြေရင်ဖြစ်လိမ့်မယ်လို့ ကြားဖူးနားဝရှိသမျှ တစ်ခုဆို တစ်ခုမှ မဖြစ်ဘူးဆိုတာ ရဲရဲကြီး ယုံလိုက်ပါ။

အဲလိုသာ ဖြစ်ကြစတမ်းဆိုရင် မင့်ဖေဖေ အခုလောက်ရှိ တစ်ခုခုဖြစ်နေ တာ ကြာလှပကော သားရယ်။

တစ်ကိုယ်ရေအာသာဖြေတာဟာ ချစ်တင်းနှောတာလိုပါပဲ၊ အာရုံခံစား မှု သက်သက်ပါပဲကွာ။ စိတ်ပိုင်းဆိုင်ရာမှုမှန်ပြီး ကျန်းမာသန်စွမ်းတဲ့လူ တစ်ယောက်အနေနဲ့ အာရုံခံစားတယ်ဆိုတာဟာ ကောင်းတဲ့အလုပ်ပါ။ မှုမှန် တဲ့သူမို့ လျှာအရသာကို ခံစားပြီး စားတတ်တယ်၊ သီချင်းနားထောင်တယ်၊ အမွှေးနံ့သာကို ကြိုက်တယ်၊ ရုပ်ရှင်၊ ဗွီဒီယိုကြည့်တယ်။ အဲသလိုပါပဲ။ တစ်ကိုယ်ရေအာသာဖြေတာ၊ ချစ်တင်းနှောတာဟာလည်း အာရုံခံစားတာပဲ လေ။

အေး. . . တစ်ခုပါပဲ၊ လိုသည်ထက်ပိုပြီး ခံစားနေတယ်ဆိုရင်တော့ စိတ်ပိုင်းဆိုင်ရာအရ ကိုယ့်ကိုယ်ကိုယ် အာရုံစိုက်မှု များလွန်းတဲ့သဘော၊ ကိုယ့်စိတ်ကိုယ် အလိုလိုက်လွန်းတဲ့သဘောကို ဆောင်သွားတယ်။ အကြမ်း ပြောရရင်တော့ကွာ တစ်ကိုယ်ရေအာသာဖြေတာကို မှန်မှန်လုပ်နေတယ် ဆိုရင်တော့ အဲဒါဟာ စိတ်ကိုထွက်ပေါက်ပေးနေတာလို့ သတ်မှတ်နိုင်ပြီး သိပ်လွန်ကဲရင်တော့ကိုယ့်စိတ်ကိုယ်အလိုလိုက်လွန်းရာကျတယ်၊ စိတ်မထိန်း နိုင်ရာကျတယ်လို့ သတ်မှတ်နိုင်တာပေါ့ကွယ်။

ဒါပေမယ့် ထပ်ပြောလိုက်မယ်၊ မှန်မှန်ပဲဖြစ်ဖြစ်၊ တစ်ခါတလေ သိပ် လွန်ကဲနေမိလို့ဖြစ်ဖြစ်၊ အဲဒါကိုတောင်တွေး၊ ကြောက်တွေးနဲ့ စိတ်မလေးစေ ချင်ဘူး။ သဘာဝဟာ သဘာဝပဲဖြစ်သလို ကိုယ့်အတွက် နည်းနည်းမှဥပါဒ် မဖြစ်နိုင်တာကို သားလေး စွဲစွဲမြဲမြဲ နားလည်ထားဖို့ လိုတယ်။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖေဖေငယ်ငယ်က အဲလို တစ်ကိုယ်ရေအာသာဖြေတာကို ဖေဖေ့ အဖေက သိသွားတော့ ဉာဏ်ထိုင်းသွားမယ်၊ လူစင်မမီဖြစ်သွားမယ်၊ ပန်းသေ သွားမယ်၊ ဘာညာတွေ စွတ်ပြောခဲ့သကွ။ အဖေ့စကားဆိုတော့လည်း ဖေဖေ့ မှာ ပုံပဲ ယုံရတော့မလိုလိုကြီးရယ်။ အာရုံကိုကျတော့လည်း ကိုယ်က ခံစား ချင်၊ ခံစားလိုက်ပြီးပြန်ရင်လည်း အဖေ့စကားတွေကြောင့် အခုပဲ လဲသေလိုက် ရတော့မလိုလိုနဲ့ နောင်တတွေရတဲ့အခါလည်း ရလို့ပဲပေ့ါ။ သေချာ ပြန် စဉ်းစားလိုက်တော့ အဖေတောင် အမေ့ကိုယူထားသေးတာ၊ သူလည်း ဉာဏ် မထိုင်း၊ လူစဉ်ကလည်း မီလိုက်တာမှ လေးလုံးခြောက်ဖက်၊ ပန်းလည်း မသေတာကို တွေ့မိသွားတယ်။ အဲသလို သေချာစဉ်းစားလေ၊ တောင်ပြော၊ မြောက်ပြော လျှောက်ပြောနေတဲ့အဖေ့ကို အယုံအကြည်က နည်းလေ ဖြစ်လာ တယ်သားရဲ့။

သားလေးလည်း ကြားဖူးနားဝ တောင်တောင်အီအီတွေကြောင့် ဖေဖေ့ လို အူလည်လည်နဲ့ သောက မများနေမှာစိုးလို့ ဖေဖေက ကျကျနန ပိုင်ပိုင် နိုင်နိုင်ပြောထားတယ်နော်။ တစ်ကိုယ်ရေ အာသာဖြေမိလို့ ဘာဆိုးကျိုးမှ မဖြစ်နိုင်ပါဘူးလို့။ အေး. . . တွေ့ကရာ မိန်းမနဲ့ လိင်ဆက်ဆံမိတာကမှ ရောဂါဆိုးတွေ ကူးစက်လာနိုင်ပါသေးတယ်၊ ကိုယ့်ဘာသာတစ်ယောက် တည်း အာသာဖြေတာက ဘာဆိုတာပြဿနာမှ မရှိတဲ့အတွက် အဲဒါကိုများ သား လုပ်မိနေခဲ့ရင် စိတ်ရှင်းရှင်းနဲ့ ဆက်သာလုပ်လို့ ခေတ်မီဖအေ တစ် ယောက်အနေနဲ့ အားပေးတိုက်တွန်းပါရစေ သား။

ခိုင်လုံအောင် ပြောရရင် သားရယ်။ စိတ်ရောကိုယ်ပါ ကျန်းမာနေသူမှ သာလျှင် အဲသလို အာရုံခံစားချင်စိတ်တွေ နိုးကြွနေတတ်တယ်။ ဆိုကြပါစို့ ကွာ၊ စာမေးပွဲနား သိပ်နီးနေလို့ စာကို တအားသည်းကြီးမည်းကြီး ကျက်နေ ရချိန်မှာ သားမှာ သည်စိတ်တွေ ဘယ်ရှိပုံ့မလဲ။ ဒါမှမဟုတ် အိပ်ချင်စိတ် တွေ သိပ်များနေတယ်ဆိုရင်လည်း ဘယ်ရှိမလဲလေ။

အေး. . . အလားတူပဲ မမာမကျန်းဖြစ်နေတဲ့သူမှာလည်း ကိုယ့်ဝေဒနာနဲ့





ကိုယ် သည်အာရုံတွေ ခမ်းခြောက်နေတာပဲ သားရဲ့။ ဒါကြောင့် သည်စိတ် တွေ၊ သည်အာရုံတွေ ရှိနေခြင်းဟာ ကိုယ်ရောစိတ်ပါ ကျန်းမာတဲ့သဘော၊ ကိုယ်ရောစိတ်ပါ နားနားနေနေရှိနေတဲ့သဘောဆိုတာ သိပ်ကို ထင်ရှားတဲ့ အချက်ပဲ သားရေ။

တစ်ဖက်ကလည်း တစ်ကိုယ်ရေ အာသာဖြေတတ်တဲ့ အမျိုးသမီးတွေ ဟာ ဇာတ်သိမ်းပုံကို မိမိဘာသာ စတင်တွေ့ရှိ သဘောပေါက်လာနိုင်တာမို့ နောင် အချိန်တန်အရွယ်ရောက်လို့ အိမ်ထောင်ကျတဲ့အခါ အိမ်ထောင်ရေး သုခကို တင်းပြည့်ကျပ်ပြည့်ခံစားရနိုင်တဲ့ အကျိုးကျေးဇူးကို ရရှိစေနိုင်တယ် လို့ ပညာရှင် အသီးသီးက တစ်သမတ်တည်း အတည်-ပထားတယ် သားရဲ့။ ဒါတင်မကသေးဘူး၊ သားတို့ ဖေဖေတို့လို ယောကျ်ားသားတွေအတွက်ကျ တော့လည်း တစ်ကိုယ်ရေအာသာဖြေရင်းက ဇာတ်သိမ်းခါနီးမှာ ဘယ်လို ဆိုင်းငံ့ထားနိုင်တယ်ဆိုတာကိုလည်း မိမိဘာသာ နားလည်တတ်ပွန်လာစေ နိုင်တာမို့ အိမ်ထောင်ရေးဘဝကို သာယာစေနိုင်တယ်လို့လည်း ဆိုကြပြန် တယ်။

ဒါတင်မကသေးဘဲ ယောကျ်ားလေးများအတွက် ချစ်တင်းမနှောခင် သုက်ထွက်စောတဲ့ပြဿနာကိုလည်း ကာကွယ်ပေးနိုင်တယ်လို့ ပညာရှင် တွေက ဆိုတယ်ကွဲ့။ (နောက်ပိုင်း အခန်း ၇ကျရင် သည်ကိစ္စနဲ့ပတ်သက်လို့ ဖေဖေ သေချာရှင်းပြပေးမယ်နော်။)

## ၈၊ တစ်ကိုယ်ရေအာသာဖြေခြင်းရဲ့ အသုံးဝင်ပုံ

တစ်ကိုယ်ရေအာသာဖြေတယ်ဆိုတာ အတ္တဆန်သင့်သလောက် ဆန်ပေမယ့် တစ်ဖက်ကလည်း အသုံးဝင်တယ်ကွ။ မှန်မှန်ကြီး တစ်ကိုယ်ရေအာသာဖြေ တဲ့အတွက် လူတစ်ယောက် (ကျား၊ မ မဟူ)ဟာ သူ့လိင်စိတ်ကို ဘယ်လို အခြေအနေမျိုးမှာ အကောင်းဆုံး နိုးဆွနိုင်တယ်ဆိုတာကို မိမိဘာသာ သဘောပေါက်နေနိုင်တယ်လေ။ တစ်ဆက်တည်းမှာပဲ ဇာတ်သိမ်းကို ဘယ်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နည်းနဲ့ ကျေကျေနပ်နပ်ကြီးရောက်နိုင်သလဲဆိုတာကိုလည်း ကိုယ့်ဘာသာ သိနေနိုင်တယ် သားရဲ့။

တချို့မိန်းမတွေဆိုရင် (အရှေ့တိုင်းမှာဆိုရင် မိန်းမအများစုဟာ) အိမ်ထောင်ရက်သားကျပြီး ကလေး တစ်ဒါဇင်လောက်သာ မွေးသွားခဲ့တယ်၊ သူတို့ဘဝမှာ ဇာတ်သိမ်းအရသာကို လုံးဝမခံစားခဲ့ရရှာဘူး။ ဘာမှန်းလည်း သိမသွားကြရှာဘူး။ အဲဒါဟာ ဘာလဲဆိုတတော့ တစ်ကိုယ်ရေ အာသာ မဖြေဖူးတဲ့ ရလာဒ်ပဲကွ။ တကယ်တော့ အဖိုနဲ့အမ ချစ်တင်းနှောခိုက်မှာ ယောနိထိပ်မှာရှိတဲ့ အကြောဆိုင်အထုံးလေးကို ထိခဲလှပါတယ်။ အဲဒီ့ အထုံးကို မထိမိရင် အမျိုးသမီးတွေအတွက် ဇာတ်သိမ်းနိုင်တဲ့လမ်းက လုံးလုံးမရှိဘူးကွ။ တစ်ကိုယ်ရေအာသာဖြေဖူးသူ အမျိုးသမီးသာဆိုရင်တော့ ကိုယ့်အတွက် ဘာလိုအပ်တယ်ဆိုတာ လင်သားလုပ်သူကို ပြောပြနိုင်၊ လမ်းပြပေးနိုင်တဲ့အတွက် အဲဒီ့ဘက်က ကြည့်မယ်ဆိုရင် တစ်ကိုယ်ရေအာသာဖြေခြင်းဟာ အသုံးဝင်တယ်လို့ ပြောရပေမပေါ့ကွာ။

ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် တစ်ကိုယ်ရေအာသာဖြေတာဟာ စိတ်ချမ်းသာမှုကို ရစေတယ်၊ ပြီးတော့လည်း သည်ကိစ္စနဲ့ပတ်သက်ပြီး စိတ်ထဲမှာ တင်းကြပ်နေတာတွေကို အလိုက်သင့်ဖြေလျှော့ပေးရာလည်း ရောက်တယ် သားရဲ့။ လူဆိုတာလည်း သတ္တဝါထဲမှာ ပါနေလေတော့ကာ တခြားသတ္တဝါများမှာလိုပဲ သည်စိတ်တွေနဲ့ အာသာဆန္ဒတွေက သဘာဝအရကို အလိုလို ရှိနေတာပါ။ ဒါကြောင့် လိင်ဆက်ဆံမှု မဖြစ်နိုင်သေးခင်၊ ဒါမှ မဟုတ် လိင်ဆက်ဆံဖို့မသင့်တော်သေးခင် သားတို့လို လူပျိုပေါက်အရွယ်မှာ တစ်ကိုယ်ရေအာသာဖြေဖျောက်လိုစိတ်တွေက အနည်းနဲ့အများတော့ ပေါ်နေ မှာပါပဲ။ အဲဒါကို တင်းခံမယ့်အစား ဖြေဖျောက်လိုက်တာဟာ စိတ်လက် ကြည်သာလာစေနိုင်တာမို့ ဘာကိုမှစိုးရိမ်မနေဘဲ သဘာဝလို့သာ နားလည် လက်ခံပြီး ရဲရဲကြီးဆောင်ရွက်ပါလို့ သားကို ဖေဖေ အထပ်ထပ် မှာပါရစေ နော်။



အခန်း (၆)

# ချစ်တင်းနှောတဲ့အဆင့် မတိုင်ခင်

## ၁။ ရမ္မက်အနမ်း

ရမ္မက်အနမ်းဆိုတာကတော့ နိုင်ငံခြားရုပ်ရှင်တွေထဲကလို အဖိုနဲ့အမတို့ နမ်းကြတဲ့ အနမ်းမျိုးကို ခေါ်တာပါ။

အဲသလို နမ်းလိုက်ပြီဆိုတာနဲ့ ဖိုက မကို နင့်ကိုဖြင့် ငါချစ်ချင်လှပြီလို့ အသံမထွက်ဘဲ ပြောသယောင် ထင်မှတ်မှားကုန်တတ်ကြပါတယ်။

အနောက်တိုင်းဓလေ့မှာတော့ မောင်နှမချင်း၊ သားအမိ၊ သားအဖချင်းလည်း နှုတ်ခမ်းချင်းထိနမ်းတဲ့အလေ့အထ ရှိပါတယ်။ ဒါပေမယ့် အဲသလိုအခါတွေမှာ အနမ်းက စတီသဘောဆန်တယ်။ အမှန်တော့ တစ်ယောက် နဲ့ တစ်ယောက် နှုတ်ခမ်းချင်းထိဖို့ဆိုတာ အတော့်ကို သဒ္ဒါကြည်ဖြူတဲ့ စိတ်မျိုးနဲ့မှ ဖြစ်နိုင်တာမျိုးကလား။

ကိုရီးယားလူမျိုးတွေရဲ့ ဓလေ့မှာဆိုရင် ကိုယ်သောက်ထားတဲ့အရက်ခွက်ကို ကိုယ်ချစ်ခင်သဒ္ဒါသူကို ကမ်းပေးလေ့ရှိတယ်။ အဲဒီ့ခွက်ကို ပေး



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လိုက်ခြင်းဟာ ကိုယ်က သူ့ကို မေတ္တာပေးတဲ့ သဘောပဲ။ အဲ့ဒီမေတ္တာကို တစ်ဖက်က လက်ခံလိုက်တဲ့အခါ အဲ့ဒီခွက်ထဲကို သူတို့ရဲ့ ယမကာကို ထည့်ပေးတယ်။ သည်အခါမှာ အဲ့ဒီယမကာဟာ သွေးကို ကိုယ်စား-ပသတဲ့။ သွေးသောက်သဘောမျိုး ဖြစ်သွားသတဲ့။

သူ့စလေ့နဲ့သူပေါ့ သားရယ်။

ဆွေမတော်မျိုးမစပ်တဲ့ ဆန့်ကျင်ဘက်လိင်ချင်း ရမ္မက်စိတ်ကလေးနဲ့ နှုတ်ခမ်းနဲ့ နမ်းကြတာဟာလည်း အမှန်တော့ သဒ္ဒါတဲ့စိတ်က အရင်းခံပါတယ်။

ဖေဖေတို့ အရှေ့တိုင်းသားတွေကလည်း အနောက်ကလာတဲ့ ဓာတ်ရှင်တွေကို ကြည့်လာခဲ့ကြတာ ရာစုတစ်စုနီးပါးရှိခဲ့ပြီမို့ အတုမြင် အတတ်သင် ဆိုသလို သည်ရမ္မက်အနမ်းကို နမ်းတတ်ကုန်ကြပါပြီ။ ဂျပန်ကားတွေ၊ ကိုရီးယားကားတွေ၊ တရုတ်ကားတွေထဲမှာလည်း မြင်နေကြရတာပဲဟာ။

ပြောရရင်တော့ ပထမအကြိမ် စမ်းသပ်ပြီး နမ်းတဲ့အခါ နှစ်ယောက်စလုံးအတွက် တော်တော်လေး မအီမသာနိုင်သကွ။ နေမထိ ထိုင်မထိလို့ ပြောရမှာပေါ့ သားရယ်။

ဖေဖေ့အတွေ့အကံအရပြောရရင်တော့ သည်လိုအနမ်းမျိုးဟာ တစ်မိသားနဲ့ တစ်မိသား ရင်းနှီးမှုအတိုင်းအတာကို တိုးပွားစေတဲ့သဘောက ပိုများပါတယ်။ သာမန်အားဖြင့် ကိုယ်မသတီသူကို ဘယ်သူမှ အဲလိုမနမ်းပါဘူး။ သမီးရည်းစားများကြားမှာ သည်လိုနမ်းတာဟာ တစ်ယောက်ကို တစ်ယောက် ဘယ်လောက်အထိ ကြည်ဖြူတယ်၊ သဒ္ဒါတယ်ဆိုတာကို ပြဆိုတဲ့သဘောပါပဲ။

ပထမအကြိမ်မှာတော့ အခက်အခဲရှိတာတ်တယ်နော်။ ပထမအကြိမ်ဆိုတာကတော့ကွာ၊ ကျောင်းပထမဆုံး စနေတာမှသည် ကားကို ပထမဆုံး စမောင်းတာမျိုးအထိ ဘယ်ပထမအကြိမ်မျိုးမဆို အခက်အခဲလေးတွေတော့ ရှိသပေါ့လေ။ ပြောရရင်တော့သားရယ်၊ ဖေဖေတို့ အရှေ့တိုင်းသူ၊ အရှက်





အကြောက်ကြီးတဲ့ မိန်းကလေးတွေဆိုရင် သည်အနမ်းမျိုးကို ရွံနေတတ်ကြတယ်။ သည်အခါ ကိုယ်က သင်ပေးသင့်သင်ပေးရသကွ။ ဟော့ကောင်လေး၊ ရယ်မနေနဲ့။ အဖေ အကောင်းပြောနေတာ။ ဖေဖေကတော့ သင်ပေးတာပဲကွ။

ဖေဖေကတော့ ဖေဖေ့ရည်းစားတွေကိုရော၊ သားတို့မေမေကိုပါ အကုန် လုံး ပွင့်ပွင့်လင်းလင်း သင်ပေးတယ်။ အထူးသဖြင့် မင့်မေမေကို ဒါတွေ သင်ကြားပြသပေးထားတာဟာ ဖေဖေတို့ရဲ့ အိမ်ထောင်ရေးသာယာမှုကို အပြည့်အဝဖြည့်ဆည်းပေးရာ ရောက်နေတယ်သားရဲ့။ သားတို့ အမြင်ပဲ လေ။ ဖေဖေတို့နှစ်ယောက်ဟာ သားတို့တွေ သည်အရွယ်ရောက်လာတဲ့အထိ တစ်ယောက်နဲ့တစ်ယောက် သမီးရည်းစားလို မဟောင်းမအိုတဲ့ အချစ်နဲ့ ချစ်နေနိုင်ကြတာဟာ အဲသလို ပွင့်လင်းမှုရဲ့ အကျိုးကျေးဇူးပဲလို့ ဖေဖေ ယုံသကွ။ ဟော့ကောင်. . . ငါ့အဖေတော့ ကြော်ငြာဝင်ထိုးနေပြန်ပြီလို့ တွေးနေတယ်မဟုတ်လား။ မင့်အတွက် စေတနာနဲ့ အိပ်သွန်ဖာမှောက်နေရတာပါကွာ။

ပြောလက်စကို ဆက်ပြောရရင် သမီးရည်စားဘဝမှာ နှစ်ယောက်စလုံးက ဘာအတွေ့အကံမှ ရှိမထားတာမျိုးမို့ သည်ကိစ္စက တော်တော်လေး မအီမလည်နိုင်နေတတ်တယ်သားရဲ့။ မအီမလည်နိုင်တယ်ဆိုတာဟာ နည်းလမ်းမကျဘူးလို့ ပြောတာမဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် စိမ်းနေလို့ မအီမလည်ဖြစ်ရတယ်။။

နည်းလမ်းဆိုလို့ ရမ္မက်နမ်းမှာ ဘယ်လို နမ်းရတယ်ဆိုတဲ့ ပုံသေနည်း မရှိဘူးနော်။ အဆင်ပြေသလိုသာ ကြည့်ကျက်လုပ်လို့သာ မှာရမှာပဲ သား။

တစ်ခုတော့ မှတ်ထား၊ ချစ်တင်းနှောခါနီး 'မြေစမ်းခရမ်းပျိုးကာလ' (foreplay) မှာတော့ သည်အနမ်းက အရေးကြီးတဲ့ကဏ္ဍကပါဝင်နေတယ်ဆိုတာကိုပဲ သားရဲ့။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## ၂၊ လူပျိုစစ်စစ်

လူပျိုစစ်တယ်ဆိုတာ ကိုယ်လုပ်ယူတဲ့ကိစ္စ မဟုတ်ဘူးနော်၊ ကိုယ် မလုပ်ဘဲ နေတဲ့ ကိစ္စပဲကွ။ တည့်တည့်ပြောရင်ကွာ၊ ဆန့်ကျင်ဘက်လိင်နဲ့ ကိုယ်လက်နှီးနှော မှုမဖြစ်အောင် ကင်းကင်းရှင်းရှင်းနေနိုင်သမျှ လူပျိုလေးတစ်ယောက်ဟာ လူပျို စစ်နေမှာပဲ။ ဟုတ်ပြီလား။

ဒါပေမယ့် ခေတ်ဆန်တဲ့ယောကျ်ားလေးအတော်များများဟာ လူပျိုလေးပေါက်လို့ အရွယ်လေးရောက်လာပြီဆိုတာနဲ့ သူတို့ကိုယ်သူတို့ လူပျိုစစ်စစ်ပါလို့ပြောရမှာ နည်းနည်းရှုံ့နေလေ့ရှိတတ်ကြတယ်။ အထူးသဖြင့် ၁၆နှစ်၊ ၁၇နှစ်မှာမှ လူပျိုစစ်နေသေးတယ်ဆိုရင် ရွယ်တူချင်းကြားမှာ ဂုဏ်ငယ်သလိုလို ခံစားရတတ်တာကလည်း ရောဂါတစ်မျိုးပဲ သားရဲ့။ ရွယ်တူတွေထဲမှာက ခပ်ပွေပွေ၊ ခပ်ရှုပ်ရှုပ်သမား ပါလာရင်ဖြစ်ဖြစ်၊ ဒါမှမဟုတ် ကြွားလုံး ဝါလုံးအပြည့်နဲ့ ဖြီးဖြန်းတတ်သူများပါလာရင်ဖြစ်ဖြစ် ပိုတောင်ဆိုးသေးတယ်။

တကယ်တော့ ဆယ်ကျော်သက်အရွယ်မှာ လူပျိုစစ်နေသေးတာဟာ ဖေဖေတို့ အရှေ့တိုင်းသားတွေအတွက်ကတော့ တကယ့်ဂုဏ်ယူစရာကြီးပါ သားရယ်။ တစ်ခါ၊ အဲဒီ့အရွယ်အထိ လူပျိုစစ်နေသေးတာ၊ ဆိုကြပါစို့၊ အသက်၂၀အထိကို လူပျိုစစ်သေးတာမို့ အဲဒီ့လူငယ်လေးမှာ လိင်စိတ်အားနည်းတယ်လို့ သတ်မှတ်လို့မရသလို လိင်ကိစ္စကို စိတ်မဝင်စားဘူးလို့လည်း ယတိပြတ်မပြောနိုင်ပါဘူးသားရယ်။ ဆန့်ကျင်ဘက်လိင်နဲ့ မရင်းနှီးဖူးသေးတာသက်သက်ပဲမို့ ဘာမှ သိမ်ငယ်စရာ၊ အားငယ်စရာမလိုဘူးကွ။

ဖေဖေ့ရဲ့လိင်စိတ်ဟာ သားကို ရှေ့ပိုင်းမှာပြောပြခဲ့သလိုပဲ၊ လူပျိုဖော်ဝင်ကတည်းက နိုးကြားလာခဲ့တာပါ။ ဒါပေမယ့် ဖေဖေဟာ ဆယ်ကျော်သက်အရွယ်မှာ လူပျိုစစ်နေခဲ့ပါတယ်။ ဖေဖေတို့ခေတ်ကလည်း လူပျိုစစ်နေသေးတဲ့အတွက် ဂုဏ်တက်ဆဲခေတ်၊ သည်ကိစ္စကို အခုလို ဖအေနဲ့သား ချပြဆွေးနွေးတဲ့ အလေ့အထမျိုးသိပ်မရှိသေးတဲ့ခေတ်ဆိုတော့လည်း ပြဿနာ





သိပ်မရှိခဲ့ဘူးပေါ့ သားရယ်။

## ပြီးပြီးရော လုပ်လိုက်မိတာ

အဲသလိုနဲ့ ဆယ်ကျော်သက်အရွယ်ယောကျ်ားလေးတွေဟာ အပေါင်းအသင်းတွေရဲ့ တိုက်တွန်းအားပေးမှုနဲ့ပဲ ကိုယ်နဲ့ စိတ်ရောကိုယ်ပါ ရင်းနှီးမှုမရှိလှတဲ့ သူစိမ်းမိန်းမတစ်ဦးဦးရဲ့ ရင်ခွင်မှာ လူပျိုဘဝကို စတေးမိသွားတတ်ကြတယ် သားရဲ့။ အဲသလိုသာဆိုရင်တော့ တော်တော့်ကို မကောင်းတာပဲကွ။

အမှန်အတိုင်းပြောရရင် ကိုယ်လက်နှီးနှောတာဟာလည်းပဲ သွေးသားနဲ့ ရမ္မက်ဆန္ဒတို့တင်ပါဝင်နေတာမျိုးမဟုတ်ဘဲ တခြားခံစားချက်တွေ၊ မြတ်နိုးတွယ်တာမှုတွေ၊ တန်ဖိုးထားလေးစားမှုတွေ ပါဝင်နေပါမှ ပြည့်စုံခံမင်ချင်စရာကောင်းတာ သားရေ။ အဲဒါတွေ မပါဘဲ သွေးသားသက်သက်အတွက်ဆိုရင်တော့ စိတ်ပျက်စရာကြီးပါ သားရာ။ သိပ်ကို တိရစ္ဆာန်ဆန်လှတယ်လို့ ပြောရမှာပေါ့ သားရေ။

တိရစ္ဆာန်ဆိုတဲ့ အနက်ကိုရော သားသိလား။ အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်းဆိုတဲ့ သွေးသားအလိုဆန္ဒ (ဝါ) ဣစ္ဆာ သုံးမျိုးသာရှိတာမို့ သူတို့က တြိ + ဣစ္ဆာ = တိရစ္ဆာန်ဖြစ်သွားတာပါ။ ဆိုလိုတာက တိရစ္ဆာန်မှာ ခံစားချက် မရှိဘူး၊ ဆင်ခြင်ဉာဏ် မရှိဘူးပေါ့။

အသက် ၁၈နှစ်ကျော်ကျော်မှာ ဖေဖေဟာ အဖမဲ့သားဘဝကို ရောက်သွားခဲ့တယ် သား။ သည်မှာတင် အဲဒီ့အရွယ်လေးနဲ့ ဖေဖေဟာ အငှားယာဉ်မောင်းတဲ့ကားသမားဘဝကို ရောက်သွားတော့တာပေါ့။ ၂၀လည်းကျော်ရော ကားသမားပီပီ အနေအထိုင်မဆင်ခြင်မိတော့ဘဲ ပြည့်တန်ဆာလို့ တစ်ခေတ်ကခေါ်ဆိုပြီး အခုအခါမှာတော့ စီးပွားရှာသူလိင်အလုပ်သမား(Commercial Sex Worker - CSW) လို့ ခေါ်ဆိုနေကြပြီဖြစ်တဲ့ မိန်းမတစ်ဦးရဲ့ ရင်ခွင်မှာ ဖေဖေ့ရဲ့ လူပျိုဘဝကို စတေးလိုက်မိပါရောလားကွာ။

ဟား. . . ပြီးတော့လား၊ ဖေဖေလေ တော်တော့်ကို စိတ်ညစ်နေမိတော့



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



တာပဲသားရေ။ အဓိကကတော့ မသတိတဲ့စိတ်ပဲပေ့။ သူနဲ့ပတ်သက်ခဲ့မိတဲ့အတွက် စိတ်ထဲမှာ ဖေဖေ့ကိုယ်ဖေဖေ အလွန်စက်ဆုပ်ရွံရှာသွားမိသလို မအီမလည်နဲ့ တော်တော့်ကို ခံစားလိုက်ရပါတယ်။ အဲတုန်းက အခုလို အေအိုင်ဒီအက်(စ်)ရောဂါဆိုတာ မပေါ်သေးဘူးနော်။ ဒါပေမယ့်လည်း ကိုယ့်မှာ တခြားတခြားသော လိင်မှုတစ်ဆင့် ကူးစက်ရောဂါတစ်မျိုးမျိုး ရလာမှာ စိုးနေတာနဲ့ပဲ ဆရာဝန်ဆီပြေး၊ ဆေးတွေ၊ ဘာတွေ ထိုးလိုက်မိရသေးတယ်သားရဲ့။

ကိုယ်ကတော့ စိတ်လှုပ်ရှားပြီး ပျော်စရာကောင်းမယ်ထင်လို့ လက်တည့်စမ်းလိုက်မိတာပါပဲ။ လက်တွေ့မှာတော့ တစ်စက်မှ ပျော်စရာမကောင်းတဲ့အပြင် နောင်တရချင်သလိုလို၊ စိတ်ပျက်စရာကောင်းသလိုလို၊ ကိုယ့်ကိုယ်ကိုယ် ရွံရှာစက်ဆုပ်မိသလိုလို ခံစားချက်တွေနဲ့ တော်တော့်ကို ဆိုးရွားလှသပေ့။

ဖေဖေဟာ အဲဒီ့တစ်ကြိမ်တည်းနဲ့ အဲသလိုအမျိုးသမီးတွေကို တော်တော့်ကို ဝေးဝေးက ရှောင်ဖြစ်ခဲ့တော့တာပါပဲ။ ဒါပေမယ့် သားသိတဲ့အတိုင်း ဖေဖေဟာ အသက်၃၁နှစ်မှ အိမ်ထောင်ရက်သားကျတာမို့ လူပျိုသိုးဘဝမှာလည်း အတော်ကြာခဲ့သေးတယ်ကွ။ ဒါပေမယ့်လည်း သူတို့တွေနဲ့တော့ အတတ်နိုင်ဆုံး သတိထားရှောင်ခဲ့တာလဲ အမှန်ပါပဲ သားရယ်။

ပထမတစ်ခါက ဖေဖေ့ကို အကြီးအကျယ် ပညာပေးလိုက်တယ်လို့ပဲ ဆိုရမှာပေါ့လေ။ တစ်ဒင်္ဂသာယာမှုလေးအတွက် စိတ်ဆင်းရဲနေရတဲ့ရက်တွေက မနည်းလှသလို အဲဒီ့တစ်ဒင်္ဂကုန်လွန်သွားချိန်မှာ တန္ဓိုန့်နဲ့ ကိုယ့်ကိုယ်ကိုယ်စက်ဆုပ်ရွံရှာတဲ့စိတ်က နာရီများစွာကြာသည်အထိ မပျောက်နိုင်ပါဘူး။

နောက်တစ်ချက်က ဖေဖေ့အတ္တမာနပဲကွ။ ငွေပေးပြီးမှ အပျော်အပါးလိုက်စားသူဟာ အင်မတန်အားနည်းတဲ့ယောက်ျားသားမျိုးပါ။ အရွယ်မရှိတော့သူ၊ ရုပ်ရည်မရှိသူ၊ အရည်အချင်းမရှိသူ၊ အစွမ်းအစမရှိသူ ယောက်ျားတွေသာ ငွေပေးပြီး သာယာမှုရှာရတာလို့ ဖေဖေက ယူဆတယ်။ ဖေဖေ့လို





ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီး၊ သိပ်ယုံတဲ့သူအတွက် အဲသလိုနည်းနဲ့ သာယာမှုရှာရမယ်ဆိုရင် အဲဒါ ဖေဖေ့ အတ္တနဲ့မာနကို ထိခိုက်နေတာပေါ့။ သည်မှာတင် မင့်ဖေဖေဟာ အပျော်အပါးလိုက်စားတဲ့အလုပ်ကို လုံးလုံး မလုပ်ဖြစ်တော့တာ ကနေ့အထိပဲ သားရေ။

သည်အချက်ကို ဖေဖေ တမင်ထည့်ပြောပြတာပါကွာ။ သားတို့အရွယ် လူပျိုပေါက်စယောက်ျားလေးတွေအနေနဲ့ သတိစရာမကောင်းလှတဲ့ သူစိမ်းမိန်းမသားတစ်ယောက်ရဲ့ ရင်ခွင်မှာ တစ်ခါတောင် မတစ်ခါစေချင်တဲ့ စေတနာနဲ့ ပြောနေရတာပါ သားရယ်။ အခုခေတ်မှာ ကုရာနတ္ထိ ဆေးမရှိတဲ့ ရောဂါဆိုးကြီးကလည်း သွားကြီးဖြဲပြီးစောင့်နေလေတော့ အဲလိုအပျော်အပါးလိုက်စားခြင်းကို ဝေးဝေးက ရှောင်နိုင်လေ၊ သားတို့လေးတွေအတွက် အသက်အန္တရာယ်ကင်းလေဆိုတာကို သားအပါအဝင် သားငယ်တိုင်း သတိ ချပ်သင့်ပါတယ်နော်။

## ဖြီးလုံးတွေ

ရွယ်တူအပေါင်းအသင်းတွေကြားမှာမျက်နှာရချင်တဲ့စိတ်ကြောင့် သားတို့လို ဆယ်ကျော်သက်အရွယ်ယောက်ျားလေးတွေဟာ ကိုယ့်ကိုယ်ကိုယ် လိင်ကိစ္စနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိပြီးသူများအဖြစ် လိမ်ညာဖြီးဖြန်းတတ်ကြပြန်သေးတယ်သားရဲ့။

အဲလိုဖြီးတာလည်း အမှန်တော့ သဘာဝပဲ။ ဒါပေမယ့် မကောင်းဘူးကွ။ သူငယ်ချင်းတွေကို အဲလိုဖြီးထားတော့ ကိုယ် အမှန်တကယ် နဖူးတွေ့ဒူးတွေ့ကြုံရတဲ့အခါ ကိုယ့်ရင်ထဲက စိုးရွံ့မှုတွေ၊ ထိတ်လန့်မှုတွေ၊ စိတ်မချမှုတွေကို အဲဒီသူငယ်ချင်းတွေကို ရင်ဖွင့်ရခက်သွားစေနိုင်တာမို့ပဲသားရဲ့။

အမှန်တော့ သားရယ်၊ လူပျိုစစ်နေသေးတာကို အကောင်းဘက်က တွေးပြီး ဂုဏ်ယူသင့်တယ်လို့ ဖေဖေ ပြောချင်တယ်။ ကိုယ်တကယ် ချစ်ခင်စုံမက် နှစ်သက် မြတ်နိုးသူနဲ့ကျမှ သည်ကိစ္စကို စမ်းသပ်စူးစမ်းရင်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဘာမှ မဖြစ်တဲ့အပြင် ပိုလည်း စိတ်လှုပ်ရှားစရာကောင်း၊ ပိုလည်း ကျေနပ်စရာ ကောင်းနေမှာ အမှန်ပဲကွ။ ကိုယ့်မှာ အဖြစ်ရှိတယ်၊ သည်ကိစ္စနဲ့ ပတ်သက်လို့ ကျွမ်းကျင်မှု ကိုယ့်ကို သူက အထင်ကြီးမယ်၊ ကိုယ့်ကို ပိုစွဲလန်းမယ်ဆိုတဲ့ အတွေးမျိုးနဲ့ ကိုယ့်ချစ်သူနဲ့မတိုင်ခင် သူစိမ်းမိန်းမတွေဆီမှာ သွားလက်တည့် စမ်းတာဟာ တကယ်တော့ ဘယ်လိုမှ ပျော်စရာမကောင်းလှပါဘူး သား ရယ်။

အေး. . . ကိုယ့်ချစ်သူနဲ့ကျမှဆိုရင် တစ်ယောက်ကိုတစ်ယောက် ယုံကြည်ကိုးစားမှုနဲ့ချစ်ခင်စုံမက်မှုတို့ကို တိုင်တည်ရာ၊ ဖွင့်ဆိုရာတောင် ပိုရောက်နိုင်သေးတာကို တွေးပြီး လူပျိုဘဝကို တန်ဖိုးထားမယ်ဆိုရင်တော့ ပုထုဇဉ်လူသားတို့ခံစားကြမြဲ ချစ်တင်းနှောတဲ့ကိစ္စတွေမှာ ပိုလို့ သာတောင့်သာယာနဲ့ ကြည်နူးစရာကောင်းနေမယ်ဆိုတာကို သားငယ်လေး စွဲစွဲမြဲမြဲ မှတ်သားထားစေချင်လှတယ်ကွယ်။

## ၃၊ ချစ်တင်းနှောရမှာ ရွံ့နေတာ

နောက်တစ်ခုက သားတို့လို ဆယ်ကျော်သက်အရွယ်ယောကျ်ားပျိုလေးတွေမှာ သည်ကိစ္စကို ကြောက်ရွံ့နေတဲ့ပြဿနာကလည်းရှိနေသေးတယ် သားရဲ့။

လူပျိုဖော်လေးတွေကို ပီပီပြင်ပြင်ဝင်လာတဲ့ ဆယ်ကျော်သက်အရွယ်မှာ သည်ကိစ္စကို လူ့သဘာဝအရ စိတ်ဝင်တစား စူးစမ်းတတ်လာသလို ရွယ်တူ အချင်းချင်းကြားမှာလည်း သည်ကိစ္စကိုတော်တော်ပြောဖြစ်နေတတ်တယ်။ အဲဒါက ဘာ ပြဿနာမှ မရှိပါဘူး။ သဘာဝပဲလို့ ပြောရမှာပေါ့ သားရယ်။

ပြဿနာက သည်ကိစ္စနဲ့ ပတ်သက်တဲ့ ယုံတမ်းစကားတွေ အနမတဂ္ဂ များလှတဲ့အပြင် ဆယ်ကျော်သက်အရွယ်လူငယ်တွေဟာ သည်ကိစ္စနဲ့ ပတ်သက်လို့ အမျှော်လင့်ကြီး မျှော်လင့်ထားတတ်ကြတာကသာ ပြဿနာပါ။ တစ်ဆက်တည်းမှာပဲ သားတို့လို ဆယ်ကျော်သက်တွေအတွက် သည်ကိစ္စဟာ ကြောက်စရာ၊ လန့်စရာ၊ စိုးရွံ့စရာ ဇရာနတ္တကိစ္စကြီးလည်း ဖြစ်နေပြန်





သေးတာပဲကွဲ့။ အမှန်တော့ သားရယ်၊ မလုပ်ဖူးသေးတာတစ်ခုကို စလုပ်တာဟာ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် စွန့်စားရာကျနေတာမို့ စိတ်လှုပ်ရှားနေမှာ၊ စိတ်စောနေမှာ၊ အားငယ်နေမှာ၊ စိုးရွံ့နေတာလည်း သဘာဝပါပဲကွာ။

အဓိက စိုးရွံ့မှုကတော့ ကိုယ့်ကို သည်ကိစ္စမှာ မစွမ်းတဲ့သူ၊ အဖြစ်မရှိတဲ့သူလို့ တစ်ဖက်သားက ထင်သွားမှာ စိုးနေတာနဲ့ပဲ ယောကျ်ားလေးတွေဟာ သည်ကိစ္စနဲ့ ပတ်သက်ရင် တော်တော်လေး မရွံ့မရဲ ဖြစ်နေတတ်ကြတယ် သားရဲ့။

တစ်ခါကဆို လူငယ်လေးတစ်ယောက်နဲ့ ဖေဖေ ဆုံဖူးတယ်။ အဲဒီ လူငယ်လေးက ဖေဖေနဲ့ တွေ့တဲ့အချိန်မှာ အသက်ကလေးမှ ၂၀ကျော်စပဲ ရှိသေးတယ်။ ဖေဖေနဲ့လာတွေ့တဲ့အချိန်မှာ သူက သူ့ရည်းစားနဲ့ ကျူးကျူး လွန်လွန်တွေ ဖြစ်လိုက်ကြပြီး ကလေးမလေးမှာ မဖုံးနိုင်မဖိနိုင်ဖြစ်လာတာနဲ့ နှစ်ဖက်မိဘတွေက သူတို့နှစ်ယောက်ကို လက်ဆက်ပေးလိုက်ရလို့ အိမ်ထောင်ရှင် ဖြစ်ခါစ ပူပူနွေးနွေးလေးပေါ့ကွာ။

ဒါပေမယ့် ဖေဖေပြောတဲ့အတိုင်း မဖုံးနိုင်မဖိနိုင်မို့ အိမ်ရာ ထူလိုက်ရတာမို့ သူ့မှာက အိမ်ထောင်ကျပြီးလို့ သိပ်မကြာလိုက်ဘူး ကလေးအဖေလည်း ချက်ချင်းတန်းဖြစ်သွားတော့တာပဲ။ အဲဒီကလေးလေးမွေးပြီးလို့ နှစ်လ သား အရမှာ သူ ဖေဖေ့ဆီ ရောက်လာတာကွ။

သူက ဖေဖေ့ကို 'အခု ကျွန်တော် ကျွန်တော့်မိန်းမနဲ့ ချစ်လို့ရပြီလား' တဲ့၊ မရွံ့မရဲ မေးရှာတယ်။

သူ့မေးခွန်းကိုကြားရတဲ့အခါ ဖေဖေ စိတ်မကောင်းဘူး။ ဖေဖေ သားကို သည်အကြောင်းတွေ ပြောဖြစ်သွားစေတဲ့ အကြောင်းရင်းခံတွေထဲမှာ သူ့ အဖြစ်ကလည်း ပါနေတယ်သားရဲ့။ သူတို့လင်မယားလေးနှစ်ယောက်ဟာ ပျိုမြစ်နုနယ်လှတဲ့ ဆယ်ကျော်သက်အရွယ် ငယ်ဘဝမှာ သိသင့်တာကို ကြိုကြိုတင်တင် သိမထားကြသလို၊ သူတို့ရဲ့မိဘတွေဘက်ကလည်း ပြောပြ သင့်တဲ့စကားတွေကို ကြိုကြိုတင်တင်ပြောပြမထားလို့ မသိသားဆိုးရွားစွာ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မှားမိရာကနေ အချိန်အရွယ်မတိုင်ခင် လမ်းခုလတ်မှာ ကြိုးပြတ်သွားတဲ့ စွန်ကလေးတွေပဲ မဟုတ်လား သားရယ်။

အခု ဖေဖေနဲ့ လာတွေ့တဲ့အခါကျတော့လည်း သူ့မသိမှုက အတော်ဆိုးနေရှာတယ်။ ဖေဖေက အကျိုးအကြောင်းရှင်းပြလိုက်တဲ့အခါ သူက တစ်ဆင့်တက်လာတယ်။ သူ့ငယ်ပါက လိုနေသတဲ့။ အဲဒါ ဘယ်လိုလုပ်ရမလဲ၊ သူ့အိမ်ထောင်ဖက်ကို စိတ်အနှောင့်အယှက်ဖြစ်စေနိုင်မလားလို့လည်း ပူပူပန်ပန်မေးပြန်တယ်။ ဒါနဲ့ ဖေဖေ့မှာ တိတိကျကျ မေးယူရတယ်။ အဲတော့မှ မောင်မင်းကြီးသားလေးက သေချာ ပြောပြတယ်။ ‘ဟကောင်ရ၊ အဲဒါပုံမှန်ပဲ’ဆိုတော့ ခများမှာ မယုံရဲသလိုနဲ့ ‘ကျွန်တော်မြင်ဖူး၊ ကြားဖူးထားတာ ဒါ့ထက်မကဘူး ဆရာ’လို့ ပြန်ပြောတယ် သားရဲ့။

ဖေဖေ ပြောနေတဲ့ ပြဿနာက အဲဒါပဲ သားရေ။ သားတို့တွေရဲ့ ငယ်ပါနဲ့ ပတ်သက်တဲ့ ယုံတမ်းစကားတွေ၊ လိင်မှုကိစ္စနဲ့ ပတ်သက်တဲ့ယုံတမ်းစကားတွေက မတန်တဆ များလွန်းအား ကြီးလွန်းလှတယ်။ အမှန်တကယ်သိသင့်သိထိုက်တာတွေကျတော့ တစ်ယောက်မှ မသိရှာကြဘူး။ သူ့သူ့ကိုယ်ကိုယ် အားလုံး အတူတူနဲ့ အနူနူချည်းပဲ။ မသိသားဆိုးရွားတာကို ပြောပါတယ် သားရယ်။ သည့်အပြင် သူက သုက်လွှတ်စောတဲ့ ပြဿနာကိုလည်း ပြောပြတိုင်ပင်နေရှာသေးတယ်။ တကယ်တော့ ဒါ သူ့အဖေက သင်ပေးရမယ့် အလုပ်ပဲ သားရဲ့။ ဒါပေမယ့် တို့တွေမှာက သည်ကိစ္စကို အဖေနဲ့သား ဆွေးနွေးလေ့မရှိဘူး။ ဆွေးနွေးရလောက်အောင်လည်း ဖအေတွေဘက်ကလည်း အပိုင်မသိတာတွေလည်း ရှိမှာပေ့ါလေ။ အဖေတွေကိုယ်တိုင်က ငယ်ငယ်ရွယ်ရွယ်တုန်းက ကြားဖူးတဲ့ ယုံတမ်းစကားပေါင်းစုံနဲ့ ဖတ်ဖူးတဲ့ စာအုပ်ထဲက ပေါက်တတ်ကရတွေကို အဟုတ်မှတ်ပြီး အသေစွဲယုံနေတာမျိုးလည်း ရှိချင်ရှိနေနိုင်သေးတာကိုး။

ပြောလက်စကို ပြန်ကောက်ရရင်တော့ သားရယ်၊ သားတို့ ယောကျ်ားလေးတွေမှာ သည်ကိစ္စနဲ့ပတ်သက်လို့ အမှန်တရားထက် ယုံတမ်းစကားတွေ





ကိုသာ အကြားရများလွန်းခဲ့တာမို့ တကယ့်မိုးထဲရေထဲ အရေးအကြောင်းကျရင် သည်ကိစ္စကို ရှုံ့နေတတ်ကြတာကိုပါပဲ။

တစ်ဖက်ကပြောရင်တော့လည်း ငယ်တဲ့အရွယ်မှာ အဲလို ရှုံ့နေတာကိုက ခပ်ကောင်းကောင်းလို့ ဆိုရမှာပေ့ါ။ ရှုံ့နေတဲ့အတွက်ကြောင့် ဆင်ကန်းတောတိုး လျှောက်မလုပ်ဖြစ်ဘူးဆိုရင် သားတို့အတွက် အင်မတန် အန္တရာယ်ကင်းတာပေ့ါ။

ဒါပေမယ့် ဖေဖေ ထပ်မှာမယ်နော်၊ သား သိချင်တာ ဘာမဆို ဖေဖေ့ကို ပွင့်ပွင့်လင်းလင်းမေးပါ။ သားတင်မကပါဘူးကွာ၊ သားသူငယ်ချင်းတွေလည်း သိချင်ရင် ဖေဖေ့ဆီသာလွှတ်လိုက်။ အစအဆုံး လိပ်ပတ်လည်အောင် ဖေဖေ သေချာရှင်းပြပေးမယ်နော်။

## ၄၊ ဆယ်ကျော်သက်အရွယ် ချစ်တင်းနှောမှု

ဖေဖေတို့နိုင်ငံရဲ့တည်ဆဲဥပဒေတွေထဲမှာ ယောကျ်ားလေးတွေ ချစ်တင်းနှောသင့်တဲ့အနိမ့်ဆုံးအရွယ်ကို သီးသန့်သတ်မှတ် ပြဋ္ဌာန်းထားတာ မတွေ့ဘူး သားရဲ့။ မိန်းကလေးတွေအတွက်တော့ ရာဇသတ်ကြီးလို့ခေါ်တဲ့ ပြစ်မှုဆိုင်ရာဥပဒေမှာ ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၅မှာ မုဒိမ်းမှုနဲ့ပတ်သက်လို့ ဖွင့်ဆိုရာမှာ သည်အချက်က အတိအလင်း ပါနေတယ်။

သားကို အသေးစိတ်ရှင်းပြမယ်နော်။ မုဒိမ်းမှုဖွင့်ဆိုချက်မှာ ပါရှိတဲ့ အကြောင်းငါးရပ်ထဲမှာ တစ်ရပ်ရပ်နဲ့ ငြိစွန်းရင် မုဒိမ်းမှု မြောက်တယ်လို့ သတ်မှတ်ထားတယ်။ အဲဒီငါးရပ်ထဲက နောက်ဆုံးတစ်ချက်က "*မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ၊ ထိုမိန်းမသည် အသက် ၁၄နှစ် အောက်အရွယ်ရှိသူဖြစ်ခြင်း*"လို့ အတိအလင်းဖော်ပြထားပါတယ်။

အဲတော့ ဥပဒေအရ ၁၄နှစ်အထက် မိန်းကလေးတစ်ယောက်နဲ့ ချစ်တင်းနှောတဲ့အခါ ကာယကံရှင်မိန်းကလေးရဲ့သဘောတူခွင့်-ပချက်နဲ့ဆိုရင် မုဒိမ်းမှု မမြောက်တော့ဘူးဆိုတဲ့သဘောပေ့ါ သားရယ်။



*http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တစ်ခါ၊ အဲဒီပုဒ်မမှာပဲ ကင်းလွတ်ချက်အနေနဲ့ ဆက်လက် ဖော်ပြထားပြန်တာက "*ယောကျ်ားသည် အသက်တစ်ဆယ့်သုံးနှစ်အောက် မဟုတ်သော မိမိ၏မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှုမဟုတ်*"လို့လည်း ပြဋ္ဌာန်းထားပြန်တော့ ၁၃နှစ်၊ ၁၄နှစ်အရွယ် မိန်းကလေးတစ်ယောက်ဟာ တရားဝင် ထိမ်းမြားလက်ထပ်နိုင်တယ်လို့ ဥပဒေက ခွင့်ပေးထားပါတယ်။ တစ်ခုတော့ ရှိတယ်ပေါ့။ သက်ဆိုင်ရာ မိဘအုပ်ထိန်းသူရဲ့ သဘောတူခွင့်-ပချက်တော့ ပါရမှာပေါ့။

အဲတော့ကွာ အဲဒီဥပဒေပုဒ်မပါ ဖွင့်ဆိုချက်နဲ့ ကင်းလွတ်ချက်တွေအရ အကြမ်းဖျဉ်းပြောမယ်ဆိုရင် မိန်းကလေးတွေအနေနဲ့ ၁၄နှစ်ကျော်တဲ့အခါမှာ သူတို့ရဲ့ သဘောတူခွင့်-ပချက်နဲ့ ချစ်တင်းနှောရင် မုဒိမ်းမှု မဟုတ်ဘူးဆိုတာ ထင်ရှားတယ်။ တစ်နည်းပြောရရင် ဥပဒေအရ မိန်းကလေးတွေ အပျိုကောင်းကောင်းဖြစ်တဲ့အရွယ်ကို ၁၄နှစ်လို့ ဥပဒေက သတ်မှတ်ပေးထားတယ်။ ဒါပေမယ့် ယောကျ်ားလေးတွေအတွက် အဲသလို သတ်မှတ် ပြဋ္ဌာန်းချက်ကို ဥပဒေတွေထဲမှာ မတွေ့ရပါဘူး။

တချို့နိုင်ငံတွေမှာတော့ ၁၆နှစ်အောက်မိန်းကလေးတွေရော၊ ယောကျ်ားလေးတွေပါ လုံးဝချစ်တင်း မနှောရဆိုတဲ့ ကန့်သတ်ချက်က ဥပဒေအနေနဲ့ အတိအလင်းရှိတယ်။ ကျူးလွန်ရင် ခြေချုပ်မှသည် ထောင်ဒဏ်အထိအပြစ်ဒဏ်များပါ ပူးတွဲထားတဲ့ ဥပဒေပါ။ လူငယ်လေးတွေ အရွယ်မတိုင်ခင် လမ်းမှား မရောက်အောင် ကာကွယ်တဲ့သဘောပဲပေါ့ သားရယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ မိဘအုပ်ထိန်းမှုအောက်မှာ ရှိနေတဲ့ သားတို့လို ယောကျ်ားလေးအများစုအတွက် ဆယ်ကျော်သက်အရွယ်မှာ ချစ်တင်းနှောဖြစ်ဖို့ အင်မတန်ခဲယဉ်းတယ်။ ဒါပေမယ့် မိဘအုပ်ထိန်းမှုအောက်က တစ်နာရီ နှစ်နာရီလောက် ကင်းလွတ်သွားရုံနဲ့တင် ကျူးလွန်လာနိုင်တာကိုလည်း ဖေဖေတို့ မိဘတွေဘက်က မေ့ထားလို့ မရဘူး။ နှစ်ဦးနှစ်ဖက် အလိုတူ နေသမျှ သည်ကိစ္စမျိုးဆိုတာ လူသိဖို့လည်း အင်မတန်ခဲယဉ်းလေတော့

*လက်တွဲဖော်*



ငါ့သားလေး တော်လှ၊ တော်လှနဲ့ ဂက်စ်မီးဖိုပေါ် ဆောင့်ကြောင့်ကြီးထိုင်နေတာမျိုးမဖြစ်ရလေအောင် မိဘ၊ ဆရာသမားများအပါအဝင် ဖေဖေတို့ လူကြီးသူမတွေအနေနဲ့ သားတို့လို ဆယ်ကျော်သက်အရွယ်လူငယ်တွေကို သည်ကိစ္စနဲ့ပတ်သက်လို့ အသိပေးသင့်တာ အားလုံးတင်တင်ကြိုကြို အသိ ပေးထားဖို့ အဆောတလျင် လိုအပ်နေတာလည်း အမှန်ပဲပေါ့။ ဒါကြောင့် လည်း သားကို ဖေဖေသည်အကြောင်းတွေ လူသိရှင်ကြား ပြောပြနေရတာ ပဲလေ။

ချစ်တင်းနှောလိုက်မိတာနဲ့ ဖြစ်လာနိုင်ဖွယ်ရှိတဲ့ ဆိုးကျိုးတွေကို (ဉာဏ်ထိုင်းမယ်၊ လူစဉ်မမီဖြစ်လိမ့်မယ်ဆိုတဲ့ တောင်စဉ် ရေမရ **လုန့်လုံးတွေမပါတဲ့** ဆိုးကျိုးစစ်စစ်တွေကို) ဖေဖေတို့ မိဘတွေဘက်က ထောက်ပြသင့်တယ်ကွ။ ရောဂါရလာနိုင်တာ၊ ဖေဖေ့ဆီရောက်လာတဲ့ ဟိုသူငယ်လေးလို အရွယ်မတိုင်ခင် ဘဝလှေ မှောက်သွားနိုင်တာတွေကို ပြောပြရမှာပေါ့။

သည်ကြားထဲကမှ မရှောင်နိုင်လို့ မှားမိသွားရင်တောင် အန္တရာယ်ကင်းတဲ့နည်း၊ စိတ်ချရတဲ့နည်းများကိုပါ ပြောပြသွန်သင်ခြင်းအားဖြင့် မဖြစ်သင့်တာ၊ ဖြစ်မလာအောင် တင်တင်ကြိုကြို ကာကွယ်နိုင်မယ်လို့ ဖေဖေ ယုံတယ်။

သားတို့ လူဖြစ်တဲ့ခေတ်မှာ ဖေဖေတို့ လူကြီးတွေ ရှက်နေ၊ ရှိန်နေလို့မရတော့ဘူးကွ။ အခုခေတ်မှာ ဖေဖေတို့တုန်းကလို အလင်္ကာရှစ်သောင်းတွေပါတဲ့ စာပေတွေကို စုတ်စုတ်ပြတ်ပြတ်၊ ရှားရှားပါးပါး ရှာဖတ်နေရတာမျိုးမဟုတ်တော့ဘူး။ ကွန်ပြူတာပေါ်မှာတင် ဖတ်နိုင်တာတွေတောင် ပေါ်နေပြီ မဟုတ် လားကွ။

အလားတူပဲ၊ ဖေဖေတို့တုန်းက အလင်္ကာရုပ်ရှင်ကားလေး တစ်ခါလောက် ကြည့်ဖူးဖို့အရေး ပိုက်ဆံတွေ တအားအကုန်ခံ၊ အပင်ပန်းတွေခံနေစရာ မလိုတော့ဘူး။ ဖေဖေတို့မိဘတွေ မင်္ဂလာဆောင်တစ်ပွဲ၊ အလ-တစ်ပွဲ သွားခိုက် တစ်နာရီလောက်အတွင်းမှာတင် အိမ်က အောက်စက်နဲ့ ဖွင့်ကြည့်နိုင်၊

*လက်တွဲဖော်*

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ကွန်ပြူတာပေါ်မှာ ဖွင့်ကြည့်နိုင်နေတာလည်း။ တကယ့်အခြေအနေမှန်ပဲလေ။

အဲတော့ ကိုယ့်တူ၊ ကိုယ့်သားကို ချစ်ကြတယ်ဆိုရင်၊ လမ်းမှားကို မရောက်စေချင်ဘူးဆိုရင် သည်ကိစ္စကို အကုသိုလ်မှုတစ်ခုလို မဟုတ်တမ်း တရား၊ ယုံတမ်းစကားတွေနဲ့ တောရမ်းပယ်ဖို့ လျှောက်သွန်သင်မယ့်အစား သိသင့်တာကိုသိအောင် သွန်သင်တာက ပိုထိရောက်နိုင်မယ်ဆိုတာ သေချာတာမို့ သားကိုလည်း အဖေအရင်းခေါက်ခေါက်က အခုလို မရှက်မကြောက် ဖွင့်ပြောနေရတဲ့အဖြစ်ကို ရောက်နေရတော့တာပါပဲကွာ။

## ၅၊ ယောက်ျားလေးတို့ရဲ့စိတ်ကူးယဉ် ဇာတ်လမ်းများ

စိတ်ကူးယဉ်ပါတယ်ဆိုမှ တကယ်တော့ ဘယ်ဟုတ်ပါ့မလဲနော်။

အေး. . . စိတ်ကူးဆိုတာက ပိုက်ဆံလည်းမပေးရ၊ ဘယ်သူမှလည်း ကိုယ့်စိတ်ထဲ ဝင်ကြည့်လို့မရ၊ ယဉ်ချင်တိုင်းယဉ်လို့လည်း ရနေလေတော့ ဆယ်ကျော်သက်အရွယ်မှာ အမျိုးစုံစိတ်ကူးယဉ်တတ်ကြတာလည်း ဓမ္မတာပဲ သားရဲ့။

ဆယ်ကျော်သက်ဘဝမှာ စိတ်ကူးယဉ်ဖြစ်သမျှကတော့ ချစ်တင်းနှော တာတွေချည်း ဖြစ်နေတတ်တယ်။ ဘုရင့်နောင် စဖိုးယား(စ်)လို မင်းသမီးနဲ့ရင် လည်း စိတ်ကူးယဉ်ချင်ယဉ်မယ်၊ ဘေးအိမ်က အစ်မကြီးလည်း ဖြစ်ချင်ဖြစ် မယ်၊ အိမ်ရှေ့ဈေးလာရောင်းတဲ့ ဈေးသည်ချောချောလှလှလည်း ဖြစ်ချင် ဖြစ်နေမှာပဲ။ စိတ်ကူးဆိုမှတော့ ကြိုက်သလို ယဉ်ကြတာချည်းပဲပေါ့။

ဒါကိုလည်း အပြစ်ကြီးတစ်ခုလို့ သားလေး မအောက်မေ့စေချင်ဘူး။ သူ့အရွယ်နဲ့သူ ဖြစ်ချိန်တန်လို့ ဖြစ်လာသလို အချိန်တန်တော့လည်း သူ့ အလိုလို မတည်မမြဲပြောင်းလဲသွားမယ်ဆိုတာကိုသာ နားလည်ထားလိုက်ပါ သားရာ။

ဖေဖေဆို ဘယ်လိုလုပ်မလဲ။ ဖေဖေမို့ သည်ကိစ္စနဲ့ပတ်သက်ပြီး စိတ်ကူး မယဉ်လိုက်နဲ့၊ စိတ်ကူးထဲမှာဆိုရင် ကိုယ့်ထက် အသက်ကြီးတာတွေချည်းပဲ





လိုမ့်ပစ်မှားမိနေတာ။ ဟော. . . တကယ်အိမ်ထောင်ကျတော့ သားသိတဲ့ အတိုင်း သားမေမေက ဖေဖေ့ထက် ခုနစ်နှစ်တောင် ငယ်တယ်နော်။ ဘာ ဖြစ်လဲ၊ စိတ်ကူးယဉ်တာပဲ၊ ပိုက်ဆံပေးရတာ မဟုတ်သလို၊ ကိုယ့်စိတ်ကူးထဲ သူများဝင်ကြည့်လို့ ရတာမှတ်လို့ ကြိုက်သလို ယဉ်ချလိုက်တာပေါ့။

အေး. . . ဘာသာတရားအရ၊ အထူးသဖြင့် ဗုဒ္ဓတရားတော်အရတော့ စိတ်ကူးယဉ်တယ်ဆိုတာလည်း ကံသုံးပါးထဲက မနောကံကို ကျူးလွန်ရာ ရောက်တာမို့ အကုသိုလ်အမှုတော့ မှန်ပါတယ်။ သို့သော် အစားအသောက် ကို လောဘအပြည့်နဲ့ စားလိုက်သောက်လိုက်တာဟာလည်း အမှန်တော့ အကုသိုလ်စိတ်ပဲ။ 'လောဘ'ဆိုတာ ပါနေတာကိုး။ အလားတူပဲ၊ ရုပ်ရှင် ကြည့်ရင်းနဲ့ ဟားတိုက်ရယ်မောလိုက်တာဟာလည်း သတိလွှတ်နေတဲ့စိတ်၊ မစင်ကြယ်တဲ့စိတ်၊ တစ်နည်းအားဖြင့် 'အကုသိုလ်စိတ်'ပါ။ တစ်ဖက်သား အပေါ်မှာ ဖျတ်ခနဲ ကြည့်မရဖြစ်သွားတာလည်း တကယ်တော့ အကုသိုလ် စိတ်ပဲ။

သို့သော် ဖေဖေတို့တွေဟာ ပုထုဇဉ်တွေပါ။ သူတော်စင်တွေ မဟုတ် ကြပါဘူး။ တစ်နည်းပြောရရင် 'ကာမ ဘုံသား ဆုံလည်နွား'ဆိုတဲ့ သံသရာ မှာ ကျင်လည်နေကြသူတွေ။ သည်လိုလူတွေအတွက်ကျတော့ အထက်က ပြောခဲ့သလို စားတာသောက်တာ၊ ရုပ်ရှင်ကြည့်တာ၊ လူတွေနဲ့ဆက်ဆံရာမှာ စိတ်အခန့်မသင့်ဖြစ်တဲ့ အကုသိုလ်စိတ်တွေနဲ့ မလွဲမသွေ နပမ်းလုံးနေကြရမှာ၊ မလွဲမသွေ ခံစားကြရမှာပါ။ ပုထုဇဉ်တို့ဘာဝ ဒါတွေကို ရှောင်လို့မရသလို လူငယ်တို့ဘာဝ စိတ်ကူးတွေ ယဉ်ချင်တိုင်းယဉ်ပြီး မြင်မြင်သမျှကို မနောကံ နဲ့ ပြစ်မှားမိတတ်တာမျိုးကိုလည်း ဘယ်လိုမှ ရှောင်လွှဲလို့ မရတတ်နိုင်ဘူး။ ဒါကိုမှ ရှောင်ပါလို့ ဇွတ်အတင်းပြောတဲ့သူဟာ အရိယာနွယ်ဝင်သူတော်စင် မဟုတ်ပါဘူး။ အရိယာနွယ်ဝင် သူတော်စင်တွေဟာ ပုထုဇဉ်တွေကို နား လည်နိုင်တယ်၊ ခွင့်လွှတ်နိုင်တယ်၊ ဥပက္ခာ-ပနိုင်ပါတယ်။

အဲသလိုမှ မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ်တော့ တစ်နေ့တစ်နေ့ နေချင်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သလိုနေ၊ စားချင်သလိုစား၊ စိတ်ကို ထားချင်သလိုထားနေပြီးတော့မှ လူငယ်တွေ၊ ဆယ်ကျော်သက်တွေ စိတ်ကူးယဉ်တာကိုကျမှ အကုသိုလ်ကြီးတစ်ခုလို ပြောနေရင် တလွဲဆံပင်ကောင်းရာကျလိမ့်မယ်။ ဘာသာတရားရဲ့အဆုံးအမနဲ့လည်း မကိုက်ညီနိုင်ပါဘူး။

ဖေဖေကတော့ သားသိတဲ့အတိုင်းပဲ။ ‘သီလကြောင်’ဖြစ်ရမှာထက် စာရင် မိမိကိုယ်ကို ‘ပုထုဇဉ်စစ်စစ်’လို့ အမှန်အတိုင်း ဝန်ခံတာကို ပိုဂုဏ်ယူတတ်တဲ့သူ။ ဖြောင့်မတ်မှုကို အသက်ထက် တန်ဖိုးထားတဲ့သူ။

ဗုဒ္ဓဘာသာတရားတော်တွေကို ဖေဖေ အလွန်ယုံကြည်ပါတယ်။ ဘုရားရဲ့ အလုံးစုံထိုးထွင်းသိမြင်တော်မူတဲ့ ဉာဏ်တော်ကိုလည်း အင်မတန် ကြည်ညိုပါတယ်။ ဒါပေမယ့် ဘုရားရဲ့အဆုံးအမအတိုင်း သတိမြဲတဲ့စိတ်နဲ့ အချိန်ပြည့်နေနိုင်ဖို့တောင်မှ အင်မတန် ခက်ခဲနေသေးတာလည်း ဖေဖေ့ကိုယ်ဖေဖေ အသိဆုံးပဲ။ လူသာမန်များအနေနဲ့ တစ်ပတ်လောက်၊ တစ်လလောက်၊ တစ်နှစ်လောက် အားထုတ်ထားရုံနဲ့ ရနိုင်တဲ့အရာမျိုးမဟုတ်မှန်းလည်း ဖေဖေက ကိုယ်တိုင်သိ သိထားပါတယ်။

သည်တော့ တရားရဲ့အဆုံးအမ အရိပ်အာဝါသဟာ အင်မတန်အေးချမ်းစင်ကြယ်လင့်ကစား အထက်က ပြောခဲ့သလို ‘ကာမဘုံသား ဆုံလည်နွား’ ဘဝမှာ တဝဲလည်လည်ဖြစ်နေဆဲဆိုတာကို လေးနက်တည်ကြည်စွာ ဝန်ခံနိုင်ပါတယ်။

အဲတော့လည်း သားကို ဖေဖေအခုပြောနေတဲ့အထဲမှာ တရားသဘောတွေ၊ ဘာသာရေးယုံကြည်မှုတွေကို အတတ်နိုင်ဆုံး ရှောင်ပြီး လူကိုလူလိုပဲ တည့်တည့်မှန်မှန် မြင်တဲ့ ပုထုဇဉ်ရှုထောင့်ကပဲ ဆက်ပြောသွားမယ်နော်။



အခန်း (၇)

## ချစ်ဗျူဟာ

### ၁၊ ဘဝရဲ့ ပထမဆုံးအကြိမ်

ယောက်ျားအတော်များများဟာ ပထမဆုံးအတွေ့အကြုံနဲ့ပတ်သက်လို့ နှစ်တော်တော်ကြာတဲ့အထိ အမှန်အတိုင်းဝန်ခံဖြစ်ဖို့ ခဲယဉ်းလှတယ် သားရဲ့။ ပထမဆုံးအကြိမ်မှာ စိတ်လှုပ်ရှားနေတာတွေ၊ စလုံးရေမှ မစလိုက်ရသေးခင် ဇာတ်သိမ်းကို စောရောက်သွားခဲ့တာတွေ၊ အပြစ်မကင်းသလို ခံစားရတာတွေ၊ စိတ်စောနေတာ၊ သောကရောက်နေတာတွေ၊ ရှက်ရွံ့နေတာတွေ၊ ဒါမှမဟုတ်လည်း အရက်သောက်ပြီး မူးမူးရူးရူးနဲ့ ဖြစ်သွားတာမို့ ဝိုးတိုးဝါးတားပဲ မှတ်မိနိုင်တော့တာတွေဖြစ်နေစေဦးတောင်မှ ရွယ်တူအပေါင်းအသင်းတွေကြားမှာကျရင် ဘယ်လို နိုင်တာ၊ ဘယ်လိုအဆင်ပြေတာစသဖြင့် အသားလွတ် ဝါကြွားတတ်တာ ယောက်ျားကြီးငယ်မဟူလို့တောင် ပြောနိုင်တယ်။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အမှန်ကတော့ သူများကို လိမ်ချင်တာထက် ကိုယ့်ကိုယ်ကိုယ် လိမ်ချင်တဲ့သဘောက သည်နေရာမှာ ပိုများပါတယ်။ တစ်သက်လုံးအမျှော်လင့်ကြီး မျှော်လင့်ခဲ့မိလေသမျှ တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ကံရတဲ့အခါ စိတ်ပျက်စရာကောင်းနေတာကို ကိုယ့်ဘာသာကိုယ်တောင် မခံစားရဲတဲ့အတွက် အမှန်ကို ဝန်ခံဖို့ အမှန်အတိုင်း လက်ခံလိုက်ဖို့ ခက်နေတာနဲ့ သူများကို လျှောက်ဖြီးရင်း ကိုယ့်ကိုယ်ကိုယ်ပါ ယုံအောင်ဖြီးယူရတော့တာမျိုးကလား။

ယောက်ျားလေးတွေတင်မဟုတ်ပါဘူး၊ မိန်းကလေးတွေလည်း ပထမဆုံးအကြိမ်မှာ ရှက်စိတ်ကသာ တအားကြီး ဖိုးမိုးနေတာမို့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် ရေရေရာရာ မသိလိုက်တာက များတယ် သားရဲ့။

## ၂။ ကြုံနေကျ ပြဿနာတွေ

ပထမဆုံးအကြိမ်မှာတော့ ချစ်ဖူဟာဟာ ယောက်ျားလေးတွေအတွက် တော်တော့်ကို မအီမလည်လည်နိုင်၊ တော်တော်လည်း ကသိကအောက်နိုင် လှတဲ့အတွေ့အကြုံသစ် ဖြစ်နေတတ်တယ်ကွ။ ပြီးတော့လည်း ကိုယ် ခံစားနေရသမျှ သူငယ်ချင်းအပေါင်းအသင်းတွေကို အိပ်သွန်ဖာမှောက်ဖွင့် ပြောပြလို့ မဖြစ်ဘူးဆိုတဲ့အသိတစ်ခုကလည်း ခေါင်းထဲမှာ သံမှိုနှက်သလို စွဲနေတတ်လေတော့ ပထမဆုံးအကြိမ်မှာ ခံစားလိုက်ရတဲ့ခါးသီးမှုကိုလည်း ကိုယ့်ဘာသာ တနင့်တပိုး ကြိတ်ခံစားရုံက လွဲလို့ ဘာမှမတတ်နိုင်ကြဘူး။

ယောက်ျားစင်စစ် ဇကန်ဖြစ်ရင် သည်ဘက်မှာ စွမ်းရမယ်၊ တော်ရမယ် ဆိုတဲ့ 'ယောက်ျားဘသားအတွေးအခေါ်'ကလည်း ငယ်ကတည်းက ရိုက်အသွင်းခံထားခဲ့ရလေတော့ ပထမဆုံးအကြိမ်မှာ ကိုယ်မစွမ်းတာကိုကပဲ ကိုယ့်ဟာနဲ့ကိုယ် အတော့်ကို မခံချိမခံသာဖြစ်စရာ ကောင်းနေတတ်တယ် သားရေ။

ဒါပေမယ့် ပထမဆုံးအကြိမ်တို့မည်သည် အမြဲတမ်း ခက်ခဲနေတတ်





တယ်ဆိုတာ လူတိုင်းသိပါတယ်။ ဘယ်ကိစ္စမျိုး မဆိုပါ။ အမိဝမ်းက ကျွတ်ကတည်းက မတ်တတ်ပြေးလာတဲ့သူရယ်လို့ တစ်ယောက်မှမရှိဘူး။ မတ်တတ်စမ်းတဲ့အရွယ်မှာတောင် ပထမဆုံးအကြိမ်မှာ ယိုင်ထိုးယိုင်ထိုးနဲ့ လဲခဲ့ပြိုခဲ့သေးတာပဲ။ အလားတူ ဝလုံးကလေး ဝိုင်းအောင်ရေးတုန်းကလည်း ပထမဆုံးအကြိမ်မှာ အတော်ခဲယဉ်းခဲ့တာ သား ပြန်စဉ်းစားကြည့်။ တခြားကိစ္စတွေမှာလည်း အတူတူပါပဲကွာ။ ပထမဆုံးအကြိမ်ဟူသမျှဟာ ခက်တာချည်းပဲဆိုတာ သားလည်း သတိထားမိနေမှာပါ။ ဒါပေမယ့် ချစ်ကိစ္စမှာကျတော့ ပထမဆုံးအကြိမ်မှာ ခက်ခဲနေတတ်တာကို ကိုယ့်ဘာသာလက်ခံဖို့ ဝန်ခံဖို့ ဖေဖေတို့ ယောက်ျားအများစုမှာ ခဲယဉ်းနေတတ်ကြတယ်သားရဲ့။

ဘာနဲ့ တူသလဲဆိုတော့ စက်ဘီးတစ်စီးပေါ် ပထမဆုံး အကြိမ် တက်စီးတဲ့အခါ ဖြောင့်ဖြောင့်တန်းတန်း စီးတတ်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်နေတာမျိုးပဲ။ ပိုဆိုးတာက ကိုယ်က အဲလို ဖြောင့်ဖြောင့်ကြီး စီးနိုင်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးရှိနေရတဲ့ကြားထဲမှာ ကိုယ်စီးတော့မှာကို သူငယ်ချင်းတွေ အားလုံးက ဝိုင်းကြည့်သလို ဖြစ်နေတာပဲ သားရေ။

ချစ်ရေးချစ်ရာမှာ ဒါထုံးစံပဲလို့ ဖေဖေက သားကိုမှာချင်တယ်။ အတွေ့အကြုံအထိုက်အသင့် ရှိပြီးသား ယောက်ျား၊ မိန်းမတွေ၊ ဆိုလိုတာကကွာ၊ နှစ်ယောက်၊ သုံးယောက်လောက်နဲ့တွဲခဲ့ပြီး ချစ်ရေးချစ်ရာမှာ တော်တော်လေး အတွေ့အကြုံ များပါတယ်ဆိုတဲ့ ကျား၊ မတွေပင်လျှင် အတွဲသစ်နဲ့ ပထမဆုံး အကြိမ်မှာ အင်မတန် အဆင်ပြေခဲလှပါတယ်။

အဲတော့ သားရယ်၊ ဖေဖေ တစ်ခါတည်း အပြတ်ပြောလိုက်မယ်နော်။ သားအနေနဲ့ ဆယ်ကျော်သက်အရွယ်မှာဖြစ်စေ၊ ၂၀ကျော်လောက်မှာဖြစ်စေ ပထမဆုံးအကြိမ်ကို လွယ်လိမ့်မယ်လို့ တွက်ထားတယ်ဆိုရင် အဲသလို တွက်တာဟာ ရူးတာပဲလို့ စွဲစွဲမြဲမြဲ မှတ်ထားကွ။ ထပ်ပြောမယ်နော်. . . သား၊ ပထမဆုံး အကြိမ်မှန်သမျှ ဘယ်ပထမဆုံးအကြိမ်မှ မလွယ်ဘူး။

အဲတော့ သားရယ်. . . ပထမဆုံးအကြိမ်မှာ သားတို့ ယောက်ျားလေး



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တွေအနေနဲ့ ကံတွေ့ရတတ်စမြဲ ပြဿနာအခက်အခဲတွေကို တန်းစီပြီး ချပြမယ်နော်။

၁။ အထမမြောက်ခင်မှာ ကိုယ့်အဖော်ကို စိတ်ပါလာအောင်၊ ဆန္ဒရှိလာအောင် လှုံ့ဆော်ဖို့ ခက်ခဲနေတတ်တယ်။
၂။ ကိုယ့်ရဲ့ ငယ်ပါ တင်းလာအောင်၊ တင်းလာရင်လည်း ရေရှည်ခံအောင် လုပ်ရ ခက်နေတတ်တယ်။
၃။ အဆင်ပြေချောမွေ့နိုင်တဲ့ ကိုယ်နေဟန်ထားကို မမှန်းတတ်၊ မချိန်တတ်သေးတာက နောက် တစ်ပြဿနာ။
၄။ စိတ်တွေ တအားလှုပ်ရှားနေတာကို ထိန်းလို့မရဘူး၊ အဲတော့ အချိန်မတိုင်ခင် အစောကြီးကတည်းက ဇာတ်သိမ်းသွားတတ်တယ်။
၅။ ကိုယ့်အဖော်အတွက် ကြည်နူးစရာကောင်းနေပြီး နောက်တစ်ကြိမ်လည်း လိုလိုချင်ချင်ရှိနေအောင် သူ့အတွက် သာယာမှု မပေးနိုင်မှာကို ပူပင်ကြောင့်ကြနေမိရတတ်တယ်။
၆။ လိင်မှတဆင့် ကူးစက်တဲ့ရောဂါတွေ၊ ကုရာနတ္ထိရောဂါတွေကို သေသေချာချာ ကာကွယ်ထားနိုင်ပါ့မလားလို့ ပူနေရတတ်တယ်။

## ၃၊ ပြဿနာတွေကို ဖြေရှင်းနည်း

အသေးစိတ်တွေတော့ လျှောက်ပြောမနေတော့ဘူးကွာ။ သားအနေနဲ့ သိသင့်သိထိုက်တဲ့ တကယ့်အခြေခံအချက်အလက်တွေကိုပဲ ပြောလိုက်မယ်။

အထက်မှာ ပြောခဲ့တဲ့ပြဿနာတွေကို ကျော်လွှားနိုင်မယ့် နည်းလမ်းလေးတွေကို သားသိအောင် နည်းနည်းပါးပါး ပြောပြမယ်နော်။

သည့်ထက် အသေးစိတ် သိချင်ရင်တော့ သားရယ်၊ သားအဖချင်းပဲ၊ အားမနာနဲ့ ဖေဖေ့ကို ပါးစပ်နဲ့သာ မေး။ ဖေဖေ ပါးစပ်နဲ့ ကောင်းကောင်း ဖြေပေးမယ်။ မှတ်ထားနော်။ ဖေဖေတို့သားအဖကြားမှာ မပြောအပ်တဲ့စကား၊ မကြားသင့်တဲ့စကားဆိုတာ လုံးလုံးမရှိဘူး။ ရှေ့မှာတုန်းက နမူနာ ပြခဲ့တဲ့

*လက်တွဲဖော်*



ကောင်လေးလို မပြောရဲ မကြားရဲကြလို့ အချိန်အရွယ်မတိုင်ခင် ဘဝလှေ မှောက်သွားမှာမျိုးကို ဖေဖေ နည်းနည်းမှ မလိုလားဘူး။ ဒါ့ကြောင့် သား သိချင်တာ ဘာမဆိုမေး၊ သားပြောချင်တာ ဘာမဆိုပြော။ မေးလို့ ပြောလို့ သားကို ဖေဖေ ဘယ်တော့မှ အပြစ်တင်မှာမဟုတ်ဘူး။ မမေးဘဲ၊ မပြောဘဲ ထင်ရာကို ရမ်းသမ်း လုပ်မှာသာ ဖေဖေက စိုးရိမ်တာပါ သား။

ကဲ. . . အထက်ကပြောခဲ့တဲ့ အခက်အခဲ ခြောက်မျိုးကို ကျော်လွှားနိုင်မယ့် နည်းလမ်းတွေကို နည်းနည်းပြောမယ်နော်။

### မြေစမ်း ခရမ်းပျိုးကာလ

Foreplay လို့ခေါ်တဲ့'မြေစမ်းခရမ်းပျိုး'အကြောင်းကို ရှေ့မှာနည်းနည်း ပြောခဲ့ပြီးပါပြီ။ သား မှတ်မိသေးလား မသိဘူး။ အမှန်တော့ သားရယ်၊ အဲဒီ'ဖျော်ပလေး'ဟာ ဟိုအခြေအနေမရောက်ခင် တစ်ယောက်နဲ့တစ်ယောက် ဖော်ရွှပွအာရုံခံစားကြတာ၊ တွေ့ထိကြတာကို ခေါ်တာပဲကွဲ့။ အတည့်ပြောရရင်ကွာ၊ ဟိုအနေအထားရောက်ဖို့အတွက် ပျိုးယူတဲ့ကိစ္စမို့ 'မြေစမ်းခရမ်းပျိုး' လို့ ခေါ်လိုက်တာပဲပေါ့။

ဒါမှမဟုတ်ရင်လည်း ဇာတ်သဘင်သဘောအရပြောရရင် ဇာတ်လမ်း မစခင် တိုင်းပြည်အရင်တည်တဲ့သဘောပေ့ါ။ နေ့စဉ်တွဲတွဲသွားသွား၊ စားစား သောက်သောက်နေခဲ့ကြတဲ့သမီးရည်းစားနှစ်ယောက်အတွက် တစ်ဆင့်တက် ရင်းနှီးရေးမှာ ပန်းတိုင်ဆီကို ကမူးရှူးထိုး တဟုန်ထိုးပြေးသွားလိုက်တာမျိုး မဟုတ်ဘဲ နှစ်ယောက်စလုံး စိတ်သက်သက်သာသာ၊ ချစ်ချစ်ခင်ခင်၊ ကြည်ကြည်သာသာရှိနေအောင် ဖြည်းဖြည်းချင်းကြိုးစားယူတာပါပဲ။ သည့်အတွက်ကြောင့် ပထမဆုံးအကြိမ်မှာ သက်သောင့်သက်သာ ရှိမယ့်နေရာ၊ အနှောင့် အယှက်ကင်းကင်းနဲ့ လုံလုံ-ခံ-ခံ၊ နွေးနွေးထွေးထွေး ရှိမယ့်နေရာမျိုးကို ရွေးချယ်တာ အကောင်းဆုံးပဲဆိုတာ သားမှတ်ထား။

မိန်းကလေးတွေဟာ သားတို့ ဖေဖေတို့ယောကျာ်းတွေလို မဟုတ်ဘူး။

*လက်တွဲဖော်*

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



စိတ်အေးလက်အေး ရှိမှု၊ ခြေခင်းလက်ခင်း သာမှု၊ စိတ်ဖြောင့်မှု သူတို့မှာ ချစ်ဆိပ်တွေ တက်လာတတ်ကြတာ။ တခုခုကို ကြောင့်ကြနေ၊ နောက်ဆံငင်နေ၊ ဗျာများနေရင် ဘယ်လိုမှ ချစ်ဆိပ်တွေ မတက်တတ်ဘူး သားရဲ့။ အပျို့အရွယ်လေးတွေ မပြောနဲ့ သားမေမေတို့လို အိမ်ထောင်ရှင် အမျိုးသမီးတွေတောင်မှ နောက်ကြောင်းအေးမှု၊ ပတ်ဝန်းကျင်လုံ-ခံမှု၊ စိတ်ကြည်မှု ချစ်ဆိပ်တွေ တက်လာတတ်တာကို သား မမေ့နဲ့။ ဒါကြောင့် နေရာကိစ္စကို ရေးကြီးခွင့်ကျယ် ထည့်ပြောနေရတာပဲကွ။

အဲ. . . မြေစမ်းခရမ်းပျိုးချိန်မှာ ဖက်ရမ်း နမ်းရှုပ်တာကအစ၊ ယုယမှုများအလယ်၊ စကားနဲ့ တွတ်ထိုးတာလေးတွေအဆုံး အကုန်လုံးပါတယ် သားရဲ့။ တစ်နည်းပြောရမယ်ဆိုရင်ကွာ တစ်ဖက်သားကို ရင်းနှီးလာအောင် နူးနူးညံ့ညံ့ ညင်ညင်သာသာ လုပ်ကိုင်ဆောင်ရွက်ပေးသမျှ ကိုယ်အမူအရာ၊ နှုတ်အမူအရာတိုင်းဟာ မြေစမ်းခရမ်းပျိုးတာပဲ သားရေ့။

ခန္ဓာဗေဒသဘာဝကို ပြောရရင် မိန်းကလေးတစ်ယောက် ချစ်ဆိပ်တက်လာတဲ့အခါမှာ သူ့ရဲ့ယောနိဟာ နွေးလာမယ်၊ စိုစွတ်လာပါလိမ့်မယ်။ တစ်နည်းပြောရရင် သူ့ရဲ့ချစ်ဆိပ်အတိုင်းအဆကို အဲဒါနဲ့ တိုင်းထွာနိုင်သကွ။ အေး. . . အဲသလိုဖြစ်လာပြီဆိုတာနဲ့ တစ်ဆင့်တက်ဖို့ အတော်လေး လွယ်နေပြီလို့ နားလည်ထားနော် သား။

သည့်ထက် ပိုပြီး အသေးစိတ် ထည့်ပြောရမယ်ဆိုရင်တော့ ယောနိထိပ်က အကြောဆိုင်အထုံးလေးကို ပွတ်သပ်လှုံ့ဆော်တာပါပဲ။ အဲ့ဒီ အကြောထုံးလေးဟာ ယောနိရဲ့အပေါ်ထိပ်ဖက်မှာရှိပြီး ကုလားပဲစေ့အရွယ် အကြောစုလေးပဲ သားရဲ့။ အဲဒါလေးကို လက်ချောင်းထိပ်လေးနဲ့ ညင်သာဖွဖွ ပွတ်သပ်ပေးခြင်းဖြင့် မိန်းကလေးရဲ့ ချစ်ဆိပ်ကို တက်သည်ထက် တက်လာအောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။ သည်နေရာမှာ သား သေချာမှတ်ထားဖို့လိုတာက ယောကျ်ားအတော်များများ ယုံမှတ်မှားနေသလို ချစ်ရေးချစ်မှု တစ်ခုတည်းနဲ့ ဘယ်မိန်းမမှ ဇာတ်မသိမ်းနိုင်ဘူးဆိုတာပါပဲ။ ဖေဖေပြောခဲ့တဲ့





အကြောထုံးလေးကိုနဲ့ မပြတ်ထိတွေ့နေမှသာ ဖြစ်နိုင်တယ်ဆိုတာ သေချာမှတ်ထားကွ။

ချစ်ရေးချစ်မှု လုံးလုံးမပါဘဲနဲ့လည်း ကြည်နူးကျေနပ်နိုင်သေးတာကိုလည်း သားတို့လို လူငယ်လူရွယ်တွေအနေနဲ့ ကောင်းကောင်းသိထားသင့်တယ်။ ချစ်ဖျူဟာကိုသာ သိပ်အလေးအနက်ထားပြီး ကြိုးစားရင် တခြားမလိုလားအပ်တဲ့ ပြဿနာတွေ၊ ဥပမာကွာ၊ အရွယ်မတိုင်ခင် အိမ်ထောင်ကျတာတို့၊ လိင်မှတစ်ဆင့် ကူးစက်တဲ့ရောဂါတွေ ဖြစ်လာနိုင်တာတို့ ရှိနေသေးတဲ့အတွက် ဒါကိုလည်း ဖေဖေက အလေးအနက် ထည့်ပြောနေရတာပဲပေါ့။

တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ၊ နေထိုင်ခြင်းများပါဝင်တဲ့ မြေစမ်းခရမ်းပျိုးမှာတင် နှစ်ဦးနှစ်ဖက် ကြည်နူးကျေနပ်အောင်၊ ဇာတ်သိမ်းအထိရောက်အောင် ဆောင်ရွက်နိုင်တယ် သားရဲ့။

ဖေဖေဟာ သားသိတဲ့အတိုင်း အင်မတန် ဇာတ်ရှုပ်ခဲ့ဖူးသူပဲကွယ်။ အသက် ၁၉နှစ်ကနေ အသက် ၂၆နှစ်လောက်အထိက ရည်းစားတွေ တန်းစီပြီးထားခဲ့ဖူးတယ်။ ရည်းစားတိုင်းနဲ့လည်း ရည်စားမက လင်မယား မကျနေခဲ့ဖူးတယ်။ ဒါပေမယ့် ဘယ်ရည်းစားအပေါ်မှာမှ မကျူးကျော်ခဲ့ပါဘူး။ ချစ်တင်းနှောတဲ့အဆင့်ကို မရောက်ခဲ့ဘူးပေါ့ကွာ။ သို့သော်လည်း စောစောက ဖေဖေပြောတဲ့အတိုင်း မြေစမ်းခရမ်းပျိုးကာလမှာ ဖေဖေ့ရည်းစားတိုင်းနဲ့ နှစ်ဦးနှစ်ဖက် ကြည်နူးကျေနပ်တဲ့အထိတော့ နေခဲ့ဖူးတယ် သားရဲ့။ သည်အတွက် ဘာအကျိုးကို ခံစားရသလဲဆိုရင် ဖေဖေတို့ လမ်းခွဲကြတဲ့အခါ မိန်းကလေးတွေ မနစ်နာတော့ဘူးပေါ့ သားရာ။ နောက်ဆုံး ဖေဖေ့ဘက်က သစ်စိမ်းချိုး ချိုးလိုက်ဦးတောင်မှ သူတို့ကို ကျောရရှိကြတဲ့ ယုတ်မာသူယောကျ်ားစာရင်းထဲမှာ ဖေဖေ့ကို သူတို့ ထည့်လို့မရတော့ဘူး။ သူတို့ရဲ့ အပျိုစင်ဘဝကို ကူညီ ထိန်းသိမ်းပေးနိုင်ခဲ့လေတော့ ဖေဖေ့အတွက်လည်း လမ်းခွဲတဲ့အခါ လိပ်ပြာသန့်တယ် သားရဲ့။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အဲတော့ကွာ၊ မြေစမ်းခရမ်းပိုးကာလမှာ အထိအတွေ့က အခရာပါပဲ။ အထက်မှာပြောခဲ့တဲ့ ပထမဆုံးအကြိမ်မှာ ကံနေကျ ပြဿနာမျိုးကို ကံလာရင်တောင် သည်မြေစမ်းခရမ်းပိုးလေးတွေကို ပီပီပြင်ပြင်လေး ဆောင်ရွက်ထားနိုင်မယ်ဆိုရင်တော့ နှစ်ယောက်စလုံး ကြည်နူးကျေနပ်နိုင်မှာပဲ သားရေ။ ချစ်တင်းနှောရာမှာ တော်တယ်၊ မိန်းမတွေ ကြိုက်လောက်တယ်၊ စွဲစေတယ် ဆိုတာတွေဟာ ကိုယ်ခန္ဓာပိုင်း၊ ကာယဗလပိုင်းနဲ့ မဆိုင်ပါဘူး။ ကိုယ်က သူ့အပေါ် ဘယ်လောက် ယုယုယယရှိတယ်၊ သူ့အကြိုက်ကို ဘယ်လောက် ဆောင်နိုင်တယ်၊ သူ့ကို ဘယ်လောက် နားလည်ပေးနိုင်တယ်ဆိုတာတွေကသာ ယောကျ်ားတစ်ယောက်ကို မိန်းမတစ်ယောက်က စွဲလန်းလာစေနိုင်တဲ့ အဓိကအချက်တွေပဲဆိုတာ သား သေချာသဘောပေါက်ထားစေချင်လှတယ်ကွယ်။

## ပုံစံမှန်

ယောကျ်ားလေးတွေကြားနေကျ ယုံတမ်းစကားတွေထဲမှာ ချစ်ဗျူဟာထဲမှာ ကိုယ်နေဟန်ထား အမျိုးမျိုး ကွဲပြားလေလေ မိန်းမတွေချစ်လာလေဆိုတဲ့ အချက်တစ်ချက်ကလည်း မပါမဖြစ် ပါနေသေးသကွ။ ဖေဖေတောင် အဲဒီယုံတမ်းတွေကို အဟုတ်မှတ်လို့ အလွဲကြီး လွဲနေခဲ့တာ သား တစ်သက်လောက် ကြာသွားတယ်လို့ ပြောရမလိုဖြစ်နေတယ်။ ဖေဖေက အမေးအမြန်းထူသလို ပွင့်လည်း သိပ်ပွင့်လင်းလွန်းလို့သာ အမှန်ကို အမျိုးသမီးတွေဆီကနေပဲ သိရတာ သားရဲ့။ တကယ်တော့ အဲဒါဟာလည်း တခြားယုံတမ်းစကားတွေလိုပဲ လုံးလုံး မမှန်တဲ့ စကားတွေ သားရေ။

ချစ်ဗျူဟာမှာ ကိုယ်နေဟန်ထား အမျိုးမျိုး ရှိတယ်ဆိုတာတော့ မှန်ပါတယ်။ ဒါပေမယ့် သဘာဝအတိုင်းကတော့ ပထမဆုံးအကြိမ်အတွက် အသင့်တော်ဆုံးပဲ သားရေ။

တခြားကိစ္စတွေ ခဏ ဘေးချိတ်ထားဦး၊ ချစ်သူစုံတွဲတွေအနေနဲ့





သဘာဝအတိုင်းလေး နေတာဟာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေနိုင်တာ၊ တစ်ယောက်နဲ့တစ်ယောက် ပါးချင်းအပ်နိုင်တာနဲ့တင် သည်သဘာဝအတိုင်းလေးက အဆင်ပြေလှသကွ။

ပထမဆုံးအကြိမ်မှာ ကျားနဲ့မတို့ သူနိုင်ကိုယ်နိုင်အပြိုင်ကျဲရမယ့်အချိန်၊ အစွမ်းပြရမယ့်အချိန်လည်း မဟုတ်သေးဘူးဆိုတာ သားလေး သတိထားဖို့ လိုလိမ့်မယ်နော်။

## တခြား ကိုယ်ကာယ ပြဿနာတွေကို ကုစားနည်း

ယောကျ်ားပိုလေးတွေ ရင်အဆိုင်ရဆုံး ပြဿနာကတော့ အချိန်မတိုင်ခင် ဇာတ်သိမ်းသွားတတ်တာပဲ သား။ သည်မှာတင် ဖြည်းဖြည်းညင်သာ ဆောင်ရွက်ရမယ့်အလုပ်ကို အထမြောက်အောင် မဆောင်ရွက်နိုင်တော့ဘဲ ခါးလည်မှာတင် ပြတ်သွားတော့တာပေါ့။ သည်နေရာမှာ နှဖူးတွေ့ ဒူးတွေ့ မတွေ့ခင်တင်ကြိုပြီး တစ်ကိုယ်ရေ အာသာဖြေထားလိုက်ရင် အဆင်ပြေနိုင်တယ် သားရဲ့။ ချစ်ဗျူဟာကို မျှော်တွေးပြီး စိတ်လှုပ်ရှားနေတာ၊ စိတ်ထဲမှာ အုံ့ခဲတင်းကြပ်နေတာများကို တစ်ကိုယ်ရေနည်းနဲ့ လျော့ပါးအောင် လုပ်ထားလိုက်မယ်ဆိုရင် ဒုတိယအကြိမ်ပြန်လည်တက်ကြွလာချိန်မှာ အနည်းနဲ့အများတော့ ဆိုင်းငံ့သွားနိုင်တော့မှာပဲ သားရဲ့။ နောက်တစ်ခုက ကိုယ့်ဘာသာတစ်ယောက်တည်း အာသာဖြေချိန်မှာ ဇာတ်သိမ်းခါနီးတိုင်း ထိန်းယူတဲ့အကျင့်ကို ကျင့်ကျင့်ထားခဲ့မယ်ဆိုရင်လည်း တကယ်တမ်း ရင်ဆိုင်လာတဲ့အခါမှာ ထိန်းနိုင်လာတတ်တယ်။

ဇာတ်သိမ်းစောတာဟာ စိတ်လှုပ်ရှားလွန်းနေတာနဲ့ သိပ်စိတ်ထက်သန်လွန်းနေတာကြောင့်ပဲကွ။ အဲသလိုပဲ ဆောင်ရွက်ခါနီးမှာဖြစ်စေ၊ ဆောင်ရွက်နေဆဲမှာဖြစ်စေ ကိုယ်ခန္ဓာက မလိုက်နိုင်တော့တာ၊ တင်းမာမှု လျော့ပါးသွားတာမျိုးဟာလည်း စိတ်ကြောင့်ဖြစ်တာပါပဲ။ ချစ်ဗျူဟာအဆင့် မရောက်ခင်တစ်ကိုယ်ရေအာသာဖြေတုန်းက ဇာတ်သိမ်းအထိ အခက်အခဲမရှိဘဲ ရောက်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခဲ့ရက်သားနဲ့ တကယ်ပွဲဝင်တော့မယ်ဆိုကာမှ ကိုယ်ခန္ဓာက ဖောက်ပြန်သွားတယ်၊ တင်းမာမှုလျော့ပါသွားတယ်ဆိုရင် အဲဒါ ပထမဆုံးအကြိမ်မို့ စိတ်က တရားလွန် လှုပ်ရှားလွန်းနေတာ၊ စိုးရိမ်ပူပန်နေတာတို့ကြောင့်ပဲ သားရဲ့။ ဘာတစ်ခုမှ အားနည်း၊ ချို့ယွင်းလို့ လူစဉ်မမီလို့ မဟုတ်ဘူးနော်။

သည်ပြဿနာနှစ်ရပ်စလုံးအတွက် အသုံးအတည့်ဆုံးနဲ့ နှစ်ဦးနှစ်ဖက် စိတ်သက်သာမှု အရစေနိုင်ဆုံးနည်းကတော့ 'မြေစမ်းခရမ်းပျိုးတာ'ကို အာရုံစိုက်လိုက်တာပဲဆိုတာ မှတ်သာထား။

ဖေဖေ့ ကိုယ်ပိုင်အတွေ့အကြုံအရ ပြောရရင်တော့ သားရယ်၊ အချိန်မတိုင်ခင် ဇာတ်သိမ်းမြန်တာကို ကာကွယ်ချင်ရင်၊ ဒါမှမဟုတ် ရေရှည်ဆိုင်းငံ့ချင်တယ်ဆိုရင် ပွဲဝင်နေခိုက်မှာ လုပ်ဖို့မေ့နေတဲ့ အလုပ်တစ်ခုဖြစ်တဲ့ အသက်ရှူတဲ့အလုပ်ကို အာရုံသေချာစိုက်ပြီး လုပ်လိုက်တဲ့နည်းကလည်း တစ်ခါတရံ ထိရောက်နိုင်ပါတယ်။ အသက်ကို ဖြည်းဖြည်းမှန်မှန် ဖြစ်သွားအောင် ဂရုစိုက်ရှူရင်း အသက်ရှူတဲ့အကြိမ်ကိုပါ ၁-၂-၃-၄ စသဖြင့် ရေတွက်နေလိုက်ရင် တစ်ဖက်မှာ သိပ်ဝင်စားနေတဲ့ အာရုံကို အလိုလို ပြောင်းလိုက်သလို ဖြစ်နိုင်တာမို့ ဇာတ်သိမ်းမြန်တာကို ကာကွယ်ယူနိုင်တယ် သားရဲ့။

အဲ. . . ကိုယ်ခန္ဓာက ဖောက်ပြန်ပြီး တင်းမာမှု လျော့ပါးနေတယ်ဆိုရင်တော့ သားအတွက် စိတ်လှုပ်ရှားစရာအကောင်းဆုံး အခြေအနေနဲ့ စိတ်ကူးကို သားကိုယ်တိုင်သာအသိဆုံးမို့ အဲဒီစိတ်ကူးကိုသာ တိတ်တိတ်ကလေး ယဉ်ကြည့်လိုက်ပေါ့ကွာ။ ဘရစ္စတီ စပီးယား(စ်)ဖြစ်ဖြစ်၊ ဂျနစ်ဖာ လိုပက်(ဇ်) ဖြစ်ဖြစ်၊ သားအတွက် ဆွဲဆောင်မှုအရှိဆုံး တစ်ယောက်ယောက်ကို စိတ် မျက်စိမှာ ပုံဖော်ကြည့်ပြီး စိတ်ကူးတွေယဉ်ကြည့်လိုက်ပေါ့။ ဒါမှမဟုတ် လည်း ကိုယ့်စိတ်က ဘယ်လိုအခြေအနေမျိုးမှာ အလှုပ်ရှားဆုံး ဖြစ်နေတတ်သလဲဆိုတာကို ကိုယ့်အဖော်ကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ရင်လည်း အဆင်ပြေသွားနိုင်သေးတယ်ကွ။





## ၄၊ ကိုယ့်အတွေ့အကြုံကို ပြောပြတဲ့အလုပ် ကိုယ့်ချစ်သူကို ပြောပြတာ

ကိုယ့်အဖော်၊ ကိုယ့်အတွဲ၊ ကိုယ့်ချစ်သူကို များများပြောပြနိုင်လေ၊ ကိုယ်နဲ့ သူနဲ့ကြားက လာလတ္တံ့သော ပွဲစဉ်များအတွက် ပိုလို့ ကျေနပ်စရာ ကောင်းလေလေ၊ သာယာမှုကို တိုးပြီးရနိုင်လေလေပါပဲ။ ကိုယ့်ရဲ့အခက်အခဲတွေ၊ စိုးရိမ်မှုတွေကို တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ပွင့်ပွင့်လင်းလင်း ချပြဆွေးနွေးနိုင်ပြီးဖြစ်နေတဲ့ ပြဿနာတွေကို နှစ်ယောက်အတူ စဉ်းစား ဖြေရှင်းယူနိုင်ခြင်းဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ချစ်ခရီးလမ်းအတွက် အဓိက သော့ချက်ပဲ သားရေ။

ချစ်ဗျူဟာကို အမှောင်ထဲမှာလုပ်ရမယ့်ကိစ္စလို့ သဘောထားပြီး ဘယ်တော့မှ ချမဆွေးနွေးဘူးဆိုရင် တစ်ဖက်သားမှာ ဘယ်လိုခံစားရတယ်ဆိုတာ မသိနိုင်တဲ့အတွက် ပိုအဆင်ပြေလာအောင်လည်း ဘယ်လိုမှကို လုပ်နိုင်တော့မှာ မဟုတ်ဘဲ တစ်ဖက်သတ်အထင်တွေနဲ့ ရမ်းကြိတ်နေရတဲ့ အိလည်လည် ဆက်ဆံရေးတစ်ရပ် ဖြစ်သွားတော့မယ်ဆိုတာ သား သေချာမှတ်ထား။

ပြောမယ့်သာ ပြောရတယ်၊ ဖေဖေတို့ အရှေ့တိုင်းမှာတင်မကဘူး၊ အနောက်တိုင်းမှာပါ လူယောကျ်ား၊ လူမိန်းမတွေဟာ ချစ်ဗျူဟာကိစ္စကို လင်နဲ့မယား ကြားမှာတောင် ပွင့်ပွင့်လင်းလင်း ဖွင့်ဆွေးနွေးဖို့ ရှိန်နေကြသေးတယ် သားရဲ့။ ဘယ်လိုပဲဖြစ်ဖြစ်၊ ကိုယ့်အဖော်နဲ့ သည်ကိစ္စတွေကို ပြောင်ပြောင် တင်းတင်း လင်းလင်းပွင့်ပွင့် ဖွင့်ဆွေးနွေးလိုက်တာဟာ ပျော်စရာလည်း ကောင်း၊ စိတ်လှုပ်ရှားစရာလည်း ကောင်းတဲ့အပြင် သည်ကိစ္စနဲ့ ပတ်သက်တဲ့ အသိအမြင်တွေလည်း ပိုမိုတိုးပွားလာနိုင်သလို နောက်ပိုင်းမှာလည်း ပိုမို သာယာ ပျော်ရွှင်စရာကောင်းနေမှာကတော့ မြေကြီးလက်ခတ် မလွဲပါဘဲ သား။

ဖေဖေဆိုရင် သည်ကိစ္စကို ကိုယ့်အဖော်နဲ့ ချချဆွေးနွေးတဲ့ အလေ့အထ ရှိတယ်။ အဲတော့ သူလိုချင်တာလည်း ကိုယ်သိ၊ ကိုယ်လိုချင်တာလည်း



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူသိနေလေတော့ ရေရှည်မှာ သိပ် အဆင်ပြေတာပေါ့ သားရဲ့။ ပထမတော့ သူတို့တွေမှာလည်း ရှက်တော့နေသပေါ့ကွာ။ သည်အခါမှာ နားရဲလာ၊ နှုတ်ရဲလာအောင်တော့ စည်းရုံးရတာပေါ့။ ဒါဟာ လူ့ကိစ္စ၊ အင်မတန် သိက္ခာသမာဓိရှိတဲ့ သူ့အဖေ၊ အင်မတန် ကြွေကြီးတဲ့ သူ့အမေအပါအဝင် လူအားလုံး ပြုနေကျ နိစ္စဓူဝသာ ဖြစ်ပါကြောင်း နားဝင်အောင် အဖန်ဖန်ပြောပေးပြီး ပါးစပ်ရဲ နားရဲလာအောင် လုပ်ယူရတာပါ။ အတော်တော့၊ အာပေါက်တယ် သားရဲ့။ ဒါပေမယ့် တကယ် ဆွေးနွေးနိုင်တဲ့အဆင့်ကို ရောက်သွားတဲ့အခါမှာတော့ စောစောက အာပေါက်တာတွေနဲ့ မကာမိအောင်ကို ချမ်းသာသုခကို ခံစားရတာချည်းပဲကွ။

သားကို သည်အကြောင်းတွေ ဂယနဏ ကွဲပြားအောင် ရှင်းပြ ပြောပြနိုင်တာဟာလည်း အဲသလို အာပေါက်အောင် ပြောယူပြီး သဘာဝတွေကို သိလာအောင် လုပ်ခဲ့တဲ့အကျိုးကျေးဇူးပဲပေါ့ သားရာ။

## သူငယ်ချင်းတွေကို ပြောပြတာ

ကိုယ့်အဖော်နဲ့ ကိုယ့်ရဲ့ဆိတ်ကွယ်ရာကကိစ္စဆိုတာ သူတစ်ပါးကို လည်ကြွားလောက်တဲ့ကိစ္စမျိုး မဟုတ်ဘူးနော်။ အဲဒါဟာ ကိုယ်ရေးကိုယ်တာမှ တကယ့်ကို သိုသိပ်အပ်တဲ့ ကိုယ်ရေးကိုယ်တာမျိုးကွ။

ဒါပေမယ့် သည်ကိစ္စနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့စိုးရိမ်မှုတွေ၊ သောကတွေ၊ ခံစားချက်တွေကို ရိုးရိုးသားသား ရင်ဖွင့်တာနဲ့ ကြွားတာနဲ့ကတော့ တခြားစီဆိုတာလည်း သားမှတ်ထား။ သားတို့ ဆယ်ကျော်သက်အရွယ်မှာ ရွယ်တူချင်း သည်ကိစ္စတွေ ပြောဖြစ်ကြတဲ့အခါမှာတော့ အဲလို ရင်ဖွင့်တာမျိုးအစား ဘယ်သူနဲ့၊ ဘယ်လို ကိုယ်က စွမ်းခဲ့တာဆိုတာမျိုးတွေ ပါဝင်တဲ့ ဖြီးလုံးလိုမ့်လုံးတွေသာဖြစ်နေတတ်တယ် သားရဲ့။ အဲသလို အပြောမျိုးတွေကတော့ ဘာမှအနှစ်မပါ၊ အရာမရောက်ဘူးနော်။ သူငယ်ချင်းတွေကြားထဲမှာ အားလုံးက တစ်ယောက်ကိုတစ်ယောက် အဲသလိုသာ လှည့်ပတ်ဖြီးနေကြမယ်ဆိုရင်





လိင်ကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူမှ အမှန်ကို သိခွင့်၊ နားလည်ခွင့်၊ ဆည်းပူးခွင့်ရတော့မှာ မဟုတ်တော့ဘူးဆိုတာ သားမမေ့နဲ့။

မိန်းကလေးတွေအတွက်ကျတော့ ရင်းနှီးသူချင်း ဖွင့်ဟ ဆွေးနွေးတဲ့ အခါ သူတို့ရင်ထဲမှာ ခံစားနေရတာအားလုံးကို အိပ်သွန်ဖာမှောက်ပြောဆိုတဲ့အလေ့အထမျိုးရှိပြီးသားဆိုတော့ သည်ကိစ္စတွေမှာလည်း ခံစားချက်ကို ရှေ့တန်းတင်ပြီးမှ ပြောတတ်ကြပုံပါပဲ။ ဒါကြောင့်မို့လို့ မိန်းမသားတွေအတွက်ကျတော့ ချစ်မှုချစ်ရေးဟာ သွေးသားကိစ္စထက် ပိုမိုလေးနက်နက်ရှိုင်းနေတော့တာပဲ သားရဲ့။ တစ်နည်းပြောရရင်တော့ ကိုယ်ခန္ဓာကိစ္စတင်မဟုတ်တော့ဘဲ နှလုံးသားနဲ့ ဦးနှောက်နဲ့ လေးလေးနက်နက် ဆောင်ရွက်ရတဲ့ကိစ္စတစ်ရပ်အဖြစ် သူတို့က ပိုခံစားနိုင်ကြတယ်။ ပိုခံစားတတ်ကြတယ်။ အဲဒီမှာ သူတို့လို မခံစားတတ်တဲ့ ယောကျ်ားသားတွေကို 'နွား'လို့ မြင်ကုန် ကြသလို သူတို့က သိပ်ခံစားပြီးမှ ဗူးဗူးနှစ်နှစ်ချစ်ပြန်တော့လည်း ယောကျ်ား သားတွေက သူတို့ကို 'နှာခေါင်းမပါတဲ့ဟာတွေ'လို့ သတ်မှတ်ကုန်ကြတဲ့ အထိ အစွန်းတွေ ရောက်ကုန်တော့တာပဲဟေ့။

သည်လိုဆိုလိုက်တဲ့အတွက် သားတို့ယောကျ်ားလေးတွေအနေနဲ့လည်း သူငယ်ချင်းတွေ ဝိုင်းဖွဲ့ပြီး သည်ကိစ္စနဲ့ ပတ်သက်သမျှ ကိုယ့်ခံစားချက်အလုံးစုံကို အာပေါင်အာရင်းသန်သန်၊ လေကျယ်ကျယ်နဲ့ ဆွေးနွေးသင့်တယ်လို့ ပြောတာ မဟုတ်ဘူးနော်။ အဲသလိုဆွေးနွေးရင်လည်း အလုပ်ဖြစ်မှာမဟုတ်ဘူး။ ဖေဖေပြောနေတာက ကိုယ်နဲ့ အင်မတန် ရင်းနှီးပြီး ညီလို၊ အစ်ကိုလိုနေတဲ့ မိတ်ဆွေ၊ သူငယ်ချင်း၊ သားချင်းတစ်ယောက်ယောက်ကို တိုးတိုးဖော်အဖြစ်နဲ့ ရိုးရိုးသားသားပွင့်ပွင့်လင်းလင်း ထုတ်ပြဆွေးနွေးတာမျိုးသာဖြစ်မယ်ဆိုရင်တော့ သည်ကိစ္စနဲ့ ပတ်သက်တဲ့ ပကတိအခြေအနေကို သိနားလည်လာနိုင်ပြီး ကိုယ့်အခြေအနေကိုလည်း ပိုမိုကောင်းမွန်တိုးတက်လာအောင် ဖန်တီးယူနိုင်လိမ့်မယ်ဆိုတာကိုပဲ ပြောချင်တာပါကွာ။ အဲသလို ဖွင့်ဟတိုင်ပင်ဆွေးနွေးတာဟာ အချင်းချင်းလျှောက် ကြွားပြီး ထင်သလိုပြော



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နေတာမျိုးထက် အဆပေါင်းရာထောင် အကျိုးရှိမှာလည်း သေချာတယ် သားရဲ့။

သားအတွက်ကတော့ ဒါတွေကို ပွင့်ပွင့်လင်းလင်းကြီးကို စတင် ရှင်းလင်းပြောပြနေတဲ့ ဖအေတစ်ယောက်လုံးရှိနေတာပဲလေ။ တခြားသူတွေနဲ့ တိုင်ပင်ရင်ဖွင့်တာထက် ဖေဖေနဲ့တိုင်ပင်ရင်ဖွင့်တာက သားအတွက် အကျိုး အများဆုံးဖြစ်မှာပါနော်။

သားသူငယ်ချင်းတွေထဲကလည်း ဖေဖေနဲ့သိသိ၊ မသိသိ၊ သူတို့မေးချင်၊ မြန်းချင်၊ ရင်ဖွင့်ချင်တယ်ဆိုရင် ဖေဖေ့ဆီသာ လွှတ်လိုက်။ ကိုယ့်သားအရင်း လို သဘောထားပြီး သိသင့်တာ သိအောင်၊ မမှားတန်တာ မမှားရအောင် သေချာ ပြောပြပေးပါ့မယ်ကွာ။



အခန်း (၈)

# သားဆက်ခြားတာ

## ၁၊ ယောက်ျားတွေနဲ့ သားဆက်ခြားတာနဲ့ ဘယ်လိုများ ပတ်သက်နေလို့တုံး

ပြောရရင် သားရယ်၊ သားဆက်ခြားတဲ့ကိစ္စကို ဖေဖေတို့ ယောက်ျားတွေ ဘက်က တက်တက်ကြွကြွနဲ့ တာဝန်ယူလေ့မရှိကြဘူး။ ဒါ မိန်းမတွေနဲ့သာ ဆိုင်တဲ့အလုပ်၊ မိန်းမတွေ ပူရမယ့်ကိစ္စလို့သာ ယောက်ျားတစ်ရာမှာ ၁၀၀ ယောက်လောက်က မြင်တယ်ကွ။ ဆိုလိုတာကကွာ၊ ဘယ်လိုနည်းနဲ့ သား ဆက်ခြားမယ်၊ ဘယ်လိုလုပ်ယူရမယ်ဆိုတာကို မိန်းမတွေကသာ ဆုံးဖြတ် ဆောင်ရွက်ကြရသလိုမျိုးကြီး ဖြစ်နေတာပဲကွ။ ဒါ တစ်ကမ္ဘာလုံးမှာ ရှိတဲ့ ယောက်ျားထုတစ်ရပ်လုံးရဲ့အမူအကျင့်နဲ့ တစ်ကမ္ဘာလုံးမှာရှိတဲ့ မိန်းမသားထု တစ်ရပ်လုံး ရင်ဆိုင်နေရတဲ့ ပြဿနာလေးတစ်ခုပဲ သားရဲ့။

အဲသလိုဖြစ်ရတာက သားဆက်ခြားနည်းအမျိုးမျိုးကို ယောက်ျားတွေ မသိတာကြောင့်လည်းဖြစ်နိုင်တယ်။ တချို့စုံတွဲတွေကျတော့လည်း သား ဆက်ခြားနည်းများကို နှစ်ကိုယ်ချင်း မဆွေးနွေးဖြစ်ကြတာကြောင့်လည်း ဖြစ်နိုင်တယ်လို့ တွက်လို့ရတယ်။ တစ်ဖက်ကလည်း ဖေဖေတို့ယောက်ျား



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သားတွေရဲ့အသိအာရုံထဲမှာ သားသမီး မီးဖွားတဲ့ကိစ္စဟာ မိန်းမတွေ ပူပန်ရမယ့်အလုပ်၊ မိန်းမတွေသာ ဝါယမစိုက်ရမယ့်အလုပ်ပဲလို့ ယုံမှတ်ပြီး တာဝန်မယူချင်တဲ့ ဗီဇသဘောလည်း ဖြစ်မလားတော့ မပြောတတ်ဘူးကွာ။

လူပျို လူအိုအတော်များများမှာက သည်ကိစ္စနဲ့ ပတ်သက်လာရင် သိပ်နှမချင်း မစာနာတတ်ကြတော့ဘူးကွ။ 'ကိုယ်ကအနေသာကြီးပဲ၊ သူ့ပြဿနာ သူ့ဘာသာ ရှင်းပစေပေ့ါ'ဆိုတဲ့ စိတ်ထားမျိုးနဲ့ ယောက်ျားတွေ တော်တော့်ကို များလှတယ်ဟေ့။ အမှန်တော့ သားပဲ သေချာစဉ်းစားကြည့်လေ၊ အဲဒီသဘောထားဟာ ဘယ့်ကလောက်တောင် မစာနာရာ၊ မတရားလွန်းရာကျတဲ့ သဘောထားမျိုးလဲလို့။ နှစ်ဦးသဘောတူပျော်တုန်းက ပျော်ခဲ့ကြပြီးမှ ဒုက္ခအဝဝနဲ့တာဝန်အထွေထွေကို တစ်ယောက်တည်းအပေါ် ပုံချလိုက်တဲ့အပြင် ပြဿနာတစ်ခုခုတက်ပြီဆိုရင်လည်း အဲဒီတစ်ယောက်တည်းကိုသာ ရင်ဆိုင်ဖြေရှင်းစေတယ်ဆိုတာ တော်တော့်ကို လူမဆန်တဲ့၊ သိမ်ဖျင်းလှတဲ့ သဘောထားပဲကွ။ တကယ်လို့ အဲသလိုသာ တစ်ယောက်တည်းအပေါ် ပုံချတယ်ဆိုရင် ပုံချတဲ့ယောက်ျားတွေမှာလည်း ရှုံးပါတယ်။ အေးအတူပူအမျှ စိတ်မျိုးမထားနိုင်သူ၊ တစ်ကိုယ်ကောင်းဆန်လှတဲ့ယောက်ျားအဖြစ် တစ်ဖက်ကမြင်သွားပြီး နှစ်ယောက်ရဲ့ ချစ်ခင်ရင်းနှီးမှုနဲ့ စည်းနှောင်အားကို လျော့ပါးသွားစေနိုင်တာမို့လို့ တာဝန်မဲ့သူယောက်ျားမှာလည်း ရှုံးတယ်လို့ ပြောရတာပဲ သားရေ။

သားဆက်ခြားတဲ့ကိစ္စကြောင့် ချစ်သူစုံတွဲတွေမှာ တစ်ယောက်နဲ့ တစ်ယောက် ဖေးဖေးမမနဲ့ အပြန်အလှန် ဂရုစိုက်ကြတာ၊ အပြန်အလှန် အလေးအနက်ထားကြတာကို ပေါ်လွင်စေနိုင်တယ်။ ကိုယ့်ချစ်သူ၊ ကိုယ့်အဖော်အတွက် ပူပန်ပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်းဟာ တစ်ဘဝလုံး လက်တွဲဖို့ ရည်ရွယ်ထားသူများကြားမှာ အင်မတန်မှ အရေးကြီးတဲ့ လိုအပ်ချက်တစ်ရပ်ပဲ သား။

အခုကာလမှာတော့ ကုရာနတ္ထိရောဂါဆိုးကြီးရဲ့အန္တရာယ်ကြောင့် လူငယ်





အတော်များများဟာ ကွန်ဒုံးလို့ မြန်မာဝေါဟာရအနေနဲ့တောင် တွင်ကျယ်နေပြီဖြစ်တဲ့ အကာအကွယ်ကို သုံးရကောင်းမှန်း အနည်းနဲ့အများ သိလာကြပါပြီ။ ဒါပေမယ့် လူ့အစွဲဆိုတာ ဖျောက်ရခဲတော့ ကွန်ဒုံးသုံးရင် သာယာမှုလျော့တယ်လို့ အမှတ်မှားနေသူတွေလည်း အများကြီးကျန်နေသေးတာက ခက်တယ် သားရေ။

ဘဝကြီးတစ်ခုလုံး ရင်းနှီးမြှုပ်နှံလိုက်ရမှာထက်စာရင် မိနစ်ပိုင်းလောက် သာယာမှုမှာ သုံး၊ လေးရာခိုင်နှုန်းလောက် လျှော့ပြီးခံစားတာက ပိုအဓိပ္ပာယ်လည်း ရှိ၊ သဘာဝလည်း ကျ၊ အကျိုးအကြောင်းလည်းသင့်တယ်ဆိုတာ သား သဘောပေါက်စေချင်တယ်။

သားတို့လူငယ်အတော်များများဟာ အဲဒီကွန်ဒုံးကို ရောဂါ ကာကွယ်ဖို့လောက်ပဲ နားလည်လက်ခံထားကြပြီး သားဆက်ခြားဖို့အတွက်ပါ သုံးနိုင်တယ်ဆိုတာကိုကျတော့ တယ်လက်မခံချင်ကြဘူး။ တစ်ဖက်က ပြောရင် ကိုယ်ရောဂါ မရရေးကိုပဲ ဦးစားပေးနေကြပြီး ကိုယ့်အဖော်မှာ ကိုယ်ဝန်ရှိလာနိုင်တဲ့ ပြဿနာကိုတော့ နည်းနည်းလေးမှ ထည့်စဉ်းစားပေးဖော်မရသလို ဖြစ်နေတာ အမှန်ပဲကွ။

သည်စကားကို သည်အခန်းအစမှာ ပြောခဲ့တဲ့စကားနဲ့ ပြန်စဉ်းစားလိုက်မယ်ဆိုရင် နှမချင်းမစာတဲ့စိတ်၊ သိမ်ဖျင်းတဲ့စိတ်ကို ပြသရာရောက်နေတာပေ့ါ သားရယ်။ အဲသလို မစာနာတတ်သူ၊ သိမ်ဖျင်းသူတွေထဲမှာ ငါ့သား မပါစေချင်ဘူး။ လူငယ်ပီပီ၊ တစ်ဖက်ကလဲ အခွင့်အရေးပေးလာလို့ ပျော်ချင်သပ၊ လွတ်ချင်သပဆိုရင် ပျော်ပါ၊ လွတ်ပါ သား။ ဤအရာကား တားဆီး၍မရပါ ဆိုသလိုပဲ၊ ဖေဖေတို့က သားကို တစ်ချိန်လုံး မျက်စိအောက်က မပျောက်စတမ်း လိုက်ကြည့်နေနိုင်တာမျိုးမှမဟုတ်တာ။

လိုက်ကြည့်တယ်ဆိုဦးတောင် ဘယ်နှရက်၊ ဘယ်နှနှစ်အထိ ကြည့်နိုင်မှာတဲ့တုံး။ အရွယ်ဆိုတာမျိုးက ရပ်မှ မနေဘဲလေ. . . နော်။

ကဲ. . . ဆက်ဖတ်ပါဦး သားရေ။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## ၂။ နည်းအမျိုးမျိုး

အခုကာလမှာ ဆေးပညာရှင်များက ကျန်းမာရေးနဲ့ညီညွတ်တယ်လို့ အသိအမှတ်-ပထားတဲ့ သားဆက်ခြားနည်း စုစုပေါင်း ရှစ်မျိုးရှိတယ်သား။ တစ်ခုတော့ ရှိပါတယ်၊ သည်နည်းတွေကို စိတ်ချသင့်၊ မချသင့်က သုံးတဲ့သူအပေါ်မှာ တည်တယ်နော်။

တစ်နည်းစီ အသေးစိတ်ကို ဖေဖေ သားကို ပြောပြပေးမယ်နော်။

### (က) သောက်ဆေး

သောက်ဆေးကတော့ မိန်းမကြီးငယ်များကြားမှာ တော်တော်လေးရေပန်းစားတဲ့ နည်းပဲကွ။ ဆေးပညာအရပြောရင်လည်း သည်နည်းဟာ ၉၉ရာခိုင်နှုန်းထိရောက်တဲ့နည်းလို့ ပြောရမယ်။ အဲဒီသောက်ဆေးထဲမှာ ဟော်မုန်းဓာတ်နှစ်မျိုးပါတယ်။ Oestrogen နဲ့ progestogen တဲ့။ Oestrogen က မမျိုးအိမ်ကနေ မျိုးဥဆင်းတာကို ကာကွယ်ပေးပြီး progestogen က အမျိုးသမီးတို့ရဲ့ သားအိမ်ဝမှာ အမြှေးပါးလေးတစ်ခု ဖန်တီးလိုက်ပြီး သားအိမ်ထဲကို ဖိုမျိုးဥတွေမဝင်နိုင်အောင် တားဆီးပေးပါတယ်။ သည်ဆေးတွေက တံဆိပ်အမျိုးမျိုးနဲ့ရှိတယ် သားရဲ့။ အဲ. . . တံဆိပ်တွေ ကွဲပြားသလို ဆေးထဲမှာပါရှိတဲ့ ဟိုမုန်း ပမာဏကလည်း ကွဲနေတတ်တယ်။ ဆေးကို နေ့စဉ်တစ်နေ့တစ်လုံး မှန်မှန်သောက်ရပြီး စုစုပေါင်း ၂၁ရက် သောက်ရ တယ်။ ကြားထဲမှာ ခုနစ်ရက်တိတိ မသောက်ဘဲနေရတယ်။ အဲဒီခုနစ်ရက်မှာ အမျိုးသမီး ဓမ္မတာပေါ်လို့ပါပဲ။ ဆိုတော့ စုစုပေါင်းလိုက်ရင် ၂၈ရက် ကြာသပေါ့။

သောက်ဆေးရဲ့ အားသာချက်က လွယ်ကူတာပါ။ ဒါ့အပြင် ဓမ္မတာမမှန်သူတွေအတွက်ပါ သည်ဆေးတွေက အဆင်ပြေစေတယ်။ ဒါတင်မကသေးဘဲ သားအိမ်ကင်ဆာဖြစ်ခြင်းကလည်း ကာကွယ်ပေးနိုင်တယ်လို့ တချို့သုတေသနတွေက ဆိုတယ်။ အားနည်းချက်ကတော့ ရင်သားကင်ဆာ၊

လက်တွဲဖော်



အသည်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာများအပါအဝင် တခြား သွေးပန်းပြဿနာတွေ ရှိနိုင်တယ်လို့လဲ ဆိုထားပြန်ရောပေ့။

အမှန်ကတော့ကွာ၊ သဘာဝအတိုင်းမဟုတ်ဘဲ ဓာတုဆေးဝါးတွေ သုံးမယ်ဆိုရင် ဘယ်ဆေးပဲဖြစ်ဖြစ်၊ ဘေးထွက်ဆိုးကျိုးတွေ အမျိုးမျိုးရှိနိုင်တဲ့သဘောပဲပေါ့ကွာ။

### (ခ) ကွန်ဒုံး

ကွန်ဒုံးကိုလည်း မှန်မှန်ကန်ကန်အသုံးချမယ်ဆိုရင် ၉၈ရာခိုင်နှုန်းစိတ်ချရတယ်လို့ သုတေသနတွေကပဲ ပြောထားပါတယ်။ ကွန်ဒုံးရဲ့အားသာချက်ကတော့ ဈေးပေါတယ်၊ ပစ္စည်းပေါတယ်၊ အခုဆိုရင်မြို့ကြီးတွေမှာရှိတဲ့ ဘယ်ဆေးဆိုင်မှာမဆို အလွယ်တကူ ဝယ်လို့ရနေပါပြီ။ ရန်ကုန်မှာဆိုရင် စတိုးဆိုင်ကြီးတွေ၊ ကုန်တိုက်ကြီးတွေမှာတောင် ချရောင်းလာတာ တွေ့ရပါတယ်။ ဒါဟာ ရှက်စရာမဟုတ်ဘဲ ကျန်းမာရေး အသိဉာဏ်ဖွံ့ဖြိုးလာတာကို ပြနေတာမို့ ဖေဖေကတော့ ဝမ်းသာနေတယ် သားရေ။

အဲ. . . ကွန်ဒုံးက သုံးဖို့လည်းလွယ်သကွ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးခန်းတွေမှာဆိုရင် အလကားတောင် ပေးနေတယ်တဲ့။ ကုလသမဂ္ဂ အေဒ်စ်ရောဂါတားဆီးရေးအဖွဲ့အပါအဝင် အစိုးရမဟုတ်တဲ့ ကျန်းမာရေး အဖွဲ့အစည်းတွေကလည်း အခမဲ့ ဝေပေးနေကြပါတယ်။ တကယ်တော့ သားရယ်၊ သည်ကွန်ဒုံးဟာ သားဆက်ခြားရာမှာ သားတို့ ဖေဖေတို့လို ယောကျ်ားတွေအနေနဲ့ ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းဆောင်ရွက်ပေးနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းလို့ ပြောရမှာပဲကွ။

ကွန်ဒုံးကို သုံးချင်းအားဖြင့် တစ်ယောက်ကို တစ်ယောက် အေဒ်စ်အပါအဝင် တခြားတခြားသောလိင်မှတစ်ဆင့်ကူးစက်တတ်တဲ့ရောဂါတွေ မရအောင် ကာကွယ်ပေးနိုင်တယ်။ အမျိုးသမီးတွေမှာ သားအိမ်ခေါင်းကင်ဆာမဖြစ်နိုင်အောင်လည်း ကာကွယ်ပေးတယ်လို့ သိရတယ် သား။

လက်တွဲဖော်

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ကိုယ်အင်္ဂါတစ်ခုနဲ့ တစ်ခုကြားမှာ ရော်ဘာနံရံ ခြားသွားတဲ့အတွက် သုက်ရည်၊ ယောနိက ထွက်တဲ့အရည်၊ ဓမ္မတာသွေးများနဲ့ တခြားသွေးများကို အင်္ဂါတစ်ခုမှတစ်ခု မကူးနိုင်တော့ဘူး။ အဲသလို ကိုယ်အင်္ဂါတွေက ထွက်တဲ့ အရည်များကို ရောယှက်ကူးစက်မှု မရှိတော့ဘူးဆိုတာနဲ့ ဘယ်ဗိုင်းရပ်စ်ပိုးမှလည်း တစ်ဦးကနေ တစ်ဦးဆီ ကူးစက်စရာ အကြောင်းမရှိတော့ဘူးပေါ့။

ဒါပေမယ့် ကွန်ဒုံးကို မှန်မှန်ကန်ကန်နဲ့စနစ်တကျသုံးဖို့တော့လိုတယ်။ ပထမဆုံးက ချစ်တင်းမနှောခင်မှာ ကွန်ဒုံးကို ငယ်ပါမှာ စွပ်လိုက်ရပါလိမ့်မယ်။ သတိထားဖို့က သားတို့ ဖေဖေတို့ ယောက်ျားသားတွေ စိတ်လှုပ်ရှားတက်ကြွနေချိန်မှာ ပေါ်ပေါက်လာတတ်တဲ့ ကနဦးအရည်ကြည်မှာလည်း မျိုးပွားနိုင်တဲ့ သုက်ပိုးတွေ အသင်္ချေအနန္တပါဝင်နေနိုင်သလို အမျိုးသားမှာ ကုရာနတ္တိဗိုင်းရပ်စ်ပိုး(ဝါ)အိပ်ချ်အိုင်ဗွီပိုး ရှိနေမယ်ဆိုရင်လည်း အဲဒီအရည်ကြည်ထဲမှာ လွယ်လင့်တကူ အောင်းနေနိုင်တာကို သားတို့ မမေ့သင့်ဘူး။

နောက်တစ်ချက် မမေ့ဖို့က ကွန်ဒုံးတွေရဲ့ နှစ်ရာခိုင်နှုန်း၊ ကွန်ဒုံး တစ်ရာမှာ နှစ်ခုလောက်ဟာ ပေါက်တတ်၊ ပြဲတတ်တယ်ဆိုတဲ့ အချက်ပဲကွ။ အထူးသဖြင့် ရက်လွန်နေတဲ့ ကွန်ဒုံးတွေ သုံးမိရင်ပေါ့။

တကယ်လို့သာ မပေါက်မပြဲဘူးဆိုရင်တော့ ကွန်ဒုံးဟာ ဗိုင်းရပ်စ်ပိုးကို ကောင်းစွာ ကာကွယ်နိုင်ပါတယ်။ အကြမ်းဖျင်းပြောရင် အိပ်ချ်အိုင်ဗွီဆိုတဲ့ ကုရာနတ္တိရောဂါပိုးဟာ သုက်ကောင်တစ်ကောင်ထက် အဆပေါင်း၃၀ လောက် ပိုပြီး သေးငယ်လှပါတယ်။ အဲတော့ သုက်ကောင် တစ်ကောင် အတွက် ကွန်ဒုံးက ရော်ဘာဟာ ပေ၃၀၀လောက် အဆီးအတားမျိုး ဖြစ်နေချိန်မှာ ကုရာနတ္တိပိုးအတွက်ကျတော့ သည်ခရီးကပဲ ပေပေါင်း၃၀၀၀လောက် ဝေးနေပါပြီ။

သား နားလည်လား၊ လူတစ်ယောက်အတွက် မြေတစ်လှမ်းခရီးကို ကြောင်တစ်ကောင်အတွက်ငါးလှမ်း၊ ပိုးဟပ်တစ်ကောင်အတွက်မြေလှမ်း၅၀၊





ပုရွက်ဆိတ် တစ်ကောင်အတွက် မြေလှမ်း၁၀၀လောက် သွားရတာမျိုးနဲ့ နှိုင်းယှဉ်ပြီး ပြောပြနေတာဆိုရင် သားနားလည်မှာပါ။

ကွန်ဒုံးကို သုံးပြီးတဲ့နောက် သုက်လွှတ်ပြီး များမကြာခင်မှာ ဖယ်ရှားပစ်ဖို့လည်း သိပ်အရေးကြီးတာကို မှာပါရစေဦး သားရေ။ ပွင့်ပွင့်လင်းလင်း ပြောရရင်ကွာ၊ သုက်လွှတ်ပြီးတဲ့နောက် ငယ်ပါ ပုံမှန်အနေအထားကို ပြန်မရောက်ခင် ကွန်ဒုံးကို ဖယ်လိုက်ဖို့ ပြောနေတာကွ။ မဟုတ်ရင် ငယ်ပါက ပုံမှန်ပြန်ရောက်သွားချိန်မှာ ကွန်ဒုံးထဲမှာ အောင်းနေတဲ့ သုက်တွေက ကွန်ဒုံး လည်ပင်းဝကနေ အပြင်ကို စိမ့်ထွက်သွားနိုင်သေးလို့ပဲ။

အချုပ်ဆိုရရင်သားရယ်၊ ကွန်ဒုံးဟာ နှစ်ဦးနှစ်ဖက်အတွက် ၉၈ ရာခိုင်နှုန်း စိတ်ချရတယ်။ တစ်ခုပဲ သတိထား၊ စနစ်တကျသုံးတတ်ဖို့တော့လိုတယ်နော်။

## (ဂ) အမှေးအကာ

အမှေးအကာကလည်း ၉၇ရာခိုင်နှုန်း စိတ်ချရပါတယ်။ အမှေးအကာဆိုတာကတော့ ရာဘာကွင်းလေးဖြစ်ပြီး အမျိုးသမီးတွေရဲ့ သားအိမ်ဝမှာ ပွဲမဝင်ခင်ကြိုတင်တပ်ဆင်ထားရတာမျိုးတဲ့ကွ။ ရိုးရှင်းလွယ်ကူပြီး စိတ်ချရတဲ့ နည်းမျိုးဖြစ်ပေမယ့် ပထမဆုံးအကြိမ်မှာ နားလည်တတ်ကျွမ်းသူ ဆရာဝန်များကသာ တပ်ဆင်ပေးနိုင်ပြီး အမျိုးသမီးများအနေနဲ့ သုံးစွဲပုံကို ဆရာဝန်တွေဆီက သင်ယူပြီးမှ နောက်ပိုင်းမှာ စနစ်တကျသုံးစွဲတတ်သွားမယ်တဲ့။ အဲတော့ ဒါ ဖေဖေတို့ သားတို့နဲ့ သိပ်မပတ်သက်ဘူး။ ဗဟုသုတအနေနဲ့သာ ဖတ်ထားလိုက်ပါ သားရေ။

## (ဃ) ခွေ

ဆေးပညာမှာတော့ IUD (intra-uterine device) လို့ ခေါ်တယ်။ ဒါကတော့ အမှေးအကာနဲ့ မတူပါဘူး။ အမှေးအကာက ယာယီ တပ်ဆင်ရတာပါ။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖြုတ်လိုက်၊ တပ်လိုက် လုပ်လို့ရတယ်ပေါ့။ IUD ခွေကိုကျတော့ အမြဲလို တပ်ဆင်ထားရသကွ။ ဒါကိုလည်း ဆရာဝန်များကသာ တပ်ဆင်ပေးနိုင်တယ်။

အဲဒီခွေကလည်း သားဆက်ခြားဖို့အတွက် ၉၉ရာခိုင်နှုန်းစိတ်ချရတယ်။ ပလတ်စတစ်၊ ဒါမှမဟုတ် ကြေးဝါနဲ့လုပ်ထားတဲ့ပစ္စည်းဖြစ်ပြီး အမျိုးသမီးရဲ့ သားအိမ်အတွင်းပိုင်းမှာ ဆရာဝန်က တပ်ဆင်ပေးရတယ်။ အလုပ်လုပ်ပုံကတော့ သားအိမ်ထဲမှာ မျိုးဥမနေနိုင်အောင်လုပ်ပေးပြီး သုက်ပိုးနဲ့ မမျိုးဥတို့ မဆုံမတွေ့နိုင်အောင် ကာကွယ်ပေးတဲ့သဘောပါပဲ။ သည်ခွေကိုတော့ အပျိုမိန်းကလေးတွေကို တပ်ဆင်ပေးခဲပါတယ်။ အနည်းဆုံး ကလေး တစ်ယောက်မွေးဖူးသူ အမျိုးသမီးများကိုမှ တပ်ဆင်ပေးလေ့ရှိတယ်ဆိုပဲ။

## (င) သဘာဝနည်း

အမျိုးသမီးဓမ္မတာလာချိန်ကို တွက်ချက်ပြီး ရှောင်ရမယ့်ရက်၊ ဆောင်ရမယ့်ရက်ကို ရွေးချယ်တဲ့နည်းပါ။ သည်နည်းက ၉၃ရာခိုင်နှုန်းလောက် စိတ်ချရပါတယ်။ ရက်ကိုတင် တွက်ရတာ မဟုတ်ဘဲ အမျိုးသမီးရဲ့ကိုယ်အပူချိန်ကိုပါ တိုင်းပြီးမှ မမျိုးဥဆင်းမယ့်ရက်ကို တွက်ချက် ရှောင်ကွင်းရတာမျိုးမို့ တော်တော်တန်တန် ကျွမ်းကျင်ရုံနဲ့ သည်နည်းကို စိတ်ချလို့မရပြန်ဘူးပေါ့။ ဆေးပညာဗဟုသုတရှိရုံနဲ့လည်း မလွယ်ဘူး။ ဆရာဝန်လောက်၊ သူနာ-ပလောက်ကို တတ်ကျွမ်းမှသာ ဆောင်ရွက်နိုင်တာမျိုးမို့ သည်နည်းက သာမန်လူတွေ၊ လူပြိန်းတွေ ရှောင်ကြဉ်ရမယ့်နည်းလို့သာ သား မှတ်ထားလိုက်ပါ။

ဓမ္မတာ မလာခင် ခုနစ်ရက်၊ လာပြီး ခုနစ်ရက်မှာ စိတ်ချရတယ်၊ စိတ်မချရဘူးစသဖြင့် အရပ်သားတွေ အင်မတန်အပြောများတယ်။ အဲဒါ သွက်သွက်ခါအောင် မှားတယ်နော် သား။ အဲဒါ ယုံတမ်းစကားစစ်စစ်လို့ ဖေဖေက အခိုင်အမာပြောပြီး သားကို အထပ်ထပ် သတိပေးလိုက်ပါရစေ။ ဒါက တကယ် ကျွမ်းကျင်သူများမှသာ တွက်ချက်နိုင်တဲ့ကိစ္စဆိုတာ သား





ဘယ်တော့မှ မမေ့သင့်ဘူး။

## (စ) ထိုးဆေး

ထိုးဆေးတွေကတော့ ၉၉ရာခိုင်နှုန်း စိတ်ချရတယ်။ မမျိုးဥ မဆင်းအောင် လုပ်ပေးတဲ့ထိုးဆေးတွေပါ။ တခြား ရွေးစရာလမ်းမရှိမှ ထိုးဆေးကို သုံးကြပါလို့ပဲ ဆရာဝန်တွေက အကြံပေးတတ်ကြတယ် သားရဲ့။

## (ဆ) သားကြောဖြတ်တာ

နည်းတစ်နည်းအနေနဲ့သာ သားကို ထည့်ပြောပြတာပါ။ တကယ်တော့ ဒါဟာ ကလေးများလွန်းသူ မိသားစုများ၊ ရောဂါတစ်ခုခုကြောင့် ကလေး ယူရင် အသက်အန္တရာယ် ရှိနိုင်သူများသာ သက်ဆိုင်ရာ ကျန်းမာရေးဌာနက တရားဝင် ခွင့်-ပချက် လျှောက်ထားပြီးမှ ဆောင်ရွက်ရတာမျိုးပဲ သား။ တစ်နည်းအားဖြင့် သားကြောဖြတ်ခြင်းကို မိမိသဘောနဲ့မိမိလုပ်ရင် ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် ထိုက်သင့်နိုင်ပါတယ်။ တစ်နည်းအားဖြင့် ဥပဒေက တားမြစ်ထားတယ်ပေါ့ကွာ။

အမျိုးသမီးမှာ မမျိုးအိတ်ကိုဆင်းတဲ့ သန္ဓေပြွန်တွေကို ဖြတ်ထုတ်လိုက်တာဖြစ်ပြီး အမျိုးသားမှာဆိုရင်တော့ ငယ်ပါဆီကိုလာတဲ့ သုက်ပြွန်တွေကို ဖြတ်ထုတ်လိုက်တာပါပဲ။

သားမေမေက သားတို့ မောင်နှမ နှစ်ယောက်စလုံးကို ခွဲစိတ်မွေးဖွားခဲ့ရတာပါ။ သားလေးကို ခွဲစိတ်ပြီး မွေးရာမှာ တာဝန်ကျ ဆရာဝန်က လက်လွန်သွားပြီး သားအိမ်ကိုတင်မက ဆီးအိတ်ကိုပါ ခွဲမိသွားခဲ့တဲ့အတွက် သားမေမေဟာ နောက်ထပ်သန္ဓေလွယ်လို့ မရတော့ပါဘူး။ လွယ်မယ်ဆိုရင်လည်း အသက်အန္တရာယ်နဲ့ အလွန်နီးတယ်။ ခက်တာက သူ့ကို ခွဲစိတ်ပြီးမှ သည်အခြေအနေကို သူ့သားဖွားမီးယပ်ဆရာဝန်က သိသွားတော့တာပါ။ သားကို မွေးတုန်းက ညမထွက်ရ အမိန့်တည်ဆဲကာလမို့ ခွဲစိတ်ချိန်မှာ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သားဖွားမီးယပ်ဆရာဝန်နဲ့ သားမေမေနဲ့ ဆုံတွေ့ခွင့်၊ အဲဒီဆရာဝန်ရဲ့ ကြီးကြပ်မှုနဲ့ ခွဲစိတ်ခွင့် မရလိုက်ဘူးလေ။

သည်အခါ သားမေမေကို သားကြောဖြတ်မယ်ဆိုရင် နောက်တစ်ခါထပ် ခွဲစိတ်ရမှာမို့ ဖေဖေ့ကိုသာ အဲဒီဆရာဝန်ကြီးက သားကြောဖြတ်ခိုင်းပါတယ်။ ဖေဖေလည်း လိုအပ်တဲ့ခွင့်-ပချက်တွေ ရယူပြီး သားကြောဖြတ်လိုက်ရတာပဲ သားရေ့။

အပေါင်းအသင်း အတော်များများက ယောကျာ်းတစ်ယောက် သားကြော ဖြတ်ပြီးရင် လိင်စိတ်ခမ်းသွားတယ်လို့ ထင်မြင်ယူဆပြီး ဖေဖေ့ကို မေးကြတယ်။ အမှန်က သားကြောဖြတ်တာနဲ့ လိင်စိတ်နဲ့ ဘယ်လိုမှ ပတ်သက်မှု မရှိပါဘူး။

ဒါက ဗဟုသုတအနေနဲ့ပြောပြတာပဲ သားရေ။ သားတို့တွေအတွက်တော့ သည်နည်းကလည်း ဘာမှ မဆိုင်လှပါဘူး။

### (ဇ) မနက်ကျ သောက်တဲ့ဆေး

တကယ်လို့များ ဘာအကာအကွယ်မှ မယူမိဘဲ ချစ်တင်းနှောမိခဲ့ရင်ဖြစ်စေ၊ (ကွန်ဒုံး ပေါက်ပြဲသွားတာမျိုးလို) ကိုယ်ယူလိုက်တဲ့ အကာအကွယ်က မအောင်မြင်ခဲ့ရင်ဖြစ်စေ လိင်ဆက်ဆံမှုပြုပြီးတဲ့နောက် ၇၂နာရီအတွင်း အမျိုး သမီးတွေသောက်ရတဲ့ဆေးပဲကွ။ ဆေးက အဝင်ဆိုးလှတဲ့အပြင် လူနဲ့ သိပ် မတည့်တဲ့အတွက် သည်ဆေးကိုတော့ မလွှဲသာတဲ့ အနေအထားကျမှ အရေး ပေါ်အဖြစ် သုံးသင့်တယ်။

## ၃။ သားဆက်ခြားပုံ အမျိုးမျိုးနဲ့ ပတ်သက်နေတဲ့ ယုံတမ်းစကားတွေ

တစ်ဖက်မှာ တန်းစီဖော်ပြထားတာတွေအားလုံးဟာ အကုန်လုံး ယုံတမ်းစကားတွေပဲဆိုတာ သား မှတ်ထားပါ။ တစ်ခုမှ အခြေအမြစ် မရှိသလို





မမှန်တဲ့စကားတွေဆိုတာ သား သေချာ မှတ်ထားနော်။

- *ဇာတ်သိမ်းခါနီးမှာ ငယ်ပါကို ယောနိထဲမှာ ဆက်မထားတော့ဘဲ အပြင်ကို ဖယ်ရှားလိုက်မယ်ဆိုရင် ပဋိသန္ဓေမတည်နိုင်ဘူးဆိုတာ. . .*
- *ချစ်တင်းနှောပြီးချိန်မှာ အမျိုးသမီးက သူ့ကိုယ်ထဲမှာ ရောက်နေတဲ့ သုက်ကို ဆေးကြောသန့်စင်လိုက်မယ်ဆိုရင် သန္ဓေမတည်နိုင်ဘူးဆိုတာ. . .*
- *အမျိုးသမီးမှေ့တာလာနေစဉ်မှာ ချစ်တင်းနှောရင် သန္ဓေမတည်နိုင်ဘူးဆိုတာ. . .*
- *တစ်ကြိမ်လောက် ချစ်တင်းနှောရုံနဲ့ သန္ဓေမတည်နိုင်ဘူးဆိုတာ. . .*
- *မတ်တတ်ရပ်အနေအထားနဲ့ ချစ်တင်းနှောရင် သုက်ပိုးက သားအိမ်ထဲကို ရောက်ဖို့ခက်လှတာကြောင့် သန္ဓေမတည်နိုင်ဘူးဆိုတာ. . .*
- *နှစ်ကြိမ်ဆက်တိုက် ချစ်တင်းနှောရင် ဒုတိယအကြိမ်မှာ သုက်အား ပျော့ သွားပြီး သန္ဓေမတည်နိုင်ဘူးဆိုတာ. . .*
- *အမျိုးသမီးပါ ဇာတ်သိမ်းအထိရောက်ပါမှ သန္ဓေတည်တာ၊ မဟုတ်ရင် သန္ဓေမတည်နိုင်ဘူးဆိုတာ. . .*

အဲဒီစကားတွေဟာ တစ်လုံးဆို တစ်လုံးမှ မမှန်ဘူးဆိုတာ ငါ့သား ဘယ်တော့မှ မမေ့ပါနဲ့ကွာ။

ဖေဖေ အထပ်ထပ်မှာနေတယ်နော်။ မေးချင်ရင် ဖေဖေ့ကို အချိန်မရွေး လာမေးလို့။ ဖေဖေမဖြေနိုင်တဲ့ သိပ်ထဲထဲဝင်ဝင်မေးခွန်းမျိုးဖြစ်နေရင်တောင် သားကို သက်ဆိုင်ရာ ပညာရှင်ဆီခေါ်သွားပြီး ရအောင် မေးပေးမယ်။

သူငယ်ချင်းတွေ ပြောတာ၊ ဟိုလူသည်လူပြောတာကိုတော့ အဟုတ်ကြီး မှတ်မနေစေချင်ဘူး သားရယ်။



*http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

အခန်း (၉)

# လိင်တူချင်း စုံမက်တာ

## ၁၊ လိင်တူချင်း စုံမက်တယ်ဆိုတာ ဘာလဲ

လိင်တူချင်းစုံမက်တယ်ဆိုတာက ဆန့်ကျင်ဘက်လိင်ကို စိတ်မဝင်စားဘဲ ယောက်ျားလေးက ယောက်ျားလေးကိုပဲ မျက်စိကျတာ၊ မိန်းကလေးက မိန်းကလေးချင်းပဲ မျက်စိကျတာမျိုးကို ခေါ်တာပါ သား။ အရပ်သုံးစကားနဲ့ ပြောရရင်တော့ကွာ လိင်တူချင်းမှ စုံမက်တဲ့ယောက်ျားကို 'မိန်းမလျာ၊' 'အခြောက်၊' 'ဂန်ဒူး၊' 'ဂျီပုန်း၊' 'ဂျယ်'စသဖြင့် အမျိုးစုံခေါ်တတ်ကြတယ်။ လိင်တူချင်းမှ စုံမက်တဲ့မိန်းကလေးကိုကျတော့ 'ယောက်ျားလျာ'လို့ အခေါ်များပြီး တခြားဘန်းစကားတွေကကျတော့ နည်းနည်းရိုင်းလို့ သားတင်မက အများပါ ဖတ်နေတဲ့ စာထဲမှာ ထည့်မရေးပါရစေနဲ့တော့။

တကယ်တော့ သားရယ်၊ လောကမှာ ယောက်ျားလျာ၊ မိန်းမလျာတွေဟာ လူတောမတိုးလှတဲ့ လူတန်းစားတစ်ရပ်ဖြစ်နေပါတယ်။ အများစုအနေနဲ့





သူတို့ကို မူမမှန်သူများ၊ ဒါမှမဟုတ်ရင်လည်း ဖောက်ပြန်နေသူများအဖြစ် သတ်မှတ်ထားကြလေတာကိုး။ သတ်မှတ်ကြဆို အဲသလိုဖြစ်နေတာကလည်း လူနည်းစုသာဖြစ်နေတာက အဓိကပဲလို့ ပညာရှင်တွေ၊ သုတေသီတွေက ဆိုကြတယ်။ အများညီရင် 'ဤ'ကို 'ကွဲ'ဖတ်လို့ ရတယ်ဆိုတဲ့စကား အတိုင်းပေါ့ သားရယ်၊ သူတို့တွေမှာက အများနဲ့မညီတော့ 'ဤ'ကို 'ဤ' လို့ပဲ မြင်နေတဲ့ သဘောပဲပေါ့လေ။

ဘာပဲဖြစ်ဖြစ်၊ သုတေသနများအရ ကမ္ဘာတစ်ဝှမ်းလုံးမှာ ယောက်ျား ဆယ်ယောက်မှာ တစ်ယောက်၊ မိန်းမဆယ်ယောက်မှာ တစ်ယောက်လောက်ကတော့ လိင်တူချင်းစုံမက်တတ်ကြတယ်လို့ ဆိုထားတယ် သားရဲ့။

ဒါပေမယ့် လိင်စိတ်ဆိုတဲ့အမျိုးက မရှင်းလှဘူးကွ။ သူ့ဘာသာ လိင်တူချင်းပဲ စုံမက်စုံမက်၊ လိင်ကွဲမှပဲ ကြိုက်ကြိုက်၊ လိင်စိတ်ဆိုတာကိုက ပညာရှင်တွေတောင် ကျနသေချာ မရှင်းနိုင်သေးတဲ့ လူ့အင်္ဂစိတ်တစ်မျိုးပဲ။ လိင်ကွဲချင်းကြိုက်တတ်သူ ယောက်ျားမိန်းမများပင်လျှင် အမှန်အတိုင်းဖွင့်ဟဝန်ခံရဲတဲ့သတ္တိမျိုး မရှိရင်သာနေလိမ့်မယ်၊ ဘဝတစ်သက်တာမှာတော့ ငယ်နုစဉ်အခါတုန်းကဖြစ်ဖြစ် လိင်တူချင်းသာယာမှု ရှာဖူးချင်ရှာဖူးခဲ့နိုင်ပါတယ် သား။

ယနေ့ကာလမှာ တချို့ပညာရှင်တွေက လိင်စိတ်ကို အသားပေးလွန်းတယ်လို့ အဝေဖန်ခံရတဲ့ စိတ်ပညာ ဖခင်ကြီးတစ်ဦးဖြစ်လေတဲ့ ပါမောက္ခ ဆစ်ဂမန်(ထ်) ဖရွိုက်(ထ်)ကတော့ လူရယ်လို့ မွေးလာကတည်းက ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ လိင်စိတ်နှစ်မျိုးစလုံး ပါရှိတယ်လို့ ဆိုသကွ။ ဆိုလိုတာက လိင်ကွဲကိုလည်း သာယာတယ်၊ လိင်တူကိုလည်း သာယာတယ်ဆိုတဲ့ စိတ်မျိုးက သူ့အဆိုအရ မွေးရာပါတဲ့။ ဒါပေမယ့် အရွယ်ရောက်လာတဲ့အခါ တစ်မျိုးကသာ လွှမ်းမိုးသွားတယ်ပေါ့ကွယ်။

ဖေဖေတို့မျက်စိရှေ့မှာတင် အိမ်ထောင်ရက်သားကျပြီး ကလေးတွေ မွေးထားတဲ့ ကျားကျားလျားလျား ယောက်ျားကြီး တချို့ဟာ သူတို့ကိုယ်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



သူတို့ လိင်တူချင်းမှ ကြိုက်တတ်သူများအဖြစ် ဖြောင့်ကျကျ ဝန်ခံတာတွေ ဖေဖေတွေ့ခဲ့ဖူးတယ်။ အလားတူပဲ၊ မိန်းမနဲ့ ရံဖန်ရံခါ ပတ်သက်တတ်တဲ့ မိန်းမလျာတွေ၊ ယောကျ်ားနဲ့ ရံဖန်ရံခါ ပတ်သက်တတ်တဲ့ ယောကျ်ားလျာတွေလည်း သည်လောကမှာ အမှန်တကယ်ရှိပါတယ်။ အဲတော့ကာ ပွေလီလှတဲ့ လူ့ဘောင်လောကမှာ ရာနှုန်းပြည့်လိင်တူချင်းမှ စုံမက်သူ၊ ရာနှုန်းပြည့် လိင်ကွဲကိုမှ တပ်မက်သူရယ်လို့ အပြတ်အသား ရှိနေတာမျိုး အင်မတိအင်မတန်ကို ရှားပါးလှတယ်လို့ စိတ်ပညာရှင် အများစုက ဆိုထားပါတယ် သားလေးရေ့။

အဲတော့ကွာ၊ လိင်စိတ်ဆိုတာ မွေးကတည်းက ကိုယ်ထဲမှာ တစ်သမတ်တည်း တည်နေအောင် ထည့်ပေးလိုက်လို့ရတဲ့ စိတ်မျိုးမဟုတ်ဘူး သားရဲ့။ စိတ်တို့ရဲ့သဘာဝအတိုင်း တဖြည်းဖြည်းချင်း ရင့်မာလာတဲ့သဘော၊ မခိုင်ကျည်တဲ့သဘော၊ ပြောင်းလဲ တိုးတက်ဖွံ့ဖြိုးနေတဲ့သဘောကို ဆောင်နေတယ်။

## ၂။ လူပျိုပေါက်စမှာ တွေဝေယိမ်းယိုင်မှုများနဲ့ စိတ်ကူးယဉ်မှုများ

ဆယ်ကျော်သက်ရွယ် အလယ်ပိုင်းလို့ဆိုအပ်တဲ့ ၁၄-၅-၆နှစ်အရွယ်မှာ လိင်စိတ်က စတင်နိုးကြားလာပါတယ်။ သည်အရွယ်မှာ ကိုယ်ခန္ဓာကလည်း အတော်လေး ပြောင်းလဲ ဖွံ့ဖြိုးလာခဲ့မှကိုး။ ဒါပေမယ့် လူအတော်များများအတွက် သည်အချိန်ဟာ အတော့်ကို စိတ်ရှုပ်စရာကောင်းနေသလို တွေတွေဝေဝေလည်း ဖြစ်နေရတတ်တယ် သားရဲ့။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိင်စိတ်ဘက်ကို ဦးတည်နေမှန်း အပြတ်အသား မဝေခွဲနိုင်လောက်အောင် ကိုယ်ခန္ဓာကရော၊ စိတ်အခြေအနေကပါ တအားကြီး ပြောင်းလဲနေလို့ပါပဲကွယ်။

သည်အရွယ်မှာ ယောကျ်ားလေးချင်း ရေချိုးခန်းထဲမှာ ကိုယ်လုံးတီးဆုံမိတာနဲ့တင် လိင်စိတ်နိုးကြားနေတာမျိုးတွေ ဖြစ်တတ်တယ်။ အဲဒီအခါ

လက်တွဲဖော်



ကိုယ့်ကိုယ်ကိုယ် ဘယ်လိုနားလည်ရမှန်းမသိ ဖြစ်ကုန်တယ်။ အမှန်တော့ ယောကျ်ားလေး၊ မိန်းကလေးဆိုတဲ့ လိင်နှစ်မျိုးစလုံးဟာ လူပျိုပေါက်စ၊ အပျိုပေါက်စမှာ အဲသလိုတွေဖြစ်တတ်တာဟာ သဘာဝပဲ သားရဲ့။ ကိုယ်နဲ့ လိင်ချင်းတူသူများကို ဝတ်လစ်စလစ်မြင်ရတဲ့အခါ ငယ်နုသေးတဲ့အရွယ်မှာ လိင်စိတ်နိုးလာတာဟာ တကယ်တော့ ဘာဆိုတာမှ အရေးမကြီးလှပါဘူး။ အဲသလို ဖြစ်သွားလို့လည်း မိမိကိုယ်ကို လိင်တူချင်းမှစုံမက်သူဖြစ်နေပြီလို့ သတ်မှတ်လို့မရနိုင်သေးဘူး။ ဒါမှမဟုတ်ရင်လည်း ကိုယ်နဲ့လိင်တူ သူငယ် ချင်းကို ချစ်ခင်တွယ်တာလှန်းမိနေတဲ့အတွက်ကြောင့်လည်း ကိုယ့်ကိုယ်ကိုယ် လိင်တူချင်း စုံမက်နေပြီလားလို့ သံသယဝင်စရာ မလိုဘူးနော် သား။

သည်အရွယ်မှာ ကိုယ်ခန္ဓာဆိုတဲ့ စက်ယန္တယားကြီးက သူ့တာသာ အလိုလို ဖွံ့ဖြိုး နိုးထ လှုပ်ရှားနေတာပါ။ ဘာ အတွေ့အကြုံ၊ အသိအမြင်မှ ပီပီသသမရသေးခင်မှာ လိင်တူချင်း မြင်ရ၊ တွေ့ရ၊ ထိတွေ့ဆက်ဆံရခြင်းများကြောင့် လိင်စိတ်နိုးကြားလာတာဟာလည်း ကိုယ်က အတင်းလိုက်ထိန်းချုပ်လို့ ရတာမျိုးမဟုတ်ဘူးလေ။ တစ်နည်းပြောရရင်ကွာ စိတ်သွား တိုင်း ကိုယ်ပါတဲ့ အခြေအနေကို မရောက်သေးဘဲ အရာရာကို စူးစမ်းနေတဲ့ ခန္ဓာရဲ့သဘော၊ စိတ်ရဲ့သဘောများကြောင့် သူ့အလိုလိုဖြစ်နေတာသက်သက်ပဲကွ။ ဒါလေးတစ်ခုတည်းနဲ့ ကိုယ့်လိင်စိတ်ကဖြင့် ဘယ်ကဲ့သို့ ဘယ် ချမ်းသာလို့ သတ်မှတ်ရင်၊ ဒါမှမဟုတ် ဗိုးရိမ်မိနေရင် နည်းလမ်းလည်းမကျ၊ အဓိပ္ပာယ်လည်း မရှိပါဘူး သားရယ်။

လိင်တူချင်း ဝတ်လစ်စလစ် မြင်လိုက်ရချိန်မှာ ကိုယ့်ငယ်ပါ တင်းလာတာဟာလည်း ကိုယ်က လိုက်ထိန်းချုပ်နေလို့ ရတာမျိုးမဟုတ်ဘူး သားရဲ့။ အဲဒါကလည်း တကယ့်သဘာဝစစ်စစ်ပဲလေ၊ လူလားမြောက်စ ခန္ဓာကိုယ်ရဲ့ တုံ့ပြန်မှုသက်သက်ပါပဲ။ အလားတူပဲ၊ တစ်ကိုယ်ရေအာသာဖြေတဲ့အခါမှာ လိင်တူချင်းကို ထည့်စိတ်ကူးယဉ်မိရုံနဲ့လည်း ဒါကို လိင်တူချင်းစုံမက်တဲ့ စိတ်လို့ အတိအလင်း သတ်မှတ်လို့မရဘူး။ အဲဒီအခန်းမှာ ရေးပြခဲ့တုန်းက

လက်တွဲဖော်

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လိုပဲပေါ့ သားရာ၊ စိတ်ကူးဆိုတာ သူတစ်ပါး သိနိုင်တာမှ မဟုတ်တာ၊ ကိုယ့်စိတ်ထဲတင် ကြိုက်သလို ကြိတ်ပြီး ယဉ်ချင်တိုင်း ယဉ်လို့ရတဲ့ အမျိုး မဟုတ်လား။

စိတ်ကူးယဉ်တယ်ဆိုတာ လက်တွေ့ဘဝနဲ့ တကယ့်ကို တခြားစီပါ။ အထူးသဖြင့် လိင်စိတ်နဲ့စိတ်ကူးယဉ်တဲ့အခါ ဇာတ်သိမ်းခါနီးမှာ လူတွေဟာ မဟုတ်တမ်းတရားတွေကို ပိုလို့တွေးတတ်ကြပါတယ်။ အဲသလိုအချိန်မှာ လိင်တူချင်းစုံမက်တယ်ဆိုတဲ့ မဟုတ်တမ်းတရားကြောင့် တချို့လူတွေမှာ ပိုလို့ စိတ်လှုပ်ရှားတတ်ကြတာမို့ အဲလိုမျိုး စိတ်ကူးမိသွားရုံနဲ့တော့ ကိုယ့်ကိုယ်ကိုယ် လိင်တူချင်းစုံမက်တဲ့စိတ်မျိုးရှိနေတယ်လို့ အပြတ်ပြောလိုက်လို့ မရနိုင်ဘူးဆိုတာ သား မှတ်ထား။

## ၃။ ငါများ မိန်းမလျာ ဖြစ်နေပြီလား

လူပျိုပေါက်စမှာ လိင်ကိစ္စနဲ့ပတ်သက်လို့ စိတ်ရှုပ်မိရသမျှထဲမှာ ကိုယ့်ကိုယ်ကိုယ် မိန်းမလျာများဖြစ်နေပြီလားလို့ တွေးမိတာလည်းတစ်ပြဿနာပဲ သားရဲ့။ အမှတ်လွဲနေတာတစ်ခုက မိန်းမလျာတွေနဲ့ ပေါင်းရင် မိန်းမလျာ ဖြစ်သွားမယ်ဆိုတဲ့ အတွေးပါ။ ဆိုလိုတာက မိန်းမလျာက ယောကျ်ားစစ်စစ် တစ်ယောက်ကို မိန်းမလျာ'ဇာတ်သွင်း'လို့ရတယ်လို့ ထင်တာပေါ့ကွာ။ မရပါဘူး။ မိန်းမလျာဖြစ်အောင်လည်း လုပ်ယူလို့လုံးလုံးမရပါဘူး။ တချို့က ထင်ကြတယ်၊ ယောကျ်ားလေးတွေကို ကလေးဘဝက မိန်းမလို ဆင်ပေး၊ ဝတ်ပေး၊ ပြင်ပေးလိုက်ရင် ကြီးလာတဲ့အခါ မိန်းမလျာ ဖြစ်သွားလိမ့်မယ် လို့ပေါ့။ အဲဒါလည်း အတော် လွဲနေသကွ။ လွဲဆို အဲလိုမှ မဟုတ်ဘဲကိုး။ ဒါတင်မကသေးဘူး၊ မိန်းမလျာဖြစ်တာဟာ မျိုးရိုးလည်း မလိုက်တတ်ဘူး။ အဖေက လိင်တူချင်း စုံမက်သူဖြစ်နေတာနဲ့ သားလည်း သူ့လို လိုက်ဖြစ်မယ်လို့ ဘယ်သူမှ တတ်အပ်သေချာ မပြောနိုင်ဘူး။

မိန်းမလျာကို လူ့ဘောင်က အထင်အမြင်သေးတာ၊ ဝိုင်းပယ်ထားတာ





များကြောင့် ယောကျ်ားလေးတွေခမျာများမှာ ကိုယ့်ကိုယ်ကိုယ် မိန်းမလျာ ဖြစ်သွားမှာ အစိုးရိမ်လွန်နေတတ်ကြတယ် သားရဲ့။

စကားစပ်လို့ ပြောရရင် သားရယ်၊ သည်'သားငယ်တို့ နားလည်ဖို့'ကို သားနဲ့တကွ၊ သားရဲ့ ရွယ်တူတွေအနေနဲ့ သိသင့်တာတွေကို အရင်းအတိုင်း မှန်မှန်ကန်ကန် သိရပြီး လမ်းမှား မရောက်ရစေလိုတဲ့ ရည်ရွယ်ချက်နဲ့ သရဖူမှာ အခန်းဆက် ဖော်ပြနေတာ အတော်တောင်ကြာသွားပြီ။ သားသိတဲ့ အတိုင်း ဖေဖေ့ဆီကို ၂၀၀၀ပြည့်နှစ်ကတည်းက စာဖတ်သူအမျိုးမျိုးက စာနဲ့ တစ်မျိုး၊ ဖုန်းနဲ့တစ်ဖုံ၊ လူကိုယ်တိုင်တစ်နည်း လာရောက် ဆက်သွယ် ပြောဆိုနေခဲ့ကြတာပဲ။ သည်'သားငယ်တို့ နားလည်ဖို့' မတိုင်ခင်တုန်းက တော့ ဖေဖေ့ဆီကို ဆက်သွယ်ပြောဆိုလာသူတွေက မိန်းမသား အများစု။ ယောကျ်ားဆိုတာ အင်မတိ အင်မတန်ရှားတယ်။ အခု သည်အခန်းဆက် ဆောင်းပါးနဲ့ ကျတော့မှပဲ ဖေဖေ့ဆီကို ဆက်သွယ်လာသူ စာဖတ်ပရိသတ် တွေထဲမှာ ယောကျ်ားလေးအင်အား သိသိသာသာတိုးပွားလာတာ သားလေး အသိပဲ။ အထူးသဖြင့် သားတို့သာသာ လူငယ်လေးတွေနဲ့ လူလတ်တွေ။

ခမျာများမှာ ဘယ်ကတည်းက စိတ်သောက ရောက်နေရှာကြတယ် မသိဘူး။ ဖေဖေက အခုလိုတွေ ရေးတော့မှပဲ သူတို့မှာ ဖွင့်ဟတိုင်ပင်ရမယ့် သူကို တွေ့သွားတော့တယ်။ သည်ကိစ္စကို လတ်တလောမှာ ဘယ်သူကမှ လူသိရှင်ကြား ချပြဆွေးနွေးနေတာ မဟုတ်တော့ အခက်သားလားကွယ်။ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း လေးငါးဆယ်လောက်တုန်းကတော့ ဆရာဝန်စာရေး ဆရာတွေတင်မက ဆရာပီမိုးနင်း၊ ဆရာမဟာဆွေ၊ စာရေးဆရာ ဦးနုတို့က ရေးဖူးတယ်။

ဆရာမဟာဆွေ့စာအုပ်ဆိုလည်း ကြားတော့ ကြားဖူးတယ်။ မဖတ်ဖူး ဘူး။ မနေ့တစ်နေ့ကမှ အင်တာနက်ထဲမှာ တွေ့တော့မှ ဖေဖေ့မှာ သဘော တွေကျလို့။ သူပြောတာတွေက ခေတ်တော့ မမီတော့ပါဘူး။ ဒါပေမယ့် ဆရာကြီးဟာလည်း လိုအပ်ချက်တစ်ခုအရ ရေးသင့်ရေးထိုက်တာမို့ သူ့



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သိက္ခာကို မငဲ့ဘဲ ရေးသားထုတ်ဝေလိုက်တာ အတော် ထင်ရှားတယ်။

နေဦး၊ ပြောရင်းနဲ့ စကားက ဘေးချော်တော့မလိုဖြစ်နေတယ်။ အခု ကာလမှာကျတော့ ဒါကို ချပြဆွေးနွေးတဲ့သူက မရှိသလောက်ဖြစ်နေပြီ။ ဖေဖေတစ်ယောက်ပဲ ရေးသင့်တဲ့ကာလကြီး၊ အထူးသဖြင့် ကုရာနတ္ထိ ရောဂါဆိုးကြီးက စက္ကန့်မလပ် ခြိမ်းခြောက်နေတဲ့ ကာလကြီးလည်းဖြစ်နေ၊ ကိုယ့်မှာကလည်း လူပျိုပေါက်စ သားတစ်ယောက်ရှိနေလို့ စာနာစိတ်နဲ့ ချရေးနေတာ။

အဲလိုရေးလိုက်တော့မှ လာလိုက်တဲ့စာတွေ၊ ဆက်လိုက်တဲ့ ဖုန်းတွေ၊ လာတွေ့လိုက်ကြတဲ့ ယောကျ်ားလေးတွေ မနည်းဘူးဆိုတာ သားအမြင်ပဲလေ။ သည်အထဲမှာ အများစုက အခုသည်အခန်းမှာ ဖေဖေ ရေးပြနေသလို ငါများ မိန်းမလျာဖြစ်နေသလားဆိုတဲ့အတွေးနဲ့ ရောက်လာကြတာတွေဖြစ်နေတော့ ဖေဖေလေ သည်အလုပ်ကို လုပ်မိသွားတဲ့အတွက် အင်မတန်ကြည်နူးမိရပါတယ်။

တကယ်တော့ သားရယ်၊ မိန်းမလျာဖြစ်ဖို့ဆိုတာက ဘာသာတရားအရ ပြောရင် အတိတ်က ဝဋ်ကြွေး တော်တော်ကြီးပါမှ ဖြစ်နိုင်တာမျိုးပါ။ စိတ်ပညာရှင်များနဲ့ ဇီဝကမ္မဗေဒအလိုအရတော့ ဦးနှောက်ထဲက အစိတ်အပိုင်းတွေနဲ့ ဟိုမုန်းထုတ်လွှတ်ပေးတဲ့ ဂလင်းတွေကြောင့် ဖြစ်ရတာပါ။ အဲဒါတွေက လူလုပ်ယူတာမဟုတ်ဘဲ မွေးရာပါပဲလေ။ အဲသလိုမျိုးမို့ အလကားနေရင်း စိုးရိမ်ထိတ်လန့်ပြီး သောကရောက်နေဖို့ မလိုလှပါဘူးကွယ်။

## ၄။ မိန်းမလျာမုန်းတဲ့ ရောဂါ

ပုထုဇနော ဥမ္မတ္တကောလို့ ဘုရားဟောရှိတဲ့အတိုင်း လူတိုင်းမှာ စိတ်ရောဂါတစ်မျိုးစီရှိတတ်ပါတယ်။ အဲဒီစိတ်ရောဂါထဲမှာ မိန်းမလျာကိုဆို လုံးလုံးကြည့်လို့မရတာလည်း တစ်မျိုးပါနေတယ်။ ဖေဖေ သည်လိုရေးလိုက်တော့





အဲသလို မိန်းမလျာတွေကို အခြောက်တိုက် စက်ဆုပ်ရွံမုန်းနေသူများကဖေဖေ့ကို သိပ်ကြည်လင်ကြမှာ မဟုတ်ဘူးထင်သကွ။ အမှန်တော့ သား ရယ်၊ ဘယ်အရာကိုပဲဖြစ်ဖြစ် အစွန်းရောက်လွန်းနေရင် မှုမှန်တဲ့ စိတ်လို့ ခေါ်လို့မရတော့ဘူး။ ဒါဟာ စိတ်မူမမှန်ခြင်းရဲ့ အနက်ဖွင့်ချက်တစ်မျိုးပဲ။ လူမှန်ရင် မုန်းခြင်း၊ ချစ်ခြင်းဆိုတဲ့ ခံစားမှုကတော့ ရှိတတ်စမြဲပေါ့ကွာ။ ဒါပေမယ့်မုန်းတာတစ်ခုတည်းနဲ့ ရန်လိုနေစရာ အကြောင်းမရှိသလို ချစ်တာတစ်ခုတည်းကြောင့်လည်း အပြစ်ဟူသမျှ မြူမှုမထင်ဖြစ်နေပြီဆိုရင် အဲဒါတရားလက်လွှတ်တာပဲပေါ့ကွဲ့။ တစ်နည်းအားဖြင့် မှုမှန်တဲ့စိတ်ရှိတယ်လို့မဆိုနိုင်တော့ဘူးပေါ့ သားရယ်။ မှုမှန်တဲ့စိတ်ဆိုတာက ဘာကိုပဲဖြစ်ဖြစ်အစွန်းမရောက်အောင် ထိန်းနိုင်သိမ်းနိုင်တဲ့၊ ဆင်ခြင်တုံတရားရှိတဲ့စိတ်ပါ။

'ငါတို့ကတော့ဟေ့၊ သူ့ကို ချစ်တယ်၊ ချစ်လျှင်အကျိုးတဲ့၊ မြတ်နိုးတော့သဒ္ဒါကွ၊ အဲတော့ သူဘာလုပ်လုပ် ငါတို့အတွက်တော့ အကုန်လုံးကောင်းနေတာပဲ'ဆိုတဲ့အစွန်း၊ 'အို၊ သင်းက အလကားကောင်ပါကွာ၊ သူ့အကောင်းလုပ်နေတယ်ဆိုတာလည်း ဟန်ပြပဲဖြစ်မှာပါ၊ စောင့်ကြည့်ပေါ့၊ အချိန်တန်ရင်ခွေးမြီးကောက်က ပြန်ကောက်မှာပါ'ဆိုတဲ့အစွန်းတွေဟာ လူတိုင်းလိုလိုမှာရှိတတ်တယ်။ သွားမေးရင် အဲလိုလူမျိုးတွေက သူတို့ကိုယ်သူတို့ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သူတွေလို့ ဆိုမယ့်သူတွေက ပါပေဦးမယ်။ တကယ်တော့ သားရာ၊ ဖေဖေတို့ ဗုဒ္ဓဘာသာက အဲဒီအစွန်းတွေကို ရှောင်ခိုင်းပါတယ်။ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတာဖြစ်နေသည့်တိုင် အသားလွှတ် အယုံမခိုင်းဘဲ ကိုယ်တိုင်လေ့လာစူးစမ်းပြီး ယုံသင့်မှယုံဖို့ ဘုရားရှင်ကိုယ်တော်တိုင်က မြွက်ကြားတော်မူခဲ့တာ သားကို ဖေဖေ ခဏခဏပြောပြဖူးတဲ့ ကာလာမသုတ္တံဒေသနာထဲမှာ အထင်အရှား ပါနေတာပဲလေ။ သို့ပေတည့် အများစုကတော့ တစ်ခုခုဆို၊ ကျားကျား မီးယပ်၊ လေ့နံ့စားထစ်တွေပဲလျှောက်အော်ဖြစ်နေတာ များတယ်သားရဲ့။ အဲဒါကို ငါ့သား ဘယ်တော့မှမဖြစ်စေနဲ့။ ဘာကိုပဲဖြစ်ဖြစ်၊ ကိုယ့်ဦးနှောက်နဲ့ သေချာ ပြန်စဉ်းစားဆင်ခြင်။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တစ်ခုခုကို ကိုယ်လက်မခံနိုင်ဘူးဆိုရင် ဘာ့ကြောင့် လက်မခံနိုင်တာလဲ။ အစွဲကြောင့်လား၊ တခြားပယောဂတစ်ခုခုကြောင့်လား။ ကိုယ်နဲ့သဘောမညီတိုင်း တပါးသူ မှားတယ်လို့ပြောရင် အဲလိုပြောသူရဲ့ စိတ်ဟာ မူမှန်မဟုတ်ဘူးဆိုတဲ့ အသိကို သားလေး မြဲမြဲစွဲစွဲ မှတ်ထားပါကွာ။

ပြောလက်စကို ပြန်ကောက်ရင်တော့ကွယ်၊ အဲသလို အစွဲတွေနဲ့ ပြောကြတဲ့အထဲမှာ 'မိန်းမလျှာဆိုရင် ခြေထောက်နဲ့တောင် ကန်လိုက်ချင်သေး' ဆိုတာမျိုးကလည်း ထိပ်ဆုံးက ပါနေတတ်တယ်။ အမှန်တော့ အစွန်းမလွတ်တာပဲကွ။ တစ်ဖက်က ပြောရင်လည်း မိန်းမလျှာဆိုတာမျိုးကို လူ့ဘောင်က ကြည်တင်တင်၊ ဖယ်တယ်တယ်လုပ်တတ်လေတော့ ကိုယ်မှ အဲသလိုမလုပ်မိပြန်ရင် ကိုယ့်ကိုလည်း 'မလျှာ'စာရင်းထဲမှာ အသွင်းခံရမှာစိုးတာကြောင့်ရင်လည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် သိပ်ကိုယောကျ်ားပီသလှပါတယ်၊ ယောကျ်ားစိတ်အပြည့်နဲ့ ရှိပါတယ်လို့ လူပုံအလယ်မှာ ထယ်ပြချင်တဲ့စိတ်ကြောင့် အသံကုန်အော်နေမိတာမျိုးလည်း ဖြစ်နိုင်နေပြန်သေးတယ်။

တကယ်တော့ လူမှန်ရင် ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဆို ယောကျ်ားစိတ်ချည်းသက်သက်၊ မိန်းမဆို မိန်းမစိတ်ချည်းသက်သက် ရှိနေတဲ့လူရယ်လို့ တစ်ယောက်မှ မရှိဘူး။ ဒါ ဖေဖေ့စကားမဟုတ်ဘူးနော်။ စိတ်ပညာရှင်များအားလုံး တညီတညွတ်တည်းဆိုထားတဲ့စကား။ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်တဲ့ လူသာမန်တစ်ယောက်ဖြစ်ဖို့အတွက် ယောကျ်ားစိတ်၊ မိန်းမစိတ် မျှနေမှဖြစ်တာ သားရဲ့။ အဲ. . . သည်နေရာမှာ ယောကျ်ားစိတ်၊ မိန်းမစိတ်ဆိုတာ လိင်စိတ်တစ်ခုတည်းတော့ မဟုတ်ဘူးပေါ့ကွာ။ အသန့်အပြန့်ကြိုက်တာ၊ လုပ်တာကိုင်တာ သပ်ရပ် သေချာတာ၊ ကြင်နာတာ၊ သဘောထား နူးညံ့ပျော့ပြောင်းတာ၊ မျက်ရည်လွယ်တာ စတာမျိုးတွေကို မိန်းမစိတ်လို့ ယေဘုယျသတ်မှတ်လို့ ရပြီး တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်လုပ်ချင်တာ၊ ပတ်ဝန်းကျင်ကို ထီမထင်တတ်တာ၊ ခွန်အား





ဗလကိုအားကိုးပြီး အနိုင်ယူချင်တာ၊ ခက်ထန်တာကို ယောကျ်ားစိတ်ရယ်လို့ အကြမ်းဖျဉ်းသတ်မှတ်နိုင်ပါတယ်။ လူတိုင်းမှာ သည်စိတ်နှစ်စိတ်က ဒွန်တွဲနေပါတယ်။ ယောကျ်ားတန်မဲ့ အလှအပကြိုက်တဲ့ ယောကျ်ားမျိုး၊ ကြွကြွရွရွလေး နေချင်တတ်တဲ့ယောကျ်ားမျိုး ရှိသလို မိန်းမတန်မဲ့နဲ့ ဖြစ်သလိုနေတတ်စားတတ်တဲ့ မိန်းမတွေလည်း ရိုက်သတ်လို့ မကုန်ပါဘူး။

သားကတော့ အသိဆုံးဖြစ်မှာပါ။ ဖေဖေတို့ လင်မယားကို ကြည့်တာနဲ့ကို သည်အချက်က သိပ်သိသာနေမှာပေါ့။ ဖေဖေနဲ့ သားမေမေက အစစပြောင်းပြန်တွေချည်းပဲလေ။ သားမေမေက ချဉ်ချဉ်၊ ငံငံ၊ စပ်စပ်ဆို စားကိုမစားတတ်ဘူး၊ အချဉ်ထုတ်ဆိုလည်း ဝေလာဝေး။ ဖေဖေကကျတော့ ရှောက်သီးသုတ်၊ ဆီးပြား၊ မရမ်းပေါင်းစသဖြင့် အကုန်ကြိုက်တာ သားအမြင်ပဲ။ သားမေမေက စိတ်မာတယ်၊ ဖေဖေ့စိတ်က ခပ်နုနု၊ ခပ်ပျော့ပျော့။ ဖေဖေက ဖေဖေ့ရုပ်ရည်နဲ့ ခန္ဓာကိုယ်ကို အင်မတန် ဂရုစိုက်တယ်၊ လှချင်တယ်။ သားမေမေက ဖေဖေ့လောက် လှချင်ပချင်စိတ်မရှိဘူး။ ဒါပေမယ့် ဖေဖေက ကစုတ်ကဖတ်နေ၊ ဖြစ်သလိုနေဖို့ ဝန်မလေးသလောက် သားမေမေက ကျပြန်တော့ သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ်မှ ကြိုက်တတ်တယ်။ ဖေဖေက ပျော့စိပျော့စိနဲ့ ရက်စက်ပြီပေါ့ဆိုရင်လည်း ကမ်းကုန်အောင် ရက်စက်တတ်သလောက် သားမေမေက မာရေကျောရေနဲ့ ဘယ်တော့မှ စိတ်က မပြတ်တတ်ဘူး။ ကိုင်း. . . ဘယ့်နှယ့်လုပ်မလဲ၊ ကျားစိတ်၊ မစိတ်တွေ ရောနေကြပုံကို သား မြင်ပြီ မဟုတ်လား။

ဒါပေမယ့် ယောကျ်ားဘာသားဆိုတဲ့စိတ်မျိုး၊ ငါဟဲ့ ယောကျ်ားဆိုတဲ့ စိတ်မျိုးတွေနဲ့ကျတော့ အဲဒါမျိုးကိုတောင် လက်မခံချင်တော့ဘူး။ သနားလို့လိုက်လျှောတာမျိုးလုပ်မိရင်ကို အဲဒါယောကျ်ားတန်မဲ့ပျော့ညံ့တာလို့ အောက်မေ့ပြီး အလကားနေရင်း တင်းပြ မာပြနေရတာကိုက အလုပ်ကြီးတစ်ခုဖြစ်နေတတ်တယ်။ လက်သုတ်စုံတို့၊ လက်ဖက်သုတ်တို့ ကြိုက်ရင်ပဲ မိန်းမတွေမှ စားတဲ့အစာလို့ သတ်မှတ်ပြီး တို့တောင် တို့မကြည့်ဘဲ မစားဘူး၊ မကြိုက်ဘူး



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လို့ အော်တဲ့သူမျိုးလည်း ဖေဖေ တွေ့ဖူးတယ်။

သည်အထဲမှာ မိန်းမလျာတွေခမျာ ကံကဆိုးချင်တော့ အေအိုင်ဒီအက်စ် ဆိုတဲ့ ကုရာနတ္ထိရောဂါဆိုးကြီးနဲ့ သူတို့ဘဝတွေနဲ့ကလည်း ဒွန်တွဲနေတော့ တချို့များဆို မိန်းမလျာတွေကို 'အေအိုင်ဒီအက်စ်တွေ'လို့တောင် ခေါ်ကြတာ မျိုး ရှိလာတယ်။ ဒါလည်း ခေါ်တဲ့သူတွေ ဆင်ခြင်ဉာဏ်နည်းတာပဲ။

မိန်းမလျာမှ အေအိုင်ဒီအက်စ်ရောဂါဖြစ်နိုင်တာလား။ ဘယ်ဟုတ်ပါ့ မလဲ။ မူးယစ်ဆေးကို သွေးကြောထဲသွင်းတဲ့ မူးယစ်ဆေးသမားလည်း ဆေးထိုးအပ်ကို သန့်ရှင်းအောင်မလုပ်ဘဲ သုံးရင် အေအိုင်ဒီအက်စ်ဖြစ်နိုင်တာ ပဲ။ လိင်ကွဲချင်းဆက်ဆံပါတယ်ဆိုတဲ့၊ အများစုက မှုမှန်သူလို့သတ်မှတ်ခံ ရသူမျိုးကလည်း အနေအထိုင်မဆင်ခြင်ဘဲ တွေ့ကရာမိန်းမပေါင်းစုံနဲ့ လိင် ဆက်ဆံနေမယ်ဆိုလည်း အေအိုင်ဒီအက်စ်ဖြစ်နိုင်တာပဲ။

မစဉ်းစားတာက မိန်းမလျာပေမယ့် ရောဂါပိုးမရှိသူ အဖော်ယောက်ျား တစ်ယောက်တည်းနဲ့ သတ်သတ်မှတ်မှတ် ပေါင်းသင်းနေထိုင်မယ်ဆိုရင် ဘယ်လိုလုပ် အေအိုင်ဒီအက်စ် ဖြစ်တော့မလဲ။ ဒါမှမဟုတ်လည်း မိန်းမလျာ က ကွန်ဒုံးကို စနစ်တကျသုံးတယ်ဆိုရင်လည်း ဘယ်လိုလုပ်ရောဂါဖြစ်လာ မလဲ။ အဲတော့ အေအိုင်ဒီအက်စ်ရောဂါနဲ့ဆက်နွယ်ပြီး မိန်းမလျာကို မုန်းတာ ရွံရှာ စက်ဆုပ်တာဟာ ဘယ်လိုမှကို သဘာဝ မကျနိုင်တော့ဘူးပေါ့။

## ၅၊ မိန်းမလျာဖြစ်ရတာကို ဂုဏ်ယူတာ

လူတစ်ယောက်ရဲ့လိင်စိတ်ဟာ သူဘယ်လိုလူလဲဆိုတာကို ပြဆိုတဲ့အခြေခံ အကြောင်းတရားပါပဲ သား။ အဲဒီလိင်စိတ် အစစ်အမှန်ကို ဖော်ထုတ်ဖို့ မဝံ့မရဲဖြစ်နေ၊ ရှက်ကြောက်နေတာကြောင့် လူဟာ ဗျာပါဒများနေနိုင်တယ်၊ အထီးကျန် ဆန်နေနိုင်တယ်။ အထူးသဖြင့် မိန်းမလျာလို့ခေါ်ကြတဲ့ လိင် တူချင်း စုံမက်သူများမှာ ပိုဆိုးတယ်။ မိန်းမလျာဖြစ်နေကြောင်း လူသိခံလိုက် တာနဲ့တပြိုင်နက် ရင်ဆိုင်ရမယ့် အခက်အခဲတွေ၊ ရှုသွားမယ့်အပေါင်းအသင်း





တွေ၊ လှောင်ပြောင်သရော်ကဲ့ရဲ့ခံရမယ့်အရေးတွေကြောင့် တချို့တွေဆို အတွင်းကြိတ်ပြီး စိတ်ဆင်းရဲနေရတတ်တယ်။ အလားတူပဲ၊ ယောက်ျားလျာ လို့ ခေါ်ကြတဲ့ မိန်းမချင်းမှ စုံမက်သူတချို့ဟာလည်း ငုံဆူ လူမသိဘဝမှာ မချိမဆန့်ဖြစ်နေတတ်ကြပါတယ် သားရဲ့။

အခုခေတ်မှာ မြို့ကြီးတွေပေါ်က ဆံပင်ညှပ်သူ၊ ဆံပင်အလှပြင်ပေးသူ၊ မိတ်ကပ်အလှပြင်ပေးသူ၊ ပန်းအလှပြင်ပေးသူများဟာလည်း လိင်တူချင်း စုံမက်သူများပင်ဖြစ်လင့်ကစား ဘဝမှာ အောင်မြင် ကြွယ်ဝ ထယ်ဝါစွာ ရပ်တည်လာနိုင်ပြီမို့ သူတို့ရဲ့ လိင်စိတ်ကို လက်မခံချင်သည့်တိုင် သူတို့ရဲ့ ကြွယ်ဝမှု(ငွေမျက်နှာ)ကြောင့် လူတောထဲကိုတော့ တော်တော်ကြီးတိုးဝင်လာ နိုင်ခဲ့ပြီလို့ ဆိုရမှာပါ။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဘဝအခြေအနေ၊ အကြောင်းတရားနဲ့ ကံကုသိုလ် ဆိုတာ လူတစ်ယောက်နဲ့တစ်ယောက် ဘယ်လိုနည်းနဲ့မှ မတူနိုင်ပါဘူး။ သည်အတွက် မိန်းမလျာအဖြစ်မိမိကိုယ်ကို ပြောင်ပြောင်တင်းတင်း ဂုဏ် တယူယူနဲ့ နေနိုင်သူတွေရှိသလို မိန်းမလျာဖြစ်ရတာကိုပဲ သိမ်ငယ်သူလို ခံစားနေရတာများလည်း ရှိနိုင်တာပဲ။ တကယ်လို့များ သားကိုယ်တိုင်ဖြစ် ဖြစ်၊ သားရဲ့သူငယ်ချင်းတစ်ယောက်ယောက်ဖြစ်ဖြစ် လိင်တူချင်းမှ အကြိုက် ကျတဲ့ လိင်စိတ်နဲ့ဆိုရင်တော့ ဖေဖေအကြံပေးလိုက်ပါရစေ။ ကိုယ့်လိုပဲ ဖြစ်နေသူများနဲ့ တွေ့ဆုံပြီး ကိုယ့်ခံစားချက်ကို ရင်ဖွင့်လိုက်ပါ။ ဒါဆိုရင် သူတို့ကလည်း သူတို့အတွေ့အကြုံများနဲ့စာနာနားလည်ပြီး ကိုယ့်ကို ကောင်း တဲ့ နည်းလမ်း၊ သင့်တဲ့ အကြံဉာဏ်တွေပေးနိုင်ပါလိမ့်မယ်။ ဒါမှမဟုတ် လည်း ဖေဖေနဲ့ပဲ တိုက်ရိုက် ပြောဆိုဆွေးနွေးပေါ့ကွာ။

ဖေဖေကိုယ်တိုင်က လိင်တူချင်း စုံမက်တဲ့ ဘက်ကို သိပ်မယိမ်းဘဲ လိင်ကွဲကိုမှ အလွတ်မဲ့စိတ်သန်သူဖြစ်နေလို့ ကိုယ်ချင်းစာတူ စာနာပေးနိုင်မှာ မဟုတ်သော်လည်း လေးလေးနက်နက်နဲ့ စိတ်ရှည်လက်ရှည်တော့ နားထောင် ပေးနိုင်မှာတော့ အသေအချာပဲလေ။ နားလည်း လည်ပေးနိုင်မှာပါ။ ဖေဖေ့မှာ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မိန်းမလျာမှုန်းတဲ့ ရောဂါမရှိပါဘူး။ လောကမှာ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ လိင်တူချင်းစုံမက်သူဖြစ်ဖြစ်၊ လိင်ကွဲမှုစွဲလန်းသူ ဖြစ်ဖြစ် အားလုံးဟာ လူသားတွေဖြစ်တဲ့အတွက် လူလို့ပဲ ဖေဖေ မြင်တယ်။ လူကို လူလိုပဲ နားလည်ထောက်ထားပေးနိုင်တယ်။

မိန်းမလျာမို့လို့ နားရွက်နဲ့ အသက်ရှူပြီး မျက်စိနဲ့ ထမင်းစားနေတာမှ မဟုတ်ဘဲလေ။ မိန်းမလျာမို့လို့ စိတ်ဓာတ်သိမ်ဖျင်းနုံနဲ့တယ်လို့ ပြောလို့လည်း မရဘူး။ ကျားကျားလျားလျား ယောက်ျားကြီးတန်မဲ့နဲ့ အင်မတန် စုတ်ပွဲ့တဲ့ အမူအကျင့်တွေနဲ့လည်း တွေ့ရနိုင်တာပဲ မဟုတ်လား။ အမှန်က လူဟာ လူဖြစ်နေတဲ့အတွက် ချစ်ခြင်း၊ မုန်းခြင်း၊ ကောက်ကျစ်ခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ စိတ်စေတနာကောင်းရှိခြင်း၊ ယုတ်မာခြင်းတွေလည်း ရှိနေမယ့်သူချည်းပဲ။ အဲဒါတွေက အဲဒီလူတစ်ယောက်ရဲ့ လိင်စိတ်နဲ့ ဘယ်လိုမှ ဆက်စပ်ပတ်သက်ခြင်းမရှိဘူး။ အထင်ရှားဆုံးကတော့ မိန်းမပေမယ့် သာမန်ယောက်ျားတစ်ယောက် မထားနိုင်တဲ့ စိတ်မျိုးထားပြီး သောတာပန်ဖြစ်သွားသူတွေ၊ ရဟန္တာမတွေတောင် အထင်အရှား ရှိလေတာပဲ။ ပြောချင်တာက ယောက်ျားစိတ်၊ မိန်းမစိတ်ဆိုတာက အရေးမကြီးဘူး၊ သဘောထားမှန်ဖို့က အရေးအကြီးဆုံးဆိုတာပဲ သားရေ့။

ဘယ်လိုပဲဖြစ်ဖြစ် လူသားတစ်ယောက်အတွက် ကိုယ်နဲ့ အဆင်အပြေဆုံး၊ ကိုယ့်အတွက် သက်သောင့်သက်သာ အရှိဆုံး နေမှုပုံစံ ဘဝပာန်ကို ရယူနိုင်ဖို့က အင်မတန် အရေးကြီးတယ်။ ဘဝမှာ နေရထိုင်ရအခက်ဆုံးကိစ္စကတော့ လိမ်လည်နေထိုင်ရတာ၊ ဟန်ဆောင်ရတာပါပဲ။ မရှိတာကို အရှိလုပ်၊ မဟုတ်တာကို အဟုတ်လုပ်၊ ဟိတ်ထုတ် ဟန်လုပ်နေရတာလောက် အဖြစ်ဆိုးတာ မရှိဘူး။ စိတ်တိုနေပါလျက်နဲ့ ယဉ်ကျေးဖော်ရွေပြနေရတာ၊ ငိုချင်နေပါလျက်နဲ့ အတင်းရယ်နေရတာမျိုးဟာ ကြာလေ စိတ်ဆင်းရဲစရာ ကောင်းလေဖြစ်နေသလိုပဲ ကိုယ့်မှာ ဖြစ်နေတာရဲ့ ဆန့်ကျင်ဘက် အသွင်အပြင်ကို အယောင်ဆောင်ရတာဟာ တော်တော့်ကို စိတ်ကျဉ်းကြပ်ရစမြဲ





ပဲကွ။ ကြာလာရင် အဲဒါကြောင့်ပဲ စိတ်ထောင်းကိုယ်ကြေ ဖြစ်သွားနိုင်သေးတယ်။

မိသားစုဝင်ထဲကဖြစ်စေ၊ ရင်းနှီးတဲ့သူငယ်ချင်း မိတ်ဆွေထဲကဖြစ်စေ၊ အသိအကျွမ်းထဲကဖြစ်စေ ကိုယ်ယုံကြည်နိုင်တဲ့သူ ဘယ်သူ့ကိုဖြစ်ဖြစ် ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းဖွင့်ဟပြောဆိုလိုက်ခြင်းဟာ ပထမအဆင့်အနေနဲ့ လုပ်သင့်တဲ့ကိစ္စပဲ။ အဲသလို ဖွင့်ဟလိုက်ခြင်းဟာဖြင့် တစ်ယောက်တည်း ကြိတ်ခံစားနေခဲ့ရသမျှ ပွင့်ထွက်သွားတဲ့အတွက် ရင်ပေါ့သွားနိုင်တာမျိုး ကလား။ ဖေဖေ့ဆီ ဆက်သွယ်ပြောဆိုလာကြသူတွေဆိုရင် ဖေဖေက ဘာမှတောင် လုပ်မပေးရသေးဘူး၊ ရင်ဖွင့်လိုက်ရတာနဲ့ကို သူတို့မှာ ခံစားနေရသမျှ တစ်ဝက်မက သက်သာသွားတဲ့အကြောင်း ပြောကြတယ်။

သားဟာ မိန်းမလျာမှုန်းတဲ့သူတစ်ယောက် မဖြစ်အောင် သည်နေရာမှာ ဖေဖေ တစ်ခုတော့ မှာချင်ပါတယ်။ လိင်တူချင်းမှ စုံမက်သူဖြစ်ဖြစ်၊ လိင်ကွဲကိုမှ စွဲလန်းသူပဲဖြစ်ဖြစ်၊ တူတာတစ်ခုတော့ရှိတယ်ဆိုတဲ့အကြောင်း ပဲ၊ ဘာတူတာလဲဆိုတော့ ဘယ်သူပဲဖြစ်ဖြစ်၊ ပုထုဇဉ်လူသားမှန်သမျှဟာ ကိုယ့်အတွက် ပျော်ရွှင်သာယာမှုအပေါင်းကို ဆောင်ကြဉ်းလာနိုင်မယ့် 'ဘဝအဖော်'(ဝါ)'ကြင်ဖက်သက်နှံ'ကို လိုချင်ကြတယ်ဆိုတဲ့အချက်ပဲပေ့။ မိန်းမလျာဖြစ်နေတဲ့အတွက် သူလိုချင်တဲ့ကြင်ဖက်၊ ဘဝဖော်ပုံစံက ခြားနားနေတာတစ်ခုပါပဲ။ ခများများမှာလည်း လိင်ကွဲချင်းမှ စွဲလန်းသူလို ကိုယ်က ချစ်လိုက်ချင်တာ၊ ကိုယ့်ကိုလည်း အချစ်ခံချင်နေတာပါပဲ။ မိန်းမလျာက ကိုယ်ချစ်ရမယ့်သူ၊ ကိုယ့်ကို ချစ်မယ့်သူကို လိင်တူယောက်ျားချင်းထဲက လိုက်ရှာတယ်၊ လိင်ကွဲကိုစုံမက်သူ သာမန်ယောက်ျားသားများကတော့ ကိုယ်ချစ်ရမယ့်သူ၊ ကိုယ့်ကိုချစ်မယ့်သူကို လိင်ကွဲမိန်းမသားများထဲက လိုက်ရှာပါတယ်။ ဒါပဲ ကွဲတာပါ။

လူတိုင်းလူတိုင်းကတော့ ဘဝမှာ သာယာမှု၊ ပျော်ရွှင်မှု၊ ချစ်ခြင်းမေတ္တာနဲ့ နွေးထွေးလိုက်လှဲမှုကို ဖွေရှာနေသူချည်းပဲဆိုတာ သားမှတ်ထားပါ။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



၆၊ လိင်နှစ်မျိုးလုံးကို စုံမက်တာ

လိင်နှစ်မျိုးစလုံးကိုစုံမက်သူကတော့ လိင်တူချင်းနဲ့လည်း အဆင်ပြေ၊ လိင်ကွဲတွေနဲ့လည်း ပျော်တတ်သူမျိုးကို ခေါ်တာပါ သား။ လိင်တူချင်းကို ပိုစုံမက်သော်လည်း လိင်ကွဲနဲ့ တွေ့တဲ့အခါလည်း အဆင်ပြေနိုင်သူဖြစ်ချင်လည်းဖြစ်မယ်၊ လိင်ကွဲချင်းကို ပိုစုံမက်ပေမယ့်လည်း လိင်တူချင်းနဲ့ တစ်ခါတလေဆိုရင်လည်း အဆင်ပြေနိုင်သူဖြစ်ချင်ဖြစ်နေနိုင်တယ်။ ဒါမှမဟုတ်လည်း ယောက်ျား၊ မိန်းမခွဲခြားမှုမရှိဘဲ လိင်ကိစ္စမှာ ဘယ်လိင်နဲ့ပဲဖြစ်ဖြစ် ကျေနပ်သာယာတတ်တဲ့သူမျိုးလည်း ဖြစ်နိုင်ပြန်တယ် သားရဲ့။

ဒါကလည်း လိင်တူချင်းစုံမက်စိတ်၊ လိင်ကွဲမှ မက်မောစိတ်များလိုပဲ ပုံမှန်စိတ်ပါပဲ၊ သဘာဝပါပဲ။ တချို့ပညာရှင်တွေကတော့ သည်စိတ်ကမှ တကယ့်မှမှန်စိတ်လို့တောင် တုတ်ထမ်းပြီး ငြင်းခုန်ပြောဆိုတတ်ကြတယ်ကွ။ ဘာလို့လဲဆိုတော့ အထက်မှာ ရေးပြခဲ့တဲ့အတိုင်း လူမှန်ရင် မိန်းမစိတ်နဲ့ ယောက်ျားစိတ် ဒွန်တွဲနေတတ်မြဲမို့ပေါ့။

တချို့လူတွေကတော့ အဲလိုစိတ်မျိုးရှိသူကို စိတ်နှစ်ခွရှိသူ၊ တွေဝေသူ၊ မပြတ်သားသူလို့ သတ်မှတ်ကြပေမယ့် အဲလိုစိတ်မျိုးနဲ့ လူတွေကကျတော့ သူတို့ကိုယ်သူတို့ မှမှန်သူများအဖြစ် ရှုမြင်ကြပါတယ်။ သူတို့အနေနဲ့ လိင်တူတွေရဲ့လောကမှာရော၊ လိင်ကွဲတွေရဲ့လောကမှာပါ နှစ်မျိုးနှစ်စားကျင်လည်ကျက်စား မွေ့လျော်နိုင်သူများအဖြစ် မြင်နေလို့ပါပဲ။

ဖေဖေ့တစ်ဦးတည်း သဘောကိုပြောရင်တော့ ဘာမှ သိပ် အရေးမကြီးလှပါဘူး သားရယ်။ မင့်ဖေဖေက သိပ်ကို ပွေလီတော့ လိင်တူချင်းစုံမက်သူ ယောက်ျားတွေနဲ့သာမက၊ လိင်တူချင်းစုံမက်သူ မိန်းမတွေနဲ့ပါ အတွင်းကျကျ ပတ်သက်ဖူးတယ်။ သည်အခါမှာ လူ့စိတ်၊ လူ့အပြုအမူတို့ရဲ့ ဆန်းကျယ်နက်နဲပုံကိုသာ ဩချမိရသလို အရာရာဟာ သဘာဝပါပဲလို့ ယောနိသောမနသီကာယနိုင်သွားခဲ့တော့တာပဲ ငါ့သား။

*လက်တွဲဖော်*



၇။ လိင်တူချင်းစုံမက်သူများ ချစ်တင်းနှောတာ

လိင်တူချင်းစုံမက်သူများ ချစ်တင်းနှောကြတဲ့အခါမှာလည်း လိင်ကွဲချင်းချစ်တင်းနှောကြတဲ့အတိုင်းပါပဲ၊ မူကွဲ သိပ်မရှိဘူးကွ။ အသေးစိတ်တော့ ဖေဖေရေးမပြတော့ဘူးဟေ့။ ပါးစပ်တို့၊ ချက်တို့၊ နားရွက်တို့၊ ဒူးတို့ကို လူသိရှင်ကြားရေးလို့ ဘာမှမဖြစ်ပေမယ့် တချို့ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဟာ ကိုယ်ခန္ဓာမှာ မွေးကတည်းက ပါမလာသယောင် ညာဝါးဖုံးကွယ်လိုသူတွေက ဖေဖေသည်လောက်ရေးပြတာတောင် လွန်လှပါပြီ၊ ကျူးလှပါပြီလို့ နတ်သံနှောနှောပြကြလေတော့ သည်ကိစ္စမှာလည်း အသေးစိတ် ရေးပြနေရင် ခမျာများမှာ အခြောက်တိုက် အကုသိုလ်ဖြစ်နေရှာကြမှာစိုးလို့ပဲကွ။

သိချင်တဲ့သူက ဖေဖေ့ဆီ တိုက်ရိုက်ဆက်သွယ်ပြီး မေးကြ မြန်းကြ၊ ပြောကြဆိုကြလိမ့်မပေါ့လို့ အောက်မေ့လိုက်ရုံရှိတာပဲ။ မဟုတ်ဘူးလား။

*လက်တွဲဖော်*

http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

အခန်း (၁၀)

# မိန်းကလေးတွေ သိချင်တတ်တဲ့ ယောက်ျားလေးတွေအကြောင်း

## ၁။ မိတ်ဆွေသူငယ်ချင်းကိစ္စ

? ယောက်ျားလေးတွေ စိတ်ဓာတ်ကျ၊ စိတ်အားငယ်နေတဲ့ အချိန်တွေမှာ သူတို့ရဲ့ ယောက်ျားပီသချင်တဲ့စိတ်တွေကို ဘယ်လိုကိုင်တွယ်ပြီး နှစ်သိမ့်ပေးရမှာလဲ။ သူတို့တွေက အချစ်ဆုံးသူငယ်ချင်းကို ရင်ဖွင့်ပြီး ဘာလို့ မငိုရဲကြတာလဲ။ အဲသလို ရင်ဖွင့်ပြီး ငိုချလိုက်ရင် သူတို့ဟာ ငတုံးတွေ၊ လူပျော့လူညံ့တွေ ဖြစ်ကုန်တော့မှာတဲ့လား။

? ဘာလို့ယောက်ျားလေးတွေက တစ်ချိန်လုံး မိုက်ကန်းကန်း၊ ပေတူးတူး လုပ်နေတတ်ကြတာလဲ။





? ယောက်ျားလေးတွေဟာ ရွယ်တူတွေကြားမှာ လူတတ်ကြီးလုပ်၊ အရက် တွေ နင်းကန်သောက်ပြကြပြီး တကယ်မူးတော့မှ လူလားမမြောက်သေးတဲ့လူတွေလို ဘာကြောင့် ဖြစ်ကုန်ကြတာလဲ။

? သူတို့ချင်း ပြောတဲ့စကားတွေထဲက ဘယ်နှရာခိုင်နှုန်းကို အမှန်လို့ ယူလို့ ရမလဲ။

? သူတို့သူငယ်ချင်းတွေ ရှေ့ကျရင် ဘာလို့ကြွစောင်းစောင်း ဖြစ်ကုန်တာလဲ။

သည်မေးခွန်းတွေဟာ ဥရောပနိုင်ငံတစ်ခုက ထုတ်ဝေတဲ့လူငယ်မဂ္ဂဇင်းတစ်စောင်ရဲ့ အမေးအဖြေကဏ္ဍမှာ ဆယ်ကျော်သက် မိန်းကလေးတွေက မေးထားတာပဲ သား။ မေးခွန်းတွေကိုကြည့်မယ်ဆိုရင် မိန်းကလေးတွေက ယောက်ျားလေးဆိုတာမျိုးဟာ အင်မတန်နားလည်ရခက်တယ်၊ ပေါင်းလို့သင်းလို့ သိပ်မလွယ်ဘူးလို့ မြင်နေကြတာကို သိနိုင်တယ် သားရဲ့။

## ၂။ သမီးရည်းစားကိစ္စ?

? သူတို့ ဘာကြောင့် ရည်းစားထားချင်တာလဲ။

? သမီးရည်းစားဖြစ်အောင် ယောက်ျားလေးကချည်း စသင့်တယ်လို့ သူတို့တွေက ယူဆထားကြလား။ (မိန်းကလေးက မစသင့်ဘူးလို့ ယူဆတတ်ကြလား။)

? မိန်းကလေးတစ်ယောက်က ယောက်ျားလေးတွေရဲ့ ရမ္မက်အလိုကို မလိုက်ဘူးဆိုရင် အဲဒီမိန်းကလေးကို အဆက်ဖြတ်လိုက်မှာတဲ့လား။

? ယောက်ျားလေးတစ်ယောက်က လူပျိုလှည့်တုန်းမှာ မိန်းကလေးဘက်က လိုလိုလားလားနဲ့ လိုက်လိုက်လျောလျော ဆက်ဆံလိုက်ရင် သူတို့တွေက ရွံ့သွားပြီး တုံ့ခနဲ ရပ်သွားတတ်ကြတယ်။ မတုန်မလှုပ်နေပြန်တော့လည်း ကျောက်ရုပ်ကြီး၊ အသည်းနှလုံး မရှိဘူးလို့ အခေါ်ခံရပြန်တယ်၊ အဲဒါ ဘာကြောင့်လဲ။

? ရုပ်မလှ၊ ကိုယ်လုံးမလှပေမယ့် စိတ်ရင်းကောင်းတဲ့ မိန်းကလေးတွေကို



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူတို့ ရည်းစားတော်ပုံမလား။

? ဘာလို့ သူတို့က သိပ်သဝန်တိုပြီး သိပ်ပိုင်ဆိုင်နင်းဆန်နေတတ်ကြတာလဲ။

? ယောက်ျားအတော်များများဟာ ဘာကြောင့် ချစ်တင်းနှောဖို့ကလွဲရင် တခြားနည်းနဲ့ ချစ်ချစ်ခင်ခင်နေဖို့ မစဉ်းစားတတ်ကြတော့တာလဲ။ မိန်းကလေးတွေကို အိပ်ရာထဲခေါ်ဖို့ချည်းပဲ ဘာကြောင့် တစ်ချိန်လုံး စဉ်းစားနေတတ်ကြတာလဲ။

? သူတို့က မိန်းကလေးတွေကို ချစ်တယ်လို့ ပြောတာဟာ တကယ်လား၊ လျှာဖျားလေးနဲ့ လွယ်လွယ်ကူကူပြောတာလား။

? ကိုယ့်ကို ဖြတ်တော့မယ်ဆိုရင် ဘယ်လိုလုပ်ပြီး သိနိုင်မလဲ။

သည်မေးခွန်းတွေအတွက်ကတော့ အဖြေရနည်းနည်းကျပ်တယ် သားရေ။ ယောက်ျားလေးတစ်ယောက်နဲ့တစ်ယောက်လည်း အဖြေချင်းတူမှာ မဟုတ်ဘူး။ ဒါပေမယ့် ယောက်ျားလေးကမှ သမီးရည်းစားဘဝကိုရောက်ဖို့အတွက် စသင့်သလား၊ မိန်းကလေးကရော စလို့မရဘူးလားဆိုတဲ့ မေးခွန်းမျိုးကတော့ နှစ်ပေါင်းများစွာကတည်းက ကမ္ဘာအရပ်ရပ်မှာ ရှိတဲ့ မိန်းကလေးတွေရဲ့ ရင်ထဲမှာ စွဲနေတဲ့ မေးခွန်းပါ။

ပြောရရင်တော့ ယောက်ျားလေးတွေဟာလည်း မိန်းကလေးတွေလိုပါပဲ၊ တစ်ခါတလေ မဝံ့မရဲဖြစ်နေတတ်ပါတယ်။ တကယ်လို့သာ မိန်းကလေးတွေဘက်က စလာမယ်ဆိုရင်လည်း ယောက်ျားလေး အတော်များများကတော့ သူတို့ရဲ့ မသေချာမှုတွေကို လမ်းဖွင့်ပေးတဲ့အတွက် ကျေးဇူးတင်ကြမယ်လို့ ဖေဖေတော့ ယူဆရမိတယ်ကွ။

## ၃၊ ချစ်ရေးချစ်ရာကိစ္စ

? ယောက်ျားလေးတွေဟာ သူတို့ချင်းကျရင် သူတို့ရည်းစားနဲ့ ချစ်တင်းနှောခဲ့ပုံတွေကို ဘာလို့ခြိန်းရည်ယုတ်ရည် ပြောတတ်ကြတာလဲ။ ပြီး တော့လည်း ကိုယ့်ချစ်သူနဲ့ကျရင် သူငယ်ချင်းတွေကို ပြန်ကြွားစရာရအောင်လို့ စိတ်





ပျက်စရာကောင်းတာတွေကို ဘာလို့ နင်းကန်လုပ်တတ်ကြသလဲ။

? ယောက်ျားလေးတွေဟာ သူတို့မှာ သည်ကိစ္စနဲ့ပတ်သက်လို့ အတွေ့အကြုံ မရှိသေးဘူးဆိုတာကို ဘာလို့ ဝန်မခံရဲကြတာလဲ။

? အရွယ်ကောင်းကောင်းရောက်နေတဲ့ ၂၀ကျော်အစိတ်ပိုင်းယောက်ျားတွေ ဟာ မိန်းကလေးတစ်ယောက်နဲ့ သမီးရည်းစားဖြစ်ပြီး ချိန်းတွေ့လိုက်တာနဲ့ ချစ်တင်းနှောဖို့ပဲ စိတ်ကူးနေကြတော့သတဲ့လား။

? မိန်းကလေးတစ်ယောက် ကိုယ်ဝန်ရှိရင် သူတို့အပြစ်လို့ ယူဆတတ်ကြ သလား။

? ယောက်ျားလေးတွေဟာ ခင်ဝဝမိန်းမတစ်ယောက်နဲ့ ချစ်တင်းနှောချင်ပါ့ မလား။

? ယောက်ျားလေးတွေ တစ်ကိုယ်ရေအာသာဖြေတဲ့အခါ ဘယ်လိုလုပ်ကြ သလဲ။

? ယောက်ျားလေးတွေဟာ ဘယ်လိုဟာမျိုးကို လိင်ကိစ္စအတွက် စိတ်ကူးယဉ် တတ်ကြသလဲ။

သည်မေးခွန်းတွေကိုကြည့်ရင် ယောက်ျားလေးတွေဟာ ချစ်မှုချစ်ရေးမှာ မိန်းကလေးတွေအပေါ်မှာ အထက်စီးကြီးနဲ့ အကျောကြီးနဲ့ ဆက်ဆံတတ်တာ ဟာ ထင်ရှားလို့နေတယ် သားရဲ့။ အမှန်တော့ အဲသလိုမဖြစ်သင့်ပေဘူး။

လူမှန်ရင် ချစ်တင်းနှောကို နှောရမယ်ဆိုတဲ့စိတ်ကြီးနဲ့ ချစ်တင်းမနှော သင့်သလို ချစ်ဗျူဟာခင်းချင်တဲ့စိတ်ကိုလည်း မပေါ်ပေါ်လာအောင် အတင်း ဖိအားပေး၊ လှုံ့ဆော်ယူလို့ မရပါဘူး။

မိန်းကလေးတွေနဲ့ဆက်ဆံရာမှာ ရွယ်တူချင်းကြားမှာ လူပေါ်လူဇော်လုပ် ချင်တဲ့စိတ်၊ ပြောင်းတစ်လုံး ပိုရှုချင်တဲ့ စိတ်မျိုးတွေနဲ့ အတတ်ဆန်းတွေ သိပ်ထွင်လွန်းရင် ရေရှည်မှာ ခွာပြိုကုန်ပြီး အသည်းတွေ ကွဲရတတ်တာကို လည်း သားလေး မမေ့သင့်ဘူး။

တစ်ကိုယ်ရေအာသာဖြေမှုကို ယောက်ျားလေးတွေက မိန်းကလေးတွေ



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထက်စောပြီး လုပ်ဖြစ်ခဲ့တာမို့ နေရာတကာမှာ ယောကျ်ားလေးတွေက မိန်းကလေးတွေထက် သာတယ်၊ ပိုပြီးရင့်ကျက်တယ်၊ အထူးသဖြင့် ချစ်မှု ချစ်ရေးမှာ ပိုလို့ ကျွမ်းကျင်နေပြီလို့လည်း မအောက်မေ့သင့်ဘူး။ ဘယ် ချစ်မှုချစ်ရေးမှာမဆို အရေးတကြီးလိုအပ်တဲ့အချက်က သွေးသားခန္ဓာနဲ့အတူ တွဲပြီး ပါလာတဲ့ 'နှလုံးသားခံစားချက်များ'သာ ဖြစ်တယ်ဆိုတာကို သား လေး ကောင်းကောင်း သတိထားပါ။ အဲဒီခံစားချက်များကိုတော့ ရင့်ကျက် တဲ့ နှလုံးသားနဲ့ ခံစားလွယ်၊ ခံစားတတ်မှသာ လူသားတစ်ယောက်အနေနဲ့ နင့်နင့်နဲနဲ နားလည်ခံစားနိုင်တာပါ။ ဆယ်ကျော်သက်ယောကျ်ားလေးတွေမှာ ရင့်ကျက်တဲ့ နှလုံးသားကို ရယူပိုင်ဆိုင်ဖို့အင်မတန်ခဲယဉ်းလှသလို ထိရှခံစား နိုင်အားကလည်း အင်မတန်နည်းနေသေးတာတော့ အမှန်ပဲသားရဲ့။ အဓိက ကတော့ ယောကျ်ားဆိုတာ မငိုရဘူးဆိုတဲ့ ဘယ်သူက စလိုက်မှန်း မသိတဲ့ သွန်သင်မှုအမှား၊ အတွေးအခေါ် အမှားများကြောင့် ဖြစ်နေရတာပဲ သားရေ့။

ချစ်ရေးချစ်ရာနဲ့ပတ်သက်လာတဲ့အခါမှာ ယောကျ်ားလေးတွေဟာ သွေး သားကို ဦးစားပေး ရှေ့တန်းတင်တတ်ကြသလောက် မိန်းကလေးများက တော့ နှလုံးသားခံစားချက်ကို အဓိက ထားတတ်ကြတာကိုလည်း သားတို့ ယောကျ်ားလေးတွေအနေနဲ့ လုံးလုံးမမေ့သင့်ဘူး။ အဲဒါကို မေ့မိတဲ့အတွက် ယောကျ်ားပျိုလေးတွေဟာ ဆင်ကန်းတောတိုးနဲ့ မစူးမစမ်း တယ်လုပ်တတ် ကြတာပဲဆိုတဲ့ စကားမျိုးဟာ ပေါ်ထွက်လာခဲ့ ရတာပဲကွ။

နှလုံးသားခံစားချက်ကို ဦးစားပေးတတ်မယ်ဆိုရင်တော့ သားဟာ ယောကျ်ားကောင်း၊ ယောကျ်ားမြတ် ဖြစ်လာမှာ အသေအချာပဲလို့ ဖေဖေ မှာ ချင်ပါတယ်။

ယောကျ်ားလေးဆိုတာလည်း မိန်းကလေးတွေနဲ့အတူတူ ပခုံးနှစ်ဖက် ကြား ခေါင်းကြီးတစ်လုံးလုံး မားမားကြီးထွက်နေတဲ့၊ လရေးနှစ်ချောင်းငင်နဲ့ သာ စာလုံးပေါင်းရတဲ့ 'လူ'စင်စစ်တွေပါပဲ။ လူဟာ လူဖြစ်နေတဲ့အတွက် ချစ်ခြင်း၊ မုန်းခြင်းရှိမယ်၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းတွေရှိမယ်၊ တက်ကြွ





ခြင်း၊ အားငယ်ခြင်းတွေ ရှိမယ်၊ ငိုတာတွေ၊ ရယ်တာတွေ၊ မဲ့တာတွေ၊ -ပုံးတာတွေလည်း ရှိနေမှာပါပဲ၊ မြင့်မြတ်တဲ့စိတ်၊ သေးသိမ်တဲ့စိတ်၊ ရင့်ကျက် တဲ့ သဘော၊ နုနယ်တဲ့သဘောတွေလည်း ရှိနေဦးမှာပဲ မဟုတ်လား သားရာ။

အဲတော့ကွာ ယောကျ်ားဆိုတာ ဘာ၊ ယောကျ်ားဆိုရင် ဘယ်လို -ပမူ ကျင့်ကြံနေထိုင်ရတယ်ဆိုတဲ့ အရိုးစွဲအတွေးအခေါ် အယူအဆတွေကို တတ် နိုင်သမျှ ဖျောက်ဖျက်ပြီး ယောကျ်ားပီသချင်စိတ်ထက် လူပီသချင်စိတ်ကို သာ ပိုမိုမွေးမြူတတ်မယ်ဆိုရင် သားဟာ ဘဝမှာ နေပျော်ရုံမက လူတကာ နဲ့လည်း အဆင်ပြေ၊ မိမိကိုယ်ကိုလည်း ကျေနပ်နိုင်တဲ့ လူတော်လူကောင်း လေး ဖြစ်လာတော့မှာ မလွဲဧကန်ပါပဲ သား။



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# နိဂုံး

ကိုင်း. . . သားလေးရေ

ဖေဖေသားကို ပြောပြသင့်တာတွေအားလုံး ပြည့်ပြည့်စုံစုံ ပြောပြပြီး သွားပါပြီ။

သည်နေရာမှာ သားက မေးစရာ ရှိတာယ်။ ဖေဖေက သားကို ဘယ်လို ဖြစ်စေချင်တာလဲလို့။ ဒါတွေကိုရော ဘာလို့ သည်လောက်အထိ ခရေစေ့ တွင်းကျ ပြောပြရတာလဲလို့။

ဖြစ်နိုင်ရင်တော့သားရယ်၊ ဖေဖေ့သားကို သံသရာရှည်မယ့် လောကီ ကိစ္စတွေ ဖေဖေ ဘယ်ပြောချင်ပါ့မလဲ။ ဖေဖေအဖြစ်စေချင်ဆုံးဆန္ဒကတော့ သားကိုရော၊ သားမမကိုပါ သည်တစ်ဘဝနဲ့တင် သံသရာကို ဖြတ်နိုင်တဲ့ လမ်းကြောင်းပေါ်မှာ ရောက်နေစေချင်တာပေါ့။ ဆိုလိုတာက လောကီရေး တွေကို ဦးစားမပေးဘဲ လောကုတ္တရာရေးလို့ခေါ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကိုပဲ ပွားများ အားထုတ်စေချင်တာပေါ့။

ဒါပေမယ့် ဖေဖေတို့ မှားခဲ့ပါတယ် သား။

သားလေးတို့ မွေးကင်းစကတည်းက လောကီကို ခင်တွယ်အောင်၊ လူ့ဘဝကို တပ်မက်အောင်သာ ဖေဖေတို့မသိမသာလေးသင်ပေးလာမိခဲ့တာ အခုအရွယ်အထိပါပဲလေ။ မသိမသာလေးလို့ ပြောရတာ အကြောင်းရှိပါ





တယ်။ သားတို့ မွေးကင်းစမှာ သုံးခဲ့တဲ့ ရောင်စုံ အသုံးအဆောင်လေးတွေ၊ အဝတ်အစားလေးတွေက အစပေါ့။ တစ်နည်းအားဖြင့် မျက်စိမှာ ပသာဒဖြစ် အောင်လုပ်ပေးတယ်။ သားတို့ကို ချော့သိပ်တဲ့အခါမှာလည်း သီချင်းလေးနဲ့။ သောတအာရုံကို ခံစားတတ်အောင် လုပ်ပေးခဲ့တာပဲ မဟုတ်လား။

သည်ကနေ အရွယ်ကလေးတွေ မဆိုစလောက် ရောက်လာတော့လည်း စားကောင်းသောက်ဖွယ်တွေ၊ ကာတွန်းဇာတ်ကား ရုပ်မြင်သံကြားတွေ၊ ဝတ်ကောင်းစားလှတွေနဲ့ သားတို့ရဲ့ ပတ်ဝန်းကျင်လေးကို ဖန်တီးပေးခဲ့တာ ကရော၊ အမှန်တော့ သားတို့ကို လူ့ဘဝရဲ့ အရသာတွေကို အတတ်နိုင်ဆုံး ပေးနေခဲ့ကြတာပဲ။ အဲသလို အစဉ်တစိုက်ဖန်တီးပေးထားခဲ့ပြီးမှတော့ အခု လို လူပျိုပေါက်ကလေး ဖြစ်လာတဲ့အခါမှာ ငါ့သားရာ. . . မင်း တရား အားထုတ်ပါကွာလို့ ပြောလို့ ဘယ်ရတော့မလဲ။ ဇွတ်အတင်းခိုင်းရင်တော့ ရချင် ရမှာပေါ့လေ။ သို့သော်လည်း သားစိတ်ကတော့ တကယ် ဘယ်ပါ ပါ့မလဲ။

ဒါပေမယ့် ဒါဟာ ဖေဖေတစ်ယောက်တည်း၊ ဖေဖေတို့ မိသားစုတစ်စု တည်း မဟုတ်ပါဘူး သားရယ်။ သားသမီးရှိတဲ့ မိဘတိုင်းဟာ ကိုယ့်သား သမီးကိုယ် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ထားရင်းကနေ ဘဝကို ခင်တွယ်အောင်၊ လောကီကို တပ်မက်အောင် မသိမသာ သင်ဖြစ်နေတာပဲ သား။

အဲသလို သင်ဖြစ်ထားမှတော့ လောကီနဲ့ဆိုင်တဲ့ကိစ္စတွေထဲမှာ အရေး ကြီးတဲ့အခန်းကဏ္ဍတစ်ရပ်ဖြစ်နေတဲ့ သည်ကိစ္စတွေကိုလည်း ဖေဖေ့အနေနဲ့ ပွင့်ပွင့်လင်းလင်းဖွင့်ပြောရတော့တာပဲ။ ဖေဖေတို့တုန်းက ပြောမယ့်သူ မရှိ ဘူး။ သည်လိုပဲ၊ အသိမှားတွေနဲ့ ဆက်ဆံရေးတွေမှာ မှားခဲ့တာ သားမေမေနဲ့ အိမ်ထောင်ကျတဲ့ အသက်သုံးဆယ်ကျော် အရွယ်အထိပါပဲ သား။

ဒါပေမယ့် ဖေဖေက လူ့စိတ်ကို သိပ်စိတ်ဝင်စားတာ သား အသိပဲ။ မိန်းမပွေတယ်လို့ ပြောရလောက်အောင် ဖေဖေ့ဘဝမှာ မိန်းမပေါင်းများစွာနဲ့



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ယှဉ်ပါးခဲ့တာလည်း သားတို့ အသိပဲ။ သည်အခါမှာ ဘာသိလာရသလဲဆို တော့ ကျားနဲ့ မတို့ဟာ သည်ကိစ္စတွေမှာ ခံယူပုံချင်း၊ ချဉ်းကပ်ပုံချင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကွဲပြားနေတယ်ဆိုတဲ့ အချက်ပဲ သားရဲ့။

ဘာကြောင့် ဆန့်ကျင်ကွဲပြားနေရတာလဲဆိုတာကို ကျနသေချာဆန်းစစ် ကြည့်ပြန်တဲ့အခါ ဖေဖေတို့ကို သည်ကိစ္စတွေနဲ့ ပတ်သက်လို့ ကျကျနန ခွဲခြား သွန်သင်ပေးတာမျိုးမရှိခဲ့ဘဲ ကြားဖူးနားဝနဲ့ ရမ်းကြိတ်နေမိတာက အဓိကဖြစ်နေတာကို တွေ့ရတယ်။ သည်မှာတင် ဖေဖေလည်း လက်လှမ်း မီသမျှတွေ လျှောက်ဖတ်မိတော့တယ်။

တချို့က ဖေဖေဟာ ဆရာဝန်တစ်ယောက်မဟုတ်ဘဲနဲ့ ဒါမျိုးတွေ ရေးရပ့်မလားလို့ ပြောတယ်။ ဆရာဝန်တိုင်း ဒါတွေကို သိမယ်လို့ ထင်တာ ကြီးကိုက မှားနေတယ် သားရဲ့။ ဆရာဝန်တွေဟာ လူ့ခန္ဓာအကြောင်းကို သိကြပါတယ်၊ ရောဂါဘယတွေ အကြောင်းကို သိကြပါတယ်။ ဒါပေမယ့် လူ့စိတ်ကိုကျတော့ စိတ်ရောဂါ အထူး-ပယူထားသူ ဆရာဝန်တွေမှ သိနိုင် တယ်။ ဒါတောင် ကုခန်းစိတ်ပညာရှင် (Clinical Psychologist)တွေဟာ ဆရာဝန်မဟုတ်ကြသော်လည်းပဲ စိတ်ရောဂါဝေဒနာရှင်တွေကို ကုသနေကြ တာပဲ။

အလားတူပဲ၊ ဆရာဝန်ဖြစ်တိုင်း လိင်မှုရေးရာကို တစ်ဖက်ကမ်းခတ် တတ်ကျွမ်းတယ်လို့ ထင်ရင် အမှားကြီးမှားသွားပါလိမ့်မယ်။ လိင်မှုရေးရာ အမှုအကျင့်ဆိုတာကိုက သီးခြား ဘာသာရပ်တစ်ခုပဲသား။ လူသားတွေရဲ့ လိင်မှုရေးရာအမှုအကျင့်ကို အကျယ်တဝင့် သုတေသနပြုလုပ်ခဲ့ရာမှာ အထင် ရှားဆုံးလည်းဖြစ်၊ ပထမဦးဆုံးလည်းဖြစ်တဲ့ 'ကင်းဆေးအစီရင်ခံစာများ' ဆိုတာ ရှိတယ်။ အဲဒီအစီရင်ခံစာတွေကို ပြုစုတဲ့ အဲလဖရက် ကင်းဆေးဟာ ဆရာဝန်တစ်ယောက် မဟုတ်ဘဲ သတ္တဗေဒပညာရှင်တစ်ဦးပါ။ ဒါတင်မက ဘူး၊ အဲဒီအစီရင်ခံစာတွေရေးဖို့ သုတေသနလုပ်ရာမှာလည်း စိတ်ပညာရှင် တစ်ဦး၊ မနုဿဗေဒပညာရှင်တစ်ဦးနဲ့ စာရင်းအင်းပညာရှင်တစ်ဦးတို့သာ





ပါဝင်ခဲ့တယ်။

သည်တစ်ချက်တည်းနဲ့တင် ဆရာဝန်မှ ဒါတွေကို သိမယ်လို့ ထင်မြင် မှုဟာ အရမ်းကို ချွတ်ချော်တိမ်းလွဲနေတာ သေချာနေပါပြီ။

ရှိသေးတယ်ကွ။ ဆေးပညာရဲ့ သက်တမ်းဟာ လူ့သမိုင်းနဲ့ ထပ်တူ လောက် ရှည်လျားလှပေမယ့် စိတ်ပညာ ပေါ်ပေါက်လာတာတော့ နှစ်ပေါင်း တစ်ရာသာသာပဲ ရှိသေးတာလေ။ အဲသလိုပဲ လိင်မှုကိစ္စကိုလည်း သိပ်ကို ပွင့်လင်းလွတ်လပ်တယ်လို့ ဖေဖေတို့ အထင်ရှိတဲ့ အနောက်တိုင်းမှာတောင် သေချာကျန ဖွင့်ချဆွေးနွေးတဲ့ အလေ့အထ ထွန်းကားလာတာဟာ နှစ်ပေါင်း ငါးဆယ်လောက်ပဲ ရှိဦးမယ်။ ပညာရပ်တစ်ခုအနေနဲ့ ပြောရင် ခန္ဓာဗေဒပိုင်း မှာတောင် သိစရာတွေ အများကြီးကျန်သေးတယ်။ သည်ကိစ္စမှာကျတော့ ခန္ဓာတင်မက လူမှုပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုရော စိတ်ဆိုတာရဲ့ အခန်း ကဏ္ဍကပါ ခြယ်လှယ်ဗိုးမိုးနေတာမျိုး ဖြစ်လေတော့ကာ ဖေဖေတို့အနေနဲ့ သိစရာတွေ တစ်ပုံတစ်မရှိနေသေးတယ်။ အကုန် မသိနိုင်သေးဘူး။

အလွယ်ပြောရရင် ဖေဖေတို့ဆီမှာ သည်ကိစ္စကို လူပုံအလယ် ဖွင့်ချ ဆွေးနွေးဖို့ဆိုတာ တော်တော့်ကို ခက်သေးတယ် သားရဲ့။ ကုရာနတ္ထိရောဂါ ဆိုးကြီးကြောင့်သာ သည်ကိစ္စကို နည်းနည်းပါးပါး ပြောရဲတဲ့ ပါးစပ်၊ နားထောင်ရဲတဲ့ နားရွက်တွေ မနည်း မွေးယူနေကြရတာ။

ဖေဖေအဖြစ်စေချင်ဆုံးနဲ့ မဖြစ်နိုင်ဆုံးအရာကို ပြောခဲ့ပြီးပြီနော်။ အဲသလိုပဲ မဖြစ်စေချင်ဆုံးနဲ့ အဖြစ်နိုင်ဆုံးအရာကိုလည်း ဖေဖေ သားကိုပြော ချင်တယ်။ ဖေဖေ မဖြစ်စေချင်ဆုံးကတော့ သားလေးမှာ ကုရာနတ္ထိရောဂါ ဆိုးကြီး ကပ်ငြိလာမှာပဲ။ အဲဒါကို ကာကွယ်ဖို့ကျတော့ အဖြစ်နိုင်ဆုံးပါ သား။

အခုလို သားကို အားလုံး ပွင့်ပွင့်လင်းလင်း ပြောပြပြီးတဲ့ နောက်မှာ သားအနေနဲ့ ဘာတွေကို ရှောင်ရမယ်၊ ဘာတွေကို ကျင့်သုံးရမယ်ဆိုတာ ကောင်းကောင်းကြီး သဘောပေါက်လောက်ပါပြီ။ အထူးသဖြင့် ယောက်ျား



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ပီသမှုကို အနက်ဖွင့်ရာမှာ အရိုးစွဲအယူအဆတွေ၊ ယုံမှတ်မှုအလွဲတွေကြောင့် သာ ကုရာနတ္ထိရောဂါနဲ့ ရင်ဆိုင်တိုးကြရတာပဲ။

ယောက်ျားဆိုရင် မိုက်ကန်းရမယ်၊ စိုးရမယ်၊ မကောင်းမှု အတွေ့အကြုံများရမယ်ဆိုတဲ့ အသိတွေဟာ တကယ့် ယုံမှတ်မှု အလွဲတွေပါပဲ။

အဲဒီအလွဲတွေကို အခုလောက်ရှိ ဖေဖေ့သားလေးတော့ ကောင်းကောင်း မြင်သွားလောက်ပြီ၊ တည့်သွားလောက်ပြီလို့ ဖေဖေ ယုံပါတယ်။

ထပ်ပြောမယ်နော်၊ သား အသေးစိတ်ထပ်သိချင်သေးရင် ဖေဖေ့ကိုသာ မေးပါ။ သားသူငယ်ချင်းအပေါင်းအသင်းတွေထဲမှာလည်း အလားတူမေးခွန်း တွေရှိနေရင် ဖေဖေ့ကို မေးပါ။

သားသိတဲ့အတိုင်း သားအတွက် ဒါတွေကို ချရေးပြပြီးတဲ့နောက် ဖေဖေ့ဆီကို လူကိုယ်တိုင်တစ်မျိုး၊ ဖုန်းနဲ့ တစ်သွယ်၊ စာနဲ့တစ်လီ လှမ်းမေး နေကြတဲ့ စာဖတ်ပရိသတ်တွေကိုတောင် စိတ်ရှည်လက်ရှည် ဖြေပေးနေသေး တာ၊ သားတို့တွေအတွက်ဆို သာတောင် ဖြေပေးရဦးမှာပေါ့သားရယ်။

အဲတော့ ဖေဖေ ဘာ့ကြောင့်သားကို ဒါတွေ ပြောပြရသလဲဆိုတဲ့ မေးခွန်းများ မေးလာမယ်ဆိုရင်တော့ ဖေဖေ့မှာ အဖြေရှိပါတယ် သားရေ။ သားအပါအဝင် ယောက်ျားပျိုလေးတွေအားလုံးဟာ ကျန်းမာသန်စွမ်းပြီး စိတ်နှလုံးကောင်းရှိတဲ့၊ မွန်မြတ်တဲ့ ယောက်ျားကောင်းလေးတွေ၊ ယောက်ျား မွန်လေးတွေ ဖြစ်လာစေချင်လို့ပဲလို့ ဖြေရမှာပေါ့ သားရယ်။

ကဲ. . . တော်လောက်ပြီ သားရေ။

ဖေဖေ့သားလေး စိတ်နှလုံး ကောင်းမြဲ ကောင်းနေပါစေ။

ကိုယ်ကျင့် တည်ကြည်မြဲ တည်ကြည်နေပါစေ။

ကျား-မ မခွဲခြားဘဲ လူတိုင်းအပေါ် စာနာတတ်မြဲ စာနာ တတ်နေပါ စေကွယ်။

ဖြ ဖြ ဖြ

*လက်တွဲဖော်*

ဖအေတစ်ယောက်လို လူငယ်တွေ နားလည်အောင် ရေးပေးလို့ အရမ်းကျေးဇူးတင်ပါတယ်။
(ဝင်းမင်းထွန်း၊ ၂၁နှစ်၊ မြစ်ကြီးနား)

"သားငယ်တို့ နားလည်ဖို့"ကို လတိုင်း စောင့်ပြီး ဖတ်ပါတယ်၊ ဆရာ ရေးတာတွေက လူငယ်အားလုံးအတွက် အကျိုးရှိပါတယ်၊ တန်ဖိုးရှိပါတယ်၊
(မောင်ကောင်းစံ၊ ၂၄နှစ်၊ မန္တလေးမြို့)

ဆရာရဲ့ "သားငယ်တို့ နားလည်ဖို့"ကို နောင်လာ နောက်သားတွေအတွက်ရော မျက်မှောက် လူကြီးလူငယ်တွေ အတွက်ပါ အိမ်မှာဆောင်ထားလို့ရအောင် စာအုပ် ထုတ်ပေးပါလို့ တောင်းဆိုချင်ပါတယ်၊
(ကိုသတိုး၊ ၃၂နှစ်၊ ရန်ကုန်မြို့)

"သားငယ်တို့ နားလည်ဖို့"ဟာ ကျွန်တော်တို့ လူငယ်ယောက်ျားလေးတွေ အတွက် အလွန်မှအထောက်အကူပြုပါတယ်၊
(နေမင်းထွန်း၊ ၁၉နှစ်၊ လားရှိုးမြို့)

"သားငယ်တို့ နားလည်ဖို့"အတွက်သာ ရည်ရွယ်ပြီး ရေးထားတာတွေ့ရပေမယ့် ဦးဦးရဲ့ စာကို ဖတ်ခြင်းအားဖြင့် မိန်းကလေးတစ်ယောက်အနေနဲ့လည်း ယောက်ျားလေးတွေရဲ့ သဘော သဘာဝ အစစအရာရာကို သိရှိခွင့်ရခဲ့ပါတယ်၊
(ဥမ္မာ၊ ၂၁နှစ်၊ တိုက်ကြီးမြို့)

အတ္တကျော်၏ "သားငယ်တို့ နားလည်ဖို့"စာအုပ်သည် လူငယ်များအား မိမိတို့ ခန္ဓာကိုယ် ဖွံ့ဖြိုးလာပုံ ဖွံ့ဖြိုးခြင်းကြောင့် လူငယ်များတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ပေါ်ပေါက်လာပုံတို့ကို အသိပညာပေးထားပါသည်။ ထိုပြောင်းလဲမှုများကို မသိနားမလည်ပါက လူငယ်များ၏ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုကို ထိခိုက်လာနိုင်ပါသည်။ အဆင်မသင့်လျှင် အသက်ကိုပင် ရန်ရှာနိုင်သော ရောဂါဆိုးများ ကပ်ငြိ လာနိုင်ပါသည်။ ထိုအချက်များကို လမ်းဟာကြွင်းကျန်မှု အလျဉ်းမရှိစေဘဲ ဤစာအုပ်က ဖြေရှင်းပြနိုင်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဤစာအုပ်သည် လူငယ် များအတွက် တန်ဖိုးရှိသော စာအုပ်တစ်အုပ်ဖြစ်သည် ဟု ဖော်ပြလိုပါသတည်း။

(ဒေါက်တာ ဒေါ်ခင်အေးဝင်း)
ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်



http://sagarwarmyae.net/ စကားဝါမြေ မှ မိတ်ဆွေ အားလုံးကိုကြိုဆိုပါတယ်ခင်ဗျာ။